

မင်းပြားတခွင်
ကျိန်းတော်ရှင်
အရှင်စက္ကိန္ဒ
အရှင်ဝါသဝ

# ဦးစက္ကိန္ဒ
# ၏
# အတ္ထုပ္ပတ္တိ

အရှင်စက္ကိန္ဒသည် ရခိုင်လူမျိုး ရဟန်းတော်တစ်ပါးဖြစ်ပါသည်။ ၁၉၃၆ ခုနှစ်တွင် အဘ ဦးထွန်းအောင်ရီ၊ အမိ ဒေါ်ချင်းမယ်တို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။

၁၉၅၅ ခုနှစ်မှစ၍ စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့ပါသည်။

အရှင်စက္ကိန္ဒအမည်အပြင် ဦးပါကရှအသျှင်ကြီး၊ နတ်မြစ်စန်းအောင် နတ်မြစ်မောင်ကျော်ရီ၊ အမည်ခွဲများဖြင့်လည်း ရခိုင်ရိုးရာ ဆောင်းပါးများကို ရေးသားလေ့ရှိပါသည်။

အရှင်စက္ကိန္ဒရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများမှာ

၁။ ရခိုင်သဘာဝတေးကဗျာများ (၁၉၆၁)
၂။ ရခိုင်လက်ရွေးစင်ပုံပြင်များ (၁၉၆၆)
၃။ ရခိုင်ပုံပြင်ဆန်းများ (၁၉၆၇)
၄။ ရခိုင်ယဉ်ကျေးမှုများ(၁) (၁၉၆၉)
၅။ ငစင်ရိုင်းချောင်းသမိုင်းနှင့် ထေရာမော်ကွန်း (၁၉၇၅)
၆။ ရခိုင်ပြည်တခွင်ပုံပြင်များ (၁၉၉၀)
၇။ ပြည်တွင်းမကိုဋ်ဓာတ်ဦးရာဇ်သမိုင်း (၁၉၉၃)
၈။ ရခိုင်ယဉ်ကျေးမှုများ(၂) (၁၉၉၃)
၉။ ရခိုင်ပုံသေဝတ္ထုများ ပထမတွဲ (၁၉၉၄)
၁၀။ ရခိုင်ယဉ်ကျေးမှုများ အမှတ်(၃) (၁၉၉၄)
၁၁။ လက်ဝဲသလုံးတော်ဓာတ်သမိုင်းနှင့် စစ်တွေမြို့အကြောင်း (၁၉၉၄)
၁၂။ ရခိုင်ဘာသာစကားလမ်းညွှန် (၁၉၉၄)
၁၃။ ရခိုင်ယဉ်ကျေးမှုများအမှတ်(၄) (၁၉၉၅) နှင့်
၁၄။ ယခုမင်းပြားတစ်ခွင်ကျိန်းတော်ရှင်တို့ဖြစ်ပြီး အခြားစာအုပ်များ လည်းထုတ်ဝေရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

ယခုအခါ အရှင်စက္ကိန္ဒသည် အသက်(၆၀)နှစ်ရှိပြီဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ မြို့ဦးကျောင်းကို ထူထောင်၍ သာသနာ့တာဝန်များကို ဆောင်ရွက်နေဆဲဖြစ်ပါသည်။



# ဦးဝါသဝ
# ၏
# အတ္ထုပ္ပတ္တိ

အသျှင် ဝါသဝသည် ရခိုင်လူမျိုးရဟန်းတော်တစ်ပါးဖြစ်ပါသည်။ ၁၂၉၂ ခုနှစ်တွင် နတ်မြစ်ကမ်းခြေခြံကျောင်းကျေးရွာတွင် အဖလယ်သမားကြီး ဦးမောင်လှခိုင်၊ အမိဒေါ်အုံးကြာဇံတို့မှ မီးရှူးသန့်စင်ဖွားမြင်ပါသည်။ ငယ်မည်မှာ မောင်နုဟုခေါ်တွင်ပါသည်။

၁၉၆၂ ခုနှစ်မှစ၍ စာပေနယ်ထဲသို့ ဝင်လာခဲ့သည်။ နတ်မြစ်-ဦးဝါသဝ၊ နတ်မြစ်မာလာ၊ နတ်မြစ်မောင်ဝဏ္ဏ အမည်များဖြင့် စာပေများရေးသားလာခဲ့ပါသည်။

အရှင်စက္ကိန္ဒနှင့်ပူးတွဲ၍ (၁)ငါးစင်ရိုင်းချောင်းသမိုင်း (၂) ထေရာမော်ကွန်း (၃)ပြည်တွင်းမကိုဋ် ဓာတ်ဦးရစ်သမိုင်း (၄) ရခိုင်ဝေါဟာရ အဘိဓာန် (၅)ဥပမာစုံ ရခိုင်စကားပုံ စသော စာအုပ်များကို ပါဝင်ရေးသားခဲ့ပြီး မင်းပြားတစ်ခွင် ကျိန်းတော်ရှင် စာအုပ်ကို ရေးသားပြုစုခဲ့သည်။

သာသနာ့တာဝန် ဆောင်ရွက်ချက်များမှာ-

မိမိတို့၏ မဟာဒွါရဂိုဏ်းဆိုင်ရာ အနုရက္ခိတအဖြစ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မဟာဒွါရ(သီးခြား)ဂိုဏ်းဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၀ ခုနှစ်မှစ၍ (၁၉၉၆ခုနှစ်)ယခုထိ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိနေဆဲ ဖြစ်ပါသည်။

ယခုအခါ အသျှင်ဝါသဝသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရွာကြီးမြောက်၊ နေပူခံရပ်ကွက်၊ သိဒ္ဓိကာရုံကျောင်းတွင် သီတင်းသုံးလျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျှက် ရှိနေဆဲပင်ဖြစ်ပါသည်။

# မာတိကာစဉ်


၁။ ဂုဏ်ပြုဝမ်းမြောက်လွှာ
၂။ အဖွင့်ကဗျာရတု မြို့သူကြီးအောင်ကျော်ဇံ
၃။ အမှာစာ
၄။ နိဒါန်းသွယ်ချင်
၅။ လျှာရင်းတော်ဓာတ်စေတီဘုရားရှိခိုး
၆။ ဇီဝှါတော်မြတ်ဓာတုပူဇာ (ရစနဂါထာ)
၇။ အဋ္ဌနမြေ
၈။ ကျိန်းတော်သာ ကာလပေါ်သာခြင်း
၉။ ကာကာရီရိ (ရွှေကျိန်းတောင်)
၁၀။ ကျိန်းကျွန်းတိုင်း၏ မင်းပြားမြို့
၁၁။ ဆင်းသက်စဉ်လာသာသနာ။
၁၂။ ကျိန်းတော်ရှင်
၁၃။ ပွဲပြင်ဆင်နွဲ ပူဇော်ပွဲ
၁၄။ မပျက်စဉ်ဆက် ပြုပြင်လျက်။
၁၅။ ဦးထိပ်လက်တင် ကျိန်းတော်ရှဗင်
၁၆။ ကျိန်းတောင်တန်း၏ အရှေ့အနောက်ဝဲယာတစ်လျှောက်ရှိ ထင်ရှား သောရှေးဟောင်းလက်ရာများ။
၁၇။ မြို့နယ်တခွင် ဖူးမြော်ဦးညွှတ်
၁၈။ အဘိနမဝမင်္ဂလာနှိုးဆော်စာတမ်း
၁၉။ ရခိုင်ပြည်မင်းပြားမြို့ ကျိန်းတော်ရှင်ဘုရားအကြောင်းဟော ပြောချက်။
၂၀။ ကျိန်းတော်ရှင်ဘုရားသမိုင်းအကျဉ်းချုပ်
၂၁။ အင်္ဂလိပ်ဘာသာပြန်။
၂၂။ ကျိန်းတိုင်းအရောက်ရှာပုံတော်ငိုချင်းရှည်




အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

နိဂုံး

(က) ဘုရားသမိုင်းဖြစ်မြောက်ရေး ပဓာနနာယကဆရာတော်ကြီးများ။
(ခ) ဘုရားသမိုင်းပြုစုထုတ်ဝေရေး ကော်မတီနာယကအဖွဲ့။
(ဂ) ကျိန်းတော်ရှင် ဘုရားသမိုင်း ပြုစုထုတ်ဝေရေးကော်မတီ။
(ဃ) သမိုင်းပြုစုလုပ်ငန်းဆပ်ကော်မတီ။
(င) ဘဏ္ဍာရေးဆပ်ကော်မတီ။
(စ) စာရင်းစစ်ကော်မတီ။
(ဈ) ကျမ်းကိုးစာရင်း။

# အဖွင့်ရတုကဗျာ

ပုညလျှုဆောင်၊ မယ်နှင့်မောင်သည်၊ အိုအောင်သာ၊ ဆံတမြွာမယွင်းခွ၊ သားလှသည်းချာ၊ ထိုနှစ်ဖြာကို၊ တင်ကာရင်နှင့် မ၍၊ ချီတုံငြား ယုယကာ၊ ကြင်ရာနှစ်ပါး၊ ချစ်သနားသည်၊ ရှေ့ကသံသရာတည်း၊ ချက်မြှုပ်ရာမိနှင့်ဘ၊ ဌာနဟုတွေ၊ ကျိန်းမြို့မြေကို၊ ရှုချေမြင်ချင်လှ၍၊ ချီသွားကြကြံစည်ခါ၊ ရထားဆင်မြင်း၊ ယာဉ်ခပင်းကို၊ စီးနင်းဆောင်ယူပါ၍၊ မောင်ကြင်ရာသက်လုံးမျှ၊ ခြောက်ပြစ်လွတ်စင်၊ နတ်အသွင်သို့၊ ငါးအင်ညီညွတ်လှသား၊ အာကနတ်မနော်၊ သုဇာသိကြား၊ ပမာလားသို့၊ နုထွားဆင်းရုပ်ဝါတည်း၊ မယ်နှစ်ဖြာ ငယ်မျောက်သား၊ လက်ဖျားကိုင်ယူ၊ ချီကြွထူ၍၊ အတူနံပါးထားလျက်၊ သမီးသားပွားများစွာ၊ ဝန်းကာခြံရံ၊ ဖောင်လှေပျံနှင့် လျှင်မြန်စီးတက်ပါ၍၊ တူရိယာစည်ခေါင်းညှင်း၊ သာခြင်းကဗျာ၊ မောင်းတုပ္ပါနှင့် ခရာဗုံလင်းကွင်းကို၊ ညံမကင်းတီးမှုတ်ကာ၊ နဒီမည်ရ၊ ကစ္ဆပကို၊ ဆန်ကြွခတ်သွားပါက၊ လက်ဝဲမှာ ဆတ်ရိုးကျ၊ မင်းကန်ပုလီ၊ ကျွန်းငပြီကို၊ နောက်ဆီပယ်လွန်ထား၍၊ သုံးလူ့ဘမြတ်မွေတော်၊ ဦးရာဇ်တော်ဓာတ်၊ စေတီမြတ်ကို၊ တရပ်ရှေးဝယ်မျှော်က၊ များပူဇော်ရှိညွတ်ခ၊ ဖြားလည်းတက်ထွေလေသင့်ပေ၍၊ ခတ်လေတုံပြီးမှလျှင်၊ ရပ်ဒေသပြားကျွန်းသာ၊ လက်ပန်ပြားမော်၊ ဟင်းခရော်ဟု၊ ဟစ်ကြော်သောင်းသောင်းဖြာ၍၊ မောင်ခရာဗုံလင်းကွင်း၊ သာခြင်းဧသံ၊ တီးမှုတ်ပြန်သည်၊ ရွှေကျံလှေဝင်းဝင်းနှင့်၊ လှေတက်ခြင်းဆိုကြခါ၊ ဝမ်းသာပျော်ပါး၊ ခြွေရံများနှင့် သောက်စားတက်သွားပါက၊ လက်ဝဲမှာကုလားပုန်း၊ ကျွန်းလုံးပတ်လွန်ရွာဆင်ခြံကို၊ ကျူးလွန်ပယ်ခဲ့ဆုံးမှ၊ တအုံးအုံး ခတ်ကြကာ၊ သူငယ်တော်ကျွန်း၊ ကျွဲခြံကမ်းကို၊ ဖြောင်တန်းခတ်သွားပါလျက်၊ မင်းကန်သာဝင်လေမြောက်၊ စိမ်းမြညိုရောင်၊ ငခူတောင်ကို၊ မယ့်မောင်နေ့ချင်းရောက်က၊ ပန်းပေါက်ပေါက်စွဲကိုင်ကာ၊ ကြင်ယာမြောက်သား၊ ငယ်မယားနှင့်၊ ချီကြွတက်သွားပါက၊ မြတ်ရှင်တော် ငခူဓာတ်၊ များများမကွာ၊ စာတိုင်သာတွင်၊ ပါးတော်စေတီမြတ်ကို၊ ပူဇော်ညွတ်တုံပြီးခါ၊ သေလာတစ်လျှောက်၊ ဖြားဆီရောက်သော်၊ ဝမ်းမြောက်ရွှင်မြူးကာနှင့် ရေထဲသာနဒီမြစ်၊ ကူးလိုက်ခတ်ကာ၊ ရှေးပြုပ္ပာဝယ်၊ ကျွန်းမှာဌာနဖြစ်သား၊ ဟုတ်စင်စစ်ယုဂန့်ချောင်း၊ ကျိန်းတောင်ညိုညို၊ ရွှန်းစိုစိုသည်၊ မို့မို့ထွင့်မြင့်ခေါင်၌၊ သုံးလူဘောင်နိုင်းတုလွတ်၊ ဓမ္မသခင်၊ ကျိန်းတော်ရှင်သည်၊ ရှင်ပင်စေတီမြတ်ကို၊ မျှော်မြင်လက်တုံသောခါ၊ သဒ္ဓါပိတီ၊ ဂွမ်းဆီထိသို့၊ ဝေးဘိမြင်ကြမှာက၊ တို့နှစ်ဖြာ မောင်နှမ၊ ဟတ္တဆယ်ဖြာ၊ ပဒုံမာကြာကို၊ခေါင်းထက်မှာ တင်





ထားကြလျှက်၊ ဦးနှိမ်ချရှိညွတ်ကာ၊ ကျွန်သာလှေထက်၊ မြစ်တဘက်က၊ နှစ်သက်ရှိပူဇော်၍၊ တီးမှုတ်ကာ ခြွေရံပေါင်း၊ ဒေသဌာနေ၊ ကြက်သရေဟု၊ ရွာမြေထိုသည့် ချောင်းကို၊ တသောင်းသောင်းဟစ်ကြော်ငြာ၊ လျှင်စွာခတ်မြောက်၊ အိမ်ကိုရောက်က၊ ချောက်ချောက်ကျွန်းလုံးကျော်၏။ ရွှင်ဝမ်းသာရှင်လူများ၊ ဆွေဝါးတကာ၊ မောင့်ထံမှာ၌၊ များစွာရောက်လာကြ၍၊ သွန်းလောင်းချဘာဝနာ၊ မေတ္တာဖြောင့်မတ်၊ ရိုခညွတ်လျက်၊ တုပ်ဝပ်ရှိခိုးလှာ၍၊ ဖိုးသဏ္ဍာဆက်သွင်းကြ၊ ဒီနဒီနံ၊ မေ့မကျန်အောင်၊ မည့်အောင်ပွဲပြုလျက်၊ ပြည့်စုံထငါးအင်ညီ၊ ဝတီမည်မှန်း၊ ကျိန်းမြို့ကျွန်းဝယ်၊ မီးပန်းများစုံစိကို၊ ကြည့်တုံပြီးမောင်နှမ၊ နေကြပါသည်၊ ကျိန်းသာနဂရလေ။

နဂရပုရံ၊ တောင်ယုဂန်သည်၊ နောက်မှန်သာ၊ ထိုရပ်ရွာကျိန်းဒေသ၊ စိမ်းမြညိုရောင်၊ ကျိန်းမြင့်တောင်သည်၊ မြင့်ခေါင် ပဗ္ဗတက၊ ကြည့်ချေကြတုံသောခါ၊ သြဇာနရွဲ၊ ပင်ပိန္နဲနှင့်၊ ချိုအေးသရက်သာတည်း၊ မာလကာငရုပ်ကောင်း၊ ခမောင်းထောက်ကြာ၊ တောဗလာသည်၊ မာလာသစ်မှင် တောင်နှင့်၊ ကသောင်းဝါး၊ ကြခတ်သာ၊ မည့်င်းမှင်ကူ၊ သီးပွင့်ဟူသည်၊ ထန်မူပိတ်တကာတည်း၊ နန္ဒြာပင်မျှောက်လုပ်၊ သစ်ပုတ်နွယ်ချို၊ ဇာတိမ္ဗိုလ်ဟု၊ ရှောက်ချိုချဉ်ဒပြုတ်နှင့်၊ သစ်ခလုပ်လက်ပံသား၊ တမာရင်ခတ်၊ သစ်ကဝက်သည်၊ သဒ္ဒတ်၊ သမ္ဘာရာတည်း၊ မကျည်းသာ၊ အုံးလေညင်း၊ ဒူးရင်းသပြေ၊ ပင်ညောင်ရေနှင့်၊ များတွေသစ်အညှင်းတည်း၊ သစ်ပင်ချင်း၊ စည်ကားကာ၊ သစ်ကနစိုး၊ သစ်ကတိုးဟု၊ ရဲရိုးပတောက်မှာလည်း၊ ပွင့်အုံးအာဆန်းမပြား၊ သျှစ်ရှားပြိုင်စင်၊ ပြိုင်းကန်းကျင်ဟု၊ ပင်လယ်သဖန်းများနှင့်၊ ပင်ဆောင်းရွာသီးချိုချဉ်၊ ညောင်ချိုင်ဗောဓိ၊ ချိုလှအီသည်၊ ဓနီးရည်အုံးပီသား၊ သီးအခိုင်အလွန်လှ၊ ဦးရစ်လွန်ပင်၊ ငှက်ပျောပင်ဟု၊ ခေါ်တွင်ဦးရှည့်စသား၊ ချိုအေးမြသီးတကာ၊ သီးကပွားပုံ၊ ပင်မျိုးစုံသည်၊ ရဂုံပဗ္ဗတ၌၊ ရှုချေသော်စားဘွယ်တည့်၊ ပွင့်သည့်တကား၊ ပင်တို့မှာလည်း ချိန်ကာအကုန် ညိုညိုသီးပွင့်၊ ဇီးအဖြာဖြာ၊ ရာသီဥတု၊ ချိန်ကိုလု၍၊ မျှော်ရှုမင့်ပါတည်း၊ သုံးလူ့ချာမြတ်ဘုရား၊ ကိုယ်စားဓာတ်လျှင်၊ ကျိန်းတော်ရှင်သည်၊ ရှင်ပင်တန်ခိုးအားကြောင့်၊ သီးပွင့်ငြား၊ ပင်တကာ၊ သူတော်အပေါင်း၊ နေဘွယ်ကောင်းသည်၊ ချမ်းဆောင်းရိပ်ဆာယာနှင့်၊ မျိုးလေးဖြာရှင်လူများ၊ ရောက်ငြားပျော်ရွှင်၊ ကိုယ့်ရပ်ခွင်သို့၊ ပြန်ရှင်ပင်မရှိငြားတည်း၊ လွန်ဆန်းပြားများရှင်လူ၊ ရေမူသောက်ချိုး၊ ဧမြနိုးသည်၊ သွေးရို့နို့နှင့်တူ၏။ နိုင်းခိုင်ယုဂန္ဓဗ္ဗ၊ စိတ္တရကေလာ၊ ကုသိန္နါဟု၊ ပမာမယွင်းမူတည်း၊ ရွှင်ရွှင်လန်းလူတကာ၊ ပန်းနံ့သာလိမ်းကျံငြား၊ ဝတ်စားတန်ဆာ၊ ကြိုက်သည့်ငှာကို၊ ရှေးကဆင်ဝတ်စား၍၊ လင်မယား မောင်နှံ့စုံ၊ သားနှင့်သမီး၊ ချစ်မညီးကို၊ ပွေ့ပြီးချီရွက်တုံလျက်၊ များဗိုလ်ပုံတသောသော၊ လှေပွဲကျင်ရင်၊ ယင်မြူးဆင်သည်၊ သဘင်လက်ဖွဲ့များကို၊ ရှု့ကြည့်ငြားတုံသောခါ၊ ပေါက်ပေါက်ပန်းမာလ်၊

ထီးတံခွန်နှင့်၊ ကျောင်းကန်သွားကြပါလျှက်၊ လူများဖျင် ရေကစား၊ သောင်းကျွန်း ဇမ္ဗူမြရိပ်ငူဝယ်၊ ထိန့်ဆူကျော်နှံ့ကြား၏။ မိုးကြွယ်ပွားရတနာ၊ လိုရာသမျှ ချင်တိုင်းရသည်၊ မာဃဝတီသာသို့၊ ပြည့်စုံစွာ လွန်ဆန်းပြား၊ မြောက်ပင်ရပ်မှာ၊ ပဒေသာတွင် ဆွတ်ကာယူ၍ စားသို့၊ ရွှင်ပျော်ပါး၊ ကျိန်းမြို့မြေ၊ ဘုမ္မိနက်သန်၊ မြေမျိုးမှန်သည်၊ ဂါမံကြက်သရေနှင့် မျိုးကြင်ဆွေ မယ်အလှ၊ နှမနှစ်ဖြာ၊ ဆင်းကလျာနှင့်၊ လျူကာပေးစွန့်ငှလျှက်၊ နောက်ပုညနောင်သံသာ၊ ဆံမွှာမပြား တူနှစ်ပါးသည်၊ ဖြစ်ငြားရလိုပါဟု၊ သမ္ဘုဒ္ဓါစိန္တေယျ၊ လူဘရှစ်ရှင်၊ ကျိန်းတော်ရှင်သည်၊ ဓာတ်လျှင်ရွှေ့မုဒ်ဝဍ်၊ ဦးနှိမ်ချပန်းပွင့်တင်၊ ကြည်လင်ရွှင်လန်း၊ ရွှေသက်န်းကို၊ ရုံဝန်းကပ်လှူပါလျှက်၊ နေ့တိုင်းပင် ရက်မပြတ်၊ ဒါနကုသိုလ်၊ မင်္ဂဖိုလ်လို၍၊ ကြည်ညိုအလှူဝတ်ကို၊ ပေးစောင့်မှတ်မောင်နှံ့စုံ၊ ရပ်ဘုံနဂရ၊ ကျိန်းဒေသဝယ်၊ သုခလွန်ပွားပုံနှင့်၊ ပျော်ရွှင်တုံမောင်နှမ၊ နေကြပါသည်၊ ရပ်ရွာတို့ဌာနေလေ။

ဌာနေကြက်သရေ၊ ကျိန်းမြို့မြေသည်၊ အံ့ဘွယ်သာ၊ ညာတိကာမိနှင့်ဘ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ ယင်းတွင် ဖွားမြင်ကြ၏။ ထိုဒေသတောင်ကိုပေ၊ ကျွန်မှာ သက်ထား၊ ငယ်မျောက်သားငှ့်၊ လည်လားကြည့်ပါချေက၊ အံ့ဩဘွယ်လွန်ဆန်းပြား၊ သီးကားပွားစုံ၊ ပန်းမျိုးစုံသည်၊ ရဂုံတောင်ထိပ်ဖျား၌၊ ဆတ်သွားဖူးအဝေယာ၊ ကြိုင်စွာကျက်ရုံး၊ သီးမျှော်ကုန်းသည်၊ ဂမုန်းသကြိုင်ဧစွာနှင့်၊ ပန်းနော်ဇာပန်းထင်ရှား၊ ကွမ်းဖဲဆင်ဆင်ဝီ၊ ငုံရွှီပန်းချရားနှင့်၊ ပန်းဒေါနချပ်တရာ၊ ခတ္တာညှိုးပန်း၊ ပွင့်နီလွန်းသည်၊ ခေါက်ရမ်းဇီဇဝါနှင့်၊ ပန်းရွှေကြာမိုးဇီပန်း၊ နှင်းပန်းရွှေလျှော်၊ သာနိုးခေါ်သည်၊ ကံကော်နာရီပန်းဟု၊ စိန်ပွင့်ပန်းသရဖီ၊ ဇော်ကျီသည် ပန်းစံကား၊ ပန်းဒေါနသည်၊ ထူးစွကောက်စရီနှင့်၊ ပန်းနှင်းဇီအင်ကြင်း၊ ပုန်းညှင်းရွှေတူ၊ မဥ္ဇူပန်းခပင်းတို့၊ အပင်ချင်းမှီကြခါ၊ ရာမာငုံးပန်း၊ ကြိုင်ဧပျံ့သည်၊ မွှေးလွန်းစလတ္တာနှင့်၊ ပင်မြင့်မှာ သဇင်ပန်း၊ မြိုင်ပန်းလည်းဟူ၊ မအူညှာစိမ်းပန်းတည်း၊ ပေါက်ပန်းပွင့်ဖြူအနီ၊ စုံစိမရိုး၊ ပန်းတမျိုးသည်၊ မညိုးပန်းပီပီနှင့်၊ ပန်းနီနီသည် ပန်းမြင်တိုင်း၊ ပင်တိုင်းသင်းခွေ၊ ပန်းစပယ်ဟူ၊ ပွင့်သည်ဖြူမှိုင်းမှိုင်းတည်း၊ ပန်းပင်တိုင်းရှုဖွယ်သာ၊ မဟာလေှကာ၊ မြတ်လေးစသည်၊ ဖြူဆွပဒုမ်မာကြာနှင့်၊ ကြွက်နားသာပန်းခဝဲ၊ ပန်းရင်းများဟူ၊ မွှေးပျံ့ကြူသည်၊ ကြာဖြူစွယ်တော်ပန်းတည်း၊ ပွင့်လန်းလန်းပင်တကာ၊ သဲတော်ရင်ခတ် သစ်ကဝတ်နှင့်၊ ပန်းမြတ်ပုန်းညက်သာတည်း၊ သင်းပုန်းခေါ်ကြိုင်ဧ၊ မုတ္တာသနီ၊ လှမျိုးညီသည်၊ ဒန်းညီပင်ချင်းစီ၍၊ ပွင့်တုံပြီး ရှုဘွယ်သာ၊ ကြာပုဏ္ဏရိတ်၊ ကြာတံဆိပ်သည်၊ လျှံဖိတ်ရောင်ဝင်းဝါနှင့်၊ ဆူးပန်းသာကြာခေါင်းလောင်း၊ ပန်းခေါင်းခေါ်ဆို၊ အောက်မဲ့ညိုဟု၊ ခေါ်ဆိုထိုပန်းပေါင်းတို့၊ ပွင့်တုံရှောင်းစိမ်းရောင်ဖြာ၊ ဖြူ ပြာ၊ နီ၊ ညို၊ ရွှန်းရွှန်းစိုသည်၊ နှစ်လို ရှုဘွယ်သာတည်း၊ ရဲနီစွာ တောင်ကြက်မောက်၊ ပွင့်မြောက်တုံပါ၊ ပန်းတကာသည်၊ ချိန်ခါဥတုရောက်က၊ ပြည်ရွာများ ဧကြိုင်ကြိုင်၊ ဂနိုင်သာမော၊ ကျိန်းတောင်တောဝယ် ဖျင်ပေါခက်ချင်းဆိုင်၍၊ ပင်ချင်းဆိုင်ရေမရ၊ ပွင့်ကြများစွာ၊ တောင်မြတ်သာ၌ ၊ သချ်ာ အနန္တတည်း၊ ကုံးသိထားနည်းအတူ၊ ရာသီပြောင်းကြွ၊ ချိန်ကာလဟု၊ မာသအားကိုယူ၍၊ ပွင့်ကြမူ ထိုတောင်ပါး၊ မကွာတူပြိုင်၊ နံချင်းယှဉ်လျှက်၊ ညွှတ်ကိုင်ဆွတ်ယူငြား၍၊ မြတ်ဘုရားကျိန်းတော်ရှင်၊ ရှင်ပင်ဗုဒ္ဓထံရင်း၊ ခသည်၊ ဂူထဲသို့ဝင်လျှက်၊ ခေါင်းထက် တင်ရှိတုပ်ကွ၊ ပုညသမ္ဘာ၊ နောင်သံသာသည်၊ ကျင်လည်ရာ တို့ဘဝ၍၊ တူတကွ မောင်နှံ့စုံ၊လှူဘုံနတ်ရွာ၊ ဆက်များစွာဝယ်၊ ချမ်းသာ သုခဘုံနှင့်၊ စံကြတုံမောင်နှမ၊ ဖြစ်ရပါလို၊ စိတ်ကြည်ညိုဖြင့်၊ ပန်ဆိုဆုတောင်းကြ၍၊ ရေစက်ချတုံပြီးခါ၊ သက်သေပြုထား၊ နတ်တို့အားလျှင်၊ တိုင်ကြားပြုခဲ့ပါမှ၊ ခြံရုံကာ ဖော်ရွှေများ၊ သန်လျှားထမ်းစင်၊ မြင်းနှင့်ဆင်ကို၊ ယာဉ်ရှင်စီးတက်ငြား၍၊ ရွှင်ပျော်ပါးတီးမှုတ်ကာ၊ ဌာနရပ်မှန်၊ အိမ်ဗိမာန်သို့၊ လှည့်ပြန်လာလေပါလျှက်၊ ဆိုက်ရောက်ခါရွာဂါမ၊ ပျော်ပွဲသဘင်၊ ပွဲကြီးဆင်၍ နေ့ပင်မကင်းကြတည်း၊ ဝသန္တပဇ္ဇူလွန်၊ သီလစောင့်မှတ်၊ လဝါကျွတ်သည်၊ ဆန်းထရောက်လတ်ပြန်ကထီးတန်း ခွန်မူလေးပွား၊ ဘုရားလက်ဆောင်၊ ထမင်း ထောင်နှင့်၊ များမြောင်အဖြာဖြာကို၊ ကိုင်ယူငြားလေသောခါ၊ ငယ်လင်မယား သမီးသားနှင့် ဝတ်စားဆင်ယင်ပါ၍၊ တူစုံသာရွှင်ပျော်ပါး၊ တရားကုသိုလ်၊ ဆည်းပူးလို၍၊ ကြည်ညိုလွန်ဆပွားလျှက် ကျောင်းကန်သွားရတနာ၊ ဆီမီးတထောင်၊ သုံးလူ့ဘောင်ဝယ်၊ ပြောင်ပြောင်ညိုထွန်းပါလျက်၊ သာစုခေါ်ဝါကျွတ်လ၊ ဧသံသိကာလသဘာဝတွင်၊ ကြော်ငြာလက်ခုတ်ခတ်၍၊ ညဉ့်လုံးပြတ်မအိပ်ပါ၊ လူရှင်အများ၊ ကျိန်းမြို့သားတို့ သောသောရှူရှူဆာလျှက်၊ တူရိယာအသွယ်သွယ်၊ ပေါပြွေလင်းခွင်း၊ စည်းစောင့်ညှင်းကို၊ တီးခြင်းအံ့ဩဘွယ်လည်း၊ ရခိုင်ပြည်အလယ်ဆိပ်၊ စိမ်းမြညိုရောင်၊ ကျိန်းမြင့်တောင်ဝယ်၊ ဓာတ်ရောင်လျှံ မြိတ်မြိတ်နှင့်၊ ပြည်မွန်ရိပ်သာယာ၊သူတော်၊ သူကောင်း၊ သူမြတ်လောင်းတို့၊ ကိန်းအောင်းမွေ့လျော်ပါသား၊ ကျိန်းမြို့ရွာ ကျိန်းဒေသ၊ နာမဂါမေ၊ ကျက်သရေဟု၊ အောင်မြေတိုင်းရက္ခတည်း၊ ထိုဌာနမျိုးရှင်လူ၊ ဆာပူကင်းပျောက်၊ ချမ်းသာရောက်သည်၊ စွဲမြောက်သီလဟူ၍၊ ကျွန်ုပ်မူမောင်နှမ၊ ပြည့်လှငါးအင်၊ လွန်များဖျင်သည်၊ လိုချင်တတိုင်းရ၍၊ တူတကွမြူးရွှင်စံ၊ သလွန်ဘုံထဲ၊ လည်ချင်းတွဲ၍၊ ရင်ခွဲရာသက်နှံ့နှင့်၊ တပင်ဆံမယွင်းခွ၊ အလှကြင်ရာ၊ မယ်နှစ်ဖြာနှင့်၊ ဟသ်ာမောင်နှမတို့၊ ချစ်ကြင်ကြတူမကွာ၊ သည်းချာနှစ်ပါး၊ သမီးသားနှင့်၊ ပျော်ပါးနေကြသည်။ မြို့ရွာကျိန်းဒေသမှာတည့်လေ။

**(မြို့သူကြီး အောင်ကျော်ဇံဆိုရတု-ကောဇာ (၁၂၀၀ ခန့်)**

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

# ရွှေကျိန်းတော်သျှင် (ဇိဗ္ဗာ) ဓာတ်တော် သမိုင်းဖြစ်မြောက်ကြိုးပမ်းရေးအဖွဲ့၏ အမှာစာ

ရွှေကျိန်းတော်သျှင် ဘုရားခေါ် ဇိဗ္ဗာဓာတ်တော် တည်ရှိသည့်နေရာဒေသသည် ကား မင်းပြားမြို့၏ အနောက်တောင်ဘက်အရပ် ကျိန်းတောင် တောင်တန်းပေတည်း။

၎င်းတောင်တန်း၏ လက်ယာဘက်ကျသော တောင်ထွဋ်မြင့်ပေါ်တွင် ယနေ့အထိ ဇိဗ္ဗာဓာတ်တော်တစ်ဆူက အထင်ကရတည်ရှိနေပေသည်။ ရခိုင်ပြည်ရပ်ဝေးမှလည်း ကောင်း၊ ရပ်နီးမှလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်၊ ဘုရားဖူးဧည့်သည်တို့သည် ၎င်းဇိဗ္ဗာ ဓာတ်တော်အား လာရောက်၍ ဖူးမျှော်ခဲ့ကြသည်မှာ နှစ်စဉ်နှစ်တိုင်း စည်ကားလျက် ပင် ရှိနေသည်။

သို့သော် ယင်းသို့လာရောက်ကြကုန်သော ရပ်ဝေးရပ်နီးဘုရားဖူး ဧည့်သည်တို့ သည် ဇိဗ္ဗာဓာတ်တော်မြတ်ကြီးအား သဒ္ဓါတရားရိုညွတ်တွားလျှက် ပူဇော်ခဲ့ကြပြီး ၎င်းစေတီကို ရှေးဟောင်းစေတီ၊ သမိုင်းဝင်ဓာတ်တော်၊ ဗုဒ္ဓမွေသရီရဓာတ် စသည်ဖြင့် သာ မှတ်ယူထားကြပြီး ဇိဗ္ဗာဓာတ်တော်ကို တည်ခဲ့စဉ်မှစပြီး ခေတ်အဆက်ဆက်သမိုင်း စဉ်လာကိုကား သိရှိခွင့် မရရှိခဲ့ကြပေ။

၎င်းဇိဗ္ဗာဓာတ်တော်နှင့်ပတ်သက်၍ အိန္ဒိယသာသနာပြုဆရာတော်ကြီး ဦးကိတ္တိ က (၁၃၁၉)ခုနှစ်တွင် သမ္မတပုံနှိပ်တိုက် ရန်ကုန်မှ ရိုက်နှိပ်၍ စာအုပ်ငယ်တစ်အုပ်ကို ဖြန့်ဝေခဲ့သည်။ ယင်းစာအုပ်၌ကား ကျိန်းတော်ရှင်နှင့် ပတ်သက်၍ သမိုင်းကို အကျဉ်း မျှသာတွေ့ရှိရသည်။

ယခုအခါ ယင်းစာအုပ်ငယ်မှာ နှစ်အတန်ကြာမြင့်ခဲ့ခြင်းနှင့်အတူ ဖတ်ရှုလေ့လာ ရန်မှာ ရှားပါး၍နေလေပြီ။

အထူးသဖြင့် ရပ်ဝေးမှလာရောက်ကြကုန်သော ဘုရားဖူးဧည့်သည်တို့သည် ၎င်းဇိဗ္ဗာဓာတ်တော်နှင့် ပတ်သက်၍ သမိုင်းစဉ်များကို သိလိုကြသည်။ စာအုပ်ရှိလျှင် ဝယ်ယူဖတ်ရှုလိုကြသည်။



ဒေသခံတို့ကလည်း သမိုင်းစဉ်လာကို တိတိကျကျမပြောပြနိုင်၊ စာအုပ်စာတမ်း ကိုလည်း မဖြန့်ဝေပေးနိုင်၊ ထို့ကြောင့် ဘုရားဖူးဧည့်သည်တို့မှာ လိုအင်ဆန္ဒပြည့်ဝခြင်း ကား မရှိခဲ့ကြပေ။

၎င်းသည်ကို အကြောင်းပြု၍ ဒေသခံစာရေးဆရာများဖြစ်ကြသော မင်းပြား မင်းသိမ်းထွဏ်း၊ မင်းပြားမင်းသိန်းဇံနှင့် မောင်ကျော်ဇံ(မင်းပြား)တို့က ရွှေကျိန်းတော် ရှင်ပတ်သက်သော စာအုပ်တစ်အုပ်ကို ထုတ်ဝေရန် ဆန္ဒရှိခဲ့ကြရာ လိုအပ်သော သမိုင်း အချက်အလက်များကို သုတေသီ အသျှင်စက္ကိန္ဒထံ ချည်းကပ်ရယူ၍ ကွင်းဆင်းသုတေ သနပြုမှုများ၊ အခြားအထောက်အထားများ၊ ဂေါပကအဖွဲ့ဝင်များမှ ရရှိသော မှတ်တမ်း များကို အခြေခံ၍၊ ၁၉၈၅ ခုနှစ်က လျှောက်လွှာစက္ကူ (၁၂၀)မျက်နှာခန့်ရှိသော ကျိန်းတော်သျှင် ဘုရားသမိုင်း စာအုပ်ကို ပြုစုခဲ့ကြသည်ဟု သိရှိရသည်။

ယင်းကိုလည်း မြောက်ဦးမြို့ရှိ ဆရာကြီး ဦးသာထွန်း (ရခိုင်မြန်မာ ပဏ္ဍိတ်)ထံ သွားရောက်ကာ တည်းဖြတ်ပေးရန်တောင်းဆိုသဖြင့် ဆရာကြီးကတည်းဖြတ်၍စာအုပ် ထုတ်ဝေရာ၌ ဖော်ပြနိုင်ရန် အမှာစာတစ်ခုကိုလည်း ရေးပေးခဲ့ကြောင်းသိရပါသည်။

ထိုပုဂ္ဂိုလ်တို့ကပင် ပြုစုခဲ့ပြီးသော စာအုပ်ကို ထုတ်ဝေရန် စီစဉ်သည့်အခါငွေရေး ကြေးရေးအခက်အခဲတို့ကြောင့် ထုတ်ဝေခြင်းမပြုနိုင်ပဲ ထိုသူများလက်ထဲ၌ မြုပ်ကွယ် နေခဲ့ရပေသည်။

ယခုအခါကား မင်းပြားမြို့ပေါ်သို့ နိုင်ငံတာဝန်ဖြင့် ထမ်းဆောင်ရန် ပြောင်းရွှေ့ လာခဲ့ကြသော ဌာနဆိုင်ရာအချို့မှ သမိုင်းကို စိတ်ဝင်စားသူ သမိုင်းကို လေ့လာဖော် ထုတ်လိုသူ အချို့က ပေါင်းဆုံမိလေသောအခါ ရွှေကျိန်းတော်သျှင် ဘုရားသမိုင်းထွက် ပေါ်လာရေး အာသီသသည် ပိုမိုပြင်းလာခဲ့ကြရလေသည်။

ယင်းသို့ ဌာနဆိုင်ရာအချို့မှ အကြီးအကဲတို့၏ စိတ်ဝင်စားမှု၊ ကြည်နူးသဒ္ဓါတ ရားလွှမ်းမိုးမှု၊ မဖြစ်ဖြစ်အောင် လုပ်မည်ဆိုသော အင်အားဖြည့်တင်းမှုတို့ကြောင့် ၁၉၉၅ ခု ဒီဇင်ဘာလ(၁၇)ရက်နေ့မှစ၍ မင်းပြားမြို့နယ် တရားရုံး၌ စတင်၍ ဘုရား သမိုင်းပြုစုဖြစ်မြောက်ကြိုးပမ်းရေးအဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။ (အဖွဲ့ ဝင်စာရင်းကို နောက်စာမျက်နှာ၌ ဖော်ပြထားပါသည်။)

၎င်းအဖွဲ့မှပင်လျှင် ဦးစီးဦးဆောင်ပြု၍ ယခင်ရေးပြီးခဲ့သော သမိုင်းစာအုပ်ကို ပြန်လည်ပြုစုအသစ် ရေးသားဖြည့်စွက်နိုင်စေရန်အတွက် သုတေသီအသျှင်စက္ကိန္ဒနှင့် ဦးဝါသဝတို့အား ပင့်ဖိတ်ခြင်း၊ ဆရာတော်နှစ်ပါးတို့သည် မဆိုင်းမတွကြွရောက်လာခဲ့ ကြပြီး သမိုင်းပြုစု ဖြစ်မြောက်ရေးအရေးအဖွဲ့နှင့် တွေ့ဆုံကာလိုအပ်သည်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

သမိုင်းပြုစုရာ၌ လိုအပ်သော အထောက်အထားများအတွက် သမိုင်းရုပ်ကြွင်းများ တည်နေရာသို့ ဤအဖွဲ့နှင့်အတူ လေ့လာကွင်းဆင်းခြင်း၊ ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ခြင်း၊ ဂေါပကအဖွဲ့ဝင်တို့အား ဖိတ်ခေါ်၍ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

တစ်ဖန်ကျိန်းတော်သျှင် ဘုရားသမိုင်းပြုစုရာ၌ ပိုမိုပြည့်စုံနိုင်ရေးအတွက် ရခိုင်ပြည်နယ်ရှိ မြို့အသီးသီးမှ သမိုင်းသုတေသီများ၊ သမိုင်းကို လေ့လာနေကြသူများထံမှ ကျိန်းတော်သျှင်နှင့်ပတ်သက်သော စာမူတောင်းလွှာ ကြော်ငြာကိုလည်း ကြေငြာခဲ့ကြသည်။ သို့သော် စာမူအချို့သာ ရောက်ခဲ့ပြီး ရောက်ရှိသော စာမူအချို့မှာ ထူးဆန်းမှုမရှိခဲ့ပေ။

အထူးသဖြင့် ဆရာတော်ကြီးနှစ်ပါးကပင်လျှင် မင်းပြားမြို့ ဇယျသုခကျောင်းတိုက်၌ တစ်လခန့် သီတင်းသုံးနေထိုင်ပြီး နေ့ညမပြတ် ရွှေကျိန်းတော်သျှင် ဘုရားသမိုင်းကို ရေးသားခဲ့ခြင်းသည်ကား ဤအဖွဲ့အတွက် များစွာ ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရပါသည်။

လက်ရေးစာမူများကို လက်နှိပ်စက်ရိုက်ပေးခဲ့ကြသည်။ မြို့နယ်ပညာရေးဌာန၊ မြို့နယ်စိုက်ပျိုးရေးဘဏ်၊ မြို့နယ်ကုန်သွယ်လယ်ယာနှင့် ပြန်/ဆက် ဦးစီးဌာနတို့မှ ပုဂ္ဂိုလ်တို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ထုတ်ဝေရေးအပိုင်းတွင်မူ ရန်ကုန်မြို့မှ မင်းပြားမြို့သို့ ခေတ္တရောက်ရှိလာခဲ့သော ရခိုင်သားကြီးစာပေမှ ကိုလှမြင့်က ဤအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး အားတက်သရော ထုတ်ဝေမှုအပိုင်းကို လုံးဝတာဝန်ယူကြောင်း ပြောပြသည့်အတွက် ဤအဖွဲ့မှ ကျေးဇူးတင်မဆုံးဖြစ်ရပါသည်။

အချုပ်အားဖြင့် ယခုထုတ်ဝေလိုက်ပြီးဖြစ်သော စာအုပ်တစ်အုပ် ထွက်ပေါ်လာခြင်းသည်ကား တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၏ ညီညွတ်သော အင်အားဖြစ်မြောက်အောင် လုပ်မည်ဆိုသော ရည်ရွယ်ချက်၊ မခိုမကပ်သော စိတ်ဓာတ်၊ စသည်တို့၏ အကျိုးသက်ရောက်မှုများသည်ပင် အမှန်ဖြစ်ပေသတည်း။

**ကျိန်းတော်ရှင်ဘုရားသမိုင်း ဖြစ်မြောက်ကြိုးပမ်းရေးအဖွဲ့ ဆပ်ကော်မတီ**

**မင်းပြားမြို့**



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

# မပျက်စဉ်ဆက်ပြုပြင်လျက်

ကျိန်းတော်ရှင်ကို ဓညဝတီခေတ် သူရိယစက္ကမင်းမှ တည်ထားစေခဲ့ပြီးနောက် ရခိုင်မင်းအဆက်ဆက်တို့ ထပ်မံပြုပြင်တည်ထားခဲ့ကြလေသေးသည်။ ထို့ကြောင့် ဝေသာလီကျောက်လှေကား ဘုရင်မဟာစန္ဒရားမင်းကလည်းကောင်း၊ သီရိစန္ဒရားမင်းကလည်းကောင်း၊ ဆက်ခံပြုလုပ်ကြသေးသည်။ ထိုနေက် ပုရိန်မြို့တော်ရှင် ကောလိယမင်းသည်လည်းကောင်း၊ ဒသရာဇာမင်းသည်လည်းကောင်း၊ လောင်းကြက်ခေတ်တွင် မင်းထီးသည်လည်းကောင်း၊မြောက်ဦးခေတ်တွင် မင်းစောမွန်၊ ဘစောဖြူမင်း၊ မင်းပင်ကြီး၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ စန္ဒဝိဇယရာဇာမင်းတို့သည်လည်းကောင်း၊ ဆက်ခံပြုလုပ်ခဲ့ကြသည်။ ယခုလက်ရှိ ဓာတ်တော်စေတီမှာ မင်းဖလောင်း၏ လက်ထက်နောက်ဆုံးမွမ်းမံတည်ထားခြင်းဖြစ်သည်ဟု သိရသည်။

## မြန်မာမြို့ဝန်ခေတ်(ကောဇာ ၁၁၄၆–၁၁၈၆)

ရခိုင်ထီးနန်းပျက်သုန်းပြီး၍ မြန်မာမြို့ဝန်များအုပ်ချုပ်သော ခေတ်တွင်လည်း ဓာတ်တော်ကို စေတနာရှင်များက သုတ်သင်ရှင်းလင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်းများ ပြုနိုင်ခဲ့ပေရာသည်။ ရင်ပြင်အနောက်ဘက်ရှိ ပျက်စီးနေသော စေတီမှာ ထိုခေတ်က တည်ဆောက်လေ့ရှိသော စေတီပုံစံဖြစ်သည်။ မုခ်ဝကို အုဋ္ဌအဆင့်ဆင့်ခံ၍ ပြုလုပ်ခဲ့သည်က ထင်ရှားနေသည်။ မြောက်ဦးမြို့ ဘုရားပေါ်ဘုရားကြီးရှိ မြန်မာမြို့ဝန်တို့ ပြုလုပ်ခဲ့ကြသော စေတီမုခ်နှင့် တည်ဆောက်ပုံချင်းတူညီနေပေသည်။

## အင်္ဂလိပ်ခေတ်(၁၈၂၆ မှ ၁၉၄၇)

ရခိုင်သည် အင်္ဂလိပ်တို့လက်အောက်သို့ ၁၈၂၆ ခုနှစ် ကျရောက်ခဲ့ပြီးနောက် တစ်စတစ်စကျိန်းတိုက်နယ် တစ်ခွင်တွင် ရပ်ရွာလူနေမှု စည်ကားလာခဲ့သည်။ ကောဇာသက္ကရာဇ် ၁၁၉၀ အရောက်တွင် ပို၍စည်ကားစဖြစ်လာပြီး ထောင်ကလွတ်လာသော မြို့သူကြီး အောင်ကျော်ဇံသည် ဇာတိနယ်မြေ ကြက်သရေရွာသို့ လာရောက်ခဲ့ရာ မွေ့ပျော်မှုရှိခဲ့သည်။ ကောဇာ ၁၂၂၉ ခုနှစ်တွင် မင်းပြားမြို့အဖြစ် သတ်မှတ်လာပြီး





တွင်ကား ပို၍ စည်ကားလာခဲ့ရသည်။ ထို့ကြောင့် မင်းပြားမြို့ကို အုပ်ချုပ်ခဲ့ကြသော အကြီးအကဲတို့ကဘုရားတက်လမ်းကို တည်ဆောက်ပေးခဲ့ကြသည်။ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်က နယ်ပိုင်ဝန်ထောက် ဦးလှဖော်ဇံ၊ မြို့ပိုင် ဦးသာပန်း (တရုပ် အမျိုးသား) ဥယျာဉ်မှူး၊ ဈေးခေါင်းကြီး၊ မြို့မသူကြီး၊ မြေတိုင်းအင်စပတ္တော် ဦးလှဖော်ဦး၊ ပုလိပ်အင်စပတ္တော်ဦးဖထော်ဦးတို့က ခေါင်းဆောင်၍ ဓာတ်တော်အသင်းကို ထူထောင်ခဲ့ကြသည်။ ထိုအသင်းမှ ထီးတော်တင်ခြင်း၊ ရွှေချခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဘုရား၏တောင်ဘက်တစ်မိုင်ကျော်ရှိသော ငါးတံပျင်းဆရာတော်ကြီး အသျှင်သောမကကြီးမှူးခဲ့သည်။ ဘုရားတက်လမ်းသစ်များလည်း တိုးပွားလာခဲ့ရာကား၊ ဘုရားဖူးသားများလည်း တိုးပွားလာခဲ့ရသည်။ ထိုနောက် အမှိုက်သိမ်း အသင်းပေါ်ပေါက်လာ၍ ပြုပြင်မှု၊ တည်ဆောက်မှု ကျယ်ပြန့်လာခဲ့သည်။ အာရုံခံသိမ် တန်ဆောင်းများကို ၁၂၇၂ ခုနှစ်တွင်လည်းကောင်း၊ ထိုပြင် ကြေးဆင်းတု၊ ကျောက်သလင်းဖြူ ကုသိနာရုံတန်ဆောင်း၊ မဟာဗောဓိပင်၊ တစ်ပဲသိမ်၊ ထိုင်တော်မူ၊ လျောင်းတော်မူ၊ကြေး ခေါင်းလောင်း၊ အုဋ္ဌရေကန်၊ ရင်ကွဲဇရပ်၊ အထက်သိမ်၊ အောက်သိမ်၊ တန်ဆောင်း ပြသာဒ်တို့ တိုးပွားလာခဲ့သည်။ နှစ်စဉ်မပျက်လည်း ဘုရားပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ပြုလာခဲ့ကြသည်။

ခရစ် ၁၉၄၂ ခု(ကောဇာ ၁၃၁၃) ဒုတိယကမ္ဘာစစ်အတွင်းတွင် တန်ဆောင်းပြသာဒ် စသော အဆောက်အဦးများ များစွာ ပျက်စီးခဲ့ရသည်။ ဂျပန်ခေတ်တွင်းလည်း မငြိမ်မသက်မှုကြောင့် တောရွာများသို့ တိမ်းရှောင်နေခဲ့ကြရာကား ပြုပြင်နိုင်မှုအားနည်းခဲ့ကြလေသည်။ ထိုနောက် ၁၃၀၆ ခုနှစ်မှစ၍ မွမ်းမံပြုပြင်လာနိုင်ခဲ့သည်။ ကုသိနာရုံ၊ အာရုံခံသိမ်တန်ဆောင်းတို့ကို တစ်စတစ်စ ပြုပြင်လာနိုင်ခဲ့ကြသည်။

## လွတ်လပ်ရေးခေတ်

လွတ်လပ်ရေးခေတ်တွင် ၁၃၀၉ ခုနှစ်မှစ၍ အာရုံခံသိမ်များကို တိုးချဲ့ပြုပြင်လာနိုင်ခဲ့သည်။ သံထီးကိုလည်း ဒုတိယအကြိမ် ၁၃၁၂ ခုနှစ်ပြုပြင်လာခဲ့ရသည်။ ထိုနောက် သံထီးအသစ်တင်ခြင်း ထိ ဆောင်ရွက်လာနိုင်ခဲ့သည်။ မီးထွန်းအသင်း၊ မဟာရံတံတိုင်းအသင်း၊ ဗုဒ္ဓဝေယျာဝစ္စအသင်း စသော အသင်းတို့ ပေါ်ပေါက်လာရကား ပြုပြင်မွမ်းမံမှု၊ တိုးချဲ့ဆောက်လုပ်မှု၊ တည်ထားမှုများ တစ်စတစ်စကြီးပွားလာခဲ့သည်။ ပွဲတော်မှာလည်း ၁၃၁၈ ခုနှစ်မှစ၍ တောင်ပေါ်တွင် ကြီးကျယ်စွာ ကျင်းပလာနိုင်ခဲ့လေသည်။

## ဘာသာရေးအသင်းအဖွဲ့များ ဆောင်ရွက်မှု

ကျိန်းတောင် ဓာတ်တော်အသင်း (၁၂၇၀-၁၃၄၁) ကျိန်းတော်ရှင်အား ပြုပြင်နိုင်ရန် အင်္ဂလိပ်ခေတ်ဖော်ပြပါ ၁၂၇၀ ခုနှစ်(ခရစ်၁၉၀၈) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အစောဆုံးအသင်းဖြစ်ပြီး ရခိုင်ပြည်တွင်လည်း အစောဆုံးဖွဲ့စည်းခဲ့ကြသော ဘုရားအသင်းတို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။ မင်းပြားမြို့နယ်ပိုင် ဝန်ထောက် ဦးလှဖော်စံ၊ မြို့ပိုင် ဦးသာပန်း၊ ဦးချင်းအောင် (ဥယျာဉ်မှူး) ဦးထွီးအောင် (ဈေးခေါင်းကြီး) ဦးပုလဲအောင် (မြို့မသူကြီး) ဦးဖသထော် (မြေတိုင်းအင်စပက်တော်) ဦးနုရာခေါ် ဦးလှဖော်ဦးတို့ ခေါင်းဆောင်လျက် အဖွဲ့ဝင်ပေါင်း (၆၉)ဦးပါဝင်ခဲ့ကြသည်။ ပထမအကြိမ် ရွေးချယ်၍ သံထီးတင်ပွဲကိုလည်း ပြုပြင်နိုင်ခဲ့ကြလေသည်။

ဂျပန်ခေတ် ၃-နှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်နိုင်မှု မပြုနိုင်ခဲ့ချေ။ ထိုနောက် အသင်းထပ်မံ ဖွဲ့စည်းခဲ့ကြလေသည်။ ဥက္ကဋ္ဌ ဦးမောင်မြသာ၊ အတွင်းရေးမှူး ဦးစောသာတို့ပါဝင်ပြီး အဖွဲ့ဝင် ၈၄ ဦးရှိခဲ့သည်။ ထိုအဖွဲ့သည် ဘုရားဓာတ်တော်နှင့် တောင်တော်အဆောက်အအုံများကို ဆောင်ရွက်လာခဲ့လေသည်။ ၎င်းတို့နှင့် (၁၂၉၆)ခုနှစ်ခေတ်ပြိုင်ပေါ်ပေါက်လာသော အမှိုက်သိမ်းအသင်း(၁၂၉၄)၊ ညွှန့်ပေါင်းအသင်း (၁၃၀၈)ခုနှစ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့လေသည်။ ထိုကြောင့် ၁၃၁၂ ခုနှစ် သံထီးတော်ပြုပြင်ရာ၌လည်းကောင်း၊ ၁၃၃၀ ခုနှစ် အသစ်တင်ဆောင်ခဲ့ကြရာ၌လည်းကောင်း၊ ဦးမောင်မြသာ (ဥက္ကဋ္ဌ) ပါဝင်ခဲ့သည်။

ကောဇာ ၁၃၄၁ (၁၉၈၀)ခုနှစ်တွင် ဦးဆောင်ခဲ့ကြသော ဦးင/မဲကြီး(ဆိုင်သည်) အတွင်းရေးမှူး ဦးစောသာတို့ အလှူမေတ္တာရပ်ခံ၍ ဓာတ်တော်ကို ပြန်လည်မွမ်းမံခဲ့ကြသည်။ အသင်းအနေဖြင့် သင်္ကြန်၊ ဝါကျွတ် စသောအခါကြီးနေ့များ၌ ရေသပ္ပာယ်ခြင်း၊ ဓာတ်တော်ပူဇော်ပွဲကြီးကို ကြီးကြပ်ရခြင်း စသောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ကြသည်။ ထိုအသင်းသည် ဖော်ပြပါ ၁၃၄၁ ခုနှစ် ပြာသိုလတွင် ရပ်ဆိုင်းခဲ့ရပြီးနောက် ဖွဲ့စည်းလိုက်သော ဂေါပကအဖွဲ့သစ်က ဆက်လက်ဆောင်ရွက်ခဲ့ရသည်။

## မြို့နယ်ဂေါပကအဖွဲ့ (၁၉၈၀–၉၁ ခုနှစ်ထိ)

ကောဇာ ၁၃၄၁ ခုနှစ်(ခရစ် ၁၉၈၀)ပြာသိုလတွင် ဘုရားအသင်း (ငါး)ဖွဲ့ပေါင်းစုံကို ဖျက်သိမ်းပြီးနောက် ပါတီ၊ ကောင်စီမှ တစ်ပေါင်းတစ်ဖွဲ့တည်း ဖြစ်စေရန် ဆောင်ရွက် ပေးခဲ့ကြသည်။ ထိုကြောင့် ၁၃၄၁ ခုနှစ် တန်ခူးလဆုတ် ၂ ရက် အင်္ဂါ



(၁၄-၁-၈၀)နေ့ မင်းပြားမြို့ အထက ကျောင်း၌ အစည်းအဝေးဖြင့် အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြလေသည်။

(အဖွဲ့ငါးဖွဲ့မှာ ဓာတ်တော်အသင်း၊ အမှိုက်သိမ်းအသင်း၊ မီးထွန်းအသင်း၊ ဝေယျာဝစ္စ အသင်း၊ နှစ်ထောင့်ငါးရာပြည့် အသင်းတို့ဖြစ်ကြသည်။)

### နာယကအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်အုန်း (ကပစအလုပ်အမှုဆောင်အဖွဲ့) | အလယ်ပိုင်း | မင်းပြားမြို့ |
| ၂။ | ဦးအသက်ရှည် | ဈေးဟောင်းပိုင်း | ။ |
| ၃။ | ဦးကျော်ထွန်း-လမ်းမတော် | အောက်ရွာပိုင်း | ။ |
| ၄။ | ဦးဘတူ ရုံးတက်လမ်း | ဈေးဟောင်းပိုင်း | ။ |
| ၅။ | ဦးမြအောင်ဖံ | အလယ်ပိုင်း | ။ |
| ၆။ | ဦးအောင်ကျော်ဇော | ဈေးဟောင်းပိုင်း | ။ |
| ၇။ | ဦးမောင်စောလှ | ။ | ။ |
| ၈။ | ဦးင/ယောင်း | အောက်ရွာပိုင်း | မင်းပြားမြို့ |
| ၉။ | ဦးထွန်းလှ၊ သိမ်တောင်ရွာ | | မင်းပြားမြို့နယ် |
| ၁၀။ | ဦးကျော်လှဦး င/တန်ပျင်းရွာ | | ။ |
| ၁၁။ | ဦးမောင်ရွှေထွန်း သည်ကန်ရွာ | | ။ |

### ဘဏ္ဍာထိမ်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးဖိုးယဉ် | အလယ်ပိုင်း | မင်းပြားမြို့ |
| ၂။ | ဦးဝေသာအောင် | ။ | ။ |
| ၃။ | ဦးမောင်ရွှေကျော် | ဈေးဟောင်းပိုင်း | ။ |

### အလုပ်အမှုဆောင်အဖွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ဦးသာနိုးအောင် | ဥက္ကဋ္ဌ | လမ်းမတော် | မင်းပြားမြို့ |

| | | | | |
|---|---|---|---|---|
| ၂။ | ဦးင/မဲကြီး | စက်ဆရာ ဒုဥက္ကဌ | အလယ်ပိုင်း | ။ |
| ၃။ | ဦးပန်းလှအောင် | ။ | ။ | ။ |
| ၄။ | ဦးထိန်လင်း | အတွင်းရေးမှူး | ။ | ။ |
| ၅။ | ဦးစိန်ညွန့်အောင် | ။ | ဦးစိုးတင့် | ။ |
| ၆။ | ဦးမောင်သာကျော် | တွဲဖက်အတွင်းရေးမှူး | ဈေးဟောင်းပိုင်း | ။ |
| ၇။ | ဦးအောင်ဇံဖြူ | ။ | အလယ်ပိုင်း | ။ |

## အဖွဲ့ဝင်

| | | | |
|---|---|---|---|
| ၁။ | ဦးဖလောင်းဖြူ | အမှုထမ်းရပ်ကွက် | မင်းပြားမြို့ |
| ၂။ | ဦးအောင်ဘန်း | အလယ်ပိုင်း | ။ |
| ၃။ | ဦးထွန်းမြအောင် | ။ | ။ |
| ၄။ | ဦးစောလှဦး | ။ | ။ |
| ၅။ | ဦးမောင်အေးသာ | ။ | ။ |
| ၆။ | ဦးအောင်မြစိန် | ။ | ။ |
| ၇။ | ဦးလုံးမောင် | ။ | ။ |
| ၈။ | ဦးမောင်ပု | ဈေးဟောင်းပိုင်း | ။ |
| ၉။ | ဦးစောသာ | ။ | ။ |
| ၁၀။ | ဦးမောင်မြအောင် | ။ | ။ |
| ၁၁။ | ဦးမောင်ကျော်ထင် | ။ | ။ |
| ၁၂။ | ဦးအနီမောင် | ။ | ။ |
| ၁၃။ | ဦးစံအောင်ကျော် | ။ | ။ |
| ၁၄။ | ဦးကျော်ဖြူ (ငယ်) | ။ | ။ |
| ၁၅။ | ဦးကျော်ထွန်း | ။ | ။ |
| ၁၆။ | ဦးဦးသာဇံ | ။ | ။ |
| ၁၇။ | ဦးမောင်ကြွင်း | ဂန့်ကော်မြိုင် | ။ |
| ၁၈။ | ဦးအောင်လှစိန် | ပြည်တော်အေး | ။ |
| ၁၉။ | ဦးစိန်လှအောင် | အောက်ရွာပိုင်း | ။ |
| ၂၀။ | ဦးထွီးသာအောင် | လမ်းမတော် | ။ |
| ၂၁။ | ဦးဖိုးစောလှ | ဦးစိုးတင့် | ။ |

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

| | | | |
|---|---|---|---|
| ၂၂။ | ဦးစံအောင်ဖြူ | ခြိတ်တောင် | ။ |
| ၂၃။ | ဦးမောင်ဖိုးစိန် | ထောင့်ချောင်ကြီး | ။ |
| ၂၄။ | ဦးနီအောင် | ပန်ဇင်းမော် | ။ |

## စာရင်းစစ်အဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးစံရွှေဦး | အလယ်ပိုင်း | မင်းပြားမြို့ |
| ၂။ | ဦးတရုပ်ဖြူ | ဘုရားတကာလမ်း<br>ဈေးဟောင်းပိုင်း | မင်းပြားမြို့ |
| ၃။ | ဦးလှဖော် | ။ | ။ |
| ၄။ | ဦးကျော်ဖြူ | ။ | ။ |

## ဆောင်ရွက်ချက်

ဤအဖွဲ့သည် ဓာတ်တော်ကို အကြိမ်ကြိမ်မှန်စီရွှေချခြင်း၊ အဆောက်အအုံဟောင်းများကို ပြုပြင်ခြင်း၊ လမ်းများကို ပြုပြင်ခြင်း၊ အမှိုက်သရိုက်နှင့် တောတောင်များကို ရှင်းလင်းခုတ်ထွင်ခြင်း၊ လျှပ်စစ်ဓာတ်မီးကော်ပိုရေးရှင်းတို့နှင့် ဆက်သွယ်ညှိနှိုင်း၍ မီးလိုင်းများ တပ်ဆင်ခြင်း၊ အုဌ်ရေကန်ပြုပြင်ခြင်း၊ သမံတလင်းခင်းခြင်း၊ တံတိုင်းကာရံခြင်း၊ သံဇကာကာရံခြင်း၊ လူပေါင်း ၄၉၃ ဦးထံမှ ငွေပေါင်းလေးသောင်းကျော်ကို ထာဝရငွေပဒေသာပင် စိုက်လှူခဲ့ခြင်း၊ စတုဒီသာဆွမ်းချက်ရုံဆောက်လုပ်ခြင်း၊ မီးစက်ရုံကို ပြုပြင်ဆောက်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ နှစ်စဉ်ဘုရားပွဲတော်ကျင်းပခြင်း၊ ခါသင်္ကြန်အတွင်း၌ စတုဒီသာ(၄)ရက်ကျွေးမွေးခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ဆွမ်းတော်ကြီးလောင်း၊ ကထိန်ကပ်ပွဲတော် ကျင်းပခြင်း၊ တာဝတိန်သာပွဲ၊ ဝင်္ကာဘာပွဲကျင်းပခြင်း စသော လိုအပ်သော ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

၁၉၈၁၊ ၁၉၈၂၊ ၁၉၈၄၊ ၁၉၈၇ ခုနှစ်တို့၌ အုဌ်ရေကန်ဟောင်းကြီးကို ပြုလုပ်ခဲ့သည်။ ရှေးတပ်မှူးဗိုလ်မှူးကြီး သူရကျော်စွာ (ဥက္ကဌ စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ)၏ ကူညီပံ့ပိုးမှုဖြင့် ဘိလပ်မြေအိတ် ၁၀၀ အကုန်ခံ၍ ဘုရားများကို ပြုပြင်ဆောင်ရွက်ခဲ့သည်။ ရှင်ဥပဂုတ္တ(ကျောက်သလင်းဖြူ)၊ ရဟန္တာရုပ်တုကိုလည်း တည်ထားခဲ့သည်။ စစ်တွေမြို့ ရှုပမြောက်ချောင်းနားစုရပ်ကွက်မှ ဒေါ်မအောင် သာဦးဆောင်၍ လျှောင်းတော်မူဘုရားတွင် မျက်နှာကြက်စွန်းတော်ကို ကပ်လှူနိုင်ခဲ့သည်။

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

မီးစက်ရုံကို ဖောင်ဒေးရှင်းအသစ်ပြုလုပ်ကြသည်။ စက်ရုံအလျား ၂၅ ပေကျော်၊ အနံ ၂၀ ပေကျော် ရှိပြီး သွပ်မိုးနိုင်ခဲ့သည်။

၁၉၈၄ ခုနှစ် ဆုတောင်းပြည့်ဘုရား၊ မဟာဗောဓိဘုရားတို့အား မှန်စီသက်န်း ကပ်လှူဒါန်းရာ၌လည်းကောင်း၊ ဆုတောင်းပြည့်ဘုရားတွင် ကနက္ကဒန် ထီးဖြူတော်ကြီး လှူဒါန်းခြင်း စသည်တို့၌လည်းကောင်း၊ ကြီးကြပ်လုပ်ဆောင်ပေးခဲ့ကြသည်။ အလှူရှင်များမှာ စစ်တွေမြို့ ရှုပရပ်မှ ဒေါ်မအောင်သာကပင် ဦးဆောင်ခြင်းဖြစ်သည်။ ၎င်းပြင် ဂေါပကအဖွဲ့မှ ဘုရားများကို လုံခြုံစေရန် သံဇကာများ ကာရန်ပြုလုပ်ခဲ့ကြသည်။ ဆုတောင်းပြည့်ဘုရားတွင် စစ်တွင်းက လက်ဝဲဖက်ပါးတွင် အမြောက်ဆံထိခဲ့ရာကို မွမ်းမံပြုပြင်ခဲ့သည်။

၁၉၈၅ ခုနှစ် ဧပြီလတွင် ‌ကျောင်းတော်မူ သိမ်ကို အုဋ်ထရံကာရံခဲ့သည်။ ထိုခုနှစ်တွင် မဟာရံတံတိုင်းကို ထောက်သုံးခု ပြုလုပ်ကန်ပေးခဲ့ကြသည်။ ၁၉၈၆ ခုနှစ်တွင် အရှေ့အာရုံခံသိမ်ဘေးရှိ ဇရပ်ကို ဦးဆောင်မွမ်းမံပြုပြင်ခဲ့သည်။ အထက်အုဋ်ရေကန်ကိုလည်း မွမ်းမံပြုလုပ်ခဲ့သည်။

၁၉၈၀ မှ ၁၉၉၁ ခုထိ (၁၃၄၁ မှ ၁၃၅၃)ထိ ဖော်ပြပါ ဂေါပကအဖွဲ့၏ ၁၂ နှစ်တိုင် လုပ်ဆောင်ချက်ဖြစ်ရာ ထိုလုပ်ငန်းကို အောင်မြင်ချက်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ထိုဂေါပကအဖွဲ့မှ ကျိန်းတော်ရှင်ဘုရားသမိုင်းနှင့် စေတီ၊ ပုထိုး၊ အဆောက်အအုံလုပ်ငန်းရပ်များကို မှတ်တမ်းတင် သမိုင်းပြုစုခဲ့ကြသည်။

## ၁၉၉၁ ခုနှစ်ထိ အမှုဆောင်လူကြီးများ အမည်စာရင်း

## နာယကအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးဘတူ | ဈေးဟောင်းပိုင်း | မင်းပြားမြို့ |
| ၂။ | ဦးမောင်ဇံ | ။ | ။ |
| ၃။ | ဦးဖိုးသာ | မြို့သစ်ရပ်ကွက် | ။ |
| ၄။ | ဦးရွှေလှ | ။ | ။ |
| ၅။ | ဦးဖလောင်းဖြူ | အမှုထမ်းရပ်ကွက် | ။ |
| ၆။ | ဦးပန်းသာထွန်း | အလယ်ပိုင်း | ။ |





## ဥက္ကဋ္ဌအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးအသက်ရှည် | ဥက္ကဋ္ဌ |
| ၂။ | ဦးကျော့မောင် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးရွှေသာဦး | ဒု-ဥက္ကဋ္ဌ |

## အတွင်းရေးမှူးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးအောင်ဇံဖြူ | အထွေထွေအတွင်းရေးမှူး |
| ၂။ | ဦးမောင်သာကျော် | အတွင်းရေးမှူး |
| ၃။ | ဦးစိန်ညွန့်အောင် | အတွင်းရေးမှူး |

## ဘဏ္ဍာထိန်းအဖွဲ့

၁။ ဦးလှထွန်းစိန်

## စာရင်းစစ်အဖွဲ့

၁။ ဦးလှဖော်

၂။ ဦးမောင်မြသာ

## ပစ္စည်းထိန်းအဖွဲ့

၁။ ဦးအောင်မြစိန်

၂။ ဦးဦးစိန်

## ကော်မတီများ

၁။ ဦးဦးသာထွန်း

၂။ ဦးအနီမောင်

၃။ ဦးကျော်မြဦး

၄။ ဦးကျော်သာ

၅။ ဦးဂေါင်းဇောက်

၆။ ဦးဦးစိန်

၇။ ဦးထွန်းနီမောင်

၈။ ဦးအောင်ကျော်ဇော

၉။ ဦးအောင်မြင်စိန်

## မြို့နယ်ဂေါပကအဖွဲ့(၁၉၉၄–)

မြို့နယ် ဂေါပကအဖွဲ့ကို ၁၉၉၄ ခုနှစ် စက်တင်ဘာလတွင် အသစ်ဖွဲ့စည်းခဲ့သည်။ ဩဝါဒစရိယအဖွဲ့၊ လူနာယကအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့များ၊ သတ်မှတ်ရှိလေသည်။ အဆင့်ဆင့်တင်ပြညှိနှိုင်း ဩဝါဒခံယူ၍ ကျိန်းတော်ရှင်ဓာတ်တော်ကို ဆောင်ရွက်လာခဲ့ကြသည်။

## (က) ဩဝါဒါစရိယဆရာတော် ၉ ပါး

(၁) ဦးဓမ္မိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဓမ္မိကာရုံကျောင်း၊ မင်းပြား

(၂) ဦးသုန္ဒရ(ဥက္ကဋ္ဌ-မြို့နယ်သံဃနာယက)မြို့မတောင်ကျောင်း၊ မင်းပြား

(၃) ဦးဃောသိတရမ္ဘ(ဒုဥက္ကဋ္ဌ သံဃနာယက)မြို့မမြောက်ကျောင်း မင်းပြားမြို့

(၄) ဦးသောဘဏ (မင်းကန်မြောက်ကျောင်း) မင်းပြားမြို့

(၅) ဦးဉာဏ(ဥက္ကဋ္ဌ ပြည်နယ်သံဃနာယက မဟာဒွါရ)ဇယသုခကျောင်း၊ မင်းပြားမြို့

(၆) ဦးဝါစက (ဘုရားကြီးကျောင်း၊ မင်းပြားမြို့)

(၇) ဦးဇနိန္ဒ(အတွင်းရေးမှူး၊ ပြည်နယ်သံဃနာယက) ရတနာဗိမာန်ကျောင်း၊ မင်းပြားမြို့

(၈) ဦးသောမ (ရတနာမွန်ကျောင်း) မင်းပြားမြို့

(၉) ဦးကောသလ္လ (သိင်္ဂုတ္တရကျောင်းသစ်ကျောင်း-မင်းပြားမြို့)



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

## နာယကအဖွဲ့(လူပုဂ္ဂိုလ်များ)

| | | |
|---|---|---|
| (၁) | တပ်ရင်းမှူး | မင်းပြားမြို့ |
| (၂) | ။ | ။ |
| (၃) | ။ | ။ |
| (၄) | ဥက္ကဋ္ဌ၊ (မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) | မင်းပြား |
| (၅) | ဦးစီးမှူး(သာသနာရေးဦးစီးဌာန) | မင်းပြားမြို့ |
| (၆) | မြို့နယ်မှူး(မြန်မာရဲတပ်ဖွဲ့) | |
| (၇) | ဦးသက်ရှည်(ကုန်သည်ကြီး) ဈေးဟောင်းပိုင်း၊ | မင်းပြား |
| (၈) | ဦးတရုပ်ဖြူ (အငြိမ်းစားစာရေးကြီး) | မင်းပြား |
| (၉) | ဦးဖိုးစောလှ (ဆေးဆရာကြီး) | ။ |
| (၁၀) | ဦးတောကျားဗိုလ် ဦးစိုးတင့် | ။ |
| (၁၁) | ဦးc/ပျော့(ကုန်သည်) ဦးစိုးတင့် | ။ |
| (၁၂) | ဦးc/စိန်သျှေ(ကုန်သည်) အောက်ရွာပိုင်း | ။ |
| (၁၃) | ဦးဖိုးသာ(ဆိုင်သည်)ဈေးဟောင်းပိုင်း | ။ |
| (၁၄) | ဦးကြာထွန်း(မြောင်းဘွယ်လမ်း) | ။ |
| (၁၅) | ဦးမောင်ဇံ(ဆိုင်သည်) ဈေးဟောင်းပိုင်း | ။ |

## အလုပ်အမှုဆောင်ကော်မတီများ

| | | |
|---|---|---|
| (၁) | ဦးဦးမောင် ဥက္ကဋ္ဌ (ကုန်သွယ်လယ်ယာ) | မင်းပြားမြို့ |
| (၂) | ဦးစိန်သာအောင် ဒုဥက္ကဋ္ဌ(ကုန်သည်) | ။ |
| (၃) | ဦးကျော့မောင် (ဆိုင်သည်) | ။ |
| (၄) | ဦးဖြူအေး ဒုဥက္ကဋ္ဌ (လယ်သမား) | ။ |
| (၅) | မြို့နယ်ကိုယ်စားလှယ်တစ်ဦး (ကျိန်းတိုက်နယ်မှ) | ။ |
| (၆) | ဦးအနီမောင်၊ အတွင်းရေးမှူး(အငြိမ်းစားသစ်တောဦးစီး) | ။ |
| (၇) | ဦးမောင်စိန်အေး တွဲဘက်(ဆိုင်သည်) | ။ |
| (၈) | ဦးမောင်မြစိန် (နာရီပြင်ဆိုင်) | ။ |
| (၉) | ဦးဦးရွှေသာ(ဆိုင်သည်) | ။ |
| (၁၀) | မြို့နယ်ကိုယ်စားလှယ်တစ်ဦး(ကျိန်းတိုက်နယ်) | ။ |

# ဆောင်ရွက်ချက်များ

ဘုရားရင်ပြင်ကို တံမျက်စည်းလှည်းသန့်ရှင်းခြင်း၊ တောင်တက်ဆင်းလမ်းများ ပြုပြင်ခြင်း၊ သန့်ရှင်းခြင်း၊ လျှပ်စစ်မီးထွန်းညှိခြင်း၊ နှစ်စဉ် စဉ်လာမပျက် ပွဲတော်ကို ကျင်းပခြင်းပြုခဲ့ကြသည်။ ဘုရားတန်ဆောင်းအတွင်း၌ ဗုဒ္ဓဝင်ကားချပ်များ၊ ဘုရာသမိုင်း ပန်းချီကားချပ်များကို ရေးဆွဲလျက် ချိတ်ဆွဲခဲ့ကြသည်။

(၁) ကိုးနဝင်းစေတီကို ပြန်လည်မွမ်းမံ၍ တည်ဆောက်ခဲ့ကြသည်။ ကုန်ကျငွေ သုံးသိန်း။

(၂) ဂေါပကရုံးကို ကျိုန်းတောင်ပေါ်တွင် အသစ်တည်ဆောက်ခဲ့ကြသည်။ ကုန်ကျငွေ တစ်သောင်းငါးထောင်ကျပ်။

(၃) ကုသိနာရုံတန်စောင်းတွင် ပြန်လည်မွမ်းမံခြင်း၊ ရုပ်တုများကို ပြန်လည်မွမ်းမံခြင်း၊ တန်ဆောင်း။ နံရံ၊ တံကဲ၊ ခေါင်မိုး၊ ကာခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ကုန်ကျငွေ နှစ်သိန်း။

(၄) အုဌ်ရေကန်ကို တိုးချဲ့မွမ်းမံခြင်း၊ ပြုခဲ့ကြသည်။ အသုံးပြုငွေ တစ်သိန်းကျော် ဖိုးဖြစ်သည်။‘

(၅) ခတ်တော်တွင် လျှပ်စစ်မီးထွန်းရာ၌ ရောင်စုံမီးဆတ်၊ မီးသီးများကို အသုံးပြုခဲ့ကြသည်။ ဘုရားပရဝုဏ်အတွင်း၌လည်း ရောင်စုံ၊ မီးသီး၊ မီးချောင်း၊ ထွန်းညှိပေးခဲ့ကြသည်။ ကုန်ကျငွေ တစ်သိန်းခန့်ဖြစ်သည်။

(၆) စေတီနှင့် ထီးတော်ကို ရွှေချခြင်း၊ ရင်ပြင်ကို ကြွေပြားခင်းခြင်းများ ပြုခဲ့ကြသည်။

| | | | |
|---|---|---|---|
| (က) | ရွှေဆိုင်း | ၅၀၀၀၀ | (၁၉၉၄ ခုနှစ်) |
| (ခ) | ရွှေရည် | ၃၀၀၀၀ | (၁၉၉၄ ခုနှစ်) |
| (ဂ) | ရင်ပြင်ခင်းကြွေပြား | ၁၀၀၀၀ | (၁၉၉၄ ခုနှစ်) |
| (ဃ) | ရွှေဆိုင်း | ၅၀၀၀၀ | (၁၉၉၅ ခုနှစ်) |
| (င) | ရွှေရည် | ၄၀၀၀၀ | (၁၉၉၅ ခုနှစ်) |
| (စ) | ရင်ပြင်ခင်းကြွေပြား | ၁၀၀၀၀ | (၁၉၉၅ ခုနှစ်) |

(၇) အာရုံခံတန်ဆောင်းအများကို ပြုပြင်မွမ်းမံခြင်း၊ သောက်ရေ သုံးရေတည်ထားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ကုန်ကျငွေတစ်သောင်းကျပ်ဖြစ်သည်။

(၈) ရေလောင်းအိမ်သာ နှစ်ခန်းတွဲ တည်ဆောက်ခဲ့ကြသည်။ ကုန်ကျငွေ နှစ်သောင်းဖြစ်သည်။

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိုန်းတော်ရှင်

(၉) သက္ကရာဇ်လှေကား တစ်လျှောက်တန်ဆောင်းများကို ပြန်လည်မွမ်းမံပြုလုပ်ခဲ့ကြသည်။ သုံးပြုပြီးငွေနှစ်သောင်းကျပ်ဖြစ်သည်။ ဆက်လက်၍ ဆောင်ရွက်ရန်များကို ခန့်မှန်းထားသည်။ သက္ကရာဇ်လှေကားတိုးချဲ့ခြင်းနှင့် မူလဘုရားတက်လမ်းမကြီးကို ပြုပြင်ရန်စီစဉ်ထားရှိသည်။

ထိုပြင် လျှပ်စစ်မီးစက် အသစ်တစ်လုံးရရှိရေးအတွက်လည်း ကြိုးပမ်းလျက်ရှိနေသည်။ ဘုရားရံပုံငွေအဖြစ် ထာဝရငွေပဒေသာပင်ကို စိုက်ထူ၍ ထားရှိလာခဲ့သည်။ ယခုထိ ငွေပဒေသာ ငွေစုရရှိထားသည်မှာ တစ်သိန်းခန့်ဖြစ်ချေပြီ၊ မြို့နယ်ဂေါပကအဖွဲ့သည် ၁၉၉၁ ခုနှစ်က ဦးအသက်ရှည်(ဥက္ကဌ)ဦးစီး၍ ကျိုန်းတော်ရှင် ဘုရားသမိုင်းပြုစုရေးကော်မတီဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့တွင် ပုဂ္ဂိုလ်အလိုက် ပြုစုထုတ်ဝေရေးကော်မတီ၌ ဂေါပကအဖွဲ့မှ ဒုဥက္ကဌ ဦးစိန်သာအောင် ပါဝင်ခဲ့သည်။ လုပ်ငန်းဆပ်ကော်မတီ၌ ဦးအောင်မြစိန်(နာရီဆရာ) ပါဝင်ခဲ့သည်။ ဘဏ္ဍာရေးဆပ်ကော်မတီ၌ ဂေါပကမှ ဒုဥက္ကဌ ဦးစိန်သာအောင်၊ ဦးအနီမောင်၊ ဦးမောင်စိန်အေး၊ ဦးအောင်ဇံဖြူ တို့ ပါဝင်ခဲ့ကြသည်။

# မဟာဗောဓိအသင်း(၁၂၇၆)

မဟာဗောဓိအသင်းကို ၁၉၁၄ (ကောဇာ ၁၂၇၆)တွင် တည်ထားခဲ့သည်။ ရခိုင်မရမာကြီး အမျိုးသားများဖြစ်ကြသော ဦးရှုဘိ၊ အမှူးပြု၍ ဖွဲ့စည်းခဲ့သည်။ ဦးကောင်းလှဖြူ(ဒေါက်တာ) အိန္ဒိယနိုင်ငံမှ မဟာဗောဓိအသင်းနှင့် ဆက်သွယ်လျက်ဆောင်ရွက်လာခဲ့သည်။ မူလမဟာဗောဓိပင်မှ မျိုးကိုယူ၍ ဗောဓိပင်တစ်ပင်ကို ကျိုန်းတောင်၌ စိုက်ပျိုးခဲ့သည်။ မဟာဗောဓိအုဌ်တန်ဆောင်းဆောက်၍ ကောဇာ ၁၃၀၈ ခုနှစ်၊ဘုရားတစ်ဆူပူဇော်ထားခဲ့သည်။ ထိုဘုရားမှာ အခိုးခံခဲ့ရသဖြင့် နောက်ထပ်(ကောဇာ၁၃၂၀) ခုနှစ်က မန္တလေးမှ ပင့်ဆောင်၍ ဘုရားတစ်ဆူ ကိုးကွယ်ထားရှိခဲ့ကြလေသည်။

ဗောဓိပင်ကို ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းပွဲကို စည်ကားစွာကျင်းပခဲ့သည်။ နှစ်ဆန်းတစ်ရက်နေ့တိုင်း ဆရာကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခဲ့သည်။ သင်္ကြန်အကြိုနေ့ရောက်တိုင်း ဘုရားရေသပ္ပာယ်ပွဲကို အတီးအမှုတ် အကအခုန်တို့ဖြင့် ဆင်ယင်ကျင်းပခဲ့သည်။ ဘုရားပွဲတော်၌ ဘုရားဖူးလာသမျှတို့အား အဖျော်ယမကာတို့ဖြင့် တိုက်ကျွေးခဲ့သည်။ သတ္တဝါအပေါင်းအေးချမ်းစေကြောင်းငှာ ကြိုတင်ဆုတောင်းပြီး ဘေးမဲ့အလှူကို ပြုခဲ့သည်။ ထိုအလှူတွင် ဇီဝိတဒါနအဖြစ် ခိုငှက်များကို လွှတ်ခဲ့ကြသည်။ ဝါကျွတ်သုံးရက်တိုင်တိုင် ရက်ရှည်ဥပုသ်စောင့်ခြင်း၊ ဝါကျွတ်လ၊

တန်းဆောင်မုန်းလတို့တွင် ဆိတ်ဆုံဘုရား၌ ကထိန်ပွဲကျင်းပပြုလုပ်ခဲ့ကြသည်။ ကျိုန်းတော်ရှင်ဘုရားတွင်လည်း အဖွဲ့အသင်းတို့နှင့် ပူးပေါင်း၍အစစကို ဆောင်ရွက်ခဲ့ကြသည်။

## ကျိုန်းတော်ဘုရားရှင်၏ အမှိုက်သိမ်းအသင်း ( ၁၂၉၄)

အမှိုက်သိမ်းအသင်းကို ကောဇာ ၁၂၉၄ ခုနှစ်က ကဆုန်လဆန်း ၉ ရက်နေ့ကစ၍ ဆရာတော်သံဃာတော်များ၏ ဩဝါဒကိုခံယူလျက် တည်ထောင်ကြသည်။ အသင်းဖြစ်မြောက်ရေးအတွက် စတင်အကြံပေးတည်ထောင်ခဲ့သူမှာ မန်အောင်မြို့နယ်မှ ဦးမောင်ကျာဖြစ်သည်။ ဤအသင်းသည် ဘုရားဖူးသူများအတွက် ကိုယ်စိတ်နှစ်ဖြာကျမ်းမာချမ်းသာစွာတက်ရောက်ရန် ကြိုးစားခဲ့ကြသည်။ ထိုကြောင့် ပျက်စီးယိုယွင်းသော ဘုရားတောင်တက်လမ်းများနှင့် ဘုရားရင်ပြင်ကုန်းတွင် ရေတွင်းကြီးတမျှ ဗုံးကြဲချခြင်းခံရသောချောက်များကို ညှိဖို့ခြင်းပြုခဲ့ကြလေသည်။ ဓာတ်တော်စေတီနှင့်ဘုရားပုထိုးများကိုပြုပြင်ခဲ့ကြသည်။ ဘုရားသိမ်တန်ဆောင်းများကို ဆောက်လုပ်ခဲ့ကြသည်။ သိမ်တန်ဆောင်းအတွင်းအပြင်တို့၌ အုင်္ဂတေခင်းခြင်းများကို ပြုလုပ်ခဲ့ကြသည်။ အရိပ် အာဝါသ ခိုလှုံရန်၊ ဘုရားဖူးသားများနားနေရန် အစဉ်ဆောင်ရွက်လာခဲ့သည်။ ရပ်ရွာတိုင်းကို ဥပသကာလှည့်လည် နှိုးဆော်၍ အလှူခံကာ အစစအရာရာ ပြုပြင်ခဲ့သည်။

အသင်း၏ပုံမှန်လုပ်ငန်းအဖြစ် အမှိုက်သရိုက်လှည်းခြင်း၊ တောခုတ်၊ လမ်းတွင်၊ မြေညှိ၊ မြေဖို့ခြင်းပြုခဲ့ကြသည်။ ထိုပြင် တစ်ပတ်တွင် တစ်ကြိမ် အဖိတ်နေ့တိုင်း မြို့ကိုလှည့်လည်၍ အလှူမေတ္တာရပ်ခံခဲ့ကြသည်။ ထိုငွေဖြင့် အဆောက်အအုံဆောက်ခြင်း၊ ဓာတ်တော်ကို ပတ်လည်သံထရံကာခြင်း၊ ပျက်စီးနေသော မီးထွန်းညှိပူဇော်ရာ ဂူငယ်များကို ပြုပြင်ဆောင်ရွက်ခဲ့ကြသည်။ ဤအသင်းမှ ဦးဆောင်၍ သင်္ကြန်တွင် ရင်ပြင်ကုန်း၌ အလှူအတန်းပေး၍ အမျှဝေကာ သာဓုခေါ်လေ့ရှိကြသည်၊ ရှေ့ယခင်က တောင်အောက်၌ ကျင်းပလေ့ရှိခဲ့သော ဘုရားပွဲတော်ကို ၁၃၁၈ ခုနှစ်ကစ၍ သင်္ကြန်လွန်ပြီး ရက်အနည်းငယ်အတွင်း ကျင်းပခဲ့သည်မှာ ယခုတိုင်ရှည်ကြာလာခဲ့ပြီး ဖြစ်ပါသည်။ ဤအသင်းမှ ဘုရားရင်ပြင်သို့ တက်ရောက်သွားလာနေကြသော အုတ်လှေကားစောင်းတန်းကို ၁၃၂၃ ခုနှစ်မှစ၍ ပြုပြင်မွမ်းမံခဲ့ရာ ၁၃၃၁ ခုနှစ်ထိ တိုင်ခဲ့လေသည်။ အုင်္ဂလှေကားမှာ တစ်ထောင့်တစ်ရာခန့် ပေရှည်လျားသည်။ အားလုံးထိ စောင်းတန်းမမိုးနိုင်ခဲ့သော်လည်း ကိုးနဝင်းစေတီတော်အထိ ပေပေါင်း ၃၈၇ ပေကို မိုးနိုင်ခဲ့သည်။





ပြာသာဒ်တစ်ခုကိုလည်း ဆောက်လုပ်နိုင်ခဲ့သည်။ လျောင်းတော်မူဘုရားနှင့် သိမ်ကို ၁၃၃၀ ပြည့်နှစ် အသစ်ပြုပြင်ခဲ့သည်။ ၎င်းတို့၏ဆောင်ရွက်ပြီးစီးမှုကို ၁၃၃၂ ခုနှစ်က ရေစက်ချအမျှဝေ သာဓုခေါ်နိုင်ခဲ့သည်။ ခြေဆင့်ထိုင်တော်မူဘုရားကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။ ကုသိနာရုံသိမ်တွင် ဗုဒ္ဓဝေယျာဝစ္စအသင်းနှင့် ပူးပေါင်း၍ ဆောက်လုပ်လာခဲ့သည်။ ၁၃၂၀ မှစတင်၍ ဆောက်လုပ်ခဲ့ရာ ၁၃၂၆ ခုနှစ်တွင်ပြီးစီးအောင်မြင်ခဲ့လေသည်။ အာရုံခံသိမ်တို့ကိုလည်း ၁၃၀၉ ခုနှစ်ကစ၍ ဆောက်လုပ်လာနိုင်ခဲ့သည်။ မဟာရံတံတိုင်း၊ အုဋ်ရေကန်၊ ဆောက်လုပ်ရာ၌လည်း ပူးပေါင်းပါဝင်ခဲ့သည်။ အချုပ်တင်ပြရလျှင် ဤအသင်း၏ဆောင်ရွက်မှုမှာ အများအပြားဖြစ်လေသည်။ ဤအသင်းအနေဖြင့် မဆောင်ရွက်ဘူးသော အရာဟူ၍ကား မရှိသည်သာတည်း။

## ကုသိနာရုံအမျိုးသမီးအသင်း(၁၃၀၇)

ထိုအသင်းကို ၁၃၀၇ ခုနှစ်က မြို့ပေါ်မှ ဘုရားတကာမ ဒေါ်မဲမ၊ ဒေါ်စိန်ညို၊ ဒေါ်လှစော၊ ဒေါ်ဘားညိုတို့က ဖွဲ့စည်းခြင်းဖြစ်သည်။ စစ်အတွင်း ပျက်စီးသွားခဲ့ရသော ရုပ်လုံးများနှင့်သိမ်တန်ဆောင်းကို ပြုပြင်နိုင်ရန် ကြိုးစားခဲ့ကြလေသည်။ ၁၃၁၈ ခုနှစ်ထိဆောင်ရွက်လုပ်ကိုင်ပေးခဲ့ကြသည်။ ထိုနောက် အဖွဲ့တာဝန်ကို အမှိုက်သိမ်းအသင်းသို့ဝင်၍ ထိုအသင်းသည် ဗုဒ္ဓဝေယျာဝစ္စအသင်းနှင့် ပူပေါင်းလျက် တာဝန်များကို ခံယူခဲ့၍ ဆောင်ရွက်ပေးခဲ့ကြလေသည်။

## ညွန့်ပေါင်းဒုရိယာအဖွဲ့(လျှပ်စစ်မီးထွန်းအသင်း ၁၃၀၈)

မီးထွန်းအသင်းကို ၁၉၄၇ ခုနှစ်(ကောဇာ ၁၃၀၈ ခု)ဓာတ်တော်နှင့် တောင်ပေါ်တောင်အောက်သိမ်၊ တန်းတောင်၊ ဇရပ်၊ တက်လမ်း။ ဆင်းလမ်းများတစ်လျှောက်တို့၌ လျှပ်စစ်မီးပူဇော်နိုင်ရိန် ကြိုးစားဆောင်ရွက်ခဲ့ကြလေသည်။ မီးစက်ရုံကို ၁၃၁၄ ခုနှစ်က ဆောက်လုပ်နိုင်ခဲ့ကြသည်။ မီးစက်ကို ဝယ်ယူရန် ၃ ကြိမ်စီမံကိန်းဖြင့် ငွေရှာဖွေခဲ့ကြသည်။ ရရှိသော ငွေကျပ်ခုနှစ်ထောင့်ငါးရာဖြင့် အင်္ဂလန်ပြည်မှ မှာယူခဲ့လေသည်။ ရတညအမတ် ဦးမောင်ဦးကျော်၊ နယ်ပိုင် ဦးကျော်ဇံ၊ တိုက်စာရေး ဦးလှထွန်းကျော်တို့က မှာပေး၍ ၁၃၁၄ ခုနှစ်က ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထိုစက်ကြီးဖြင့် ယခုတိုင် မီးပူဇော်လျက် ရှိလာခဲ့သည်။ စက်၏မြင်းကောင်ရေမှာ ၁၂ ကောင်အားရှိသည်။မီးထွန်းနိုင်သည့်ကီလိုခြောက်ကီလိုဖြစ်သည်။ စက်အမည်မှာ ရာစတန်ခေါ်သည်။စက်ရုံ

နှင့်မီးစက်ကို ထိုစဉ်က အသင်းဥက္ကဋ္ဌ အစိုးရလျှပ်စစ်စက်ဆရာကြီး ဦးစောလှအောင်၊ ဦးမောင်သာလှ၊ ဦးမောင်ဘကြိုင်၊ ဦးထွန်းသာဖ၊ ဦးမောင်ပျော့၊ ဦးစိန်ထွန်းဦး၊ ဦးကျော်ထွန်းဦး၊ ဦးမောင်ရွှေကျော်တို့က ဦးစီး၍ဆောင်ရွက်ခဲ့ကြသည်။ ၎င်းသည် ၁၃၁၂ ခုနှစ်က ဒုတိယအကြိမ်ထီးတော်ကို ရွှေချမွမ်းမံရာ၌ ကြီးမှူးပါဝင်ခဲ့လေသည်။

မီးထွန်းအသင်းမှာ ၁၉၈၀ ခုနှစ်ထိ ဆောင်ရွက်လာခဲ့ကြသည်။ ထိုနောက်ပိုင်းတွင် မြို့နယ်ဂေါပကအဖွဲ့သို့ လွှဲအပ်ပေးခဲ့ရလေသည်။ ထို့ကြောင့် ဂေါပကအဖွဲ့က မြို့နယ်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းနှင့် ညှိနှိုင်းပြီးလျှင် မီးလိုင်းများကို ဆက်သွယ်တပ်ဆင်ခြင်းပြုခဲ့လေသည်။ ၁၉၈၂ ခုနှစ်တွင် မီးစက်ရုံကို ပြန်လည်မွမ်းမံခဲ့သည်။ စက်ဖောင်ဒေးရှင်းကိုလည်း အသစ်ပြန်လည်ပြုလုပ်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် မီးစက်ရုံကိုလည်း အသစ်ပြုလုပ်လာခဲ့သည်။ စက်ရုံမှာ အလျား ၂၅ ပေကျော်၊ အနံ ၂၀ ပေကျော် သွပ်မိုးဖြစ်သည်။

## မဟာရံတံတိုင်းအသင်း(၁၃၀၁)

ထိုအသင်းကို ၁၃၁၃ ခုနှစ်က ဖွဲ့စည်းခဲ့ကြသည်။ ဦးရွှေသွေးဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ ၁၃၁၃ ခုနှစ်ထိ ဆောင်ရွက်ခဲ့လေသည်။ အသင်းသည် ဓာတ်တော်ရင်ပြင်မပြိုပျက်စေရန် တံတိုင်းကို အဓိကထား၍ ဆောင်ရွက်ခြင်းဖြစ်သည်။ အလျား ၇၃ ပေ၊ ၇လက်မ၊ ဒုတစ်ပေ ၃ လက်မ၊ အမြင့် ၁၃ ပေ ၅ လက်မ၊ (ရင်ပြင်ထိ အမြင့်တံတိုင်း ၃ ပေ ၃လက်မထိ) ဆောင်ရွက်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် အဖွဲ့(၅)ဖွဲ့ ပူးပေါင်း၍ ထောက်ကန်များကို ဆက်လက်ပြုခဲ့ကြလေသည်။

## ကိုးနဝင်းစေတီအသင်း (၁၃၀၆)

ထိုအသင်းကို ၁၉၅၄ (ကောဇာ ၁၃၁၆)ခုနှစ်က ဖွဲ့စည်းခဲ့သည်။ ဘုရားစေတီကို ထိုခုနှစ် ခြိတ်တောင်ရွာသူကြီးက အမြင့်ဥာဏ်တော် ၁၁ ပေ၊ ၁၀ လက်မ၊ တိုးချဲ့သည်။ စေတီတော်ခြေတွင် ရှစ်မြှောင့်ဖော်လျက် ဘုရားတစ်ဆူကျစီ တည်ရှိသည်။ စေတီလုံးပတ်မှာ ၃၆ ပေ၊ ၈ လက်မရှိသည်။ အရပ်ရှစ်မျက်နှာအလိုက် ဂြိုဟ်နံရုပ်များ ထုလုပ်ထားသည်။ ထိုစေတီကိုလည်း ရှစ်မြှောင့် သိမ်အဆောင်ပြုလုပ်မိုးထားလျက်ရှိသည်။ အာရုံခံသိမ်လည်းရှိရာ အလျား ၂၀ တောင်၊ အနံ ၁၂ တောင်သွပ်မိုးဖြစ်သည်။၁၃၄၁ ခုနှစ် ခေါင်းမိုးပျက်စီးခဲ့ရသည်။ ၁၃၄၇ ခုနှစ် သိုက်ဆရာများ ဖျက်ဆီးခဲ့၍ စေတီနှင့်ရုပ်လုံးများ ပျက်စီးခဲ့ရသည်။ ယခုပုံစံအသစ်ဖြင့် မွမ်းမံပြုပြင်ထားသည်။ ဤအသင်းကား ကိုးနဝင်းစေတီဖြစ်ပေါ်ရုံမျှသာ ဆောင်ရွက်နိုင်ခဲ့သည်။





## သာသနာနှစ်တောင်ငါးရာအသင်း(၁၃၁၈)

ဤအသင်းသည် ၁၉၅၆ ခုနှစ် သာသနာနှစ်ထောင့်ငါးရာပြည့် (၁၃၁၈ခုနှစ်) ဖွဲ့စည်းခဲ့ကြသည်။ အထိမ်းအမှတ်အဖြစ် မဟာဗောဓိစေတီသဏ္ဍာန်စေတီတစ်ဆူကို ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ တတိယအပတ်က အုတ်မြစ်ချခဲ့သည်။ ဦးဆောင်ခဲ့သူများမှာ ချောင်းနွယ်ရွာ ဇာတိဦးစံထွီးအောင်နှင့် မင်းပြားတိုင်းရင်းဆေးဆရာကြီး ဦးအောင်သာလှတို့ဖြစ်ကြသည်။ အမြင့် ၁၈ တောင်ရှိ စေတီတစ်ဆူကို တည်ဆောက်ခဲ့ကြသည်။ လေးမြှောင့်ဖြစ်၍ တစ်မျက်နှာလျှင် ဘုရားခုနှစ်ဆူပါရှိသည်။ ၂၈ဆူဟုလည်းခေါ်သည်။ နှစ်ထောင့်ငါးရာပြည့်ဘုရားဟူ၍လည်း အမည်တွင်သည်။ ထိုဘုရားအနီးတောင်ဘက်တွင် အလျား ၂၆ တောင်၊ အနံ ၁၂ တောင်ရှည် ဓမ္မာရုံကြီးတစ်ဆောင်ကိုလည်း ဆောက်လုပ်နိုင်ခဲ့သည်။ သွပ်မိုး၍ သမံတလင်းခင်းထားသည်။ အုဋ်လှေကားတက်လမ်းဆင်းချင်း ဤဘုရားကို ဖူးရသည်။ ဘုရားနှင့်အုဋ်လှေကားကြားတွင် ထန်းပင်စဉ်၊ ညောင်ပင်တန်းများဖြင့် သပ္ပာယ်သာယာလှပေသည်။

## ခုနစ်ဆောင်ပြည့်အသင်း(၁၃၁၈)

ခုနစ်တောင်ပြည့်ဘုရားကို တည်ထားနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ဘုရားကို ၁၃၁၈ ခုနှစ်တည်ထားလာနိုင်ခဲ့သည်။ ဘုရားအဖွဲ့မှာ သက်တမ်းမရှည်ခဲ့ပေ၊ ယခုဘုရားတကာ/မတို့ကပင် ပြုပြင်ပေးခဲ့သည်။ ယခု ဘုရားတကာ/မ အမည်ကို စွဲ၍ မကြည်မိဘုရား၊ မကြည်မိဘုရားဟူ၍ ခေါ်တွင်ရှိနေကြပြီးဖြစ်သည်။

## ဗုဒ္ဓဝေယျာဝစ္စအသင်း (၁၃၁၈)

ကောဇာ ၁၃၁၈ ခုနှစ်ဖွဲ့စည်းခဲ့ကြသည်။ ဦးဆံနီ(ဥက္ကဋ္ဌ)အသည်ရွာ၊ ဦးရွှေကျော်ဦး(ဒုဥက္ကဋ္ဌ) ဦးချမ်းအေး (အတွင်းရေးမှူး) ထိုနောက် ဦးနီထွန်း စသောပုဂ္ဂိုလ်များဦးဆောင်ပါဝင်ခဲ့သည်။ ကျိုန်းတိုက်မှ ၃၂ ရွာကို အခြေခံ၍ ဖွဲ့စည်းလာခြင်းဖြစ်သည်။ နောက်ကိုထိုထက်ရပ်ရွာများစွာ ပါဝင်ခဲ့ကြသည်။ ဥက္ကဋ္ဌ ဦးရွှေကျော်ဦး၊ အတွင်းရေးမှူး ဦးနီထွန်း၊ ဦးဆံနီတို့က ထိုရွာများမှဆော်ဩကောက်ခံလျက် တောင်ပေါ်၌ပြုပြင်ဆောက်လုပ်လာခဲ့သည်။ ဝါကျွတ်ရွှေချခြင်း၊ ပွဲတော်ကျင်းပခြင်း၊ ဘုရားပွဲတော် ကျင်းပရေး၌ တက်တက်ကြွကြွဆောင်ရွက်လာခဲ့သည်။ ကုသိနာရုံသိမ်တော်ကြီးဖြစ် မြောက်ရေးအတွက် ၁၃၂၀ ခုနှစ် ၂၆ ခုနှစ် အမှိုက်သိမ်းအသင်းနှင့် ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ခဲ့သည်။ အလျားပေ ၃၁၅ ပေ၊ အနံ ၂၂၆ ပေ ၆လက်မ ထိ၊ အဆောက်အအုံပေါ်လာခဲ့သည်။ ထိုသိမ်နံဘေးမှ အလျား ၁၄၅ ပေ၊ အနံ ၁၅ပေရှိ အာရုံခံသိမ် တန်ဆောင်းကိုလည်း ဆောက်လုပ်နိုင်ခဲ့သည်။ ပြိုပျက်နေသော ကျောင်းတော်ကြီးကို လည်း ၁၉၇၆

# ဂုဏ်ပြုဝမ်းမြောက်လွှာ

ရခိုင်ပြည်နယ်၏ ကျက်သရေဆောင်ဖြစ်သော ကျိုန်းတော်ရှင်ဘုရားသည် ဘုရားရှင်၏ လျှာတော်ရင်းဓာတ်ဖြစ်ကြောင်းကို သမိုင်းရာဇဝင်တို့က တညီတည်း ပြဆိုပြီးဖြစ်ပါသည်။ ဗျာဒိတ်တော်နှင့်လျှော်ညီစွာ သာသနာတော်(၂၂၂)ခုနှစ်က သီရိဓမ္မာ သောကမင်းကြီး၏ ဝေငှပို့ဆောင်တည်ထားစေမှုကြောင့် ရခိုင်ဘုရင် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီးက ဤနေရာ၌ တည်ထားခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓ၏နုစဉ်ကာလကျေးမင်းဖြစ်ခဲ့ရာ ဌာနတည်ထားကိန်းအောင်းခဲ့ခြင်းဖြစ်၍ ကျိုန်း တော်ရှင်ဟု ခေါ်မှတ်လာခဲ့ရခြင်းဖြစ်လေသည်။

ဤမျှသမိုင်းကျဉ်းကိုကား ကျိုန်းတိုင်းသားများသာမက ရခိုင်လူမျိုးတိုင်းက သိကြသည်။ ထို့ကြောင့် ထင်ရှားလှသော ဤဓာတ်တော်သမိုင်းကို ရှေးဘေးဘိုးတို့လက်ထက်ကပင် ဘုရားရှိခိုးအမျိုးမျိုး စပ်ဆိုပူဇော်၍ နေရာတိုင်းမှ အာရုံပြုကုသိုလ်ပွားများခဲ့ကြကြောင်းကို သတိရပေလိမ့်မည်။ သို့သော် ဓာတ်တော်အရောက် ဖူးမြော်ရန်သာ ကြိုးစား၍ လာရောက်ရန် ဆန္ဒဖြစ်ဘို့ အရောက်လာဖို့ လိုအပ်ပေလိမ့်မည်။ ကိုယ်တိုင်ရောက်မိကြမှသာလျှင် ဓာတ်တော်၏ရှေ့မှောက်တွင် တဝအားရဖူးမြင်မိကြရလျှင် စိတ်ဆန္ဒပြည့်ဝ၊ တစ်သက်လုံးအာရုံယူ အမှတ်ရနိုင်ကြမည် ဖြစ်ပေသည်။

ဘုရားသမိုင်းကို သိကြလျှင်ကား ဘုရားရှင်၏ ဂုဏ်ကိုပို၍ ကြည်ညိုနိုင်ရာ၏။ ထို့ကြောင့် ရှေးအခါကပင် ဘုရားသမိုင်းသည် ဗုဒ္ဓဘာသာအတွက် လိုအပ်လာခဲ့လေသည်။ ဤသမိုင်းတွင်လည်း ဘုရားစတည်စကပင် ယခုထိမည်သို့ စောင့်ရှောက်လာခဲ့သည်ကို အထောက်အထားများအရ တွေ့နိုင်သည်။ သမိုင်းရေစီးကြောင်းသည်ကား အမြဲတန်းဖြောင့်မတ်လှသည်ကား မဟုတ်ချေ။ စစ်ဘေးစစ်ရာဘေးဒဏ်များကြောင့် ဆုံးရှုံးရခြင်းများနှင့် မကင်းလှသဖြင့် ထိန်းသိမ်းလာခဲ့ကြ သူများကိုလည်း များစွာ ကျေးဇူးတင်ရပေမည်။

ရွှေကျိုန်းတော်တောင်ကား သမိုင်းကို ရင်ဆိုင်ခဲ့ရသည်သာတည်း။ တောင်တော်တစ်လျှောက် ဝဲယာလှည့်ပတ်လျှက် သာသနာပြန့်ပွားမှုကို ပေးလာသည်မှာလည်း ကြာညောင်းခဲ့လေပြီ။ ခေတ်အဆက်ဆက်လက်ဆင့်ကမ်းလာခဲ့ရသော ကျိုန်းတောင်ရှင်၏ ပထဝီသား၊ မြေး၊ မြစ်များလည်း လက်မလွှတ်နိုင်စရာ လက်ကမ်းရမည် ဖြစ်ပေသည်။ ပိုမိုကြီးပမ်းလာရမှု၊ ကွင်းဆင်းလေ့လာထားရှိမှု၊ မြို့နယ်တခွင်နှင့် ဆက်စပ်မှုများကိုပါ တွဲခေါ်ပေးထားရာ ပို၍ စုံလင်ပြည့်ဝစရာရှိချေသည်။ အထောက်အထားများ သာဓကများပါနိုင်လျှင်ကား ကောင်းသည်ထက် ကောင်းမည်ဖြစ်၍ သမိုင်းနောက်ခံလည်းဖြစ်၏။

ဘုရားသမိုင်း၌ အဆက်ဆက်မှတ်တမ်းများ၊ လေ့လာထားချက်များ၊ တွေ့ဆုံမေးမြန်းချက်များ၊ သုတေသနပြုချက်များ၊ အတွေ့အကြုံရှိကြသူများနှင့် လုပ်ဆောင်လေ့ရှိသူများ၏ နည်းစနစ်ညွှန်ကြားချက်၊ လုပ်နည်းလုပ်ဟန်ကို နမူနာယူ၍ အခန်းလိုက် ရေးသားတင်ပြထားသည့်အတွက် သိချင်စရာ ဖတ်ချင်စရာများ စုံလင်လှပေသည်။ ရှေးခေတ် ရခိုင်သမိုင်းကို အခြေခံ၍ ရေမြေပထဝီမြို့ပြလူနေမှုကစ၍ ယနေ့ထိ သမိုင်းကွင်းဆက်ကို ဆက်သွယ်လမ်းခင်းပေးထားရှိသဖြင့် သမိုင်းအစဆုံးကို ခံစားကြရမည်သာတည်း။

ထို့ကြောင့် တာဝန်သိ၍၊ တာဝန်ရှိကြသူများက တာဝန်ယူပြုစုခဲ့သောကြောင့် သမိုင်းတစ်ခု၏ အတိမ်းအစောင်းကို ထိန်းသိမ်းပေးနိုင်ကြပြီဖြစ်ရာကား စာပြုသူများကို လည်း ချီးကျူးဝမ်းမြောက်သင့်ကြသည်။ ပြည်သူလူထုအပေါင်းလည်း အမျိုးဘာသာ၊ သာသနာအကျိုးကို မျှော်ကိုးလာနိုင်သောကြောင့် ဂုဏ်ယူစရာ လုပ်ရပ်ဖြစ်ကြောင်း ဂုဏ်ပြုစကားကမ်းလင့် ကြိုဆိုလိုက်ရပေသတည်း။

**ဆရာတော် ဦးသုန္ဒရ**

**ဥက္ကဋ္ဌ**

**မြို့နယ်သံဃနာယက၊ မင်းပြားမြို့**

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

# နိဒါန်းသွယ်ချင်

ကျိန်းတော်ရှင်ကို၊ ဦးတင်ရိုညွှတ်လျှက် ဘုရားခြေတော်ရင်း၌ ဝပ်စင်းခဲ့ရပြန်လေသည်မှာ ငါ့အတွက် အခွင့်ခါကောင်းပင်ဆိုချင်၏။ မင်းပြားမြို့ရှိ ကျိန်းတော်ရှင်ကို ယခုအကြိမ်ပါဆိုလျှင် ဖူးမြင်ရမှု မနည်းလှပြီ။ ဖူးမြင်နိုင်လေ၊ ကုသိုလ်များလေ၊ ရခိုင်သာသနာမူလဘူတကို အောက်မေ့ရ၊ သတိရ၍ အနုဿတိပွားများလာနိုင်လေပင်ဖြစ်ပေသည်။

မင်းပြားမြို့သို့ ပထမအကြိမ် ရောက်ခဲ့ရသည်မှာလည်း အခွင့်အခါနှင့် ကြုံ၍ဖြစ်ပါသည်။ သိင်္ဂုတ္တရရေတံခွန်ကျောင်းသစ် ဆရာတော်ကြီးသက်တော်ရှည်(၉၆)နှစ်ဈာပနပွဲတော်အခါ ကာလတည်း။ ထိုစဉ်မြောက်ဦးမြို့သို့ လေ့လာရေးခရီးရောက်နေသည်ဖြစ်ရာ အဆင်သင့်၍ ပွဲကြုံလိုက်လာရသည်။ လေးမြို့ချောင်းမှ နန်းကျားဆရာတော် ဦးဆောင်သောသံဃာများဈာပနပွဲသို့ လှေကြီးဖြင့် ကြွကြရာ ကံကောင်းလှသော ငါလည်း အခန့်သင့်လိုက်ပါလာခဲ့ရလေ၏။ ထို့ကြောင့် ကောဇာ ၁၃၂၁(၁၉၅၉) ခုနှစ်တွင် အစဦးရောက်ရခြင်းဖြစ်၍ ကျိန်းတော်ရှင်ကိုလည်း ဖူးမြင်ရခြင်းဦးစွာဖြစ်လေရသည်။

ထို့နောက် ဒုတိယအကြိမ်(၂၁-၁၁-၆၃)နေ့ရောက်ခဲ့ရသည်။ ထိုအကြိမ်တွင်လည်း ဘုရားရှင်ကို ဒုတိယမ္ပိဖူးမြင်ခဲ့ရသည်။ ဤအကြိမ်တွင်ဆိုလျှင် မရည်မှန်းဘဲ ရန်ကုန်မှ အပြီးအပိုင် စွန့်ခွာခဲ့ရခြင်းလည်းဖြစ်ခဲ့လေသည်။ လာရင်းမှာဆိုလျှင် ဥပဩှာယ်ဆရာရင်းပျံလွန်၍ ပွဲပြင်တွင် ကူညီရန် ဈာပနာကို ပြာချပူဇော်ရန် ဖြစ်လေသည်။ ထိုစဉ်မင်းပြားမြို့၌ ဇယသုခကျောင်းကို မင်းကန်အနီးတွင် ဆောက်လုပ်ပြီးစဖြစ်နေ၏။ ဦးရီးတော်သီတင်းသုံးနေထိုင်ရာ ဌာနဖြစ်သည်ကတစ်ကြောင်း၊ ဦးဝါသဝ၊ ဦးမုနိဇေတို့ကလည်း မျှော်လင့်နေကြ၍တစ်ကြောင်း၊ ခရီးကြုံ၍ဆုံတုန်းဖြစ်သည်ကတစ်ကြောင်း၊ ဝင်ဖြစ်ရောက်ဖြစ်ခဲ့ရခြင်းပင်တည်း။

ထိုစဉ်က ကျိန်းတော်ရှင်ကိုဖူး၍ ခြိတ်တောင်ထိ ခရီးလှည့်ခဲ့ဘူးသည်။ ဒေသန္တဗဟုသုတအဖြစ် သွားရောက်ရခြင်းအတွက် မှတ်တမ်းပြုထားမိပါသေး၏။ ထိုမှတ်တမ်းတွင် မှတ်သားမိခဲ့သိမ္ဘသည်လည်း ယနေ့တွင် ကျိန်းတစ်ပတ်ခရီးညွှန်အဖြစ် ဖော်ညွှန်းစရာဖြစ်လာခဲ့ရပေ၏။ ထိုနောက် တတိယအကြိမ်ဆိုလျှင် မင်းပြားသားနှင့်မခြားတော့ပြီ။ ၁၃၂၇ (၁၉၆၅)မှ ၁၃၃၂ (၁၉၇၀-ခုနှစ်၊ နိုဝင်ဘာလ ၂၆-ရက်)ထိ (၆-နှစ်၊၆-မိုး)နေပျော်ဖြစ်ခဲ့ရလေသည်။ ထို့နောက် မောင်တောနယ်ရောက်သွားပြီးတွင်ကား အခါအားလျော်စွာသာ ရောက်ရတော့၏။ ရောက်တိုင်း ဘုရားရှင်ကိုတော့ဖူးမြင်မလွတ်ခဲ့ပါ။ ခြေတော်ရင်း၌ ဝပ်စင်းလေ့မပျက်ပြုခဲ့သည်သာဖြစ်ပေ၏။

ကျွန်ုပ်နှင့် မင်းပြားသည် ခွဲမရသော အဝိနာဘာဝ၊ အဝီဂတသဘောရှိခဲ့သည်မှာ အမှန်ဖြစ်၏။ ဘဝပေးကုသိုလ်ကံဟူ၍ဆိုဆို၊ မျိုးဆွေဆက်စပ်၍ ပင်ပြောပြော၊ အကျိုးပြုလိုသော စေတနာကံပစ်ချလေခြင်းဖြစ်သည်ပဲထားထား တစ်ခုခုတော့ အမှီအကပ်အငြိစပ်ရှိလာခဲ့သည်မှာ မငြင်းသာပြီ။

မင်းပြားကျိန်းတိုင်းသားသည် ကျွန်ုပ်တို့၏ ဆွေးမျိုးများ ဖြစ်ခဲ့ရသည်ကိုတော့သိချင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့၏ အဖူးအဖာများသည် မြောက်ဦးထီးနန်းပျောက်ဆုံးပြီးနောက်မရည်ရွယ်ဘဲ မင်းပြားနယ်မှ ထွက်ခွာခဲ့ရဘူးသည်။ ရှောင်တိမ်းရင်း ကစဉ့်ကရဲဖြစ်ရင်း ယခုမောင်တောနယ်သို့ ရောက်ခဲ့ကြရသည်။ မောင်တောမြို့အဝင် နှစ်မိုင်ခန့်က မြို့သူကြီးရွာဟူ၍ ရှိပါ၏။ ထိုတွင် အခြေချခဲ့သော်လည်း အနေမကျဘဲ ရွှေ့ပြောင်းထွက်ခွာခဲ့ရပြန်လေသည်။ နောက်ဆုံးတွင် စိတ်ချရသော တစ်နေရာကို ရွေးချယ်၍ ခေါင်းချအခြေစိုက်လေ့ခဲ့ရသည်။

ထိုနေရာကား ဖချစ်ရီရွာမည်၏။ ယခုထိုရွာအမည်ပြောင်းလဲ၍ အမည်သစ်တစ်ခု ရောက်နေပြီးဖြစ်ပေ၏။ ထိုရွာကို တည်ချပေးသူ၏ နာမည်ပင်တည်း။ ၎င်းသည် ဗိုလ်ချင်းပျံတပ်မှ ချင်းပျံ၏ လက်ရုံးဗိုလ်တစ်ဦးဖြစ်လေသည်။ ချင်းပျံတွင် အလားတူဗိုလ်မှူး၊ တပ်မှူး၊ နောက်လိုက်ရဲဘော်သုံးရာ နှစ်ကျိပ်မျှရှိသည်ဆို၏။ မြောက်ဦးထီးနန်းကို သိမ်းပိုက်ရန် ကြိုးစားခဲ့၏။ နန်းမြို့ကို စင်ပြိုင်တည်ဆောက်ခဲ့လေသေး၏။ ကစ္ဆပနဒီယိုးငူ၌ ဇေယျဝတီမြို့၊ မင်္ဂလာကြီးတောင်၊ (မေယုတောင်တန်း)အရပ်၌ တပ်စခန်းမြို့၊ နတ်မြစ်ရှောက်ချောင်းဖျားတွင် သရက်ချိုမြို့တို့ကို တည်ချ၍ တပ်တည်ခဲ့သေး၏။ ချင်းပျံသေလျှင်(ကောဇာ ၁၁၇၇)(ခရစ် ၁၈၁၅)တပ်ပျက်ခဲ့ရလေ၏။ ဖချစ်ရီသည် အမျိုးသားကယ်ဆယ်ပြန်လည်နေရာချထားရေးပြုခဲ့လေသဖြင့် ထိုနေရာတွင် မင်းပြား၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ဒေသမှရခိုင်များ ဒုက္ခသည်စခန်းဘဝမှ မြေး၊ မြစ်၊ တီ၊ ကွတ်၊ ပေါက်ဖွားဖြစ်ရောက် သည်ထိ အဆက်မပြတ် ခေါင်းချရပ်တည်လာခဲ့ ရလေ၏။ ယနေ့အဖူးအဖာတို့မရှိသော်လည်း ငါတို့၏ ဆွေးသားပေါက်ဖွား၊ အတူနေဖက် များကားကျန်ရှိပေသေး၏။

အကြောင်းသင့်၍ ထိုကတစ်စတစ်စ ရွှေ့ပြောင်းလာခဲ့ကြသူများဆိုလျှင် အဖူးအဖာတို့ ဌာနချက်ကြွေ ကျိန်းတိုင်းနယ်သို့ ရောက်လာခဲ့ကြရပြန်၏။ သမိုင်းတစ်ကျော့လှည့်ခဲ့ရချက်မှာ နှစ်ပေါင်းနှစ်ရာတိုင်ကြာခဲ့ရပေပြီ။ မြို့သူကြီးသံတွေသည် ငါးစင်ရိုင်းချောင်းကျွန်းတွင် တစ်ဗိုလ်တစ်မင်းနေခဲ့၏။ ၎င်း၏သားချင်းပျံသည် စိုင်းတင်စားဘဝမှ တပ်ထွက်စစ်ချီပြုပြန်လေ၏။ ချင်းပျံ၏ယောက်ဖမှာ ဒေးဝန်းအောင်ကျီရှိ(သော်တ

လီ)ဖြစ်၏။ ချင်းပျံ၏တူမှာ ကြက်သရေရွာသား ဇာတိ၊ မြို့သူကြီးအောင်ကျော်ဖဲဖြစ်၏ ဟု အင်္ဂလိပ်မှတ်တမ်း၌ ဆိုသည်။

မျိုးစဉ်ဆက်၍ သိရသည်ကား စန္ဒဝိဇယတုံးညို၏သားဖသထွေဖြစ်၏။ ၎င်း၏ သားငသံထွေဖြစ်၏။ ငသံထွေသား ကျော်အောင်၊ သက်နုံဝေ၊ ချင်းပျံတို့ဖြစ်ကြ၏။ ကျော်အောင်သားကား ဒေးဝန်းကြီးအောင်ကျော်ရွှီဖြစ်၏။ အောင်ကျော်ရွှီတွင် သား မြဦး၊ ဒိုးအောင်ကျော်၊ သတိုးဝေ၊ (စစ်ကဲကြီး) မောင်ကျော်ထွန်းဟူ၍ သားလေးဦး၊ သမီးနှစ် ဦးရှိခဲ့ကြသည်။ မြို့သူကြီးအောင်ကျော်ဖဲကို ကျော်အောင် မိသန္တာမှ မြောက်ဦးမြို့၌ ကောဇာ ၁၁၄၀ တွင် မွေးဖွားသည်ဆို၏။ ၎င်းသားမှာ ခနေဖြူဝန်ထောက်မင်းမောင် ကျော်ထွန်းဖြစ်လေသည်။ ၎င်းသည် ဘခင်ပုံကို ကောဇာ ၁၂၂၂ ခုနှစ်ပုံတူ ရေးဆွဲထား ခဲ့သည်။ ရခိုင်မဂ္ဂဇင်း အမှတ်(၁၆)တွင် ထိုပုံကို မြင်တွေ့နိုင်၏။ အောင်ကျော်ဖဲသည် ကောဇာ ၁၂၀၀ ပြည့်၌ သေဆုံး၍ အသက်(၆၀)မျှသာ အသက်ရှည်ခဲ့သည်။ အင်္ဂလိပ် တို့မြောက်စားခံခဲ့ရသော်လည်း တော်လှန်ရေးဆင်နွှဲခဲ့သဖြင့် ဖမ်းဆီးထောင်သွင်းခြင်း ကို ခံလာခဲ့ရသေး၏။ ဒေးဝန်းနှင့်မြို့သူကြီးသား၊ သမီးယောက်ဖကျသည်။ ဒေဝန်းကြီး နှမနှင့် မြို့သူကြီးမှာ အိမ်ထောင်ဖက်ခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။ ထိုသို့ဆိုလျှင် ချင်းပျံ၏ (အစ်ကိုသား)သားသည် ဒေးဝန်းကြီးသားဖြစ်ချေ၏။ ယောက်ဖကားမဟုတ် ချေ။ ချင်းပျံ၏တူမှာ မြို့သူကြီးဆိုရာ၌ ချင်းပျံ၏အစ်ကို (ကျော်အောင်) မယား(မိသန္တာ) သားဆိုက သားတော်စပ်သည်၊ တူမကျချေ။ တူဆိုကချင်းပျံ၏ နှမသားသာဖြစ်သင့်၏။ ထို့ကြောင့် ဖော်ပြပါ အင်္ဂလိပ်မှတ်တမ်းကို အမှန်ယူဆ၍ မဖြစ်နိုင်ချေ။ မြို့သူကြီးကား ထောင်မှလွတ်စဉ် ဒေသဌာနေချက်မြုပ်မြေ ကြက်သရေရွာသို့ရောက်၍ တပျော်တပါး နေထိုင်သွားခဲ့ပေသေး၏။ ထို့ကြောင့် ကျိန်းကျွန်းသားများ၊ ကျိန်းတိုင်းသားများ အဆက် အနွယ်တို့သည် ဖချစ်ရီရွာမှ ပြန်ခဲ့ရသူအများရှိခဲ့လေ၍ ငါတို့နှင့်ရပ်သားချင်း၊ ရွာသား ချင်း၊ ဆွေမျိုးချင်း၊ မကင်းကြခြင်းကို သမိုင်းက သက်သေခံနေမည်သာတည်း။

ကျိန်းမြို့မြေကား အံ့ဖွယ်ရှိလှသည်။ ဘူမိနက်သန်မြေမျိုးမှန်သည်ဆို၏။ ကိုယ် စားခတ်လျှင် ကျိန်းတော်ရှင်သည် တန်ခိုးရှိပေ၏။ ကျိန်းတော်တောင်ဆိုလျှင် ခတ် ရောင်လျှံမြိတ်မြိတ်နှင့် ပူဇော်ဖွယ်ကောင်းလှ၏။ ကျိန်းမြို့ဒေသသည် သုခလွန်ပွား၍ အကျုံးဝင်သမျှ တို့ကိုကူညီခဲ့ကြခြင်းဖြင့် ပြီးမြောက်အောင်မြင်နိုင်ခဲ့ကြသည့်အတွက် အားလုံးကို ကျေးဇူးတင် ဝမ်းမြောက်မှုပြုပါသည်၊



အတူပြုဖက်၊ လက်ချင်းယှက်လျှက်
အသက်ပမာ၊ မျိုးဘာသာနှင့်
သာသနာကျိုး၊ သယ်ပိုးထမ်းရွက်
မပျက်ကြစေ၊ ရည်မှန်းပေသည်
ရွှေပြည်ရခိုင်၊ မဏ္ဍိုင်တည်း။

အရှင်စက္ကိန္ဒ
မောင်တောမြို့ ရခိုင်ပြည်နယ်

# လျှာရင်းတော်ဓာတ်၊ စေတီဘုရားရှိခိုး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အတုလဟု၊ နှိုင်းဆ မထင်၊ ဘုရားသျှင်သည်၊ များဖြင့်ဗိုလ်လူ၊ ကျွတ်ထိုက်သူကို၊ ကြည်ဖြူသနား၊ ချွတ်ချော်ငြား၍၊ တရားမြို့ကရေ၊ ဆွတ်ဖြန်းလေသော်၊ ဝီးနေမျှော်လင့်၊ သဒ္ဒါပွင့်၍ အသင့်ထိုခါ၊ စန္ဒာသူရိယ၊ ပင့်ခယရာ၊ ထေရ်ငါးရာဖြင့်၊ ကောင်းစွာရွှရွှ၊ ကိုယ်တိုင်ကြွ၍၊ တောင်မကျောက်တော်၊ ရှေးဖြစ်မျှော်၍၊ ဓာတ်တော်ခရာ၊ ဗျာဒိတ်မှာသော်-"(၁)ကာကာဂီရိ၊ တွင်ဘိသာခေါင်၊ ထိုသည်တောင်မှာ၊ ငါအလောင်းတော်၊ စံပျော် မယွင်း၊ ဖော်ခပင်းနှင့်၊ ကျီးမင်းတဇာစ်၊ ရှိကဖြစ်၍၊ "(၂)တည်လစ်အံ့ရာ၊ ဇီဝှာခေါ်တွင်၊ ကျိန်းသျှင်ပင်ကို၊ နောင်တွင်ဖောက်ပြန်၊ မိစ္ဆာရန်ကြောင့်၊ ပယ်လှန်လျှို့ဝှက်၊ စီမံချက်ဖြင့်၊ ဘုန်းစက်သံဃာ၊ မဟာကဿပ၊ အဇာတသတ်၊ နှစ်ရပ်ယှဉ်ဖက်၊ တည်ထားချက်မွန်၊ ဓာတ်စစ်မှန်ကို၊ ယူပြန်တစ်ခါ၊ အသောကာနှင့်၊ (၃)မဟာတိဿ၊ စီမံကြသော်၊ တိဿ ဆရာ၊ (၄)ဗာဟုလာတို့၊ ကောင်းစွာပင့်လာ၊ သူရိယ စက္က၊ တို့ရာဇာအား၊ ဆက်သခဲ့ပြီ၊ ဒွေးသုံးလီတွင်၊ မဟီလူ့ပြည်၊ ဓညာမြေသို့၊ ဆက်သွယ်လာရောက်၊ နှစ်ခါမြောက်ကျ၊ (၅)တန်ခူးလဝယ်၊ အစစေတီ၊ ဓာတ်သရီကို၊ မဟီချက်ချာ၊ ဗွီလကျ်ာ၌၊ ထိုခါတည်ထား၊ ကျောင်းကန်ပွား၍၊ များပြားသံဃာ၊ ညီးညီးဖြာ၏။ ထိုခါလျှာရင်း ဇီဝှာမင်းနှင့်၊ ခေါ်ခြင်း ကျိန်းတောင်၊ ဓာတ်ထွန်းပြောင်၍၊ ဘုန်းခေါင်ဓမ္မ" တတိယဟု၊ ဓမ္မသဘင်၊ သင်္ဂါယနာ၊ တင်ရာဓိပတိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ်ကျော်၊ အမိန့်တော်ဖြင့်၊ မဟိံသက၊ မည်ရသ မိုင်း၊ ရခိုင်တိုင်းသို့၊ စီးခိုင်းကြွလာ၊ မဟာရေဝ၊ ထေရငါးဖြာ၊ ရဟန္တာတို့၊ သူရိယစက္က၊ တို့ရာဇာအား၊ ဒေဝဒူတန်၊ နတ်တမန်ဖြင့်၊ ဟောညွှန်သွန်လောင်း၊ လေးသောင်းအရိယာ၊ ဓမ္မစက္ခု၊ ရမူလူပေါင်း၊ လေးသောင်းရဟန်း၊ ကျွတ်တမ်းဆိုက်ရ၊ မြတ်ဗုဒ္ဓ၏၊ ဓမ္မဆက်နွယ်၊ ဆက်သွယ်ပွားလျှောက်၊ ထပ်ဆင့် လျှောက်၍ "(၆)နောက်နောက်ချိန်ခါ၊ မင်းသဒ္ဒါ မွန်၊ မဟာစန္ဒြား၊ ပြုပြင်ငြား၏။ တပါးသညီ"ပဥ္စမီကပ်၊ ကြီးနီချပ်လျှင်၊ ရှိကွပ်တင့်သား၊ ငါးထောင်အားဖြင့်၊ ရှိငြားသချာ၊ သုံးနှစ်ကြာလျှင်၊ ကောင်းစွာသီးသီး၊ အောင်မြင်ပြီး၍၊ လူထီးခွန်ဆီ၊ စိုးမိုးချီသ၊သီရိစန္ဒာ" (၇)တို့ရာဇာလည်း၊ ဇီဝှာဓာတ်လျှင်၊ ပြုဆင်ယင်၏ "ထိုတွင်နောင်ခါ၊ မြို့ပဥ္စာ၌၊ သစ္စာဗန္ဓဝ၊ ပဒုမ,အရဟံ၊ ထေရ်ကောဏ္ဍည၊ ဥတ္တမသီရိ၊ ထေရ်ဘဒ္ဒိယ၊ အစများစွာ၊ ထေရ်ရှစ်ရာဖြင့်၊ ကောဇာဖြစ်ရိုး၊ နှစ်ရာ့ကိုးမူ၊ မင်းရင်ဖြူ လည်း၊ ဧကဒသမ၊ ဆယ့်တစ်မျှဖြစ်၊ ပရပိုက်ရှိ၊ ရှိးတင်လီမှ၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ များစွာဖိုးထိုက်။ နှစ်ကျိပ်ရှစ်ဆူ၊



သွန်းပြုလှူပြီး၊ (၈) လှူစာရှိး" လျှက်၊ ဓာတ်ကြီး ဇီဝှာ၊ ပြုပြင်လှာ၏။ နောင်ခါဘီးလှ၊ ကောလိယနှင့်၊ ဒသရာဇာ၊ တဖြာမင်းထီး၊ ဘုန်းနေမီးတို့၊ မညီး ထိုခါ၊ သာသနာနှင့်၊ ရတနာသုံးပါး၊ မခြားနိုညာ၊ ပွားများရကြောင်း၊ အားအင် လောင်း၍၊ ညွှတ်ပျောင်းအံ့ဖွယ်၊ ပြန့်ဝှန်းကျယ်သား၊ မျိုးပွားသန့်စင်၊ တရားခင်လွယ်၊ ချမ်းသာကြွယ်၍၊ ထွေထွေပူဇော်၊ ယခုမျှော်မှန်း၊ ရွှင်ပျော်ထွန်းပ၊ လိုတိုင်းရသည့် သုခပြည့်လျှမ်း၊ နိဗ္ဗူနန်းမပွင့်စေသော်ဝ်။

**(၁၁-လုံး အာသာဝတီဝတ်ဆံချ)**

၁။ ဓညဝတီရခိုင်ပြည်သို့ ဘုရားရှင်ကြွရောက်တော်မူခြင်း၊

၂။ ရခိုင်ရာဇဝင်လင်္ကာ၊

၃။ မောဂ္ဂလိပုတ္တတိဿထေရ်၊

၄။ ရှင်မဟာတိဿဓာတ်တော်များကို ရခိုင်ပြည်သို့ ပင့်ယူလာသည်၊

၅။ ဒုတိယအကြိမ်ရက္ခိုင်ပြည်သို့ သာသနာရောက်ရှိလာခြင်း၊

၆။ ပညာမေဓါမော်ကွန်း၊ တတိယအကြိမ် သာသနာရောက်ရှိလာခြင်း၊

၇။ ပဥ္စမသင်္ဂါယနာ(သို့) ရခိုင်ပြည်တွင် စတုတ္ထမြောက်သင်္ဂါယနာ၊ ပညာမေဓါ မော်ကွန်းနှင့် ရှစ်သောင်းဘုရားမျက်နှာကြက်စာ

၈။ သာသနာတော်မော်ကွန်း၊ လက်ရေးမှု၊ ဝတီထွန်း၊ ရခိုင်ပြည်အသျှင်စက္ကိန္ဒ၏ ရခိုင်ပြည်မင်းပြားမြို့ ကျိန်းတော်ရှင်ဘုရားအကြောင်း ဟောပြောချက်ကို မှီ၍ ရေးသားပါသည်။ (ဝတီထွန်း ၃-၂--၉၆)

# ဇိဋ္ဌာတော်မြတ် ဓာတုပူဇာ
# (ရစနာဂါထာ)

**(လက္ခဏာတော်မြတ် ၃၂ ပါးမှ ပဟူတဇိဝှါ ဗြဟ္မဿရလက္ခဏာတော်အဲ့)**

(၁) ပဟာယ ဖရုသံဝါစံ၊ ပေမနိယံ ဗဟုကတ္တံ၊
ပဟူတဇိဝှေါ ဗြဟ္မဿရော၊ ဝန္ဒေ အာဒေယျဝါစိနော၊

(၂) ဗာတ္တိံသဝရလက္ခဏော၊ အသီတိအနုဗျဉ္ဇနော၊
သုဠ္ဍပုဏ္ဏော၊ သဗ္ဗပုဏ္ဏော၊ တိဋ္ဌန္တုသဗ္ဗသိဒ္ဓိကာ။

(၁)ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ မနူဿဘူတောသမာနော၊ လူဇာတ် ထင်ရှား၊ လူသားစင်စစ်၊ ဧကန်ဖြစ်၍၊ ဗောဓိသတ္တော၊ ယေဝမာနော၊ ဘုရားအလောင်းတော်ဖြစ်၍သာလျှင်၊ တတ္ထတတ္ထဘဝေ၊ ပါရမီ ဖြည့်စဉ်ကာလ၊ ထိုထိုသို့သောဘဝ၌၊ ဖရုသံဝါစံ၊ လှံသွားကဲ့သို့ အတွေ့ရှိသော၊ ကြမ်းတမ်းသောစကားကို၊ ပဟာယ၊ ပယ်စွန့်၍၊ ပေမနိယံ၊ ချစ်ချင်ဖွယ်ဖြစ်သောစကားကိုလည်းကောင်း၊ ဗဟုကတ္တံ၊ များစွာသော လူအပေါင်းတို့ နှစ်သက်ဖွယ်ဖြစ်သောစကားကိုလည်းကောင်း၊ ဘာသိတံ၊ အမြဲမသွေ၊ ပြောဆိုတော်မူတ်ပါပေ၏။

**(ကုသိုလ်ကံ)**

တေနကမ္မေန၊ ထိုသို့ကောင်းမွန်၊ ကုသိုလ်ကံကြောင့်၊ ပဟူတဇိဝှေါ၊ နည့်ရှည်လျှား၍ ကျယ်ပြန့်သော လျှာတော်ရှိတော်မူခြင်းသည်လည်းကောင်း၊ ဗြဟ္မဿရော၊ အသံအင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံ၍၊ ဗြဟ္မာမင်း၏အသံနှင့်တူသော အသံရှိတော်မူခြင်းသည်လည်းကောင်း၊ ဟောတိ ဖြစ်တော်မူ၏။

**(ကောင်းကျိုး)**

တေနကမ္မနိသန္ဒေန၊ ထိုကုသိုလ်ကံအကြောင်းခံ၍၊ တဖန်မပျက်၊အကျိုးဆက်ကြောင့်၊ အာဒေယျဝါစိနော၊ လေးစားရိုသေထိုက်သော။ စကားနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ဝါ၊ ထိုမြတ်စွာဘုရား၏ လျှာရင်းမည်ခေါ် ဇိဝှါတော်ဓာတ်ကို။

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

**(အကျိုးဆက်)**

အဟံကျွန်ုပ်သည် (မယံ၊ ကျွန်ုပ်၊ အကျွန်ုပ်မတို့သည် )ဝန္ဒေ-ဝန္ဒာမိ၊ကြည်စွသဒ္ဓါ၊ ခါခါမြတ်နိုး၊ လက်စုံမိုးကာ၊ ရှိခိုးပါ၏ မြတ်စွာဘုရား။

(၂)ဗာတ္တိံသဝရလက္ခဏော၊ နည့်ရှည်လျှား၊ ကျယ်ပြန့်သော၊ လျှာတော်အစရှိသော၊ သုံးဆယ့် နှစ်ပါးသော မြတ်သောလက္ခဏာတော်ကြီးနှင့်လည်း ပြည့်စုံတော်မူထသော။အသီတိအနုဗျဉ္ဇနော၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်နှင့်လည်း ပြည့်စုံတော်မူထသော၊ သုဠ္ဍပုဏ္ဏော၊ ဖြည့်ကျင့်တော်မူအပ်သော ပါရမီသမ္ဘာရတို့နှင့် ကောင်းစွာပြည့်စုံခြင်းလည်း ရှိတော်မူထသော၊ သဗ္ဗပုဏ္ဏော၊ ဖြည့်ကျင့်တော်မူအပ်သော၊ ပါရမီ သမ္ဘာရတို့၏၊ အလုံးစုံပြည့်စုံခြင်းလည်း ရှိတော်မူထသော၊ သဗ္ဗသိဒ္ဓိကာ၊ လောကီ လောကုတ္တရာ၊ ပြီးစီးအောင်မြင်ခြင်း၊ အရာရာတို့နှင့်၊ ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရားတို့သည် ၊ မေကျွန်ုပ်၏ (မယှံ အကျွန်ုပ်၊ အကျွန်ုပ်မတို့၏) သီသေ၊ ခန္ဓာကိုယ်တွင်၊ အမြတ်တွင်ခေါ်၊ ဦးထိပ်ပလ္လင်ပေါ်၌၊ တိဋ္ဌန္တု၊ ရွှေကျောင်းတနှုန်း၊ မြဲရွှင်ပြုံးလျှက်၊ သီတင်းသုံးတော်မူပါကုန်၊ မြတ်စွာဘုရား၊ ဘုရား။

**(အရှင်တေဇောသီရိမောဠိ)**
**အာကျပ်တော်ကုန်း**
**စစ်တွေမြို့**

**မှတ်ချက်**

လျှာနည့်=လျှာပါးလွှာခြင်းကြောင့် သေးသွယ်စွာပြု၍ နှာခေါင်းတော်သို့ သွင်းပြတော်မူနိုင်၏။

လျှာရှည်လျှား=လျှာကျယ်ပြန့်ခြင်းတို့ကြောင့် နဖူးပြင်ကို ဖုံးလွှမ်း၍ သုံးသပ်ပြတော်မူနိုင်၏။

## အဥ္စနမြေ

ရခိုင်တွင် မြစ်ကြီးသုံးသွယ်ရှိသည်။ အဥ္စနဒီ၊ ဂစ္ဆပနဒီ၊ မလ္လဟုနဒီဟူ၍ အမည်အသီးသီးရှိခဲ့ကြသည်။ ထိုမြစ်တို့သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးသွယ်လျက်ရှိလေသည်။ အဥ္စနနဒီမြစ်ကို အရှေ့ပိုင်းရခိုင်ရိုးမမှ ဖြာထွက်လာသော တောင်စွယ်တောင်တန်းများဖြင့် ကာရံထားသည်။ အနောက်ပိုင်းတွင် ဓညဝတီ ၉၉ တောင်မှဆက်၍ သချိပ်တောင်၊ မြောက်ဦးတောင်ဝှမ်း၊ မောင်းဆွဲတောင်၊ ဗောင်းဒွတ်တောင်၊ မဟာထီးတောင်၊ မုချာတောင်၊ လက်သန်းချေတောင်၊ ပါးတော်တောင်၊ ငခူတောင်၊ ကျိန်းတောင်တို့ဖြင့် ကာရံထားရှိသည်။ အနောက်ဘက်ကမ်းမြောင်တွင် အလယ်ပိုင်း၌ တောင်စဉ်တောင်ရိုးများ ဆက်သွယ်ရှိသည်။ ထို့ပြင် မြစ်ချောင်းကျွန်းကမ်းတို့ဖြင့် တောင်ရိုးကိုအခြေခံ၍ ဖြစ်ပေါ်ပြည့်နှက်နေပြီး ဂစ္ဆပနဒီမြစ်သို့ ဆက်သွယ်လျက်ရှိသည်။ အရှေ့ဘက်ရခိုင်ရိုးမတစ်လျှောက်တွင်လည်း တောင်ကျချောင်းများ၊ အင်းအိုင်များ၊ ကျွန်းကမ်းများဖြစ်ပေါ်လျက်ရှိသည်။ ဥပမာ-ခြိတ်ချောင်း၊ ပန်းမြောင်းကြီးချောင်း၊ ဖုံသာချောင်းတို့ဖြစ်ကြသည်။

မြစ်ဝတွင်လည်း ကျွန်းကမ်းများပြည့်နှက်၍ ပင်လယ်နှင့် စပ်လျှက်ရှိသည်။ ဖော်ပြပါချောင်းတို့မှ ရေများသည် လေးမြို့မြစ်ကြီးသို့ စီးဝင်လျှက်ရှိသည်။ မင်းပြားမြို့နယ်သို့အရောက်တွင် ရာမောင်မြစ်ဟုခေါ်သည်။ နန်းကျားအနီးတွင် နန်းကျားမြစ်၊ လောင်းကြက်အနီးတွင် လောင်းကြက်မြစ်၊ ပန်းမြောင်းအနီးတွင် ပန်းမြောင်းမြစ်၊ မြောင်းဘွယ်အနီးတွင် မြောင်းဘွယ်မြစ်ဟူ၍ အပိုင်းအလိုက်အမည်အခေါ် ဖြစ်သွားခဲ့ရသည်။ မင်းပြားမြို့တောင်ဘက်မြစ်ဝတွင် ကြပ်စင်ကျွန်း၊ ကေသလာကျွန်း ဆီးလျှက်ရှိသည်။ ထိုကျွန်း၏အရှေ့အနောက်တို့မှ လေးမြို့မြစ်ရေသည် ပင်လယ်သို့ စီးဝင်သွားလေသည်။

လေးမြို့မြစ်နှင့် ကုလားတန်မြစ်သည် အာသံမှ မြစ်ဖျားခံပြီးနောက် မီးချောင်းဖျားအလွန်မှနေ၍ နှစ်မြွာကွဲဆင်းလာရခြင်းဖြစ်သည်။ ထို့ကြောင့် အာသံတွင် မြစ်ဖျားဆုံလေသည်။ မြစ်နှစ်မြွာတို့တွင် လက်ျာမွှာသည် ကုလားတန်မြစ်အဖြစ်၊ စီးဝင်သွားလေသည်။ လက်ဝဲမွှာသည် လေးမြို့မြစ်အဖြစ် စီးဝင်သွားလေသည်။ ထိုလေးမြို့မြစ်သည် လူးချောင်း၊ သံချောင်း၊ ဝပ်ချောင်းတို့မှ အထပ်ထပ် မြစ်လက်တက်ခံလာသည်။ ထိုက ခြိတ်ချောင်းကိုဖြတ်လျက် ပင်လယ်ထဲသို့ စီးဆင်းသွားလေသည်။ မူလ လေးမြို့မြစ် စီးသွားရာသည် အင်းတော်ကြီးမှ ဖြစ်သည်ဆို၏။ ထိုမှ ပြိုင်းခာတ်တောင်အနီး





ဂင်္ဂါအင်းသို့ စီးလာသည်။ ထိုကဆက်၍ ပန်းမြောင်းကြီး ချောင်းဝ၊ ဝက်ဖြူကျွန်းမှပေါက်ထွက်ခဲ့လေသည်။

## အိုင်များ

လေးမြို့မြစ်ကြောင်းတွင် အိုင်များ များစွာဖြစ်ထွန်းလျက်ရှိသည်။ ပန်းမြောင်းအနီးတွင် သရက်အင်းနှင့် ဂင်္ဂါအင်း၊ နဂရာအုပ်စု၌ စည်ပတ္တရာအင်းနှင့် ဝရဒတ်အင်း ကုလားမတောင်အနီး၌ တံချိတ်အင်း၊ အဝရွာအုပ်စု၌ ပြောင်းရှည်အင်း၊ သာယာကုန်းကျေးရွာအုပ်စုအင်း၊ စအင်းရွာဟောင်း၊ ကျေးရွာအကြားရှိ စအင်းအင်း၊ ဤအင်းတို့သည် နာမည်ထင်ရှားသောအင်းများဖြစ်လေသည်။ မင်းပြားမြို့နယ်တွင် အင်းအိုင်များ၏ စုစုပေါင်းဧရိယာ (၁၇၂၅၅)ဧကရှိသည်။

## မြစ်ချောင်းများသွယ်စီးပုံ

လေးမြို့မြစ်သည် ဘင်္ဂလားပင်လယ်ထဲသို့ ဖြတ်သန်းစီးဝင်သွားလေသည်။ အရှေ့မြောက်ဘက်မှ စီးဆင်းလာကြသော ပန်းမြောင်းကြီးချောင်းနှင့် ဖုံသာချောင်းတို့သည် ဒုံကြီးနတ်မော်အိုင်တွင် ပူးပေါင်းပြီး စီးဆင်းလာကြသော ထိုမြစ်တို့သည် လေးမြို့မြစ်နှင့် သေကံကျေးရွာအနီးတွင် ပေါင်းစုံကြသည်။ မင်းပြားမြို့နယ်အတွင်း၌ လေးမြို့မြစ်၏ ပထမမြစ်ဆုံဖြစ်ပြီး ပထမမြစ်ကျယ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ယင်း၏အလယ်တွင် ပုထိုးတစ်ဆူနှင့် ကျွန်းငယ်တစ်ကျွန်းရှိပြီး ယင်းကျွန်းကို ဝက်ဖြူကျွန်း(ရာမောင်ကျွန်း) ဟုလည်း ခေါ်သည်။ ထိုနေရာသည်ပင် မြစ်ဆုံနှင့် ပထမမြစ်ကျယ်အညွှန်းလက္ခဏာသဘော ဖြစ်နေသည်။ ယင်းမှ ဆက်လက်စီးဆင်းလာသော လေးမြို့မြစ်သည် မင်းကြောင်းမြစ်နှင့် ဇီးပင်ကြီးအနီးတွင် ပေါင်းဆုံကြသည်။ ယင်းကို ဒုတိယမြစ်ဆုံဟုခေါ်ဆိုနိုင်သည်။ (မင်းကြီးမြစ်၌ ပြွန်တစ်ခုရှိသည်။ ယင်းပြွန်သည် ကေသလာပြွန်မှ စတင်ခွဲထွက်ပြီး၊ ကျောက်ငန္ဒားအနီးတွင် မင်းကြောင်းမြစ်ထဲသို့ ပြန်လည်စီးဝင်လာသည်) ဒုတိယမြစ်ကျယ်ဟုလည်း ဆိုနိုင်သည်။ ၎င်းအနီးကြပ်စင်တောင်မော်၌ ကြပ်စင်မြစ်နှင့် သင်္ဂနက်မြစ်နှစ်ဖြာခွဲထွက်စီးဆင်းကြသည်။ ယင်းတွင် လေးမြို့မြစ် အမည်ဖြင့်ဆက်လက်စီးဆင်းလာသောမြစ်မှာ သင်္ဂနက်မြစ်ဖြစ်သည်။ ထိုမြစ်နှစ်သွယ်ကို မင်းပြားမှ ရေလမ်း(၁၂)မိုင်ခန့်ကွာဝေးသည့်နေရာ၌ ငါးသတစ်ပေါက်ပြွန်နှင့် ကူးလူးသွားလာနိုင်သည်။ ဆက်လက်စီးဆင်းသွားသော လေးမြို့မြစ်သည် ကျွဲတက်ကျေးရွာအနီးတွင် ညောင်ခြေထောက်မြစ် အမည်ဖြင့် စီးဆင်းသည်။ ပေါက်ဆိန်ကျမြစ်နှင့် ပေါင်းဆုံသည်။

ပေါက်တောမြို့အနီးတွင် စွန်ရဲမြစ်နှင့် ပေါင်းဆုံသည်။ ဤနေရာသည် တတိယမြစ်ကျယ်ဖြစ်သည်။ လေးမြို့မြစ်သည် ရခိုင်ပြည်နယ်တွင် ဒုတိယအသုံးဝင်ဆုံးမြစ်ဖြစ်သည်။ လေးမြို့မြစ်သို့ လာရောက်ပေါင်းဆုံကြသော ချောင်းများမှာ မြောင်းဘွယ်အနီး၌ မြောင်းဘွယ်ချောင်း၊ နော်နော်ရွာအနီး၌ နော်နော်ချောင်း၊ ဓမ္မလေချောင်းနှင့် ဆက်စပ်လျက်ရှိသည့် သဲတန်းချောင်းတို့ဖြစ်သည်။ ယင်းချောင်းတို့သည် မြောက်ဦးမြို့နယ်သို့ တိုက်ရိုက်သွားလာနိုင်ကြသည်။

**(မင်းပြားမြို့နယ်၏ မှတ်တမ်းသမိုင်းမှ)**

အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

# မြေမျက်နှာအသွင်အပြင်

လေးမြို့မြစ်သည် အရှေ့ဘက်တွင် တောင်စွယ်တောင်တန်းတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ အရှေ့ဘက်ရှိ ရခိုင်ရိုးမတောင်တန်းကြီးမှ ဖြာထွက်လာခြင်းများဖြစ်သည်။ မြောက်ဘက်နှင့်အနောက်ဘက်၊ တောင်ဘက်တို့မှာ မြေပြန့်လွင်ပြင်များဖြစ်လျက်ရှိသည်။ မင်းပြားမြို့နယ်၏ အလယ်ဗဟိုကို ဖြတ်သန်း၍ မြောက်မှတောင်သို့ လေးမြို့မြစ်စီးဆင်းလျက်ရှိသည်။ တောင်ဘက်တွင် မြစ်ခွဲများရှိရာကား မြစ်ဝမြေနုကျွန်းပေါ်များ ပေါ်ထွန်းလျက်ရှိသည်။ မြေမျက်နှာပြင်သည် ဆင်ကုန်းလျှောဖြစ်ရှိနေသည်။ မြောက်ဘက်မှာမြင့်၍ တောင်ဘက်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။ တောင်ပိုင်းမြစ်ဝတွင် ကျိန်းတောင်တန်း၊ ကြပ်စင်တောင်တန်း၊ ကေသလာတောင်တန်းတို့ တည်ရှိသည်။ ကေသလာကျွန်းအရှေ့ဘက်မှ မင်းကြောင်းမြစ်သို့ စီးဆင်းသွားသည့်မင်းကြောင်းမြစ်ဝ၊ ကောသလာပွန်ဝတွင် ပွန်ရှည်သည် မြေပုံမြစ်သို့ စီးဝင်သွားလေသည်။ ကြပ်စင်ကျွန်းအနောက်ဘက်တွင် သင်္ဂနက်မြစ်၊ ရက်ခုန်းတိုင်းမြစ်သည် ငမန်းရဲကျွန်း၊ မြေပုံမြစ်သို့ စီးဝင်သွားလေသည်။ သင်္ဂနက်မြစ်မှငါးသတစ်ပေါက်ပွန်ဖောက်ထွင်း၍ ငတန်ပျင်း၊ ကျားရဲပြင်မှစီးလာသော လေးမြို့မြစ်ကြောင်းနှင့် ဆုံကာ ပေါက်ဆိန်ကျမြစ်၊ တမန်းဆည်မြစ်၊ စွန်ရဲမြစ်သို့ စီးသွားလျက် ကုလားတန်မြစ်၊ ငမန်းရဲမြစ်၊ ဖရုံကာမြစ်တို့သို့ စီးဝင်သွားလေသည်။ ကောဇာ ၁၂၁၀ က ကင်းဆရာသည် ရေကြောင်း ခရီးသွားလာခဲ့သည်။ ရမ်းပြဲမှ ခရီးစတင်ထွက်ခဲ့ရာ ကြပ်စင်ကျွန်းသို့ ရောက်၍ ငါးသတစ်ပေါက်မှထွက်လျက် ဂစ္ဆပနဒီမြစ်ဝ စစ်တွေမြို့သို့ ရောက်လေသည်။

# ကျိန်းရာမောင်မှ ဂစ္ဆပရောက်ရေကြောင်းဖွဲ့

ငမြိုတက်မကိုင်၊ ပဲ့ထိုင်ရွှေမောင်ဦး၊ ဦးစီးယက်သဲ့အောင်၊ တောင်မြို့ညောင်ပင်လှ၊ ခတ်ကာပဲ့ချိတ်၊ ညိတ်ကာညိတ်ကာ၊ လှေမှာရေပက်၊ ထမင်းချက်ကြောင်ချေ၊ မင်းနေပေါင်းစီး၊ ဘုန်းကြီးလူထွက်၊ ဦးတက်လက်လှော်၊ ထွန်းပေါ်,ရွှေမောင်ဦး၊ ဝမ်းနူးပူလောင်၊ ရှစ်ယောက်မောင်တို့၊ အိမ်ထောင်သက်မွေး၊ အလှူပေးလျက်၊ မေတ္တာဆုံချင်၊ ဥစ္စာခင်ရာ၊ ဝမ်းတွင်ရုံဆီး၊ မိုးသီနတ်တောင်၊ ကုန်အောင်လောင်းဒရစ်၊ ထားလှစ်ညာတင်၊ မြိုင်ခွင်ခရီး၊ လူမနီးသား၊ ညည်းကြီးဆိတ်ညံ၊ ပူကျင်းပွန်ကို၊ တက်ပျံပစ်လျက်၊ ရောင်နီလာမြောက်၊ ကျောက်နွားပေါက်က၊ မြောက်ကိုရှေ့ဆောင်၊ ရှောက်ပုံတောင်ကို၊

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

ရောက်အောင်ကူးသန်း၊ အဖြောင့်တန်းလျက်၊ ကမ်းကျွန်းကန်သာ၊ ကြပ်စင်ရွာကို၊ လက်ျာတင်မြဲ၊ ငမန်းရဲကို၊ လက်ဝဲကပစ်၊ ရာမောင်မြစ်ကို၊ ကျစ်ကာမက်ကာ၊ လိုက်ခဲ့လာသား၊ ညစာမိုးချုပ်၊ တဖြားကုပ်၍၊ ပြဖ္ဗဝီဒေး၊ ကျွန်းရောင်ဝေသား၊ မြူတေပြောင်ပြောင်၊ ကျိန်းတော်တောင်ကို၊ ရွယ်ဆောင်ဦးညွှတ်၊ ဖူးပြီးလတ်က၊ အားရမွေ့သျှောင်၊ ကျိန်းရာမောင်ကို၊ ရှောင်ခဲ့နောက်ပစ်၊ ငါးသတစ်ကို၊ ကျိတ်၍ထွက်ပြီး၊ ရှေ့ကဆီးသည် မြစ်ကြီးမတမန်းဆည်၊ သာဘိသေတည်း၊ ရွာပြည်ကျောင်းကန်၊ ဘုံဗိမာန်နှင့်၊ တံခွန်ကုက္ကား၊ မလေးဖွားနှင့်၊ မြစ်နားကုန်းတန်း၊ မြောက်ဘက်ကျွန်းက၊ တမန်းဆည်ရွာ၊ ပန်းဝါဝါကို၊ လက်ျာတင်ပြီး၊ ထိုကဆီးသည်၊ တသီးစွန်ရဲ၊ မြစ်လက်ဝဲက၊ သဲသဲပျော်ရွှင်၊ ဒေါနပြင်က၊ လူရှင်အုပ်ကျက်၊ စိုင်းတတ်ဘက်က၊ ရက္ခမဏ္ဍိုင်၊ ရခိုင်ညိုရောင်၊ တောင်အတည်တည်၊ ပြည်အကျွန်းကျွန်း၊ အဝှမ်းဝှမ်းကို၊ လှည့်စန်းဒီသာ၊ နှင်းဖြာဖြာနှင့်၊ လက်ျာလက်ဝဲ၊ ရှုကာနဲသား၊ သရွဲလက်ျာ၊ တောင်းဖူးရာတွင်၊ ညစာထမင်း၊ ညစာဟင်းကို၊ တင်းတင်းစားသောက်၊ ပွဲပြီးပေါက်က၊ ရောက်လုရောက်ချင်၊ စိတ်ခရွှင်နှင့်၊ ပင်လယ်အဝ၊ ဂစ္ဆပဟု၊ မှိုင်းပျရီရီ၊ စမ်းသီစမ်းသပ်၊ နှိမ့်၍ခတ်က၊ ချည်းကပ်စစ်တွေ၊ ရောက်လေအောင်မြင်၊ မျက်လင်းစင်က စစ်တွေအောင်တိုင်၊ ရခိုင်ရာရှု၊ မျှော်လိုက်ရှုသား၊ စတုဒီသာ၊ လေးမျက်နှာဝယ်၊ ပင်လယ်တောင်က၊ ဆပ်ရိုးကျမြောက်၊ အနောက် မယု၊ ရှေ့မူဂစ္ဆပ၊ အင်းပေါက်ဝဟု၊ မြမြညို့ညို့၊ စစ်တွေမြို့လည်း နတ်တို့ပျော်ရာ၊ ဝတီသာသို့မြစ်မှာကြည့်လေ၊ အပြည့်လှေတက်၊ ဝင်ထွက်မစဲ၊ သံတွဲ၊ ရမ်းဗြဲ၊ သီခြင်းအေးနှင့်။

"ကင်းဆရာဦးပန်းဦး (ဦးဝရလူထွက်) (ကောဇာ ၁၂၁၀)

# အဋ္ဌနနယ်မြေ

အဋ္ဌနနယ်မြေသည် ရခိုင်လူ့အဖွဲ့ပအစည်းတို့ နေထိုင်လာခဲ့ရာ အချက်အချာဌာနများဖြစ်ချေ၏။ ရခိုင်လူမျိုးများ၏ အသက်သွေးကြောများလည်း ဖြစ်ချေ၏။ မြို့ပြဌာနအခြေပြုရာလည်းဖြစ်ခဲ့၏။ ထို့ကြောင့်လူမှုရေး၊ လူ့ယဉ်ကျေးမှုများပါ အခြေဖြစ်လာခဲ့ရသည်သာတည်း။ လေးမြို့မြစ်ဖျားသည် ကုလားတန်မြစ်နှင့် မြစ်ဖျားဆုံးသည့်အတိုင်း ဓညဝတီခေတ်၊ ဝေသာလီခေတ်တို့က သမိုင်းကြောင်းဆက်သွယ်မှုမကင်းကြချေ။လေးမြို့ခေတ်မြောက်ဦးခေတ်ကား အဓိကအချက်အချာ ဖြစ်ခဲ့ရာသည်သာတည်း။

အဋ္ဌနနယ်မြေသည် သမိုင်းရှည်ကြာလာခဲ့ပြီးဖြစ်၏။ ထို့ကြောင့် လူမျိုးနွယ်စုတစ်ခု၏ အခြေချနေထိုင်ပျော်မွေ့ရာဌာနမှာ အမှန်သာတည်း။ ရခိုင်သမိုင်းတစ်ခေတ်၊ ဘီစီ (၆၀၀၀)ခန့်ထက်မနည်းကပင်၊ လူနေမှုရပ်ရွာဒေသအခြေကျပြီးဖြစ်သည်ဟု ယူဆရ၏။ ရခိုင်သမိုင်းတွင် ရှေ့ဦးဝေသာလီခေတ်သည် နှစ်ဆက်ပေါင်း (၁၉၉၀)ရှည်



ကြာခဲ့သည်။ မင်း(၂၉)ဆက်အုပ်ချုပ်ခဲ့သည်။ ခရစ်တော်မပေါ်ခင် ဘီစီ(၅၃၁၅)မှ (၃၃၂၅)ထိ ကာလရှည်ကြာခဲ့သည်။ ထို့နောက်မှာ မာရယုသည် ပထမဓညဝတီခေတ်ကို တည်ထောင်သည်။ ဓညဝတီခေတ်သည် ဘီစီ(၃၃၂၅)မှ အေဒီ (၃၂၆)ထိ ကာလရှည်ကြာသည်။ ထို့နောက် မာရယုသည် ပထမဓညဝတီခေတ်ကို တည်ထောင်သည်။ ဓညဝတီခေတ်သည် ဘီစီ(၃၃၂၅)မှ အေဒီ (၃၂၆)ထိ ကာလရှည်ကြာသည်။ နှစ်ပေါင်း (၃၆၄၉)ထိဖြစ်လေသည်။ ထို့ကြောင့်လွန်ခဲ့သော နှစ်(၇၀၀၀)ကျော်ကပင် ရခိုင်ရှေ့ဦးဝေသာလီခေတ်ကို စတင်နိုင်ခဲ့သည်။ မြို့ပြထီးနန်းတည်ချ အုပ်ချုပ်မှုတို့ပါ ဖြစ်ခဲ့ရသည်။ ဘီစီ(၃၃၂၆)တွင် ပထမဓညဝတီသည် ဆူမာရီယံတို့ပေါ်ချိန်နှင့် ခေတ်ပြိုင်ကျရောက်နေသည်၊ ထိုခေတ်မြို့ပြတည်ချမှုမှာ သာမန်ရပ်စု အဆောက်အအုံ မျှသာရှိနိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ယင်းတို့ကိုထောက်၍ ကမ္ဘာ့သမိုင်းနှင့် ချိန်ဆကာ ရခိုင်အစဦး လူနေမှုကိုလည်း တွေးဆနိုင်လေသည်။

ကျောက်ပန်းတောင်းမြို့သည် မီးချောင်းဖျားတွင် တည်ရှိသည်။ ဓညဝတီမြို့သည် သီရိမာနဒီခေါ် သရီချောင်းဖျားတွင် တည်ရှိသည်။ ဝေသာလီကျောက်လှေကားမြို့သည် ရမ်းချောင်း၊ အညာသေလာနဒီချောင်းနားတွင် တည်ရှိသည်။ မီးချောင်းဖျားမှ လေးမြို့ချောင်းသို့ ဆက်သွယ်သည်။ ရမ်းချောင်းဖျားသည် မီးချောင်းဖျား၊ ကူဝချောင်းဖျား၊ ပျဉ်ဝချောင်းဖျားတွင် ခေါင်းခံသည်။ ဝက်သတိုးတောင်ထိ ပေါက်ရောက်သွားသည်။ ထိုတောင်ကကျော်ကာ ချောင်းဖျားသို့ စုန်သွားသော် လူးချောင်း၊ လေးမြို့ချောင်း၊ မော်ရွာရောက်သည်။ မီးချောင်းဖျားမှ ဝါးရုံတောင်၊ ပေါင်းပေါ်ဝ၊ ဒါးသွီးကျောက်၊ ချင်းလက်ဝချောင်း၊ ပလက်ဝသို့ဆက်လေသည်။ ပလက်ဝကၢကုန်းတော်၊ ဒလက်မေ၊ တရွှန်အိုင်၊ ဥဿလင်း၊ ကလက်ဝချောင်းကို ကျော်လျှင် အိန္ဒိယနယ်သို့ ဆက်လေသည်။

ထိုသို့ ရခိုင်မြောက်ပိုင်းချောင်းဖျားမှ ဘင်္ဂလားနယ်၊ အိန္ဒိယ၊ အာသံမဏိပူရ၊ တြိပူရနယ်နှင့် မြေချင်းစပ်လျက် ရှိနေသည်သာတည်း။ ထိုဒေသမှ ကျော်ဖြတ်၍အိန္ဒိယအရှေ့မြောက်ပိုင်းဒေသမှလည်းကောင်း မြောက်ဘက်မဏိပူရမှလည်းကောင်း၊ သြစတြေးလျအနွယ်ဝင်များ ရခိုင်သို့ စတင်ရောက်လာကြသည်။ ၎င်းတို့ကို ဘီလူးဟုခေါ်ဆိုကြရာကား နောင်တွင် ရက္ခသျှ-ရက္ခိုက်-ရခိုင်ဟူ၍ လူမျိုးအမည်ဖြစ်လာခဲ့ရသည်ဆို၏။ အိန္ဒိယမှဝင်ရောက်လာသော ရခိုင်၏ အစဦးဆုံးလူများဖြစ်ခဲ့သည်။ ဓညဝတီနှောင်းခေတ် ခရစ်-အေဒီ(၁)ရာစုအထိ လူမည်းများ (ရက္ခသျှ)ဟု ယူဆရသူ ရှိနေသေးသည်ဆို၏။ မာရယုသည် ရက္ခသျှတို့ကို တော်လှန်၍ ဓညဝတီကို တည်ထောင်နိုင်ခဲ့သည်။ မာရယုတို့ဆိုလျှင် အိန္ဒိယမှ ဝင်ရောက်ခဲ့ကြသော အာရိယန် မွန်ဂိုလွိုက်များ၊

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

ဂင်္ဂါမြစ်ဝဲယာ-မာဂဓနယ်မှ ဝင်လာသော မောဂ်ခေါ်လူမျိုးများ၊ အင်ဒိုမွန်ဂိုလွိုက်(ခီရာဋ္ဌ)ခေါ် သကျတို့ဖြင့်လည်းကောင်း ရောယှက်နေရာသည်။ သို့သော်လည်းရက္ခ(ရခိုင်)ဟူသောအမည်သည်သာ အခေါ်မြဲလာကြသည်။ ရခိုင်တွင် ဒေသကိုစွဲ၍ အညာသား၊ ချောင်းသား၊ မရို့သား၊ ရကြိုင်သား၊ စသော မျိုးနွယ်စုများ ဖြစ်လာခဲ့သည်။ ယနေ့ အာရကန်ဟုခေါ်နေသည်မှာ အာရိယန်မှလည်းကောင်း၊ အာရကမှလည်းကောင်း၊ ရွေ့ပြောင်းလာနိုင်သည်ဟုဆို၏။ အာရကာပူရရ်ဟူ၍ မာဂဓပြည်ရှိလေသည်။ ယခုဘီယာနယ်မြောက်ပိုင်းတွင် ကျရောက်၏။ ထိုကိုစွဲ၍ ရခိုင်ကို အာရ်ကန်မောဂ်ဟူ၍ နိုင်ငံခြားသားများက ခေါ်လာခြင်းဖြစ်သည်။

## လေးမြို့နယ် မြို့ပြများ

လေးမြို့မြစ်ဝှမ်းဝဲယာတွင် ဓညဝတီခေတ်နှောင်း၌ ဝေသာလီခေတ်လူနေမှုပြုလာခဲ့ကြသည်။ ထို့နောက်လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့တွင် ပို၍ကျယ်ပြန့်လာခဲ့သည်။ ဝေသာလီစူဠစန္ဒရားမင်း၏သား ငမင်တုံသည် စမ္ဗဝက်မြို့(ခရစ် ၇၉၄-၈၁၈)ကို တည်ခဲ့သည်။ လေးမြို့မြစ် အနောက်ဘက်ကမ်း စင်းဗွက်ကိုင်းရွာအနီးတွင် ဖြစ်သည်။ ထိုနှင့်မနီးအဝေးတောင်ထက်တွင် ပထမပဉ္စမြို့ကို (ခရစ် ၈၁၈-၁၁၀၃) တည်လေသည်။ ထို့နောက် မြစ်အနောက်ဘက်တွင် ပုရိန်မြို့(ခရစ် ၁၁၀၃-၁၁၄၂)ကို တည်ခဲ့သည်။ ခြိတ်ချောင်းဖျားတွင် မင်းဖုန်းစားသည် ခြိတ်မြို့ကို (အေဒီ ၁၁၄၂-၁၁၅၄)၊ ထို့နောက် ဒုတိယစမ္ဗဝက်-ပဉ္စမြို့ ၁၁၅၄-၁၁၆၃)ကို တည်ခဲ့သည်။ မြစ်အရှေ့ဘက်ကမ်း တောင်တန်းကျွန်းတွင် နေရဥ္စရ(တောင်ငူမြို့)ကို (အေဒီ ၁၁၆၃-၁၂၅၁) တည်ခဲ့သည်။ ထိုမြို့မှာ လောင်းကြက်မြို့နှင့် တစ်ဘက်တစ်ကမ်းကျသည်။ ပုရိန်မြို့ တောင်ဘက်ပေါင်းတုတ်ချောင်းခြားတွင် လောင်းကြက်(ခရစ် ၁၂၅၁-၁၄၃၀)မြို့တည်ရှိသည်။ ယခုဆိုလျှင် မြစ်ဝအနောက်ဘက်ကမ်းတွင် မင်းပြားမြို့ (ခရစ်- ၁၈၆၇)တည်ရှိလာသည်။ လေးမြို့ခေတ်တွင် ကျိုန်းကျွန်းတိုင်းမြို့ဟု တွင်ခဲ့လေသည်။ မြောက်ဦးမြို့အရှေ့ဘက်တွင် ပန်းမြောင်မြို့ရှိသည်။

## ပန်းမြောင်မြို့

ဤမြို့မှာ လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းနား၊ ပန်းမြောင်းသျှေ ချောင်းကမ်းပါးတွင် တည်ရှိသည်။ ရှေးကမြောင်းချောင်းနှစ်ခု နှစ်မွှာစီးသွားလျှက် ရှိခဲ့သည်။ လေးမြို့မြစ်မှ ဖြာထွက်လာသော ချောင်းပင်ဖြစ်လေ၏။ ချောင်းကမ်းပါးတွင် သစ်ခွပန်းများဖြင့် ပွင့်လန်းနေသည်ကိုစွဲ၍ ပန်းမြောင်းဟု အမည်တွင်လာခဲ့ရသည်။ ရှေးကကျေးရွာများသာဖြစ်ရာ ရွာတည်စကတည်းက တည်ထားခဲ့သော ရွာမစေတီကို ပန်းသုံးခိုင်စေတီဟု ခေါ်တွင်ရှိနေ၏။ ပန်းမြောင်းသျှေမှာ ရှေးကပန်းမြောင်းကြီးအဝထိ လေးမြို့မြစ်သို့ လှည့်ပတ်စီးသွားလေသည်။ ထို့ကြောင့် ပတ်မြောင်းဟုခေါ်ရာမှ ယခုပန်းမြောင်းသျှေဟု ခေါ်လာသည်ဆို၏။ ရှေးကထိုလမ်းမှ တောက်လျှောက်သွားနိုင်ခဲ့သော်လည်း ယခုကျောင်းတောင် ငှက်တော်ရအနီးမှ သောင်ပို့တိမ်ကော၍ လမ်းဆို့ပိတ်ခံသွားရလေသည်။ ယခုအခါ လေးမြို့မြစ်ကြောင်းသာ ခရီးသွားလာနေရသည်။ ပန်းမြောင်းမြို့မှာ ရှေးကရပ်ရွာအဖြစ်သာ ရှိခဲ့သော်လည်း၊ အင်္ဂလိပ်ခေတ်တွင် ဈေးသတ်မှတ်ခံလာရသည်။ တစ်ပတ်လျှင် အင်္ဂါ၊ စနေနှစ်ရက်မှာ ဈေးရက်ဖြစ်လေသည်။ ထိုကတစ်စတစ်စမြို့ဖြစ်လာကာ အိမ်ခြေထောင်ကျော်ထိ စည်ကားလာခဲ့သည်။ လက်ထောက်မြို့ပိုင်ရုံးနှင့် ရဲစခန်းများ၊ သစ်တောဌာနများစသော အုပ်ချုပ်ရေးပြုလာခဲ့သည်။ မင်းပြားမြို့မှ ရေလမ်းခရီးမိုင်(၃၀)ကွာဝေးသည်။ မြောက်ဦးမြို့ (ခရစ် ၁၄၃၀-၁၇၈၄)သည် လေးမြို့မြစ်၏အရှေ့ဘက် ကမ်းစပ်တွင် တည်ရှိနေခြင်းဖြစ်လေသည်။ ဖော်ပြပါမြို့အများမှာ လေးမြို့မြစ်ဝဲယာတွင်ချည်းဖြစ်၏။ နေရဥ္စမြို့တစ်မြို့တည်းသာ အရှေ့ဘက်ကမ်းတွင်ဖြစ်ပြီး အနောက်ဘက်တွင် မြို့အများတည်ခဲ့သည်။ မြို့တည်များသည်ကိုထောက်၍မြို့၏ အနောက်ဘက်ကမ်းသည် မြေပြန့်လွင်ပြင်များ၍ လူနေမှု၊ လုပ်ကိုင်စားသောက်မှုများရာဖြစ်ခဲ့ရလေသည်။ မြေပြန့်လည်း ပင်လယ်ရေမျက်နှာပြင်မှ (၅၀) ပေ အထက်တွင်ဖြစ်လေသည်။ တောင်သူလယ်သမား (၉၅ ရာခိုင်နှုန်း)အမှုထမ်းအရာရှိ (၅ ရာခိုင်နှုန်း)သက်မွေးလုပ်ကိုင်စားသောက်နေကြသည်။

## ကျိုန်းတိုင်းမြို့

ကျိုန်းကျွန်းတောင်မြောက်ကို အမည်ပြုကာ ခေါ်ဆိုထားခြင်းဖြစ်သည်။ ကျိုန်းတောင်တစ်ဝိုက်ကို အမှီပြု၍ လူနေမှုများရာကို ကျိုန်းတိုင်း၊ ကျိုန်းမြို့ဟူ၍ သတ်မှတ်ထားခြင်းဖြစ်သည်။ မြို့တည်ချရာဌာနဟူ၍ကား မူသေမရှိချေ။ မြို့စား၊ နယ်စား၊ ကျွန်းစားတို့၏ အုပ်ချုပ်မှုအခြေချရာကို စွဲ၍ခေါ်လာခြင်းသာဖြစ်၏။ ထို့ကြောင့် ကျိုန်းတောင်တစ်ဝိုက် နန်းရာများက ထင်ရှားနေခြင်းကို သိသာနိုင်သည်။ စန္ဒဝိဇယတုံးညိုမင်း မတိုင်မီကပင် ကျိုန်းတိုင်းအမည်တွင်ပြီးဖြစ်၏။ ၎င်းဗိုလ်မင်းအဖြစ် နေခဲ့ရစဉ် ငြိမ်းချမ်းမှုရှိရာ ဤဒေသသို့ ရွှေ့ပြောင်းနေခဲ့ကြသဖြင့် စည်ကားခဲ့ ရခြင်းလည်းဖြစ်၏။ မြောက်ဦးအနီး ဘောင်းဒွတ်စသော ရပ်ရွာများပင်လျှင် ကောဇာ ၁၀၆၈

ခုနှစ်က ရွှေ့ပြောင်းလာခဲ့လေသည်။ စျေးကမ်းနားများလည်း တည်ခင်းခဲ့ရာကား၊ ပြည်သူများဖြင့် စည်ကားခဲ့ရသည်။ သုံးထောင်ချောင်း၊ သုံးထောင်ကန်၊ ဘုရားပေါင်း ဟူသောအမည်များကပင် ထင်ရှားနေပြီးဖြစ်၏။ ထို့ကြောင့် ကျိုန်းတောင်တစ်ဝိုက် လူနေမှုတည်ခင်းပြုခဲ့ရာကို ကျိုန်းတိုင်းမြို့ဟူ၍ အမည်တွင်ခြင်းဟု ယူဆရပေသည်။

## နန်းရာများ

ကျိုန်းတောင်တန်းပေါ်တွင် နရမိတ်လှ (မင်းစောမွန်)မြို့စား ဖြစ်စဉ် နေခဲ့သော နေရာကို မြို့တောင်ဟုလည်းကောင်း၊ တောင်မြို့ဟုလည်းကောင်း အမည်တွင်ခဲ့သည်။ ထို့အပြင် ကျိုန်းတောင် ပတ်ဝန်းကျင်တစ်ဝိုက် ကျိုန်းတိုက်နယ်အတွင်း မြို့စား၊ ကျွန်းစား၊ နယ်စားများတို့၏ နေထိုင်ခဲ့ရာ ဌာနတို့ကို ယခုတိုင် နန်းရာဟူ၍ ခေါ်နေခဲ့သေးသည်။ ၎င်းတို့ဆိုလျှင်. . .

၁။ ရွှေဇင်းခါနန်းရာ ခြိတ်တောင်အနီး ရွှေဇင်းခါနှင့် ကပ်လျက်)
၂။ အိမ်ရှေ့မင်းနန်းရာ(သမင်ခြီရာနှင့်ကပ်လျက်တောင်ကုန်းပေါ်တွင်)
၃။ ကျားရဲပြင်အနီးနန်းရာ
၄။ ထောင့်ချောင်းချေအနီးနန်းရာ
၅။ သုံးထောင်ရွာအနီးနန်းရာ(ဘုရားပေါင်းချောင်းတောင်ဘက်)
၆။ မြို့သူကြီးရွာ(ငါးစင်ရိုင်းချောင်းကျွန်း၊ ကုလားတန်းစား၊ ဒါးပိုင်ကြီး ငသံတွေ နေခဲ့ရာ)
၇။ တပင်တိုင်နန်းရာ
၈။ စစ်ကဲဗိုလ်မင်းရဲဘော်နေခဲ့သော ကြပ်စင်ကျွန်းအရှေ့ဘက်၊ ကေသလာကျွန်း တွင်ရှိသည်။

## လေးမြို့မြစ်အမည်ရပုံ

အဥ္စနနဒီမြစ်သည် လေးမြို့မြစ်ကိုခေါ်သည်။ မျက်စဉ်းညိုအဆင်းနှင့် တူသော ရေရှိသော မြစ်ဟုဆိုလိုသည်။ ထို့ကြောင့် ညိုသောရေစီးဆင်းရာမြစ်ကို အဥ္စနနဒီမြစ်ဟု ခေါ်သည်။ ထိုမြစ်ကိုမှီ၍ မြို့ပြထီးနန်း တည်ခဲ့ရာကား၊ အဥ္စနနဒီခေတ်ကာလဟု တင်စားသတ်မှတ်ခဲ့ကြသည်။ တချို့က လောင်းကြက်၊ ပုရိန်၊ ခြိတ်၊ စမ္ပဝက်(ပဥ္စာ) ဟူသော မြို့လေးမြို့မှာ မြစ်၏အနောက်ဘက်တွင် တည်ရှိရာကား လေးမြို့မြစ်ဟု



တွင်၏။ ဤအဆိုအရ ခြိတ်မြို့မှာ ရေတွက်ရာ၌ မပါခဲ့လေရာချေ။ နေရဥ္စရာမြို့တို့ လည်းမပါလေ။ ထို့ကြောင့် ပဥ္စာ၊ လောင်းကြက်၊ ပုရိန်၊ နေရဥ္စရာဟူသော မြို့လေးမြို့ ကိုသာ အမှန်ယူရမည်။ ထိုလေးမြို့ကိုသာစွဲ၍ လေးမြို့မြစ်၊ လေးမြို့ဌာန၊ လေးမြို့ ဒေသ၊ လေးမြို့နယ်မြေ၊ လေးမြို့ခေတ်ဟူသော အမည်နာမ ဖြစ်လာခဲ့သည်ဆို၏။ အချို့က ရှည်လျားသေးသွယ်သော မြစ်ဖြစ်၍လည်း လည်ချောင်းနှင့်တူသည်။ မြစ်ဝ တွင် ဇီဝှာဓာတ်မှာ လျှာရင်းဖြစ်သည်။ မြစ်ဖျားတွင် လက်မဓာတ်မှာ လျှာဖျားဖြစ် သည်။ လေးမြို့မြစ်ဝအဆုံးပေါက်တောမြို့ဂီဝါဓာတ်မှာ လည်ရွဲတော်(လည်ရွဲတန် ဆာ)ဆင်မြန်းသည့် နေရာမှ ဓာတ်တော်ဖြစ်သည်ကို ထောက်ဆပြောဆိုကြသည်။

ထို့ပြင်လေးမြို့မြစ်အနောက်ဘက်ကမ်းတွင် ပေါင်ရိုးတော်ဓာတ်ရှိသည်။ ပြိုင်း တိုင်တောင်တွင် ပါးရိုးတော်ဓာတ်ရှိသည်။ မောင်းဆွဲတောင်တွင် လကျာ်မောင်းတော် ဓာတ်၊ ပါးတော်တောင်တွင် လက်ဝဲပါးရိုးတော်ဓာတ်၊ လက်မဓာတ်၊ ပုရိန်ရွာ အရှေ့ မျက်နှာ၊ ပါးရွှတ်တော် (ပါးအရေပြား)၊ လက်သန်းတော်၊ လက်ရုံးတော်၊ မျက်လုံးတော်၊ နှာခေါင်းတော်၊ ဝမ်းတော်၊ တင်တော်၊ ကျောက်ရိုးတော်၊ လက်ညှိုးတော်၊ နံရိုးတော်၊ မျက်ခမ်းတော်၊ ပခုံးတော်၊ ခြေညှိုးတော်၊ အာခေါင်တော်၊ လက်ဖျံတော်၊ ကျောက်အုံ တော်၊ ကန်ကောက်တော်၊ ဖဝါးတော်၊ ကြောသားတော်၊ မျက်မှောင်တော်၊ မျက်ရစ်တော်၊ မျက်ရိုးတော်၊ သလုံးတော်၊ ကုတ်ဆက်တော်၊ ရင်တော်၊ အသည်းတော်၊ ကျောက်ကုန်း တော်၊ ကျောက်ငူတော်၊ အစရှိသော ဓာတ်တော်များလည်း ကိုယ်ခန္ဓာမှ ဆက်စပ်ရာ သရီရအစိပ်အပိုင်းများသာ ဖြစ်ကြလေ၏။

လေးမြို့မြစ်သည် သားသမီးများဖြစ်ကြသော တောတောင်၊ ချောင်းမြောင်း၊ အင်းအိုင်တို့ကို ပွားစီးလေခဲ့သည်သာမက လူနေမှုဖြစ်ပွားမှု မြို့ပြဌာနတည်ချမှု၊ အုပ်ချုပ်မှုစသော လူနေမှုအဝဝ၊ ယဥ်ကျေးမှု၊ စီးပွားရေး စသော အသက်မွေးဝမ်း ကျောင်းမှုဖြစ်ခဲ့ရသည်။ ယခုဆိုလျှင် ဤဒေသသည် မင်းပြားမြို့နယ်၏ အချက်အချာ ဖြစ်နေဘိရာကား (   )ခုနှစ် လူဝင်မှုနှင့် ပြည်သူ့အင်အား ဦးစီးဌာန ကောက်ခံချက်စာ ရင်းအရ မြို့နယ်လူဦးရေစုစုပေါင်း(     )ရှိခဲ့လေပြီ။ ထိုတွင် ကျေးလက်လူဦးရေ (   )ရခိုင်နှုန်း၊ မြို့နယ်လူဦးရေ (  )ရာခိုင်နှုန်းရှိသည်။ ဘာသာအမျိုးမျိုးကိုးကွယ်သော လူအမျိုးမျိုးရှိရာ ရခိုင်မှာအများဆုံးဖြစ်သည်။

## မင်းပြားမြို့နယ်

လေးမြို့မြစ်ဝှမ်းတွင် မြစ်ဝကျရာ အနောက်ဘက်ကမ်း ကျိုန်းတောင်ခြေရင်း၊ ယခုမင်းပြားမြို့တည်လျက်ရှိသည်။ ကောဇာသက္ကရာဇ်(၁၂၂၉)ခုနှစ် တပေါင်းလပြည့်

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

ကျော် (၁)ရက် (၁၈၆၇)ခုနှစ် တည်ခဲ့သည်ဟု မှတ်တမ်းတွေ့ရသည်။ မင်းပြားမြို့မှ မြို့နယ်ရုံးစိုက်လျက် အုပ်ချုပ်ရှိနေသည်။ မင်းပြားမြို့နယ်သည် ဧရိယာ (၁၆၉၃၀၅) ဧက ကျယ်ဝန်းသည်။ စတုရန်းမိုင်အားဖြင့် (၂၆၄. ၆၃)စတုရန်းမိုင်ရှိသည်။ တောင်မှ မြောက်သို့ (၄၁. ၅၀)မိုင်ခန့် ရှည်လျားသည်။ အနောက်ဘက်တွင် ပေါက်တောမြို့နယ် တောင်ဘက်၌ မြေပုံမြို့နယ်၊ မြောက်ဘက်၌ မြောက်ဦးမြို့နယ်၊ အရှေ့ဘက်၌ စေတုတ္တရာမြို့နယ်တို့နှင့် နယ်နိမိတ်ဆက်စပ်လျှက်ရှိသည်။

မင်းပြားမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀း၅း၃၀။ မှ ၂၀း ၅၅း၁၀။ ထိရှည်လျားပြီး အရှေ့လောင်ဂျီတွဒ် ၉၃း၆း၄၃ မှ ၉၃း၂၀ အထိ ကျယ်ဝန်းပါသည်။ မြို့တည်ရာမှ မြောက်လတ္တီတွဒ် ၂၀း၂၃း၃၀ မျဉ်းနှင့် အရှေ့လောင်ဂျီတွဒ် ၉၃း၂၇း၁၆ မျဉ်းတို့ ဖြတ်သန်းသွားသည့်နေရာတွင် တည်ရှိပါသည်။

## အပရရှိုင်မြေကို့ စောင့်ထိန်းလော့

လေးမြို့မြစ်ဝှမ်း လူနေမှုသည် မင်းပြားမြို့နယ်၏ သမိုင်း(ရခိုင်)သမိုင်းကို စတင်ခဲ့သော ကာလကပင် အခြေတည်လာခဲ့ပြီးဖြစ်၏။ မင်းပြားမြို့နယ်သမိုင်းကို ဖော်ထုတ်ရန်မှာ ရခိုင်ပြည်သမိုင်းနှင့် အကျုံးဝင်လျှက်ရှိသည်။ ထို့ကြောင့် ရခိုင်မြို့သည် မင်းများ အဆက်ဆက်ဖြစ်ရပ်ဆက်သွယ်မှု၊ သဘာဝပထဝီအနေအထားများကို ဆက်စပ်လေ့လာ ဖော်ထုတ်ရန် လိုအပ်မည်ပင်ဖြစ်၏။ ဓညဝတီခေတ်မှ မြောက်ဦးခေတ်တစ်လျှောက် လွန်ခဲ့သော ဘီစီ (၆၀၀၀)သောကာလကို မှန်းမျှော်ရန်မှာ လွယ်ကူသည် မဟုတ်ပေ။ သို့သော်လေးမြို့မြစ်၏ ပထဝီသားမြေးများဖြစ်ကြသော ရခိုင်သား၊ လေးမြို့သား၊ ချောင်းသား၊ အညာသား၊ ရကြိုင်သား၊ တောင်စဉ်သား၊ ကျွန်းသား၊ သံထောင်သားအပြင် မင်းပြားသား၊ ကြပ်စင်သား၊ ပြားချောင်းသား၊ နရမ်းသား၊ နော်နာသား၊ ကျိန်းသား၊ မော်ရွာသား၊ ဟူသမျှသည် သမိုင်းပေးတာဝန်အရအဖ ရခိုင်မြေကို စောင့်ရှောက်ထိန်းသိမ်းကြရသည်သာတည်း။

## ကျိန်းတောင်သာ– ကာလပေါ်သာခြင်း

အစိန္တေယျာ. . . . ဂုဏ်ပေါင်းအနန္တ. . . . ပြည့်ဝပါရေ၊ ဇီသျှင်ပင်ဘဂဝါ. . . ရဟန္တာငါးရာခြံရံဗျာယ်. . . တိုင်းခထွင် မဖွံ့မာက၊ ဓညဝတီ ရွှေပြည်ကိုရာ . . . ဈာန်ယာဉ်ခရီးလမ်း ကြွမြန်းလီရေခါ. . .



သေလာဂီရိတောင်ထိပ်ဗွီချာ. . . တန့်ရပ်ရေကာလခါမှာ . . . အယင်ဘဝဟောင်းကိုရာ၊ အောက်မွီးလွမ်းဆွတ်မိရေခါ. . . ယင်းအတိတ်ကို၊ အေပိုင်ဖွင့်ဟညွှန်ပြပါ. . .

ညီတော်အာနန္ဒ. . . ငါဘုရားမှာဝါ. . . . အေစခန်းတောင်ချာ. . . ကျီးမင်းဖြစ်ခရေခါ. . . သင်းပင်းဖော်ရှိအုပ်နန့်. . . ဘာသာဘာဝ ကျိန်းပျော်ပါလီရာ. . .

ဘဂဝါ. . . ရှင်စောထွင့်မဟာ. . . ယင်းပိုင်အတိကိုဆောင်လို့. . . ကျိန်းတောင်သမုတ်ခေါ်ခရာ. . . အမည်တင့်ဆန်းတောင်တန်းသာယာ . . . ဗုဒ္ဓဗျာဒိတ်ဆောင်ဟိတ် ကျိန်းတောင်သာ။

**(မြန်မာ့အသံ ရခိုင်တိုင်းရင်းသား အစီအစဉ်မှ အသံလွှင့်ထုတ်ခဲ့ဘူး၏။)**

## အခန်း(၂)

# ကာကာဂီရိ(ရွှေကျိန်းတောင်)

ကာကာဂီရိခေါ် ရွှေကျိန်းတောင်သည် အဥ္စနနဒီ(လေးမြို့မြစ်)မြစ်ဝအနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ယခုမင်းပြားမြို့၏ အနောက်ဘက်တွင် ကျရောက်သည်။ တောင်နှင့်မြောက်သွယ်တန်းနေကာ (၂)မိုင်ကျော်ရှည်လျားသည်။ ပင်လယ်ရေမျက်နှာပြင်မှ (၄၁၄)ပေမြင့်သည်။ ကျိန်းတောင်၊ မြို့တောင်၊ အလင်းတောင်၊ လွမ်းတောင်၊ ခြိတ်တောင်၊ ဘိတ်တောင်၊ သပိတ်တောင်၊ စံကားတောင်၊ ဖီလာတောင်၊ ငစည်တောင်စသည်ဖြင့် ခင်စိုင်း၊ ကုန်းတန်း၊ တောင်ပို့၊ တောင်ထွတ်စသည်တို့၌ တောင်အလုံးပေါင်း (၉၉)လုံးဆက်သွယ်ရှိသည်ဟု အဆိုရှိသည်။

ဤတောင်သည် ဧညဝတီ(၉၉)တောင်မှ သွယ်လျှောက်ဆက်သွယ်လာခြင်း ဖြစ်လေသည်။ ဧညဝတီ(၉၉)တောင်မှ သချ်ပ်တော်တောင်တန်းကိုလျှောက်၍ မြောက်ဦးသို့ဆက်သည်။ ထိုက ဘောင်းဒွတ်၊ မောင်းဆွဲတောင်၊ မဟာထီးတောင်တန်း တို့သို့ဆက်သည်။ မဟာထီးမှငုပ်၍ အထုပ်သည်မနတ်တောင်၊ ယင်းမှငုပ်လျှိုး၍ သမက်ဆင်းတောင်တန်း၊ ညံကျွန်း၊ ကုက္ကရားထောင့်၊ ထိုမှပါးတော်တောင်၊ ငါးခူတောင် တို့ကိုဆက်သည်။ ယင်းမှငုတ်ပြန်ပြီး တောင်ရင်းကျွန်း၊ ပြားကျွန်း၊ ဝင်းကျွန်းတစ်လျှောက်၊ တောင်ဝှမ်းများဖြစ်သွားခဲ့သည်။ ပါးတော်တောင်မှငုပ်၍ မင်းပြားကျိန်းတောင်သို့ဆက်လေသည်။ ကျိန်းတောင်မှငုတ်ပြီး ကြပ်စင်တောင်တန်းသို့ ဆက်ကာ ပင်လယ်ထဲသို့ ရောက်သွားလေသည်။

ကျိန်းတောင်သည် အဥ္စနနဒီမြစ်ဝှမ်း၌ ပေါ်ထွန်းနေသော တောင်လည်းဖြစ်သည်။ ဤတောင်တန်းကို အခြေခံ၍ ကုန်းမြေများ ပေါ်လာရခြင်းဖြစ်သည်။ မြစ်ချောင်းများလည်း တောင်တန်းကို အခြေခံ၍ပေါ်လာရပြန်သည်။ မြစ်ချောင်းတို့မှ အနည်ထိုင်ပို့ချ၍ တောတောင်စိမ့်ဝှမ်းဖြစ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် အချင်းချင်း အမှီသဟဲမကင်းကြချေ။ လွန်ခဲ့သော နှစ်သန်း (၃၀)ကပင် ပင်လယ်ရေဆုတ်လာမှုကြောင့် တောင်တန်းကို မှီလျှက် ကုန်းမြေဖြစ်လာရသည်။ ရခိုင်ပြည်နယ်၏ ကုန်းမြေသက်တမ်းမှာ နှစ်ပေါင်းသန်း (၁၀၀)ခန့် ရှိပြီဟုဆိုကြသည်။

ထိုသို့ကျောက်တန်း၊ လွှာတွန့်တန်းတို့ ဆင်းလာခြင်းဖြင့် မြစ်များအနည်ပို့ချမှုကြောင့် ကျွန်းကမ်းများဆက်ကာ ဆက်ကာဖြစ်လာရခြင်းဖြစ်သည်ဆိုပေသည်။



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

နောင်ကိုဆိုလျှင် ရေလက်ကြားများ တိမ်ကောပျောက်ကာ ကျွန်းကမ်းမြေများ တစ်ဆက်တည်း ဖြစ်ပေတော့မည်။

ဤတောင်တန်းသည် သက်တမ်းအားဖြင့် နှစ်ကာလသန်းကိုချီ၍ ရှည်ကြာလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရခိုင်ရာဇဝင်တို့၌ လူတို့အနှစ်တစ်သောင်း သက်တမ်းရှည်သော ကာလက ကဿပဘုရားရှင်သည် ဤတောင်တွင် ခေတ္တကျိန်းအောင်းခဲ့ဘူးခဲ့ကြောင်း ၎င်းအပြင် ဂေါတမဘုရားအလောင်းလည်း နုစဉ်ကာလက ကျေးမင်းတစ်ဇာစ်အဖြစ် ဤတောင်တွင်ပင် ကျင်လည်နေထိုင်ခဲ့ဘူးသည်ဟု ဖော်ပြခဲ့ကြလေသည်။

## တောင်၏အမည်

ရှေးရခိုင်သမိုင်းရာဇဝင်၊ လက်ာတို့တွင် ဤတောင်ကို ကာကာဂီရိတောင် ကာလာဂီရိတောင် ဟူ၍ပြဆိုပေသည်။ ကျေးငှက်သတ္တဝါတို့ကို ရခိုင်တို့က (ကျီး) ဟူ၍ ခေါ်ကြသည်။ ကျေး ခေါ် ကြက်တူရွေး၊ ကြက်တောကိုလည်း ရခိုင်လို(ကျီး)ဟူ၍ပင် ခေါ်ပြန်သည်။ တစ်ချို့က ဘုရားလောင်းကျေးမင်း (ကြက်တူရွေးမင်းဖြစ်ခဲ့သည်ကိုထောက်၍ "ကျေးတောင်(သုဝဂီရိ)သာဖြစ်သင့်သည်။ ကာကာဂီရိ ခေါ် ကျီးတောင်(ကျီးကန်)တောင် မဖြစ်သင့်ချေ" ဟု ဝေဖန်မှုရှိခဲ့ကြသည်။ ဆရာငမည် ရာဇဝင်၌လည်း ဤကဲ့သို့ပင် ဝေဖန်ခဲ့သည်။ မင်းပြားမြို့ ကျီးဖြူရွာသား ပညာရှိကြီး တစ်ဦးကလည်း ထို့အတူ ဟောပြောခဲ့ဘူးကြောင်း အဆိုရှိလေသည်။(၁)

ဤ၌ ကာကသဒ္ဒါသည် ကျီးကန်းကိုဟောသည်ဟုသာ သိကြသည်။ သက္ကဋတွင် ငှက်ဟူသမျှကို (ကာကာတုယာ)ဟု ဝိသေသအထူးပြုကာ ပြဆိုထားသည်။ ထို့ကြောင့် (ကာကာ) သဒ္ဒါသည် အတောင်ရှိ ပျံသန်းနိုင်သော ငှက်အပေါင်းကို ခေါ်ဆိုရာဖြစ်လေသည်။ ငှက်အပေါင်းပျော်မွေ့ရာ ကျက်စားရာကြောင့် "ကာကာတုယာဂီရိ"ဟု ဆိုနိုင်သည်။ တုယာသဒ္ဒါပျောက်၍ (ကာကာဂီရိ)ဟု အတိုခေါ်ဝေါ်သုံးလာခြင်းဖြစ်ချေရာသည်။ အမှန်မှာလည်း ရှေးကျသော အမည်နာမတို့မှာ သက္ကဋ၊ မာဂဓစသော ဝေါဟာရများသာဖြစ်ရာသည်။

ထို့ကြောင့် ကျီးကန်းတောင်၊ ကျေးသား(ကြက်တူရွေး) တောင်သာမဟုတ်မူဘဲ ကျေးငှက်သာရကာများစွာနှင့် ဆိုင်သော ငှက်တကာတို့၏ ပျော်စံရာတောင် အဖြစ်ဟု အသိရှင်းလင်းသင့်ကြသည်။ ကာကသဒ္ဒါမှ ကာလာသဒ္ဒါသို့ပြောင်းပြီး စိမ်းညို့တောင်၊ မှိုင်းညို့တောင်၊ ညိုမှောင်တောင်အဖြစ် ပြောနိုင်ရာကာ ကာလာဂီရိဟုလည်း ရွေ့ပြောင်းလာနိုင်ပေသည်။

## ကျိုန်းတောင်

ဖော်ပြပါ ကာကာဂီရိ၊ ကာလာဂီရိကို အခုအခါ ကျိုန်းတောင် ဟူ၍သာ လူသိများကြသည်။ ကျိုန်းတောင်ခေါ်ရခြင်းကိုလည်း အယူအဆအမျိုးမျိုးရှိကြသည်။ လူတို့သက်တမ်း အနှစ်တစ်သောင်းက ကဿပဘုရားရှင်ပွင့်တော်မူစဉ်၊ ထိုဘုရားရှင်သည် ဤတောင်၌ ခေတ္တကျိန်းစက်နားနေခဲ့ဘူးသည်ဆို၏။ ထို့အပြင် ဂေါတမဘုရားအလောင်း ကျေးမင်းသည် ဤတောင်၌ ကိန်းအောင်းခဲ့ဘူးသည်။ ထိုအကြောင်းကြောင့် ကျိုန်းတောင်ဟူသော အခေါ်တွင်မှတ်ခဲ့ရလေကြောင်း ပြဆိုကြသည်။

အလောင်းတော်ကျေးမင်းသည် မဇ္ဈိမဒေသ၌ နုစဉ်ကကျေးမင်းတစ်ဇာစ်ဖြစ်ခဲ့ဘူးသည်။ ကျေးသားငါးရာခြံရံလျက် ပျော်ပါးစွာနေခဲ့ပြီး ဟိမဝန္တာမှသည် လူသူနီးစပ်ရွာ၊ မြို့၊ ရွာ၊ ဇနပုဒ်တို့သို့လည်း သွားလာကျက်စားလေ့ရှိခဲ့ဘူးသည်။ အခါတစ်ပါး၌ အရှေ့တော်အရပ် ရခိုင်(ဓညဝတီ)(၂)သို့ ဦးတည်ပျံသန်းရောက်ရှိလာသည်။ ထိုတွင် ကျက်စားကောင်းရာကို ရှာလျှက် တောတောင်အထပ်ထပ်ကို ကျော်လွန်ဖြတ်သန်းခဲ့ကြပြီး ရောက်ရာဌာနတို့၌ ပျော်ပိုက်မွေ့လျော် နှစ်ခြိုက်ခြင်းရှိကြလေသည်။ အစားအစာအသီးအနှံများလည်း ပေါများမခန်း၊ သုံးစားမကုန်ရှိခဲ့ကြချေသည်။ ထို့ကြောင့် ရခိုင်(ဓညဝတီ)တွင် ပျော်မွေ့ခဲ့ကြလျက် အနေကြာခဲ့သည်။ တစ်စတစ်စနှင့် နေသားတကျအဖြစ် တောင်တန်းတစ်ခုကို မှီခိုကာ နေထိုင်ခဲ့ကြလေသည်။

တောင်တန်းမှာ အုံမှိုင်းဝေဆာ၊ သာယာမို့မောက်လှရာကား၊ နေထိုင်ပျော်မွေ့နှစ်ခြိုက်စရာတို့ဖြင့် ပြည့်နှက်သဖြင့် ဘုရားလောင်းကျေးမင်းနှင့် ငှက်အပေါင်းတို့ သောင်းသောင်းအုတ်အော် ပျော်မွေ့စွာ နေထိုင်ခဲ့ကြလေသည်။ အရပ်ထက်ဝန်းကျင်မှ လူအများလည်း မြင်ကြရလျှင် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ခဲ့ကြလေသည်။ ဤကဲ့သို့ ငှက်အပေါင်းတို့ ပျော်မွေ့ကျိန်းအောင်းခဲ့ရာကို အကြောင်းပြု၍ ဤတောင်ကို (ကျိန်းတောင်)ဟု ခေါ်လာခဲ့ရခြင်းဖြစ်လေသည်ဟု ဆိုကြ၏။

ဂေါတမမြတ်စွာဘုရားရှင်လည်း ဓညဝတီရခိုင်ပြည်သို့ ကြွရောက်စဉ် ဗျာဒိတ်စကားမြွက်ကြားခဲ့ဘူးပေသည်။ ထိုအကြောင်းကို ရခိုင်စာဆိုရှင်များကလည်း ဤသို့ ရေးစပ်ခဲ့ကြပေသည်။

"ရှေ့တောင်ခွင်သို့၊ ကြည့်လျှင်ရှုတ၊ မျှော်ရှု့ကမူ၊ တယူဇနာ၊ ရှိလေရာတွင်၊ ကာကာဂီရိ၊ တောင်ဝယ်ရှိ၏။ ဇာတိကျီးသား၊ ငါးရာအားလျှင်၊ ရောက်လေကျင်သော်၊ အုတ်အင်ခပင်း၊ မှီးတင်းနေမွေ့၊ သဖန်းပေတည်း၊ စားသည်များစွာ၊ ကုန်လတ်ရာလျှင်၊ ငတ်သည်ပင်တည်း၊ မရွှင်သောအား၊ တခြားဌာနေ၊ ဝေးရပ်မြေသို့၊ နှစ်လိုဝမ်းသာ၊



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိုန်းတော်ရှင်

ဝစွာရှာစား၊ သွားအံ့လောဟု၊ ပြောဟောတိုင်ပင်၊ ကျေးမင်းရှင်က၊ စိတ်တော်ရွှင်အား၊ မသွားမလိုက်၊ ဤတောင်၌လျှင်၊ နှစ်ခြိုက်ပျော်ပိုက်၊ ကျန်တုံလိုက်က၊ သေလေရ၏။ ထိုကတလှိုက်၊ နောင်နှစ်နာဂါတ်၊ ဤနေရပ်၌၊ ကျိန်းလတ်ခဲ့ရာ၊ ကျိန်းတောင်သာတွင်"

**(ဥဂ္ဂါစံ)**

## သွယ်တန်းတောင်အမည်

ကျိန်းတောင်သည် သစ်ပင်တောအုပ်များဖြင့် လွှမ်းကာမှိုင်းညို့ဝေဆာနေပေသည်။ ရာသီအလိုက်ဖူးပွင့်၊ သီးမှည့်ကာ ပင်လုံးရဲမျှ တင့်တယ်လှနေပေသည်။ တောပန်း တောင်ပန်းအလှတို့ဖြင့်လည်း တန်ဆာဆင်လျှက်ရှိသည်။ ကျေးငှက်သာရကာတို့ အိပ်စားနားနေ ပျော်မြူးဖွယ်ကား အလွန်ကောင်းပေသည်။ အရှေ့ဘက်ရှိ နွယ်ချိုဖိုးခေါင်ရိုးမတောင်ကို လှမ်းမျှော်အာရုံကျက်စားနိုင်သည်။ မြစ်ချောင်းအင်းအိုင်နှင့်လည်း နီးသည်။ စမ်းချောင်းစီးကျသံ၊ ရေတံခွန်တို့ကလည်း အဖြာဖြာသွယ်ဆင်းနေရာ၊ ရေမိုး မပူပန်ရချေ။ လယ်ယာကိုင်းကျွန်းတစ်လျှောက် သီးနှံများကိုလည်း လက်လှမ်းမီနေသည်။ တောင်တန်းတစ်ခုလုံးသည် ကျေးငှက်သံတို့နှင့် သာယာမစဲသည် သာမကတောတောင်တို့၌လည်း လူသူ မဆိတ်ညံချေ။

လူတို့နေထိုင်ခဲ့သည့် မြို့ရာရှိသည်ကို အကြောင်းပြု၍ မြို့တောင်ဟုခေါ်သည်။ ထိုမှမြောက်ဘက်ကုန်မြင့်တစ်ဝိုက်ကို အလင်းတောင်ဟု ခေါ်သည်။ ထိုမှ အနောက်မြောက်ကုန်းဆင်းတစ်လျှောက်ကို မြတောင်ဟုခေါ်ပြန်သည်။ "ကျိန်းတောင်လကျ်ာ၊ မြတောင်လက်ဝဲ"ဟူ၍ စာဆိုရှိသည်။ ထိုတောင်၏ အရှေ့မြောက်မော်တန်းလျက်ဆင်းရာတွင် လွှမ်းတောင်ရှိလေသည်။ ခြိတ်တောင်ရွာအဝင် လက်ျာဘက်တောင်ကို သပိတ်တောင်ဟုခေါ်သည်။ ထိုတောင်မှ မြောက်ဘက်ကို ဖီလာတောင်ဟု ခေါ်သည်။ ထိုတောင်၏အရှေ့ဘက်ကို စံကားတောင်ဟုခေါ်သည်။ မြောက်ဘက်ကို ခြိတ်တောင်ဟုခေါ်သည်။ ခြိတ်တောင်မှ အရှေ့ဘက်တွင် ဘိတ်တောင်ရှိသည်။ အိုးသည်ရွာ အရှေ့ဘက်တွင် အဟောင်းတောင်ရှိသည်။ တောင်ပုတ်ကြီးရွာမြောက်ဘက်တွင် ငစည်တောင်ရှိသည်။ တွေ့မဆုတ်ရွာ (ယခုတို့မဆိတ်ရွာဟုခေါ်ကြသည်။) မြောက်ဘက်တွင် တောင်ပုတ်ကြီးတောင်နှင့် ဝန်သိုတောင်ရှိသည်။ အသည်ရွာတွင် လေးမျက်နှာတောင်ရှိသည်။ ထို့ပြင် လက်ဖန်တော်တောင်ရှိသည်။ နှစ်ဆူရှင်ပင်တောင်၊ ငါးဆူရှင်ပင်တောင်၊ ပြိုင်းတောင်တော်၊ မယ်တော်တောင်၊ ဆင်ကြီးပြင်တောင်၊ ဘူးပင်တောင်၊ ဘားဘူတောင်၊ ဆိတ်ဆုံတောင်၊ ရဲတဲတောင်၊ သူဌေးကုန်းတောင် ၊ တင်းမရွာတောင်

စသည်ဖြင့် တောင်များစွာရှိသည်။ တောင်ရံတောင်ထပ်များဖြင့် သွယ်ဆင်းနေရကား လူနေမြို့ပြဌာနများပင် ရှိခဲ့သည်။ ရှေးကဤတောင်တစ်ဝိုက်တွင် ကျိန်းမြို့တည်ခဲ့လေသည်။ ယခုတောင်မြို့တောင်ဟု ခေါ်တွင်ရှိနေ၏။ မြို့စောင့်ဘုရား ဟုလည်း ထင်ရှားရှိနေသေး၏။

## မြောင်းနှင့် ရေတံခွန်များ

ကျိန်းတောင်တန်းမှာ ရခိုင်ပြည်၏ အလယ်တံတိုင်းကြီးလည်းဖြစ်သည်။ ပြည်၏ ပက်ခုံး(ပခုံး)နှင့်လည်း တူသည်ဟူ၏။ ယင်းကြောင့်၊ ပြည်တံတိုင်း၊ ပြည်ပခုံးဖြစ်သော ဤကျိန်းတောင်တန်းကား ရှေးကလွန်စွာသာယာခဲ့ပေသည်။ ယခုပင် အုံ့မှိုင်းဝေဆာ စိမ်းလန်းဖြာလျက် သာယာဖွယ် အတိရှိသည်။ သစ်ပင်ကြီးငယ် ခြုံနွယ်ပိတ်ပေါင်းတို့လည်း စည်ပင်လှသည်။ “တန်းတင်”ခေါ် ရေတံခွန်တို့မှ အမြဲစီးကျနေသော မြောင်းများလည်းမနည်းပေ။ တောင်တန်းလက်ျာတွင်လည်းကောင်း၊ လက်ဝဲဘက်တွင်လည်းကောင်း၊ ရေတံခွန်စီးကျရာမြောင်းများ အနှံ့အပြားရှိသည်။ အရှေ့လက်ျာဘက်တွင်ဆိုလျှင် ကျိန်းတောင်ရှင် အရှေ့က ရေတံခွန်ရှိသည်။ ထိုကမြောက်ဘက်လာလျှင် ကြသောင်း(ဝါးပိုး) ဝါးတောရိပ်မြိုင်ကြီး ရှိပေသည်။ ၎င်းဝါးတောတောင်ကုန်းလျှောမှ စီးကျလာသော မင်းကန်မြောင်းနှင့် ဆင်ကြီးပြင်ကျော်လမ်း တောင်ဘက်က တန်းတင်မြောင်တို့ ဖြစ်ကြသည်။ ၎င်းကျော်လမ်းမြောက်ဘက်က ဘီးလူးမမြောင် စီးကျနေသည်။ ထိုမြောင်ကသွားသော် ယခုဆိတ်ကျောင်းမြောင် (ဆိတ်ချေမြောင်)ရှိသည်။ အရှေ့ကို ဆက်သွားလျှင် ရဲတဲဘုရားတောင်ချိုင့်နှင့် လွမ်းတောင်ချိုင့်အဆက်မှ စီးကျသောတန်းတင် ရေကျေမြောင်တစ်ခုရှိသည်။ ဤမြောင်မှာ အလွန်ထူးဆန်းလှသည်။ ရေကြောမှာ ကြပ်စင်တောင်မော်မြစ်ရေကြောနှင့် ဆက်စပ်နေသည်ဟုဆိုကြသည်။ ထို့ကြောင့် ထိုမြစ်မှ ရေငံလာလျှင် မြောင်းရေလည်း ငံတော့သည်ဆိုကြ၏။ တန်ခူး၊ ကဆုန်လတို့၌ အညာမြစ်ရေငံသည့် ကာလတွင် ထိုမြောင်ရေကို မြည်းစမ်းပါက ငံကြောင်းကို သိသာလှသည်ဟု ပြောစမှတ်ပြုကြသည်။

တောင်တန်းအနောက်လက်ဝဲဘက်တစ်လျှောက်တွင်ဆိုလျှင် ကျိန်းတော်ရှင် ဘုရားအနောက်ဘက်၌ မီးကျောင်းမြောင်ရှိသည်။ ထိုကမြောက်ဘက်ရှိ ကျောင်းတောင် ချိုင့်ကြားမြောင်ကို ယခုပန်းချင်းမြောင်ခေါ်နေသည်။ ပန်းချင်းမြောင်မှာ မြတောင်အနီးတွင်းပင် ရှိရာသည်ဟု စာပေသမိုင်းအရ ယူဆကြသည်။ သို့သော် ထိုမြောင်ကိုကား ယခုရှာမရနိုင်ပါ။ သစ်ဝါးခုတ်သောသူများ ထင်ရှားသောသူများသည် ပန်းချင်းပင် (သော်ကလေး)များ ပြည့်လျက် ထိုမြောင်ကို အခါအားလျော်စွာတွေ့ကြရသည်။ တမင်



သွားရှာသူများကား ရှာမရနိုင်ဖြစ်ရသည်ဟူ၏။ ဆင်ကြီးပြင်ရွာအထက်ကို ငတောက်တူမြောင်(အချို့လည်း ပန်းခြင်းမြောင်ဟု ယူဆကြ၏)နှင့် ၎င်းလက်ဝဲဘက်တွင်ရှိသော မြောင်မှာ တလင်းကြီးမြောင်ဖြစ်သည်။ ဤတလင်းကြီးမြောင်အနီး တောင်ခြေရင်းတွင် သစ္စဗန္ဓဝမထေရ်၏ ခြေရာချခဲ့ရာ ကျောက်လုံးကြီးရှိသည်။ ဗခေါ်ခြေရာဟု ယခုတိုင် ခေါ်ဝေါ်လျက်ရှိနေသေးသည်။ ထိုမြောင်မှမြောက်ဘက်ကို ငပြီအင်းမြောင်ရှိသည်။ ဤမြောင်တို့ကား ရာသီမရွေးစီးကျနေ၍ သောက်ချိုးခြင်းများဖြင့် အသုံးပြုကြသည်။

## ခမောင်းရေကြည်

ခမောင်းပင်(ပျဉ်းမ)များမှာ အနှံ့အပြားပေါများသည်။ ကျွန်းနှင့်ပျဉ်းကတိုးပင်များကို အစိုးရက ကြိုးဝိုင်းပြုလုပ်ပြီး စိုက်ပျိုးထားရှိသည်။ ပေ(၂၀)မှ (၅၀)ခန့်အမြင့်ရှိနေကြလေပြီ။ အထူးသဖြင့် ခမောင်းပင်ရှိခြင်းကြောင့် ရေကြည်အေးမြ တသွင်သွင်စီးကျလေသလောဟု ခန့်မှန်းနိုင်သည်။ ခမောင်းပင်များမှာ အအေးကို ကြိုက်သည်။ ရေကိုဆွဲငင်ဓာတ်အားရှိသည်။ အအေးဓာတ်များရာတွင် ခမောင်းပင်တို့ပေါက်ရောက်မှုများသည်။ အအေးဓာတ်ရရန်လည်း ခမောင်းပင်ကို စိုက်ပျိုးလေ့ရှိကြသည်။ ရခိုင်မင်းများလက်ထက်“ခမောင်းကျီးဖြူ သျှိသျှားကုလားအကာ”ဟူ၍ မြို့နယ်နိမိတ်တို့တွင် ခမောင်းယတြာ အကာအကွယ်အဖြစ်လည်း အသုံးချလေ့ရှိခဲ့သည်။

အင်းချ၍မြှုပ်နှံထားသော **ယတြာအကာ ကျောက်ချပ်ပြား**တို့ကိုလည်း ယခုရရှိထားလေသည်။

အဖူး၊ အမျက်၊ အခေါင်းခံလျက် နှစ်ပေါင်းရှည်ကြာသန်မာရင့်ပြီး၊ ခမောင်းပင်ကြီးတို့မှာ ကျေးငှက်သာလိကာတို့အဖို့ ဗိမာန်နန်းပင်တည်း။ အသိုက်အအုံဖွဲ့၍ နေကြရန် များစွာသဘာဝကျသည်။ ထို့ကြောင့် ရှေးရခိုင်တို့က “ခမောင်းမျက်စွ၊ ကမ္ဘာလုံးမှာ၊ ခြက်(ခြင့်)လို့နီ၊ မျက်စွခမောင်း၊ အပင်သန်ကေ၊ လက်ျာဘက်မှာ၊ ကျီးတစ်ခေါင်း” ဟူ၍ပင် စာဖွဲ့ခြင်းပြုခဲ့ကြလေသည်။ သစ်ခွစသော ပန်းများ၏အုံဖွဲ့ပေါက်ရန်လည်း အလွန်ကောင်းသည်။ “ကျိန်းတောင်ကျော်လမ်း၊ ခမောင်းပင်မှာ၊ သဇင်ပန်း” ဟူ၍ စာဆိုရှိလေသည်။ သစ်သီး၊ သစ်ဥ၊ အဖူးအပွင့်တို့ကလည်း ကျိန်းတောင်တန်း၏ အလှသဘာဝဆင်ယင်ထားရာပင်တည်း။ ရာသီအလိုက် ဖူးပွင့်ကြိုင်လှိုင်လှသော ပန်းမာလာများကား ကျိန်းတောင်တန်း၏ ချစ်စရာအလှကို ခြယ်သမွမ်းမံထားသကဲ့သို့ပေတည်း။

# ရာသီအလိုက်ဖူးပွင့်ဝေဝေ

ဤကျိန်းတောင်တန်းတွင် သဇင်ပန်းသည် တော်ဝင်ခဲ့သည်။ "ကျိန်းတောင်ကျော်လမ်း၊ ကြက်ရိုးပင်မှာ သဇင်ပန်း"ဟူ၍စာဖွဲ့ခဲ့သည်။ ပေမန္တနတ်တော်လတို့၌ မြောက်လေ အပြန်တွင် ဂေါ်သဇင်ပန်းတို့ မွှေးရနံ့ကြိုင်လှိုင်လေ့ရှိသည်။ သဇင်ဖြူ၊ သဇင်နီ၊ ဂေါ်သဇင်တို့ကား နတ်တော်လမှ တပို့တွဲလအထိ ဖူးပွင့်ရာ အချိန်ပေတည်း။ ထို့ကြောင့်"သဇင်တွင်ပေါ်စ၊ နတ်တော်လ၊ သဇင်လည်းပွဲ၊ တပို့တွဲ"ဟုလည်း ရာသီကို ပန်းက ပြောပြခဲ့ပေသည်။ ကျိန်းတောင်တန်းမှ သဇင်ပန်းတို့မှာ သစ်ပင်တကာတို့၌စုံစွာ ပွင့်သည်ထင်၏။ ခမောင်းပင်တွင် သဇင်ပန်းသာမကဘဲ"ကျိန်းတောင်နောက်က၊ ကုန်ပုတ်ကေကျော်လမ်း၊ ကြက်ရိုးပင်မှာ သဇင်ပန်း"ဟူ၍ စာဆိုရှိလေသည်။ စင်စစ်သဇင်ပန်းသည် ကျိန်းတောင်တန်းတစ်ဝိုက် အလှအပများသာ မဟုတ်ဘဲ ရခိုင်တပြည်လုံး၏ ကျက်သရေဆောင် တော်ဝင်ပန်းလည်း မည်ပေ၏။ "သဇင်ပန်းခိုင်၊ တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း"ဟု မြတ်နိုးရာ အထွဋ်တင်ခဲ့ကြသည်။ "တောင်ပုတ်ကေ၊ ကျားခြေရာလည်း ကျော်လမ်း၊ ကျောင်းပါးတောင်မှာ သဇင်ပန်းကို လူနမ်းလားဗျာယ်(ယာ)ဟု ရခိုင်ပျိုမေတို့ကပင် ချစ်သူမောင်ကို သဇင်ပန်းနှင့်သာ နှိုင်းကာ ဇမ်းစကားဖွဲ့ခဲ့ကြသည်။

သဇင်ပန်းမျိုးစုံပြီး၊ ရွှေတူ၊ ငွေတူ၊ လက်တံတို၊ လက်တံရှည်၊ ညာစိမ်း၊ ဇရက်နတ်ခမ်း၊ (ဆက်ရက်နတ်ခမ်း)၊ မိုးဇရီပန်းစသည့် သစ်ခွပန်းတို့လည်း လွမ်းဆွတ်ချင်စရာပင် မြင့်ဘွေမှာ လန်းစွင့်ဝေကာ ဖူးပွင့်နေကြပေသည်။ လပြာသိုမှာ ခွာညိုပန်းပွင့်ကြသည်။ အေးစိမ့်ပြီး ခိုက်ခိုက်တုန်သည့် ပြာသိုလတွင် ခွာညိုက သင်းပျံ့လျက်ရှိသည်။ ရာသီပြောင်း၍ ဆောင်းအကုန်နွေအကူးတွင်မူ ဆိတ်ဖလူး (ရိုးလှသန္တာ)ပန်း။ သရဖီ၊ ဇလပ်နီ၊ ဇလပ်ဝါ၊ မိုးတိမ်ပြာစသော ပန်းတကာတို့ ဝေဆာလျက် ပွင့်ကြပြန်တော့သည်။

နွေရာသီရောက်ပြန်လျှင်ကား၊ ကျိန်းတောင်တန်းတစ်လျှောက် ဝါရွှေရောင်သန်းပြီး၊ ရနံ့ထုံလွှမ်းနေသည့် ငုရွှေဝါ၊ ပိတောက်၊ ရွှေရင်ခတ်၊ ကံကော်တို့မှာ ရခိုင်သကြံန်ကို လှမ်းလင့်ကြိုကာ သတိရစေဘိတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်စခန်းအပြင်၊ စစ်ပြီးနောက်ပိုင်းတွင်လည်း ဤကျိန်းတောင်တန်းသည် စစ်ဒဏ်ခတ်ခြင်းခံရသည်။ စစ်ကြောင့် တောနယ်အရပ်ရပ်မှ ခိုဝင်လာသူများ၏ အသက်မွေးဝမ်းကျောင်းအတွက် တောရှင်းအောင် ထင်းမီးသစ်ဝါးအသုံးချခြင်း၊ ယာလုပ်ကိုင်ခြင်း၊ ခရမ်း၊ သခွား၊ ပြောင်း၊ ပဲစသော သီနှံစိုက်ပျိုးခြင်းများ ပြုလုပ်ကြသည်။ ထို့ကြောင့် သစ်ပင်ကြီးများ တမူပြောင်းလျက် လွင်တီးခေါင်နီးကြည့်လေတိုင်း ပြာနှမ်းသွေ့ခြောက်ခဲ့ရသည်။ ယခုကား သက်ဆိုင်ရာက တားဆီးထားသဖြင့် ပြန်လည်စိမ်းလန်းစိုပြေစ ပြုလာခဲ့ပေသည်။

အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

တောင်ခြေရင်းချိုင့်ဝှမ်း၊ ကုန်းတန်း၊ ခင်စိုင်း၊ ဆင်ခြေလျောတို့တွင် သီးနှံဥယျာဉ်ခင်းများ၊ စီးပွားဖြစ် ကွမ်းရွက်ခင်းများ အစီအရီစိုက်ပျိုးရှိနေကြသည်။ ထွက်ပြူစခမောင်း၊ ကျွန်း၊ ပျဉ်းကတိုး စသော သစ်မာများလည်း ပြိုင်းရရိုင်းရှိလာသည်။ နာမည်ကျော်ကြား လူကြိုက်များသော ကျိန်းအညင်း(ညေင်း)သီးပင်များလည်း တောင်လုံးအနှံ့ပြည့်နေဘိသည်။ ရှေးကကျားရဲတိရိစ္ဆာန်များ မင်းမူခဲ့ရာ တောမြိုင်ကြီးသဖွယ် ဖြစ်ခဲ့သော်လည်း၊ ယခုကား နေရာတကာ လူသူမပြတ် ပျော်စရာဖြစ်နေသည်။ နွားကျောင်းသားတို့၏ ပုလွေသံ၊ ကျွဲနွားတို့၏ ခလောက်သံတို့တွင် လေခတ်သံ တရှဲရှဲက ပေါင်းစပ်ပေးလိုက်သောအခါ၊ သံစုံတူရိယာကဲ့သို့ နှလုံးစိတ်ဝမ်းကြည်နူးအေးမြသာယာနာပျော်စရာ ကောင်းလှပေတော့သည်။

# ဆေးပေါင်းစုံလှသော တောင်တန်း

ကျိန်းတောင်တန်းကား ဆေးဝါးများလည်း စုံလှပေသည်။ မွေတော်စက်တည်ရှိရာလည်းဖြစ်သဖြင့် ရာဇဝင်သမိုင်းတို့က နတ်ဆေးပင်များရှိကြောင်း ဖော်ပြခဲ့ကြသည်။

ရခိုင်မင်းသမီး ဆေးဝိဇ္ဇာကျမ်းပေမူအရ ဆေးပင်စုံလင်ရာတောင်များမှာ ကျိန်းတောင်၊ ငခူတောင်၊ သချိပ်တောင်တို့ဖြစ်သည်။

ကျိန်းတောင်တန်းရှိ မြတောင်နှင့် ပန်းချင်းမြောင်တို့တွင်ဆိုလျှင် ဇလပ်နီနှင့် ဆေးနီ၊ ဆေးဖြူ၊ ဆေးဝါ၊ ဆေးမည်း၊ တိမ်ပန်းခြေစသော နတ်ဆေးအပြင်၊ ဂေါလဂီရိဟူသော ဆေးပင်လည်း ရှိသည်ဆို၏။

ထင်ရှားစေအံ့။ ။ မြတောင်ဝင်လေလျှင် ပန်းချင်းမြောင်ဟူ၍ ရှိ၏။ ထိုပန်းချင်းမြောင်လက်ျာဘက်က တောင်မော်တွင် ဇလပ်နီသုံးရုံရှိ၏။ ဇလပ်နီသဏ္ဌာန်ကား၊ အရိုးအရွက်အပွင့်တို့သည် ဟသ်ာပြဒါးကဲ့သို့နီ၏။ ထိုဇလပ်နီကို လက်ဖြင့်ကိုင်လျှင် ကိုယ်ပျောက်၏။ သွေး၍မျက်စေ့တွင် ကွင်းလျှင် နတ်မျိုးတို့ကိုမြင်၏။ နတ်ဆေးတို့ကိုလည်း မြင်၏။ နေကိုလည်းမြင်၏။ အဂ္ဂိယတ်လည်းဖြစ်၏။"

"ဆေးနီ၊ ဆေးဖြူ၊ ဆေးဝါ၊ ဆေးမည်း ဤဆေး(၄)ပါးကား၊ ပန်းချင်းမြောင်တွင် ရှိ၏။ ဆေးနီဟူသည်ကား ဂြန့်စာပင်ကဲ့သို့ ရောက်၏။ အပွင့်၊ အသီး၊ အဝါရောင်ရှိ၏။ အဥ ပယင်းရောင်ကဲ့သို့ ရှိ၏။ အရသာချို၏။ ဆေးဖြူအပင်ကား တစ်ပင်လုံးဖြူ၏။

အရိုး၊ အရွက်၊ အပွင့်၊ အဉ၊ အမြစ်တို့ အကုန်မကြွင်းဖြူ၏။ ဆေးဝါအပင်ကား= အရိုး၊ အရွက်၊ အမြစ် ရွှေရောင်ကဲ့သို့ရှိ၏။ ဆေးမည်းဟူသည်ကား =မြွေစိမ်းကဲ့သို့ ရှိ၏။ နွယ်လိုအပင်တည်း။ အရွက်ဖြူ၏။ အမြစ်အသီး အစေး အိုးကဲ့သို့ ရှိ၏။ အပင်မြ ကဲ့သို့ရှိ၏။”

ရွှေတံတိုင်း၊ ရွှေတမာ၊ ဆေးပညာရှိ၊ တိမ်ပန်းခြေ၊ ဆေးဖြူ စသည့်ဆေးတို့ကား မြတောင်တွင်ရှိ၏။ တိမ်ပန်ခြေဆေးကား မိုးခါပျောက်၏။ နွေခါပေါက်ရောက်၏။ ကျီးအာသီးကဲ့သို့ရှိ၏။ ဂေါလာဂီရိဆေးပင်မည်သော ဆေးပင်ရှိရာအရပ်ကား ဇလပ်နီ ပင်နှင့် များစွာမကွာတွင်ရှိ၏။ အုတ်တံတိုင်းကျောက်တံတိုင်းတို့တွင်သာ ပေါက်၏။ အဆင်းကား အပင်နီလာအဆင်းနှင့်တူ၏။ အစေးရေကဲ့သို့ ထွက်၏။ ဤဆေးပင်ကို နတ်တို့ဝှက်ထားကြသည်။ တန်းခိုးကြီးသော ဇော်ဂျီ၊ ဝိဇ္ဇာတို့သာ စားရတတ်သည်။ ထို့ကြောင့် ၎င်းတို့သည် မပြတ်လာလျက် စားလေ့ရှိကြသည်ဟူ၏။ သီတာရေ နတ် ကျောက်ခွက်ကျောက်ပျဉ်တွင် ကြိတ်ခါ စားကြသည်ဟူ၏။

## သဘာဝကျောက်လက်ရာဆန်းများ

ဤကျိုန်းတောင်တန်း၌ ကျောက်တုံးကြီးများ၊ ကျောက်ဆောင်ကျောက်စောင်းတို့ မှာ ကျောက်ဖြစ်သဘာဝလက်ရာများဖြစ်ကြသည်။ တောင်တန်းတစ်ခုလုံးသည် ကျောက်စပ်များ၍ မိုးရွာသွန်းလိုက်လျှင်လည်းကောင်း၊ ဆီးနှင်းကျလျှင်လည်းကောင်း၊ မြူခိုး၊ မြူငွေ့များ မှိုင်းမှုံဆင်ကာ၊ လေကစားနေဘိအလား ကြည့်ကောင်းစရာ တစ်မျိုး ပင်ဖြစ်၏။ မြတောင်၌ တောင်ကွင်းပြင်တွင် မောင်းသဏ္ဌာန်၊ နေလသဏ္ဌာန်၊ လိပ်၊ နွား၊ ခုံလောက်သဏ္ဌာန် စသည်တို့တွေ့ရ၏။ နေလသဏ္ဌာန်ရှိသည်ကို နေစက်၊ လစက် ဟု ခေါ်ဝေါ်ကြသည်။

မြို့စားနေရာနန်းရာကို အိမ်ရှေ့မင်းနန်းရာဟု ခေါ်နေကြသည်။ တံခါးဝမော် ဖျားတွင်လည်း ကျောက်တုံးကြီး၌ သမင်ခြေရာများ ဖြစ်ပေါ်လျက်ရှိသည်။ စစ်ကဲမင်း စေတီအထက်တွင် ကျောက်ဆင်ရုပ်တစ်ခုလည်း ရှိသည်။ တလင်းမြောင်းအနီးတွင် သစ္စာဗန္ဓိရဟန္တာခြေရာချခဲ့ရာ ကျောက်တုံးတစ်ခုရှိသည်။ ယင်းကို ဗဒေါခြေရာ ကျောက်ဟု ခေါ်နေကြ၏။ ဤသဘာဝ ကျောက်လက်ရာတို့ကို မြင်တွေ့ရလျှင် အံ့မခန်း ဘွယ်လူများ အဆန်းတကြယ်ထုလုပ်ထားဘိသို့ ထင်ရတတ်သည်။ အမှန်ကား သဘာဝ အလျှောက်ဖြစ်ပေါ်နေကြခြင်းမျှသာတည်း။

ကျိုန်းတောင်တန်းတစ်ခွင်မှ ကျောက်များကို ထုခွဲယူလျက် လမ်းစခန်း၊ တိုက်တာ၊ ကျောင်းကန်၊ အိမ်ရာတို့၌ အသုံးပြုသော်လည်း၊ ကုန်ခမ်းနိုင်ဖွယ်ရာ မရှိပေ။





တောတောင်၊ ချောက်၊ မြောင်တို့၌ ကြီးလေးလှသော ကျောက်တုံးကြီးများ ပြန့်ကြဲလျက်ရှိ သည်။ လူအများ သယ်ယူချထားဘိအလား တောင်ခြေရင်း၊ လယ်ကွင်းပြင်၊ တောင် ကုန်း စသည်အနှံ့ တုံးလုံး၊ စောင်းထောင်၊ ဖီလာ၊ ကန့်လန့်အခန့်သား နေရာတကာတိုင်း မြင်တွေ့နိုင်ပေသည်။

## တောင်မြို့

ကျိုန်းတောင်တန်းကာ ရှည်လျားသလောက်၊ ချိုင့်ဝှမ်းများလည်း ပေါများသည်။ ညီညာဖြောင့်ဖြူးလှသော တောင်ကုန်း၊ ခင်တန်းတို့လည်း များစွာရှိပေသည်။ ချိုင့်ဝှမ်း ကျယ်များ၌ ကြသောင်း(ဝါးပိုး)ဝါးတောကြီးများ၊ သီးနှံဥယျာဉ်ခင်းကြီးများ ပြုလုပ်ထား ရှိလေသည်။ လွမ်းတောင်အနောက်ဘက်ချိုင့်ကို မြောင်ချောင်းဟု ခေါ်ဝေါ်ကြသည်။ ထိုချိုင်ဝှမ်းချောင်ထက်ကြီးသည် (ဂရင်ချိုင်) ရှိသည်။ ထိုမြောင်ချောင်းက တောင်ဘက် သို့ သွားပြီး တောင်ခင်စိုင်းကို ကျော်ဖြတ်သွားရသည်။ တောင်ကြီးအလယ်တွင် ၎င်း ဂရင်ချိုင်ရှိရာလယ်မြေ(၁၂)ဧကကျော်ကျော် ကျယ်ဝန်းမှုရှိသည်ဟု ဆိုကြ၏။ ငှက်ပျော် ဂရင် (သီးမွှေး)ပင်များကို စိုက်ပျိုးခဲ့ဘူးသဖြင့် ဂရင်ဂျိုင်ဟု ခေါ်တွင်သည်။ စပါးများ လည်း စိုက်ပျိုးခဲ့ကြသည်ဆို၏။ကျိုန်းတောင်အနောက်ဘက်နှင့် တောင်ဘက်တွင် ချိုင့် ဝှမ်းများ၊ တောင်ပြတ်များ၊ အများပင်ရှိသည်။ ပဲ၊ နှမ်းစသော ဟင်းခင်းများ ပြုလုပ်စား သောက်လျက်ရှိကြသည်။ တောင်ကုန်းရိုးလည်း ဖြောင့်ဖြူးလျက်ရှိရာ၊ ကျိုန်းတောင်ရှင် ဘုရားမှ မြတောင်တိုင်အောင် လမ်းလျှောက်သွားနိုင်သည်။ ထို့ကြောင့် ရှေးရခိုင်မင်း များ လက်ထက်ကပင်၊ ယခုမြို့တောင်ခေါ် နေရာ ကုန်းမြင့်ကျယ်တွင် မြို့ရွာတည်ချ နေခဲ့ကြသည်ဟု ယူဆကြသည်။ ထိုနေရာတို့တွင် အိုးခွက်ကွဲများ အနှံ့အပြားရရှိကြ သည်။ ဆင်ကြီးပြင်ကျော်လမ်းမြောက်ဘက် အရပ်ကား တောင်မြို့တည်ခဲ့ရာ မြို့တောင်ဟူ၍ ယခုခေါ်လျက်ရှိသေး၏။ ဘုရားအလောင်းကျေးမင်းဖြစ်စဉ် ကျေးမြို့ တော် ချက်ချာဖြစ်ခဲ့ပြီးနောက်၊ ဘုရင်မင်းတို့လက်ထက်တွင် နေအိမ်တို့ဖြင့် တည်ထောင် ချခဲ့ပေရာသည်။

မင်းစောမွန်ဘွဲ့၌လည်း၊ ကျိုန်းတောင်လကျာ၊ မြတောင်လက်ဝဲတွင် အိမ်ကြီးတစ် ဆောင် ဆောက်လုပ်ပေးခဲ့ကြခြင်းနှင့် အိမ်၏ကြီးကျယ်ခမ်းနားမှုကိုပါ ထိုဘွဲ့တွင် အထင်အရှားစပ်ဆိုထားချက် တွေ့ရပေသည်။ ထိုအိမ်ကြီး ဆောက်လုပ်ပေးခဲ့သဖြင့် ထိုနေရာကို မြို့တောင်၊ တောင်မြို့ဟူ၍ ခေါ်လေသလောဟု အောက်မေ့ရသည်။

အချို့က ပျဉ်ထောင်မြို့ဟူ၍လည်း ခေါ်တွင်ကြောင်းဖြင့် ပြောဆိုကြသည်။

ဤတောင်မြို့၌ မင်းစောမွန်သည် နှမဖြစ်သူအား ပျော်ပါးစေရန် နန်းအိမ်ဆောက်လုပ်ပေးခဲ့ပုံကို ထင်ရှားစေရန် မင်းစောမွန်ဘွဲ့မှ ထုတ်နှုတ်ဖော်ပြလိုသည်။

## လှကြားကြင်တန်၊ ပျော်ပါးစံ

"---လေ----လွမ်းတည့်သူသည်၊ လွမ်းသူကဆွေး၊ ရင်နွဲ့ကြင်တန်၊ မင်းစောမွန်ကား၊ ကျိုန်းတောင်လက်ျာ၊ မြတောင်လက်ဝဲ၊ နွယ်ရိုးသန့်စင်၊ အိမ်ရှေ့ရှင်က၊ လွမ်းတည့်ပူဆာ၊ ပျော်ပါနှမ၊ သုံးဆောင်ပြောင်သည်၊ တောင်ယောင်ပြတင်း၊ မြဆွဲလင်းနန့်၊ ငါးဆောင်ပြောင်သည်၊ တ-တတလည်း၊ ရှုတမပြီး၊ ဝင်းဆယ်ထပ်မှာ၊ ပတ်လို့နီရေခွာဖြူယောင်တမ်း၊ ကျီးယောင်ဝန်းရေ၊ ကျီးယောင်လည်းအာ၊ နန်းလေးထောင့်မှာ၊ မောင်မဟိခါ၊ မျက်စိရှာလို့၊ စိမ်းမြလည်းချမ်း၊ တိုက်ဆောင်ထဲမှာ၊ လွမ်းလဲလွမ်းလို့၊ တံပက်ကေပဝါ၊ ပိုးခါသာကို၊ မျက်ရည်လည်းပွတ်၊ သုံးထောင့်စွတ်သည်၊ မပြတ်ကြင်နာ၊ ဝါသနာကြောင့်၊ ပူဆာနှလုံး၊ မိုးနှယ်အုံးရို့၊ အိမ်ကြီးသုံးဆောင်၊ သုံးပါးမျှောင်လို့၊ အိမ်မျှောင်လို့၊ အိမ်မျှောင်ခေါင်ဆစ်၊ ဇမ္ဗူရစ်ဟု နဂါးရစ်ဆင်ဝင်၊ ငါးဆောင်ပြောင်ကို၊ ခွာဖြူဝင်လှောက်၊ ထက်ပတင်းမှာ၊ ဆွဲလင်းပေါက်ကို၊ ပြူဖောက်ပြီပြီ၊ မြဗီတာန်မှာ၊ သျှစ်ဆယ်စီလို့၊ မျှော်ရှုတင်ကော၊ ဥက္ကာင်သာမှာ၊ နီလတ်တေ----လေ"

**(မင်းစောမွန်ဘွဲ့ အဲခြင်းမှ)**

## အာရုံခံရှုစားစရာ

ကျိုန်းတောင်တန်းသည် သဘာဝသာယာသည် အလျှောက် စိတ်လက်ချမ်းသာကြည်လင်ရွှင်ပြခြင်းကိုလည်း ဖြစ်စေနိုင်ပေသည်။ သူတော်ကောင်းတို့ မဂ်လမ်းခိုရာကုသိုလ်တရားဆည်းပူးအားထုတ်ကြရာ၊ တရားဓမ္မဖြင့် မွေ့ပျော်ဖွယ်ရာ၊ တောရပ်ဆောက်တည်ရာလည်း ကောင်းဘိသည်။

တည်ကြည်လှသော စိမ့်စမ်းမြိုင်တို့လည်း တိတ်ဆိတ်ငြိမ်သက်လှသည်။ သစ်ကျားစသော တောရဲသတ္တဝါဘေးမှလည်း ကင်းလှသည်။ တည်ကြည်သော သမာဓိဖြစ်ဖွယ်ရာ အတိရှိသည်။ ကမ္မဋ္ဌာန်းဘာဝနာနှင့် ပျော်မွေ့ကြသော တောစခန်းရိပ်သာ ကျောင်းသခ်န်းတို့လည်းရှိသည်။ တောနေထေရ်အသျှင်များလည်း တင့်တယ်နေကြသည်။ ကျိုန်းတောင်၊ မြတောင်၊ အလင်းတောင်၊ ရဲတဲတောင်၊ လွမ်းတောင်တို့ကို တောရပ်ပျော်မှီး အရညဝါသီယောဂီထေရ်သျှင်တော်တို့ ဘာဝနာစခန်းရိပ်သာဌာနတို့တည်း။

အဝေးမှပင် ဦးညွှတ်ကြည်ညိုဖွယ် ထင်ရှားနေသော ကျိုန်းတော်ရှင် ဘုရားမှာလည်း ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်တင့်တယ်နေသည်။ ဘုရားရှင်၏ ဓာတ်မွေတော်စေတီ ပုထိုးတော်များကို ကျိုန်းတောင်၏ အဖူးအညွန့် အထွဋ်အချာများပင်တည်း။ တောင်ကုန်းရိုးကို လျှောက်၍ ဘုရားစေတီဖူးမြင်ရန် လှည့်ပတ်ရှုစားရန်အပျော်အပါး ခရီးထွက်ရန်တို့အတွက် ခရီးလမ်းလည်း ရှင်းနေသည်။ တောင်ကုန်းတန်း ဝဲယာရှုစားလေလျှင် ကျိုန်းတိုက်ခွင်နှင့် မင်းပြားမြို့ကို အထင်အရှားမြင်နိုင်သည်။ ဆေးရောင်စုံခြယ်သထားဘိသို့ သဘာဝပန်းချီကားတစ်မျှ ခန်းနားထည်ဝါနေလေသည်။

လေးမြို့မြစ် ရှေးရခိုင်မင်းတို့ သင်္ဘောသွားလာရာ ရေကြောင်း(ဇီးပင်ကြီးမြစ်ကြောင်း)မင်းကြောင်းတို့တွင် လှော်ခတ်၊ ခုတ်မောင်း၊ လူးလာဝင်ထွက်နေကြသောလှေသင်္ဘောများကိုလည်း ရှုစားနိုင်သည်။ ကျိုန်းတောင်တန်းကား မပြောင်းလဲနိုင်သောသမိုင်းကြောင်းကို အမြဲတမ်း ပြောပြလျက် တည်ရှိနေမည်သာတည်း။

## ကျီးဖြူရွာနှင့် မေထွီးယေပုံဝတ္ထု

ကျီးဖြူရွာပုံဝတ္ထုမှာ ရခိုင်ပြည်မှ ပေါ်ပေါက်လာခြင်းဖြစ်၏။ ဒေသန္တရဖြစ်ရပ်စဉ်ကို တီထွင်ပြောဆိုမှု ဝတ္ထုလည်းဖြစ်သည်။ ရခိုင်တို့၏ ပင်ကိုယ်ဘဝ သရုပ်ဖော်ပြောဆိုလာခဲ့သော ရှေးအကျဆုံးဝတ္ထုဟု ဆိုရမည်ဖြစ်သည်။

ဤပုံဝတ္ထုဖြစ်ပေါ်လာရန် ဇာတ်လမ်းကိုမူကား ကျိုန်းတိုင်းက ဖန်တီး၍ ပေးခဲ့လေသည်။ ကျိုန်းတိုင်းအတွင်း တည်ရှိသော ကျိုန်းတောင်တန်းတွင် ဘုရားအလောင်းတော် ကျီးမင်း(ကြက်တူရွေး)အဖြစ်မှစ၍ ကျေးငှက်များနေခဲ့ကြောင်းကို ဖော်ပြခဲ့ပေပြီ။ ထိုစဉ်ကာလတွင် ဘုရားအလောင်း၏ ကျေးဖော်များမှာ တောင်မြို့တွင် သာယာပျော်မွေ့ရာ အချက်အချာဌာနဖြစ်ပြီး ဘုရားအလောင်းကျေးမင်းမူ ကျိုန်းတော်ရှင်ထိပ်၌ ကျိုန်းအောင်းရာ ဌာနပြုခဲ့သည်။

အခါတစ်ပါး၌ ဘုရားလောင်းကျေးမင်း၏ ကျေးဖော်ငါးရာတို့သည် အစာရှာကြရန် တစ်နေရာသို့ ပျံသန်းရောက်သွားကြလေသည်။ လူသူရပ်ရွာ နီးစပ်ရာတို့၌ အစားအစာတို့ကို လှည့်လည်ရှာဖွေစားသောက်ခဲ့ကြ၏။ ထိုစဉ် ကာလဝေသာလီမြို့အနီး ဆင်းရဲသော မေထွီးယေသားအမိ အိမ်အနီးသို့ ရောက်လေလျှင် နေလှမ်းထားသော နှမ်းတစ်ဖျာကို မြင်ကြလေသည်။ မိခင်သည် သမီးငယ်အား နှမ်းများကိုအစောင့်ထားခဲ့ပြီး၊ တောသို့ထင်းခွေသွားနေသည်။ အစောင့်ကျန်နေလိုက်သော သမီးငယ်အား ကျေးငှက်များ တစ်စေ့မျှမစားစေရန်လည်း ကောင်းစွာမှာထားပြောဆိုသွားခဲ့လေသည်။ ထို့ကြောင့် မိန်းကလေးသည် အမိမှာခဲ့သည့်အတိုင်း ဂရုစိုက်၍ကောင်းစွာ စောင့်ကြပ်နေခဲ့လေသည်။

ယင်းသို့စောင့်နေရင်းပင် ကျေးများသည် နှမ်းဖျာအနီးသို့ တစ်စတစ်စ အုပ်ချီ၍ များပြားစွာ ရောက်လာကြသည်။ နှမ်းဖျာတစ်ခုလုံးကို ကျေးများက ချီယူသွားလုမတတ် ဝန်းရံနေကြပြီးဖြစ်သည်။ ပြင်းပြသော နေရောင်ခြည် သန်းနေသည့် အပူရှိန်အငွေ့ကြောင့်လည်းကောင်း၊ နေပူတွင် စောင့်နေရသည့် အတွက်လည်းကောင်း၊ မိန်းကလေး၏ မျက်စေ့မှာလည်း ရီတီတီမှုံဝါးဝါးရှိနေသည်။ သို့အတွက်ကြောင့် ကျရောက်လာသော ကျီး(ကြက်တူရွေး)များကို ဖွေးဖွေးဖြူလျက်ရှိသည်ဟုသာ မြင်ယောင်တော့သည်။ သို့သော်လည်း ကျေးများကား အတင်းအရင်း မလုပ်ကြ။ နှမ်းရှင်မထံမှပင် စားခွင့်ပြုရန် အသာအယာ ပြောဆိုတောင်းခံလာကြလေ၏။

နှမ်းရှင်မငယ်လည်း "မစားပါနှင့် အမေရောက်လာလျှင် အရိုက်ခံရမည် စိုးရသည်" ဟု ချောင်းစွာ ပြော၍ထားလေသည်။ ကျေးများက ထပ်မံ၍ "အားလုံးမစားပါ။ အနည်းငယ်သာစားပါစေ"ဟု ဆိုသော်လည်း သူမကခွင့်မပြု။ သို့သော် ကျေးများမှာ အာသာဆန္ဒပြင်းပြနေကြသည့်အတိုင်း မစားရလျှင် မဖြစ်၊ ထို့ကြောင့် "တစ်ကောင်လျှင် တစ်စေ့ကျသော်လည်း စားခွင့်ပေးပါ"ဟု သနားခံကာ ပြောကြပြန်သည်။ မိန်းမငယ်လည်း "အသင်ကျေးဖြူတို့ မိခင်ခွင့်ပြုခြင်း မရှိခဲ့သဖြင့် သည်းခံကြပါ" တစေ့ကို မဆိုထားဘိ၊ တစ်ပိုင်းကျစီပင် ကျွန်မပေးခွင့်မရှိပါ"ဟု အဆုံးစွန်သော စကားကို ပြောလေသည်။

သို့သော်လည်း ကျေးသားတို့က "မစိုးရိမ်ပါနှင့် အမိဆဲဆိုခြင်းဖြင့် ရိုက်နှက်ကဖခင်ထံဝင်ပြေးပါ။ ဖခင်ကလည်း ခိုခွင့်မပေးဘဲ ရိုက်နှက်ပြန်က ဦးလေး၊ ဦးကြီး၊ ဘထွေး၊ မိထွေးများထံ ဝင်ပြေးပါ၊ ၎င်းတို့ထံကလည်း ဝင်ခွင့်မရလျှင် လွတ်ရာသို့ ထွက်ပြေးပါ။ ပြေး၍မလွတ်က မတတ်သာသည်အဆုံးတွင် အမျိုးအဆွေတို့ထံ ဝင်ပြေးပါ။ ၎င်းတို့ကလည်း ခိုကိုးရာမပေးဘဲ ထို့အတူပြုကျင့်ပါက မလွတ်သာနိုင်လျှင် ငါတို့ထံ မေးမြန်း၍ ပြေးလာခဲ့ပါ။ ရောက်ပါလိမ့်မည်"ဟု ပြောဆိုကြလေသည်။ ထိုနောက် တစ်ယောက်တစ်စေ့ကျပင် စားသွားပါမည်"ဟု ဆိုပြီး ဝိုင်းဝန်း၍ စားကြတော့ရာ ဖျာတစ်ခုလုံးရှိ နှမ်းများမှာ ပြောင်ရှင်းလေတော့သည်။ ထိုအခါ မိန်းကလေးလည်း မိမိအရိုက်ခံရတော့မည်ဟု ငိုကြွေးလေသည်။ ထိုကြောင့် ကျေးသားတို့သည် ဖျောင်းဖျောင်းဖျဖျ သက်သာရာရစေပြီး မိမိတို့နေရာသို့ ပျံသန်းလာခဲ့ကြလေသည်။

ညနေ တွင် မိခင်ထင်းခွေရာမှ ပြန်ရောက်လျှင် နှမ်းများကို စိစစ်မေးမြန်းလေရာ ကျေးသားတို့ စား၍ကုန်ခဲ့ပြီဖြစ်ကြောင်းပြောလေလျှင်၊ မိခင်လည်း သမီးငယ်အား ဒေါသအမျက် ခြောင်းခြောင်းထွက်၍ ပြင်းစွာရိုက်နှက်လေ၏။ မိခင်ရိုက်လေလျှင် တစ်ယောက်မှတစ်ယောက်ထံ လွတ်ရာပြေး၍ အသနားခံပါသော်လည်း မလွတ်ရှာလေ။ အားလုံးကပင် ဝိုင်းဝန်းရိုက်နှက်ကြလေသဖြင့် မခံသာနိုင်တော့ရာကား၊



နောက်ဆုံးတွင် ကျေးသားတို့ထံပင် ပြေးရရှာလေသည်။ ကျေးသားတို့ မှာထားသည့်အတိုင်း လမ်းတွင်တွေ့ရသော နွားကျောင်းသား၊ ကျွဲကျောင်းသား၊ ဘဲ၊ ကြက်၊ ဆင်၊ မြင်း၊ ဆိတ်ကျောင်းသားတို့ကို တစ်ထောက်တစ်ထောက်ဖြင့် အဆင့်ဆင့် မေးမြန်း၍ ပြေးခဲ့ရှာသည်။ ထိုသို့ပြေးစဉ် မေးရာ၌ -

နွယ်ကြိုးတစ်ခွိ၊ နွားတစ်ရှိနန့်
အမောင်ယောကျ်ား၊ နွားကျောင်းသားရို့
တံခွန်ယပ်ယပ်၊ လီသသွတ်နန့်
ဇရပ်ကေသာယာ၊ ကျီးဖြူရွာကား
ဇာမှာလေ့---မောင်ရို့---ဟု မိန်းကလေးက မေးလေလျှင်
နွားကျောင်းသားများကလည်း
"နွားကြိုးတစ်ပင်၊ ကျစ်ခဦး
နွားချီးတစ်ဗက်၊ ပစ်ခဦး
ထမင်းတစ်လုတ်၊ စားလီဦး
ရီတစ်မှုတ်၊ သောက်လီဦး
အမောအပန်းလည်း ဖြီခဦး

ကျီးဖြူရွာကား၊ မြောက်စူးစူးမှာ ဟိလီယင့်"ဟု ညွှန်ကြားလေ၏။ ထိုမှတစ်ဆင့် ကျွဲကျောင်းသားတို့ထံ ညွှန်ကြပြန်လေ၏။ ယင်းသို့ ဆက်ကာဆက်ကာ အစဉ်အတိုင်း မေးမြန်းသွားလေသော် နောက်ဆုံး ဆိတ်ကျောင်းသားတို့ထံ ရောက်သွားခဲ့၏။

၎င်းတို့အားလည်း မေးမြန်းလေပြန်သဖြင့်-
"တောင်လည်း သုံးတောင်၊ ကျော်လီဦး
ကွင်းလည်း သုံးကွင်း၊ သန်းလီဦး
နောက်တစ်တောင်ပေါ်က
မျှော်ကြည့်ကိုက်ကေ-
ကျီးဖြူရွာကို မြင်ရလိမ့်မေ''ဟု ပြောဆိုကြလေ၏။
ထိုနောက်ဆိတ်ကျောင်းသားတို့က လမ်းညွှန်ပြလို၍-
"အရှိဖက်က၊ ကြိမ်တန်းရေ
အနောက်ဖက်က၊ စူးတန်းရေ
အရှိလမ်းကိုလည်း၊ မလိုက်လီကေ့
အနောက်လမ်းကိုလည်း၊ မလိုက်လီကေ့
အလယ်ဖြောင့်ထိုး၊ လမ်းမရိုးကို လိုက်ပါလီ" ဟု ညွှန်ပြလိုက်လေသည်။

ထိုအခါ ကျေးသားနှင့်တွေ့ရ၍ပြေးလာကြောင်း ပြောလေလျှင် အားလုံးက တယုတယပြု၍ ခေါ်ယူသွားကြလေသည်။ ကျီးဖြူမြို့သို့ ရောက်သောအခါ-

"ရွှေလှေကားနန့် တက်ဖို့လား

ငွေလှေကားနန့် တက်ဖို့လား"ဟု မေးကြလေသည်။ သူငယ်မက ရိုးသားဖြောင့် မတ်စွာဖြင့် ပြန်ပြောသည်ကား-

"ရွှေလှေကားနန့်လည်း မတက်ပါ

ငွေလှေကားနန့်လည်း မတက်ပါ

မိဖထုံးစံ ဝါးလှေကားနန့်တက်ပါဖို့"ဟု ဆိုလေ၏။ ထိုအခါ ကျီးဖြူတို့က ရွှေလှေကား ထောင်ပေးပြီး တက်စေလေသည်။ အိပ်မည်ရှိသောအခါ ကျေးသားတို့က

"ရွှေသဘောက်နန့် အိပ်ဖို့လား

ငွေသဘောက်နန့် အိပ်ဖို့လား"ဟု မေးကြပြန်ရာ၊ စိတ်ကြီးသူမဟုတ်ဘဲ ရိုးဖြောင့်သော မိန်းကလေးဖြစ်ရာကား-

မိဖထုံးစံ သဘောက်စာ သဘောက်နန့် အိပ်ပါဖို့" ဟုဆိုလေသော်၊ ကျီးဖြူတို့က ရွှေသင်ဖြူးဖျာကို ခင်းပေး၍ အိပ်စေလေ၏။ ထမင်းတည်ခင်းစဉ်လည်း-

"ရွှေလောင်ပွန်းနန့် စားဖို့လား

ငွေလောင်ပွန်းနန့် စားဖို့လား"ဟု မေးကြပြန်လေသဖြင့် သူငယ်မကလေးက လည်း သဘောထားရိုးစွာဖြင့်ပင်-

"မိဘထုံးစံ၊ မြီလောင်ပွန်းနန့်ရာ စားပါဖို့" ဟု ပြောလေ၏။ ထိုအခါ ရွှေလင်ပန်း၊ ငွေလင်ပန်းနှင့် အပြည့်ထည့်၍ ကောင်းစွာကျွေးမွေးကြလေ၏။ ရေသောက်ရန် မေးသောအခါ၌လည်း-

"မိဖထုံးစံ၊ မာလာခွံနှင့် သောက်ပါမေ"ဟု ပြောလေ၏။

ယင်းသို့ ကျကျနန ပြုစုလုပ်ကျွေးလျက် နေ့ရက်ကြာစွာ ထားရှိနေလာခဲ့လေသည်။ သို့သော်လည်း ကာလကြာသောအခါ သူငယ်မသည် မိခင်ကြီးကို သတိရလာ၏။ အောက်မေ့တ,သလွမ်းဆွတ်ခြင်းကြောင့် ပြန်ချင်မှုဖြစ်လာခဲ့ရလေ၏။ ထို့ကြောင့် မျက်ရည်များ တရွဲရွဲဖြစ်ကာ ငိုယိုခဲ့လေတော့သည်။ ထိုအခါ ကျေးသားတို့က

"မစားရလို့ရာ ငိုရေလား၊ မပျော်လို့ရာ ငိုရေလား"

ဟုမေးကြလေ၏။ သူငယ်မကား-

"မပျော်လို့လည်း မဟုတ်ပါ၊ မစားရလို့လည်း မဟုတ်ပါ၊ လွမ်းတလို့ရာ ငိုစွာပါ" ဟု ပြောလေလျှင် ကျေးသားတို့သည် ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြားစသော ရတနာမျိုးစုံတို့ကို အထုပ်တစ်ခုပြုလုပ်၍ ဖာချုပ် အထပ်ထပ်တွင် ထည့်ကာပေးလွှတ်လိုက်ကြလေသည်။ လမ်းခရီးတွင် စားသောက်ရန်လည်း အစားအစာတို့ကို ပြင်ဆင်ထည့်ပေး





လိုက်ကြသည်။ လမ်းတွင် မည်သူအားမျှလည်း အထုပ်ကို ဖွင့်မပြဘဲ၊ အိမ်ကိုရောက်မှ သားအမိနှစ်ယောက် လူမသိ၊ ရှင်မမြင် လုံခြုံသော အိမ်ခန်းထဲ၌ ညဥ့်အခါ တိတ်တဆိတ် ဖွင့်ကြည့်ပါလေ"ဟု မှာကြားလိုက်လေသည်။

သူငယ်မလည်း လာလမ်းခရီးစဉ်အတိုင်း ဆိတ်ကျောင်းသား၊ ကျွဲကျောင်းသားများကို တွေ့၍နှုတ်ဆက်ကာ၊ ကျေးဇူးတင်ကြောင်း ဝမ်းသာအားရပြောလေ၏။ အိမ်သို့ရောက်သော် သားအမိနှစ်ယောက် ဖွင့်ကြည့်ကြလေ၏။ ထိုအခါ တစ်သက်စာ စားသောက်မကုန်နိုင်သော ရွှေ၊ ငွေရတနာများကို တွေ့ကြရလေသဖြင့် နေ့တွင်းချင်းပင် ထင်းခွေအလုပ်ကြမ်းတို့မှ လွတ်ကင်း၍ အစဉ်ချမ်းသာကြွယ်ဝခဲ့ရလေ၏။ ရပ်ရွာသားများက သူတို့အဖြစ်ကို မြင်ကြရသဖြင့် "နီချင်းကြွယ်မ" ဟု ခေါ်ကြလေ၏။

ယင်းတို့အဖြစ်ကိုသိမြင်သော အမျိုးသမီးတစ်ယောက်သည် နှမ်းတစ်ဖျာကို လှမ်းလေ၏။ ကျီးဖြူကို ရောက်လာ၍ စားသောက်စေကာ၊ ခရီးစဉ်အတိုင်း ထွက်ပြေးဟန်ဖြင့် လာခဲ့လေ၏။ ပဌမသူငယ် မိဖထုံးစံကိုမလိုက်ဘဲ စိတ်နေမြင့်သောကြောင့် အဆင့်နိမ့်ဖြင့်သာ ပြုစုဧည့်ခံခဲ့ကြလေသည်။

ကာလအတန်နေစေပြီးလျှင် ပြန်ခါနီး၌ အထုပ်ပြုလုပ်၍ ပေးလိုက်ကြလေ၏။ အိမ်သို့ပြန်ရောက်လေသော် ထိုအထုပ်ကို တစ်အိမ်သားလုံးဝိုင်း၍ ဖွင့်ကြလေ၏။ ရွှေ၊ ငွေ ရတနာများ မရှိပါဘဲ၊ အဆိပ်ပြင်းထန်သော မြွေချည်းထည့်ပါလာသဖြင့် တစ်အိမ်သားလုံးမြွေပေါက်၍ သေဆုံးကြရလေ၏။

ဤကျီးဖြူရွာ(၁)ဝတ္ထုတွင် ကျီးဖြူတို့ထံ ပြေးလာရောက်ခဲ့သူမှာ ရခိုင်ဝေသာလီမှဖြစ်သည်ဟု ဆိုကြလေသည်။ အချို့လည်း ကျိန်းတောင်အနောက်ဖက် ရှိထောင့်ကျောင်းရွာ အရပ်သူမဟုလည်း ပြောနေကြ၏။ မင်းပြားမြို့အဝင် တန်းတင်မြောင်နှင့် ဘီလူးမမြောင်၏ အရှေ့ကွင်းပြင်ကို ယခုထိ ကျီးဖြူရွာဟု သတ်မှတ်ခေါ်တွင် လျက်ရှိသည်။ သူငယ်မလမ်းတွင် မေးမြန်းခဲ့သော ဆိတ်ကျောင်း သား၊ ကျွဲကျောင်းသားတို့၏ ကျွဲ၊ နွားကျောင်းရာဌာနကိုလည်း ကျွဲကျောင်းကုန်ပုတ် (ကုန်ပို့)၊ နွားကျောင်းကုန်ပုတ် စသည်ဖြင့် ယခုထိ နေရာအမှတ်အသား ကျန်ရှိသေး သည်ကို တွေ့ရ၏။

ကျီးဖြူတို့ ရွှေလှေကားထောင်၍ ခေါ်တင်ဆောင်ယူသွားသည့် ဌာနလည်း ယခု တန်းတင်မြောင်ပင်ဖြစ်သည်ဟု ဆိုကြ၏။ ထိုမြောင်စောင်းကား မြင့်မားမတ်စောက်လှပေသည်။ ယခုပင် လှေကားမဲ့တောင်ပေါ်သို့ မတက်ရောက်နိုင်ချေ။ ကျီးဖြူရွာဝတ္ထုကား မည်သို့ဆိုစေ ရခိုင်ပြည်တွင် ရှေးကျလျက် လူတို့ပြောလာခဲ့ကြသော ပုံဝတ္ထုတစ်ခု အဖြစ် ယနေ့တိုင် ထင်ရှားနေပါတော့သည်။

## အခန်း(၃)

# ကျိုန်းကျွန်းတိုင်း၏ မင်းပြားမြို့

မင်းပြားမြို့သည် စစ်တွေခရိုင်အတွင်း အဝင်အပါ မြို့တစ်မြို့ဖြစ်လေသည်။ စစ်တွေမြို့၏ အရှေ့ဘက်မိုင်(၃၀)အကွာ၊ အဥ္စနနဒီလေးမြို့ မြစ်ဝကျသော ရာမောင်မြစ်ကမ်း အနောက်ဘက် လက်ဝဲကမ်းနားတွင် တည်ရှိသည်။ စစ်တွေမြို့မ ရေကြောင်းမီးသင်္ဘောဖြင့် မိုင်လေးဆယ်ခန့် သွားလာခုတ်မောင်းရလေသည်။ ရှေးအခါကပင်ကျိုန်းကျွန်းတိုင်း အဝင်အပါဖြစ်၍ လက်ယာ(၉၉)မြို့တွင် စာရင်းဝင်ဖြစ်လေသည်။ ထို့ကြောင့် ရှေ့ကျစွာကပင် တည်ရှိအမည်ဖြစ်ထွန်းလာခဲ့ကြောင်းမှာ ထင်ရှားလေသည်။ သို့သော် မင်းပြားမြို့တည်မင်းနှင့် မြို့တည်ရာဌာနတို့ကိုကား အသေအချာမသိနိုင်ချေ။ ရခိုင်မင်းပိုင်နက်မြေနေရာလည်းဖြစ်၊ ဆားငံရေမိရာလည်း ဖြစ်သောဌာနတွင် ရခိုင်မင်းတို့ အဆက်ဆက်မြို့ပြတည်၍ လာရခြင်းကြောင့် မင်းပြားမြို့ဟူ၍ ခေါ်လာရခြင်းပင်ဖြစ်သည်။ အစဉ်ပြောလာကြသည်ကား မင်းပြမြို့ဟူ၏။ စန္ဒြားမင်းလက်ထက်တိုင်းခန်းလှည့်လည်စဉ် လှေဖောင်သည် စမ္ဗလယ်သောင်ကျွန်း၌ တင်မိရာ ဝဲယာကိုရှုစားလေစဉ် မင်းပြားမြို့တည်လတ္တံ့မည့်နေရာကို မြင်လေသည်။ ထိုအခါ ဤနေရာတွင် မြို့ရွာတည်ချမှု ဖြစ်ပေလတ္တံ့ဟု မင်းမိန့်ညွှန်ခြင်းပြုခဲ့သောကြောင့်တည်း။ အချို့ကလည်း မင်းစောမွန်ကား ကျိုန်းတောင်လက်ယာ၊ မြတောင်လက်ဝဲ၊ နွယ်ရိုးသန့်စင်၊ အိမ်ရှိရှင် မြို့စားဘဝဖြင့် နန်းအိမ်ဆောက်လုပ်နေခဲ့လေသည်။

ထို့ပြင် စန္ဒဝိဇယမင်းတုံးညိုသည် ကျိုန်းကျွန်းတိုင်းမှ နေ၍ မြောက်ဦးထီးနန်းကို ဆက်ခံခဲ့ရသည်။ ထို့ကြောင့် ဤကျွန်းမှ မင်းပေါ်ထွက်သည့်အတွက် မင်းပေါ်မြို့ဟုတွင်သည်ဟူ၏။ မင်းစောမွန်နေခဲ့သောနေရာကို တောင်မြို့ဟူ၍လည်းကောင်း၊ ပျဉ်ထောင်မြို့ဟူ၍လည်းကောင်း ခေါ်သည်။ ကျိုန်းတောင်တန်းအလယ်လောက်တွင် ရှိသည်။ အချို့ကလည်း ဘုရားလောင်းကျေးမင်းဖြစ်စဉ် ကျေးမြို့တော်ချက်ချာဖြစ်ခဲ့ပြီးနောက် ကျီးဖြူဝတ္ထုရွာ ကျီးဖြူရွာတည်ခဲ့သည်။ ထိုက ဘုရင်မင်းများလက်ထက် မြို့နယ်စားများ နေခဲ့သည်အတွက် မြို့တောင်ဟူ၍လည်းကောင်း တောင်မြို့ဟူ၍လည်းကောင်း ခေါ်တွင်မှုဖြစ်သည်ဟုလည်း ဆိုကြသည်။ ထို့ပြင် ယူဆချက်ရှိသည်ကား အင်္ဂလိပ်မင်းကြီး ရာပသိန်သတ်ခေါ် ရောဘာဆင်လက်ထက် မြို့ချရန် သင့်မည့်

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိုန်းတော်ရှင်

နေရာဟူ၍ ညွှန်ပြခဲ့သောကြောင့် မင်းပြဟူ၍လည်း ခေါ်ကြခြင်းဖြစ်သည်ဆို၏။ လောင်းကြက်၊ ပုရိန်၊ မြောက်ဦးခေတ်တို့တွင်ကား ထိုမင်းပြမင်းပေါ်ဟူသော အမည်သည် မထင်ရှားခဲ့ချေ။ ကျိုန်းတောင်တန်းကို အမှီပြု၍ ကျိုန်းကျွန်းတိုင်း ကျိုန်းတိုင်းမြို့ဟူသော အမည်ဖြင့်သာ သမိုင်းတင်လာသည်။

ထိုကျိုန်းကျွန်းတိုင်းမြို့ကား ကျိုန်းတောင်တစ်ဝိုက်လူနေမှု တည်ခင်းများပြုရာရပ်ရွာများကိုပင် စုပေါင်း၍ ခေါ်ဆိုခြင်းဖြစ်မည်ဟု ယူဆမိသည်။ အမှန်အားဖြင့် မြို့ဟူ၍ သီးခြားတည်ရှိခြင်းကား မဖြစ်နိုင်ချေ။ မြို့စား နယ်စား ကျွန်းစားတို့ ခန့်အပ်ထားခြင်းကို အစွဲပြု၍ ခေါ်ဆိုလာခြင်း ဖြစ်မည်ထင်သည်။

ရာဇဝင်တွင် ထင်ရှားသော ကြက်သရေရွာမှာ စေည်တောင်ရွာအနီးတွင် တည်ရှိဖူးသည်။ ယခုပြိုပျက်သွားခဲ့လေပြီ။ ခြိတ်တောင်ရွာအနီး ရွှေဇင်းခါနှင့် ကပ်လျက်နန်းရာရွာ (ယခုအိမ်ရှေ့မင်းရွာ) ကျားရဲပြင်အနီး နန်းရာ။ ထောင့်ချေရွာအနီး နန်းရာ။ တောင်မြို့၊ မြို့တောင်နေရာတို့ကား ကျိုန်းကျွန်းတိုင်း၏ မြို့စား၊ နယ်စား၊ ကျွန်းစား၊ မှူးမတ်တို့အုပ်ချုပ်နေခဲ့သော နေရာဌာနဟောင်းများပင် ဖြစ်သည်ဟု ဆိုနိုင်လေသည်။

ဤကျိုန်းကျွန်းတိုင်းကား မည်သည့်ကာလကစ၍ လူနေမှုတည်ရှိလာသည်ဟု အတိအကျမပြောဆိုချေ။ အင်္ဂလိပ်သုတေသီတစ်ဦး ခရစ် (၁၈၈၇)ခုနှစ် ရောက်ရှိလေ့လာမှတ်တမ်းအရ တင်ပြရလျှင် ပုရိန်ခေတ် ကောယမင်း မတိုင်မီကပင် မြို့လူမျိုးများ နေထိုင်ခြင်းဖြစ်ခဲ့ရာ၏ဟု ဆိုလေသည်။ ၎င်းသုတေသီ၏ မှတ်တမ်းတွင် ကျိုန်းတောင်၏ မြောက်ဘက်ထိပ်တွင် မြိုလူမျိုးများ၊ ရိုးရာထုံးစံအရ မြှုပ်နှံထားခဲ့သော အရိုးအိုးများကို တွေ့ရသည်။ ၎င်းတို့သည် အလောင်းကောင်ကို မီးသဂြိုဟ်၍ ကျသောပြာများကို မြေအိုးငယ်တွင် ထည့်၍ မြှုပ်နှံထားခဲ့သော သင်္ချိုင်းရာတွင် ဂူငယ်များကို တူးဖော်တွေ့ရှိရသည်။

သင်္ချိုင်းဂူတစ်ခုစီတွင် အရိုးပြာနှင့် သဲမြေများရော၍ ထည့်ထားသည့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအိုးငယ် အများအပြား တွေ့ရှိရာ အချို့အိုးငယ်များမှာ ရှစ်လက်မ တစ်ပေခွဲအထိ အမြင့်ရှိပြီး၊ လုံးပတ်အဝန်းမှာ တစ်ပေခွဲမှ သုံးပေခန့်ရှိသည်။

ထိုသင်္ချိုင်းရာကို မည်သည့်ခေတ်ကပင် ပြုလုပ်ခဲ့သည်ကို အတိအကျ မပြောနိုင်သော်လည်း မြိုလူမျိုးတို့မှာ တစ်ချိန်က ရခိုင်မင်းတို့၏ နယ်ပြည်တော်များအား များစွာ အနှောက်အယှက်တိုက်ခိုက်ဖူးပေသည်။ ဥပမာပုရိန်မြို့ခေတ်က သက္ကရာဇ် (၄၉၅-၅၁၁) ခရစ်အေဒီ (၁၁၃၃-၁၁၅၃)ကောလိယမင်းသည် မြို့တော်ကို နှောက်ယှက်လာခဲ့သည့် မြိုလူမျိုးများအား တိုက်ထုတ်ခဲ့ရသဖြင့် လေးမြို့ချောင်းဖျားသို့ ဆုတ်ပြေးခဲ့ရဖူးသည်။ ထို့ကြောင့် မြိုလူမျိုးတို့မှာ ထိုစဉ်မတိုင်မီက ဤနေရာတွင် အရိုးအိုးမြှုပ်နှံထားခဲ့

လေသည်ဟု ဆိုသည်။

ဇင်းသုတေသီမှတ်တမ်း၌ ကျိန်းတောင်ကို ရှေးအခါက ရေနုစာရပဗ္ဗတဟူသည့် နောက်တွင် မြို့တောင်၊ သို့မဟုတ် ဂေါတမရှင်၏ ပါးမွေးတော်ဓာတ်ကို ဌာပနာ၍ စေတီတည်ထားခဲ့သောကြောင့် တို့ကို အကြောင်းပြု၍ ပါးမွေးတောင်ဟု အမည်ပြောင်းလဲလျက် ခေါ်လာကြပေသည်။ ဇင်းနောက် ဇင်းတောင်တန်း၏ တောင်ဘက်စွန်းထိပ်တွင် ကျန်းတော်ရှင်ဘုရားစေတီကို အမှီပြု၍ ကျိန်းတောင်ဟု ယခုအခါ ခေါ်ကြလေတော့သည်ဟု မှတ်တမ်းရေးထားခဲ့လေသည်။

ရခိုင်ရာဇဝင်နှင့် ဘုရားသမိုင်းအပြင် အစဉ်ယူဆချက်အရဆိုလျှင် ကျိန်းတောင်ကို ကာလာဂီရိတောင်၊ သို့မဟုတ် ကာက ဂီရိတောင်ဟု ခေါ်ကြောင်း ဗုဒ္ဓသည် ကျီးမင်း(ကျေးမင်း)တစ်ဇာစ်ဖြစ်ခဲ့ဖူးသည့်အတွက် လျှာရင်းတော်(ဇီဝှာတော်)ဓာတ်ကို စေတီတည်ထား၍ ဇီဝှာဓာတ်စေတီသာ တည်ရှိလေသည်။

ရခိုင်တို့အယူအရ နေနုစာရ သို့မဟုတ် ရေနုသာရတောင်မှာ ကျိန်းတောင်၏ မြောက်ဘက် (မင်းကန်မြစ်တဘက်ခြား)တွင် တည်ရှိသော ပါးတော်တောင်ပင်ဖြစ်သည်။ ထိုတောင်၌ ဗုဒ္ဓ၏ ပါးရိုးတော်ဓာတ်တည်ရှိဌာပနာ၍ စေတီတည်ထားသဖြင့် ပါးမွေးရှင်စေတီ၊ ပါးရိုးမွေးရှင်စေတီဟု ထင်ရှားသည်။ ဇင်းသုတေသီက ရေနုသာရတောင်နှင့် ကာလာဂီရိတောင်ကို ပေါင်းလျှက် ရေနုစာရတောင်ဟု တစ်ခုတည်းအမည်ကိုသာယူပြီး မှတ်တမ်းရေးခဲ့ခြင်းဖြစ်သည်ဟု ထင်ရသည်။

ဇင်းသုတေသီ၏မှတ်တမ်းတွင် စမ္ပဝက်မြို့ကို ဤကျိန်းတောင်အနီးတွင် တည်ခဲ့ကြောင်းဖြင့် ထူးခြားစွာဖော်ပြထားချက်တစ်ခုကိုတွေ့ရရာ ထူးဆန်းသော အချက်ဖြစ်ချေသည်။ ဇင်းမှာဖော်ပြသည်ကား "သက္ကရာဇ် (၅၃၈)ခရစ်အေဒီ ၁၁၇၆ နှစ်နန်းတက်သောခြိတ်မြို့ တတိယဆက်မြောက်ဖြစ်သည့် ဓနရူပေါမင်းသည် ခြိတ်မြို့မှ နှစ်နှစ်အကြာတွင် ဖဲခွာခဲ့၍ သက္ကရာဇ် (၅၄၀)(ခရစ်အေဒီ-၁၁၇၈)ခုနှစ်တွင် စမ္ပဝက်မြို့ကို ကျိန်းတောင်တန်း၏ အရှေ့မြောက်ဘက် တောင်ခြေရင်းတွင် တည်ထောင်ခဲ့သည်။ ထိုမြို့၌ ဓနရူပေါမင်းမှစ၍ ဇင်းဓနရူပေါမင်း၏သားတော် မဇ္ဈူသင်သည် တိုင်းချစ်မင်းအမည်ခံ၍ ခရစ်အေဒီ ၁၁၇၈ မှ ၁၁၈၂ တိုင်အောင် ဆက်ခံဖူးသည်။ ဇင်းတိုင်းချစ်လက်ထက်မှသာလျှင် ခရစ်အေဒီ ၁၁၈၂ ခု၊ ကောဇာသက္ကရာဇ် (၅၄၂)တွင် မြို့ဟောင်းတောင်ငူသို့ ပြောင်းရွှေ့သွားလေသည်။ စမ္ပဝက်မြို့သည် ရခိုင်ရာဇဝင်တွင် အရေးကြီးသော်လည်း မည်သည့် အစအနများကိုမျှ မတွေ့ရှိရတော့ပေဟူ၏။

ဤအချက်ကို စဉ်းစားလေ့လာသင့်သည် ထင်၏။ သုတေသနပြုသင့်သည် ထင်၏။ ရခိုင်ရာဇဝင်တွင်ကား စမ္ပဝက်မြို့တည်နေရာကို ဖော်ပြခြင်းမရှိပါ။ သို့သော်



ရခိုင်သုတေသီများက အဋ္ဌနနဒီခေါ် လေးမြို့မြစ်ကမ်းပါးအရပ် (ယခုမြောက်ဦးမြို့ခေါ် မြို့ဟောင်းမြို့မှ အရှေ့မြောက်ထောင့် သုံးမိုင်ကျော်ရှိ ချောင်းသစ်မြောက်ဘက်ပြင်) မိုးကြီးပြင်တွင် တည်ခဲ့သည်ဟု ယူဆကြသည်။ ပဥ္စာမြို့နှင့် စမ္ပဝက်မြို့မှာ အနီးစပ်ထက်အောက်မျှသာ ဖြစ်သင့်သည်ဟူ၏။ ဇင်းသုတေသီက မင်းပြားမြို့၏ချောင်းဝ (စမ္ပလယ်ချောင်း) အမည်ကိုလည်းကောင်း၊ စမ္ပလယ်သောင်ကျွန်းကိုလည်းကောင်း၊ တွေ့ရှိသဖြင့် ယူဆခြင်းဖြစ်မည်ဟု ထင်ရသည်။

စမ္ပဝက်မြို့အပြင် "ဇင်းတောင်တန်း (ကျိန်းတောင်တန်း)၏ အနောက်မြောက်ဘက် တောင်တန်းအဆုံးတွင် ကောဇာသက္ကရာဇ် (၆၈၉)ခရစ်အေဒီ ၁၃၂၈) ခုနှစ်လောင်းကြက်မင်းဆက် ကိုးဆက်မြောက်ဖြစ်သော ဘုရင်မင်းထီးတည်ထောင်ခဲ့သောမြို့ရာဟောင်း ရှိပေသည်။ ထိုမြို့တည်ပြီး မကြာမီအတွင်း ရခိုင်ပြည်ကို ရှမ်းများဖျက်ဆီးလေသဖြင့် ပျက်စီးသွားလေတော့သည်။ ဇင်းနေရာတွင် မြန်မာ(ခရစ်၁၇၈၈) မင်းလက်ထက် မြို့စားတည်ဆောက်နေခဲ့သေးသည်။"ဟူ၍ ရေးသားခဲ့လေသည်။ ကျိန်းတောင်အနောက်ဘက် အိမ်ရှေ့မင်းရွာအနီး နန်းရာနှင့် နန်းဦးစေတီ၊ ဦးတော်ဆေးကန်စသော ရာဇဝင်ဖြစ်ရပ်ဌာနများကား ရှိနေသေးသည်။ အိမ်ရှေ့မင်းနန်းရာဟုခေါ်သည်။ တောင်မြောက်အလျားပေ (၇၇၀)ရှည်သော ကျောက်တံတိုင်းဖြင့် တောင်နံပါးမြေညှိလျက် ပြုလုပ်ထားခြင်းဖြစ်သည်။ တံတိုင်းဝင်ထွက်ရန် မုခ်ပေါက်ခုနှစ်ခုလည်း ရှိသည်။ တံတိုင်းမှာ အမြင့်ဆုံးငါးပေရှိသည်။ အနံကျယ်နန်းရာပြင်ကား ပေ (၄၀)ကျော်ရှိသည်။

စန္ဒဝိဇယ၏သားတော် အိမ်ရှေ့မင်းသား ရဲဘော်သည် မြို့စားအဖြစ် စံနေခဲ့ဖူးသည်ဟု ယူဆကြသည်။ စန္ဒဝိဇယမင်း၏ ဆွေမျိုးများထဲမှလည်း ကျိန်းတိုင်းက မင်းအဖြစ်ဆက်ခံနိုင်ခဲ့ခြင်း စသည်များ၊ ကျိန်းတိုင်းကို အုပ်ချုပ်ခဲ့ကြသူများ ဆက်လက်ရှိနေခဲ့သေးသည်။

ထို့ပြင် ရခိုင်သမ္မတမင်း၏ အိမ်ရှေ့မင်းသား စစ်ကဲရဲဘော်သည်လည်း မြန်မာမင်းသိမ်းပိုက်စဉ် ကျိန်းအရပ်၌ အစောင့်ချထားသော မြန်မာစစ်တပ်ကို တိုက်လေရာ ဖမ်းဆီးခြင်းခံရသဖြင့် ကျိန်းအရပ်တွင်ပင် အသတ်ခံသွားရရှာလေသည်။

ဤနန်းရာကား အင်္ဂလိပ်သုတေသီဖော်ပြသော သဲမြို့တော်ရာဟောင်းဖြစ်ခဲ့ဟန်မတူချေ။ ဇင်းမှတ်တမ်း၌ကား ထိုမြို့ရာဟောင်းမှာ အုဋ်ဆောက်အအုံတို့သာ ပျက်စီးလျက် ရှိနေခြင်းကို တွေ့ရသည်ဆို၏။

ထို့ပြင် ဇင်းနေရာ၌ ရှေးဟောင်းသမိုင်းအနေဖြင့်လည်းကောင်း၊ အနုပညာလက်ရာအနေဖြင့်လည်းကောင်း၊ စိတ်ဝင်စားဖွယ် မတွေ့ရှိရပေဟုလည်း ဖော်ပြထားသည်ကို

ထောက်ဆနိုင်လေသည်။ သမိုင်းဆိုင်ရာဌာန၊ သုတေသနဌာန၊ ရာဇဝင်သုတေသီများတို့က ယခုနန်းရာကို လေ့လာပြီး ထိမ်းသိမ်းပြုပြင်ထားရန် ကောင်းလှပေသည်။

ဤသဲမြို့အမည်ကို မင်းနယ်ပြည်တော်မြို့ အမည်များ၌ မတွေ့ရှိရပေ။ လက်ဝဲလက်ယာ (၉၉)မြို့စီ မြို့အမည်တို့တွင်ကား မလာချေ။ သို့သော် မင်းပြားစမ္ပလယ်ချောင်းမှဆက်လျက် ဖောက်ထွက်သွားသည့် သဲတန်းချောင်းသည် ခြိတ်တောင်မှနေ၍ မင်းကန်မြစ်သို့ စီးဝင်သွားသည်။ သဲတန်းချောင်းနားတွင် တည်ရှိသော သဲတန်းရွာဟူသည့် အနေဖြင့်ကား ရွာတစ်ရွာ ယခုထိ တည်ရှိချေသေးသည်။

မင်းပြားမြို့မှ မြောက်ဘက်နှစ်မိုင်သာ ကွာဝေးလေသည်။ ကျိန်းတောင်က အရှေ့မြောက် ခပ်ယွန်းယွန်းသာကျသည်။ ဤသဲမြို့အပြင် ဘိတ်မြို့၊ နဂရာသာစည်မြို့ဟူ၍ လေးမြို့မြစ်ကမ်းပါး၌ မင်းထီးလက်ထက်တည်ခဲ့ကြောင်းဖြင့် ပါးစပ်ရာဇဝင်တွင် ပြောဆိုရှိနေကြသည်။ ထိုရခိုင်တို့အပြောကို မှီ၍ ရေးခြင်းလေလောဟူ၍လည်း ယူဆနိုင်ပါသည်။

ရခိုင်ရာဇဝင်တွင်ကား မင်းထီးနန်းစံ (၁၅)နှစ်မြောက်တွင် ရှမ်းတို့လေးမြို့ချောင်းကို တိုက်ဖျက်လာသည်။ ပျက်စီးလေပြီးသော တောင်ငူမြို့ကိုလည်း မင်းထီးဘုရင် တည်တော်မူသည်ဟူ၍သာ ပြဆိုထားချက်လာသည်။

မင်းထီးမတိုင်မီ ခြိတ်မြို့သည် ဒသရာဇာမင်း၏ သားတော် ကောလိယမင်း၏ မြေးတော်ဖြစ်သော မင်းဖုန်းစားလက်ထက်တစ်ကြိမ် ရှမ်းတို့စစ်ပြုလာဖူးသည်။ ထိုအကြိမ်ကို လိုက်လံတိုက်ခိုက်၍ ရရှိခဲ့သော သုံ့ပန်းရှမ်းများကို ကျိန်းကျွန်းတိုင်းအဝင်ဖြစ်သော သိမ်းကပါကျွန်း၊ မင်းမကျွန်းတို့၌ ရွာတည်ချပေးခဲ့ကြောင်း ရခိုင်ရာဇဝင်၌ ပြဆိုထားသည်။

ထိုကျွန်းများမှာ ယခုကျိန်းအနောက်ဖက်ပိုင်း (ရေပူသိမ်တောင်နှင့် ပန်ဇင်းမော်အနီး)တို့တွင် ရှိကြချေသည်။မင်းရာဇာကြီးလက်ထက် ပဲခူးမှယူလာသော မွန်တို့ကိုလည်း တည်ချပေးခဲ့ရာ တလိုင်းကွင်းဟူ၍ အမည်ထင်ရှားရှိနေသေးသည်။

ကျိန်းတိုင်းကား တောင်ဖက်ကို တမန့်ဆည်မြစ်၊ စွန်ရဲမြစ်ဖြင့်လည်းကောင်း၊ အရှေ့ဘက်ကို လေးမြို့မြစ်၊ ရာမောင်မြစ်ဖြင့်လည်းကောင်း၊ ပိုင်းခြားထားသော ပရိစ္ဆေဒအတွင်း ဖြစ်သည်။

စွန်းရဲကျွန်း၊ သိမ်းကပါကျွန်း၊ မင်းမကျွန်း၊ ဗျိုင်းကျွန်း၊ ဖက်ရုံကျွန်း၊ စမ္ပလယ်ကျွန်း၊ ထိန်း တိုင်းကျွန်းများသည်လည်း ကျိန်းတိုင်း၏အရံကျွန်းများအဖြစ် ပါဝင်ကြသည်။ ရခိုင်ဘုရင်ခေတ်တွင် လောင်းကြက်၊ ပုရိန်၊ မြောက်ဦးမြို့နေပြည်တော်၏ အရေးကြီးသော တောင်ဘက်အပိုင်းအခြား ပရိစ္ဆေဒတွင်လည်း ကျရောက်လေသည်။



"ရာမောင်နတ်ကြီး၊ ပြင်ကဆီးသည်၊ ရန်မီးတစ်ခါ မပြုလာ" ဆိုသည့်အတိုင်း ရာမောင်နတ်ကြီး၏အပိုင်းအခြားနယ်မြေဝင်လည်း ဖြစ်သည်။

ကောဇာ (၇၆၈ မှ ၇၈၈)ထိ လောင်းကြက်ခေတ်တွင် တလိုင်းနှင့် မြန်မာတို့ (၁၉)နှစ်တိုင်တိုင် စစ်ခင်းခဲ့ရာနယ်မြေတွင် ကျရောက်သဖြင့် တလိုင်းအမတ် လာဝမ်ကြွယ်နေခဲ့ရာ "ကင်ပိတ်ကျယ်"ဟူသော အရပ်၊ တလိုင်းစစ်တပ်တည်နေခဲ့ရာ ကျိန်းတောင်ချိုင့်ဝှမ်းရှိ "ဂရင်ဂျိုင်" အရပ်တို့ကား သမိုင်းသက်သေခံပင်တည်း။ မင်းပြားမြို့အနီး ကင်းစခန်းချထားခဲ့ရာ ကင်းဆိပ်၊ အသည်သား၊ တောင်သားတို့အားချထားခဲ့ရာ အသည်ရွာချမ်းသာသူများနေခဲ့ရာ" သူဌေးကုန်း-ဗားဗူတောင်" သီရိသုဓမ္မ ရာဇာမင်းဟရီလက်ထက်စေည်ဆရာ (ဗာရဲဘ)ငသောဖြေနေခဲ့သော ဗူးပင်ရွာများကလည်း လူနေမှုကို သက်သေခံလျက် ရှိနေသည်။ ကျိန်းတောင်အရှေ့အနောက် မင်းကန်မြင်နှင့် လေးမြို့မြစ်ကို အမိကပြု၍ အစောင့်ချအပ်ခဲ့သည့် အတွင်းရဲတိုက်၊ အပြင်ရဲတိုက်၊ ပြောင်းတစ်လုံးမော်ဂူလီမော်တို့သည် ၄င်းတပ်ကို ကြီးကြပ်ရသော စစ်ကဲ၏ အလှူဖြစ်သည့် စစ်ကဲကန်၊ စစ်ကဲသိမ်စေတီအပြင် ဝန်သိုစေတီ၊ လမ်းစေတီများကလည်း အုပ်ချုပ်မှုပြနေရသူများ၏ ကုသိုလ်တော်လက်များအဖြစ် တည်ထားသမိုင်းရေးခဲ့ရာလည်း ဖြစ်ချေသည်။

ကျိန်းတိုင်းငဝေရွာမှ မင်းဖြစ်လာသော (ရွှေတုံးညို)စန္ဒဝိဇယမင်းနှင့် ပတ်သက်ရာများကား သမိုင်းအတွက် တန်ဖိုးရှိလေသည်။ ထိုသို့ ရာဇဝင်ဖြစ်ရပ်တို့ကို ရေးသားနေရလျှင် ကျယ်ဝန်းပေရာ၏။ ကျိန်းတောင်ဝဲယာခြေရင်းတို့၌ များစွာသော ရေကန်၊ တံတိုင်းရာများ၊ စေတီပျက်များ၊ အဆောက်အအုံပျက်ရာများ ဘုရားရုပ်ထုများလည်း ဖြန့်ကြဲလျက် ရှိပါသေးသည်။

မည်သို့ဆိုစေ ကျိန်းတိုင်း၊ ကျိန်းကျွန်းတွင် ကျိန်းမြို့ဟူ၍သာ အင်္ဂလိပ်ပိုင် စထိရေးစပ်သုံးနှုန်းလာခဲ့ကြောင်းကို ထင်ရှားတွေ့ရပေသည်။ ဥပမာ-သော်တလီအောင်ကျော် ရွှီ (ဒေးဝန်ကြီး)ကိုယ်တွေ့ စစ်ချီရတုဖြစ်သော ဗမာ့ချီရတု၌ ည်း "ကျိန်းရှိနောက်မှာ ကျွန်းအုပ်မောင်ညိုကြံလျက်"ဟူ၍သာ ရေးစပ်ခဲ့ဖူးသည်။ ရခိုင်ရာဇဝင်တို့၌လည်း "ထိုမှတဖြာ၊ ကျိန်းမြို့သာ၌၊ ရုက္ခကံ့ကော်၊ မြက်သစ်ကျော်နှင့် မြင်သော်လန့်ကြောက်၊ တပ်ကြီးဆောက်၏"ဟူ၍လည်းကောင်း၊ "နာမတွင်ခေါ် ကျိန်းမြို့တော်၌ ကံ့ကော်သစ်တပ်၊ သောင်းခုံရပ်တွင် တည်အပ်နေမှု စပ်လျဉ်း၍ ရေးစပ်ခဲ့ဖူးသည်ကိုလည်း ထောက်ရှုနိုင်သည်။

ထို့ကြောင့် ကစ္ဆပနဒီဝဲယာ(၉၉)မြို့စီ စာရင်းဝင်မင်းပြားမှအစ မင်းပြ၊ မင်းပေါ်၊ သဲမြို့၊ စမ္ပလယ်မြို့များထိ မည်သို့များပြားသော အမည်စဉ်လာရှိစေကာမူ၊ ကျိန်းကျွန်း၊

ကျိန်းတိုင်းမြို့သာ အထင်ရှားဆုံးဖြစ်ပေသည်။ တစ်နည်း-ကျိန်းတောင်၏အမည်ကို အမှီပြု၍ ထင်လာသော ကျိန်းမြို့သာ ရခိုင်ရာဇဝင်တွင် အသက်အရှည်ဆုံး အမည် အခိုင်အမာဆုံးဖြစ်မည်ဟု ဆိုနိုင်လေရာသည်။

ကျိန်းကျွန်းတိုင်း ကျိန်တိုင်းမြို့ကား ရခိုင်ပြည်ကို မြန်မာမင်းသိမ်းပိုက်ပြီးနောက်မှ စ၍ တိမ်ကောသွားခဲ့လျှင် အင်္ဂလိပ်လက်အောက် တဖန်ရောက်လာသောအခါ မင်းပြားမြို့အမည်ဖြင့် ဆိပ်ကမ်းမြို့အဖြစ် ထွန်းလာခဲ့ရသည်။ အင်္ဂလိပ်မင်းသည် ကောဇာ ၁၁၈၆ ခု (ခရစ်-၁၈၂၅)နှစ်မှစ၍ ရခိုင်ကို သိမ်းပိုက်ရရှိလျှင် ၁၈၂၆-ခုနှစ် စစ်တွေမြို့ကို တည်ထောင်ပြီး ၊ ရခိုင်ပြည်အရပ်ရပ် ဆိပ်ကမ်းကျရာတို့၌ မြို့ငယ်များကို တစ်စတစ်စ သတ်မှတ်ချရပ်လေသည်။

ထိုသို့ချရပ်လိုသဖြင့် မင်းပြားမြို့ကိုလည်း မြို့အုပ်ရုံးစိုက်ရာ မြို့တစ်မြို့အဖြစ် သတ်မှတ်တည်ချရန် စစ်တွေခရိုင်ဝန်က သွားရောက်နေရာသစ် ရွေးချယ်ခဲ့ရလေသည်။ အင်္ဂလိပ်တို့က ကျီးဖြူရွာအမည်ရှိသော ရွာကို စုံစမ်းရာ ၊ ယတြာ၊ နံနိုပ်၊ ဓာတ်ရိုက်၊ ဓာတ်ဆင်ခြင်းဖြင့် လူထုစိတ်ချောက်ချားမှုအသွယ်သွယ် လုပ်ရပ်ရှိဖူးသော အင်္ဂလိပ်တို့ နည်းပရိယာယ်ကို သံသယစိတ်ဖြစ်လျှက် ရွံ့မုန်းခြင်းကြောင့်၊ (စမွလယ်ချောင်းအဝ) ကမ်းမျှောင်နံယောင်ခပ်တစ်လျှောက်ကိုသာ လွှဲဖယ်၍ ပြခဲ့ကြလေသည်။ ထိုအခါ မြို့ချရန်အတွက် အမည်သညာကင်ပွန်းပေးရန်ပါ ဆွေးနွေးခဲ့ကြရာ၊ မင်းပြမြို့၊ မင်းပေါ်မြို့၊ ကျိန်းမြို့ စသည့်အမည်အမျိုးမျိုးကို တင်ပြခဲ့ကြသော်လည်း၊ အင်္ဂလိပ်တို့သဘောအရ မင်းပေါ်မြို့ဟူသည်ကို နံနှိပ်လျက် မင်းမပေါ်ဘဲ ပြားဝပ်နေစေလိုသည့် နိမိတ်ကို ဆောင်လျက် မင်းပြားမြို့ဟူသော အမည်ကိုပင် မှည့်ခေါ်ရန် သတ်မှတ်စေခဲ့သည်ဟူ၏။ ပထမတွင် ကျွန်းအုပ်တို့ဖြင့်သာ (ကျိန်းကျွန်းအုပ်၊ တောတန်းကျွန်းအုပ် စသည်ဖြင့်) ခန့်အပ်အုပ်ချုပ်မှု ပြုလာခဲ့လေသည်။ မင်းပြားကျိန်းကျွန်းအုပ်မှာ ချင်းပုံ၏မြစ်တော်သူကို ပထမခန့်အပ်ခဲ့သည်။ ၎င်းကို သူ၏ခုနှစ်နှစ်အရွယ်(စစ်တွေမြို့ကို အင်္ဂလိပ်ပိုင်စ ခရစ် ၁၈၂၆ ခုနှစ်အချိန်)ကပင် အင်္ဂလိပ်စစ်တပ် ကွန်မန်ဒါ စစ်ဗိုလ်တစ်ဦးက အင်္ဂလန်သို့အတင်းယူဆောင်လျက် ပညာသင်ပေးပြီး ခရစ်ယာန်ဘာသာသို့ သွတ်သွင်းပေးခဲ့သည်။

ခရစ်ယာန်အမည်ဖြင့် မစ္စတာဂျော့ကာဟုတွင်၍ ရခိုင်တို့က ယာကုပ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ၎င်းသည် မင်းပြားမြို့တည်စက ပထမကျွန်းအုပ်ဖြစ်ပြီး မကြာမီ စစ်တွေမြို့သို့ ပြောင်းသွားရကာ၊ ပထမဆုံး အင်္ဂလိပ်စာသင်ကျောင်းအုပ်လုပ်၍ စာပြခဲ့ရသည်။ ၎င်းသေလွန်လျှင် စစ်တွေမြို့ ပါဒလိပ်ချိပ် (ယခင် ရဲဝင်း)တွင် သင်္ချိုင်းကျောက်တိုင်စိုက်ထားခြင်း ပြုခဲ့လေသည်။ မင်းပြားတွင် ကျွန်းအုပ်များဖြင့် အုပ်ချုပ်



စဉ်က တောစသော ပုန်ကန်တော်လှန်ရေးသမားများ ပေါ်ပေါက်ခဲ့သဖြင့် ကျွန်းအုပ်များမှာ ကြောက်ရွံ့ခြင်းကြောင့် စစ်တွေသို့ တိမ်းရှောင်ခဲ့ရလေသည်။

ထိုအခါ ၎င်းသူပုန်ကို အင်္ဂလိပ်တို့မှ နှိမ်နင်းပြီးပြီးမှ မြို့အုပ်များ ခန့်အပ်လျက် ရုံးစိုက်ချရာ "ကောဇာ ၁၂၂၉ ခု၊ တပေါင်းလပြည့်ကျော်တစ်ရက်နေ့ မင်းပြားမြို့တည်သည်ဟူသော မြို့တည်နေ့ရက် သတ်မှတ်ပြုလျက် ယခုထိ အစဉ်တည်လာခဲ့ခြင်း ဖြစ်လေသည်။

ကောဇာ ၁၂၂၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် တစ်ရက်နေ့ကို မင်းပြားမြို့တည်သည်ဟု ကင်းပွန်းကမ္ပည်းမထိုးမီ၊ မင်းပြားမြို့ဟူ၍ သာမညအမည်ဖြင့် အတော်ကြာ ကျွန်းအုပ်ဖြင့် အစားထိုးအုပ်ချုပ်စေခဲ့သည်ဟူ၏။ မြို့တွင် ဌာနဆိုင်ရာ အုပ်ချုပ်မှု ဌာနဟူ၍ကား ထိုစဉ်က မရှိသလောက်ဖြစ်သည်။ အခွန်အကောက် တိုက်စာရေး မြေတိုင်းပုလိပ်စသည်များလည်း အခါအားလျော်စွာ စစ်တွေမှတဆင့်လာ၍ လုပ်ငန်းစီရင်သွားကြမှု ရှိလေသည်။ ထို့ကြောင့် မင်းပြားမြို့နှင့်ဆိုင်ရာ ရေးမှတ်ထားသော မှတ်တမ်းစာပေတို့တွင် သက္ကရာဇ် ၁၂၁၄ ခု တပို့တွဲလတွင် (အမှီးသက်ဆင်) ရောက်သည်ဟု အစောဆုံးတွေ့ရသည်။ အမှီးသက်ဆင်ဆိုသည်မှာ လယ်ယာမြေနှင့်ဆိုင်ရာ မြေတိုင်းစာရေး ကိုယ်စာရေး လယ်ခွန်မြေခွန် ကောက်ခံသူများကိုပင် ဆိုလိုသည်။

ထိုနောက် မင်းပြားမြို့ကိုဖြတ်လျက် ကြေးနန်းဆက်သွယ်မှုပြုလုပ်ကြောင်း မှတ်သားချက်တွေ့ရသည်မှာ ၁၂၂၅ ခု တပေါင်းလတွင် သံကြိုးသွယ်သည်ဟူ၏။ ထို သံကြိုးသွယ်ပြီးသည်နောက်တွင်မှ ၄ နှစ်အကြာတွင် (၁၂၂၉ ခု တပေါင်းလပြည့်ကျော် တစ်ရက်) မှ မင်းပြားမြို့ကို တည်သည်ဟု မှတ်တမ်းပြုဆိုသောကြောင့် ထို ၁၂၂၉ ခုနှစ်မှ မြို့အုပ်မြို့ပိုင်ရုံးက နားရဲဌာနစသည်များဖြင့် မြို့နယ်အုပ်ချုပ်မှု စနစ်တကျ စတင်လာခဲ့ရမည်ဖြစ်လေသည်။

ထိုနောက် ၁၂၃၂ ခုနှစ်၊ နတ်တော်လကစ၍ အစိုးရ ဇင်းခါကြီး(လမ်းမ) (လမ်းပန်းဆက်သွယ်ရေး)ဆည်ဖို့လျက် ၁၂၃၃ ခုနှစ် တံတားခင်းသည်။ ၁၂၃၆ ခုနှစ် ဈေးဆိုင်ဆောက်လုပ်ခြင်း ၁၂၄၃ ခုနှစ် ဇင်းခါထပ်မံတည်ခြင်း ၁၂၄၄ ခုနှစ် မင်းပြားမှ မြောင်းသွယ်ဆက်သွယ်ရေးသွားလာရသော နော်နာကျောင်း(မင်းပြားမှ ၅ မိုင်ကွာ)ကို တံတားသံကြိုးနှင့် ခြင်ခြင်း(တံတားထိုးခင်းရန် သံကြိုးတစ်ပင်ထပ်၍ သွယ်ခြင်းစသော လုပ်ငန်းတို့ကို ပြုကြောင်း မှတ်တမ်းများ ဆက်လက်ဖော်ပြတွေ့ရှိရသည်။ ၎င်းမှတ်တမ်းတွင်ပင် (၁၂၅၀)ခုနှစ်က ဗိုလ်ကျော်ဝသည်လည်းကောင်း၊ (၁၂၅၁)ခုနှစ် မောင်ဖော်အောင်သည်လည်းကောင်း၊ အင်္ဂလိပ်ကို တော်လှန်ခြင်းပြုခဲ့သည်ကိုပင် ဖော်ပြထားသည်။ ထိုပြင်အနောက် စစ်တကောင်း ဘင်္ဂလားစသော နယ်ခြားဆိုင်ရာ သတင်းထူး

များ ၊ အတိတ်နိမိတ်ထူးများ၊ မင်းပြားအနီးတဝိုက် ဘာသာရေးပွဲလမ်း ကျင်းပခဲ့ခြင်းများ၊ စပါးဆန်ရေ ဈေးကြီးလာခြင်း၊ အသီးအနှံရှားပါးလာခြင်း၊ သတင်းများပါ တိုစီတိုစ မှတ်တမ်းတွေ့ရသေးသည်။ ဤမှတ်တမ်းအရ အင်္ဂလိပ်လက်ထက် (၁၂၂၉)ခု တပေါင်းလပြည့်ကျော်တစ်ရက်နေ့က တည်ချလာသော မင်းပြားမြို့သည် (၁၃၂၉)ခုနှစ် တပေါင်းလပြည့်ကျော်တစ်ရက်နေ့တွင် မြို့သက်တစ်ရာနှစ်ပြည့်ခဲ့ပြီး ဖြစ်ရာသည်။

မည်သို့ဆိုစေ ကျိန်းကျွန်းတိုင်းမြို့မှ ဆက်လျက် ရခိုင်မင်းလက်ထက်ကပင် ထင်ရှားလာသော မင်းပြားမြို့ရပ်အပါအဝင် ကျိန်းကျွန်းကား ရာဇဝင်တခေတ်တွင် သမိုင်းဝင်ထင်ရှားမှုဖြစ်ရပ်များ ရှိခဲ့သဖြင့် အသေးစိတ် လေ့လာသုတေသနပြုလျက် မှတ်တမ်းတင်မှ ပြည့်စုံနိုင်ပေမည်။ ကောဇာ (၁၂၂၉)ခုနှစ်မတိုင်မီ (လွန်ခဲ့သော အနှစ်တစ်ရာ၏ ရှေ့ပိုင်းကာလ) ဖြစ်ရပ်များကို နိဂုံးချုပ်လျက် အင်္ဂလိပ်လက်ထက်မှ (၁၂၂၉ ခုနှစ်မှစ၍) သတ်မှတ်တည်ချလာသော မင်းပြားမြို့ သမိုင်းကိုသာ သိသင့်ပေရာ တင်ပြရန် ရည်ရွယ်ပေသည်။

အင်္ဂလိပ်လက်ထက်မင်းပြားမြို့ကို ကောဇာ(၁၂၂၉)ခုနှစ်မြို့တည်ချလျက် နယ်ပိုင် ရုံးစိုက်ရာ မြို့အဖြစ် ယခုထိတိုင်လာခဲ့သည်။ မင်းပြားမြို့တွင် အင်္ဂလိပ်ခေတ်က အများဆုံးအိမ်ခြေငါးရာထိသာ ရှိခဲ့သည်။အုပ်ချုပ်ရေးဆိုင်ရာ ပုလိပ်ရဲဌာနစခန်းမှာ ယခုမီးသတ်တည်သောနေရာတွင် ဖြစ်သည်။ ကောဇာ(၁၂၇၀)ခုနှစ်မြို့အုပ်သာပန်းလက်ထက်လောက်မှ ရဲဌာနကို ယခုရုံးကြီးအနီးရှိ 'ဂါရာတန်း' တည်ရှိရာသို့ ပြောင်းရွှေ့လျက် မူလနေရာဟောင်း(ပီ၊ ဒဗလျူအက်စ်)(ဖွ--ဆ)အဆောက်အအုံးရုံးကို ဆောက်လုပ်လေသည်။

ထိုနှစ်တွင်မှ နယ်ပိုင်ရုံးကိုလည်း ယခုနေရာတွင် အုတ်တိုက်ဖြင့် ဆောက်လုပ်ခဲ့လေသည်။ မင်းပြားမြို့အုပ်တို့တွင် ချင်းပုံမြစ် (မစ္စတာဂျော့ကော်ဖ်)၏ မြေးတော်သူ ဦးပန်းလှသည်လည်း ကောဇာ(၁၂၄၉)ခုနှစ်၊ ခရစ်(၁၈၈၇)ခုနှစ်လောက်ကို မြို့အုပ်ဖြစ်ခဲ့လေသည်။ ၎င်းအင်္ဂလိပ်မြို့အုပ် လက်ထက်မင်းထက်အုဋ်လှေကားကို ပြုခဲ့သည်။ မြို့အုပ်သာပန်ကောဇာ (၁၂၇၀)လက်ထက် ကျိန်းတော်ရှင်ကို ရွှေချထီးတင်ခဲ့ကြသည်။ ဂျပန်စစ်ပြေးပြီးနောက် အင်္ဂလိပ်ပြန်လည်အုပ်ချုပ်စဉ် (၁၃၀၆)ခု ဦးထွန်းအောင်ကျော်ဆိုသူမှာ မြို့အုပ်ဖြစ်လေသည်။

မင်းပြားမြို့၌ ဘုန်းကြီးကျောင်းဟူ၍ မင်းကန်အရှေ့ဘက်၌ ကပ်လျက်ယခုရုံးကြီးဝင်းတွင် တစ်ကျောင်းတည်းသာရှိခဲ့သည်။ ထိုကျောင်းရာနှင့် တစ်ဆက်တည်း စေတီပျက်များလည်း ရှိခဲ့သည်။ ကျန်ရစ်သော စေတီပျက်တစ်ခုကိုကား (၆-၄-၁၉၆၇) နေ့ ကောဇာ (၁၃၂၈)ခုနှစ် တပေါင်းလဆုတ် (၁၂)ရက် ကြာသပတေးနေ့နံနက်တွင် ဖြိုဖျက်၍ မင်းပြားမြို့နယ် နှစ်တစ်ရာပြည့် (၁၂၂၉ မှ ၁၃၂၉)အထိမ်းအမှတ်အဖြစ် နှစ်တရာစေတီအမည်ဖြင့် (၁၃၂၉)ခုနှစ် တပို့တွဲလကွယ်နေ့ (၂၇-၂-၁၉၆၈)နေ့မှစ၍ ဘောလုံးကွင်းအနောက်တောင်ထောင့် လျှပ်စစ်မီးစက်ရုံရှေ့၌ ထပ်မံတည်လုပ်လျက်၊ ရာပြည့်အထိမ်းအမှတ် ပွဲတော်ကိုလည်း ထိုနှစ်တပေါင်းလပြည့်နေ့တွင် ကျင်းပခဲ့ကြလေသည်။ ယခုဘုန်းကြီးကျောင်း သုံးဆယ်ခန့် ရှိလာပြီး လူဦးရေမှာလည်း သုံးသောင်းခန့်နှင့် အိမ်ခြေသုံးထောင်ကျော်ထိ များပြားလာခဲ့လေသည်။

မင်းပြားမြို့နယ် နိမိတ်မှာ ရှေ့ယခင် ယခုကာတောကန်မှ အနောက်ဘက်ကို ကျိန်းတောင်ခြေရင်းထိ တောအထိ ဖြစ်နေခဲ့သည်။ ယခုသဘော်ဆိပ်ပိုင်းကျသော မြစ်ဝနှင့် ချောင်းဝတစ်လျှောက် ကြိုးကြာမျှသာ လူနေမှုရှိသည်။ စစ်ပြီးနောက်ပိုင်းမှစ၍ ယခုထိဆိုလျှင် ဥက္ကာပျံ၊ သံတောင်၊ ဘာခံ၊ ကင်းဆိပ်၊ သဲတန်းထိလည်းကောင်း တောင်ဘက်ကို ကြမ်းမရွာခေါ် ကမ်းမရွာ၊ တောင်မော်၊ ဘူးပင်ရွာစသည်ထိတိုင်လည်းကောင်း၊ အနောက်ကို ကျိန်းတောင်ခြေရင်းထိ ကျယ်ပြန့်လျက် ပျံ့နှံ့ရှိနေလေပြီ။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကျီးဖြူရွာ (မြို့သစ်ရပ်ကွက်) တိုင်းမင်းကြီးဦးစိုးတင့်လက်ထက် (၁၉၅၃-၁၉၅၆)ခုနှစ် တည်ချခဲ့သော ဦးစိုးတင့်ရပ်ကွက်၊ ၁၃၂၉(၁၉၆၇)ခုနှစ်တည်ချသော ရွာသစ်ကေရပ်ကွက် ကျိန်းရပ်ရွာများမှာ ရွှေ့ပြောင်းလျက် သဘော်ဆိပ်နောက်ပိုင်း ကော်ကာနီစုမှ ဆက်စပ်ကာ ပြည်တော်သာ၊ ပြည်တော်လှ၊ ပြည်တော်အေး၊ ပြည်တော်ညွန့်စသော ရပ်ကွက်များသည် တိုးချဲ့ဖြစ်ထွန်းခဲ့ရသည်။

ယခုမြင်တွေ့ရသော မြို့အခြေအနေမှာ ၁၉၅၄-ခုနှစ် တစ်မြို့လုံးကဲ့သို့ လောင်ကျွမ်းခဲ့ရသော အကြီးအကျယ်မီးလောင်ပြီးနောက်ပိုင်းမှ ပြန်လည်တည်ဆောက်ကာ နာလန်ထူလျက် တစတစကြီးပွားလာခြင်းပင်ဖြစ်သည်။

ယခုဆိုလျှင် မင်းပြားမြို့ ကား အဠနနဒီမြစ်ကမ်းမှ ကျိန်းတောင်ခြေရင်းထိ တိုးချဲ့လာခဲ့ပြီဖြစ်လေသည်။ စီးပွား ကုန်သွယ်မှုအချက်အချာတို့ကြောင့်လည်း ဆိပ်ကမ်းမြို့ဖြစ်လာသဖြင့် အရောင်းအဝယ် ကုန်သွယ်ကူးသန်းသူများ အများဆုံးနေထိုင်သော မြို့အဖြစ် စည်ပင်လာခဲ့ရခြင်းလည်း ဖြစ်ပေသည်။ ရပ်ကွက်ဟူ၍လည်းကောင်း၊ လမ်းအလိုက်လည်းကောင်း၊ ရပ်ကွက်၊ အစု၊ အပိုင်း၊ လမ်းစသည်ဖြင့် ခေါ်ဝေါ်သော လူနေဌာန(၃၀)ခန့်ရှိသည်။ အောက်ရွာပိုင်း၊ အလယ်ပိုင်း၊ ဈေးဟောင်းပိုင်းဟူ၍လည်းကောင်း၊ ဒေသအစုအပိုင်းလမ်းကို တဖန်အပိုင်းကြီး (၃)ပိုင်းခွဲလျက် တစ်ပိုင်းလျှင် ယခုအခါ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဖွဲ့စည်းရှိသည်။ အခြေခံဆယ်အိမ်စုအဖွဲ့ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာများ ခန့်ခွဲလျက် စီစဉ်ထားရှိသည်။

ယခုမြင်တွေ့ရသော အစိုးရရုံး၊ ကနားများနှင့် ပြည်သူ့အိုးအိမ်များကား စစ်အတွင်း ကောဇာ ၁၃၀၃ ခုနှစ် တပို့တွဲလဆန်း (၈)ရက်နေ့ နံနက် (၁၀)နာရီအချိန်က ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ပြီးနောက် ပြန်လည်တည်ဆောက်လျက် ပြုလုပ်ထားခြင်းတို့ကြောင့်သာဖြစ်ကြသည်။

စစ်အတွင်းက ပျက်စီးသွားရသော နယ်ပိုင်ရုံးကြီး(တစ်ထပ်)ကိုလည်း ကောဇာ (၁၃၂၄)ခုနှစ်ကစ၍ (နှစ်ထပ်)ဆောက်လုပ်ရာ (၁၃၂၅)ခုနှစ်တွင်မှ ပြီးစီးသည်။ ဆေးရုံကြီးကိုလည်း ၁၉၆၅ (ကောဇာ ၁၃၂၆)ခုနှစ်မှ ယခုနေရာသို့ ပြောင်းရွှေ့ဆောက်လုပ်ခဲ့သည်။ ခရစ် ၁၉၅၅ ခုနှစ်မှ စတင်၍ လျှပ်စစ်မီးထွန်းခဲ့ရသော လျှပ်စစ်စက်ရုံကြီးကိုလည်း မင်းကန်အနီးသို့ပြောင်းရွှေ့တည်ဆောက်လျက် (၁၅-၁-၁၉၆၃)ခုနှစ် မီးလင်းစေခဲ့လေသည်။

အင်္ဂလိပ်လက်ထက်ကား မင်းပြားတွင် လျှပ်စစ်မီးထွန်းညှိနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ အင်္ဂလိပ်လက်ထက်က ယခုကုန်သွယ်ရေး ဂိုဒေါင်ထားရှိရာ နေရာတွင် ဈေးကြီးဆောက်လုပ်ခဲ့သည်ကို လွတ်လပ်ရေးရပြီးနောက်မှ ယခုဈေးသစ်နေရာသို့ ရွှေ့ပြောင်းဆောက်ခဲ့သည်။ အင်္ဂလိပ်လက်ထက်က ဆေးရုံကြီးမှာ ယခုဆေးရုံဟောင်းအနောက်ဘက်ဘောလုံးကွင်းတွင် တည်ဆောက်ခဲ့သည်။ စစ်ပြီးနောက် အင်္ဂလိပ်အုပ်ချုပ်ရေးပြန်ချစဉ် ယခုကုန်သွယ်ရေး ဂိုဒေါင်နေရာတွင် (၃)နှစ်ခန့်ဖွင့်လှစ်ပြီးမှ ဆေးရုံဟောင်းနေရာအနီးသို့ ရွှေ့ပြောင်းလျက် ထိုမှယခုဆေးရုံသစ်ကို တဖန်ဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်လက်ထက် ပညာရေးမှာ ခုနှစ်တန်းကျောင်းပင် လှုပ်လှုပ်လှဲလှဲသာ ဖွင့်နိုင်ခဲ့သည်။ ခရစ်ယာန်သာသနာပြုများက ဖွင့်လှစ်သော ဆေးပေးဌာနနှင့် စာသင်ဌာနတို့တွင် စာသင်ကြားခြင်းပြုခဲ့သော်လည်း ရခိုင်ကလေးလူငယ်များမှာ ၎င်းတို့ကျောင်း၌ သင်ကြားခြင်းလုံးဝမရှိသလောက် နည်းပါးလေသည်။ လွတ်လပ်ရေး ရပြီးနောက်ကား အထက်တန်းကျောင်းများ၊ ကစားခုန်စားဆိုင်ရာ အားကစားမှုများ၊ ဗဟုသုတနှင့် ယဉ်ကျေးမှု စသည့်အကျိုးပြုရန် စာဖတ်အသင်းများ၊ ရခိုင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ စသည်ဖြင့် အဘက်ဘက်က တိုးတက်လာခဲ့လေသည်။ လျှပ်စစ်မီးလည်း စစ်တွေခရိုင်တွင် စစ်တွေမြို့ အောက်အများဆုံး အသုံးပြုလေသည်။ ထို့ကြောင့် ယခုအခါ နေ့လုံးပေါက် ထွန်းညှိနိုင်ရန် ကြိုးစားနေကြသည်ဟု သိရသည်။

လမ်းပန်းဆက်သွယ်ရေးဟူ၍ စစ်တွေမှ ရေလမ်းသာအဓိကရှိသည်။ မင်းပြားသို့ မီးသင်္ဘောသည် ကောဇာ ၁၂၅၀ ကျော် ၁၂၆၀ ခန့်တွင်မှ ခုတ်မောင်းသွားလာမှု စတင်နိုင်ခဲ့သည်။ ကုန်းလမ်းဆို၍ မင်းပြားမှ (၅)မိုင်ထိ၊ ထိုမှ မြောင်းဘွယ်ထိ (၅)မိုင်၊ ထိုက (မြို့ဟောင်း)မြောက်ဦးမြို့၊ ကျောက်တော်ထိ မြေလမ်းရှိသည်။ တောင်ပိုင်းကို မင်းပြားမှ စွန်ရဲအထိ ရှိသည်။ ၎င်းမြေလမ်းကို အင်္ဂလိပ်လက်ထက် မော်တော်ကားလုံးဝမပေါက်ခဲ့။ လွတ်လပ်ရေးရပြီးနောက် မင်းပြားမှ နော်နော်အထိ လည်းကောင်း၊ နော်နော်မှတဆင့် မြောင်းဘွယ်အထိလည်းကောင်း၊ ကားအသွားအလာပြုလုပ်နိုင်ခဲ့လေသည်။ စစ်တွေမှ မင်းပြား၊ မြောင်းဘွယ် ပန်းမြောင်ထိ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း (ရက်သတ္တပတ်လျှင် ၃ကြိမ်)၊ သင်္ဘောသွားလာနေသည်။ ၁၉၆၈ ခုနှစ်မှစ၍ မင်းပြားမှ ခြိတ်တောင် (၃)မိုင်ကျော်သို့ မြေလမ်းမကြီးတစ်ခု ထပ်မံပြုလုပ်လျက်ရှိပေသည်။

အင်္ဂလိပ်လက်ထက် ပထမဆုံးသော သင်္ဘောဆိပ်မှာ ယခင်ပါတီယူနစ်ရုံး တည်ခဲ့သောနေရာဖြစ်သည်။ ထို့နောက် ချောင်းဝပိုင်း (ယခု ဘီအိုစီနေရာ) ထိုနောက်မြစ်ကမ်းဘေးနေရာ (ဆိပ်ကမ်းဘောဖြင့်)သို့ တစတစဆိုက်ကပ်ရပ်နားမှုပြုခဲ့သည်။ အင်္ဂလိပ်လက်ထက်က မင်းပြားချောင်းမှာ ကြပ်စင်တောင်မော်ပိုင်း ကျွန်းကမ်းနံဘေးက စတင်အဝခံ၍ စမ္ပလယ်ကျွန်းကို ဖြတ်လျက်လည်းကောင်း၊ သဲတန်းခြိတ်တောင် မင်းကန်မြစ်တိုင်လည်းကောင်း၊ ပေါက်ရောက်သွားလာခဲ့သည်။ သင်္ဘောမှာ မင်းပြားချောင်း(ကင်းချောင်းလည်းခေါ်၏။ စမ္ပချောင်းလည်း ဟူ၏။)မှ စမ္ပလယ်ကျွန်းကို ဖြတ်လျက် လေးမြို့မြစ်အတိုင်း ခုတ်မောင်းသွားလာ ပြုခဲ့ရသည်။ ယခုကား ချောင်းများ၊ ကျွန်းများ၊ တိမ်ကောပြီး သောင်တန်းအဖြစ် ပို့လာသဖြင့် မြစ်ကြောင်းအတိုင်းပင် သွားလာနေရလေသည်။

ယခင်သင်္ဘောကမ်းမှာ ကောဇာ ၁၂၉၀ ပြည့်နှစ် အာသံပေါက်၍ (ရေမင်းထွက်သည်ဟု ခေါ်သည်)တောင်ကျအညာ ရေလွှမ်းမိုးခြင်းဖြင့် ထိုကဲ့သို့တိမ်ကောရသည်ဟု၏။ မြို့ပြဆိုင်ရာ လမ်းပန်းပြုပြင်မှုကို အင်္ဂလိပ်လက်ထက်မှ စ၍ယခုအထိ ဒီစကြိတ်ကောင်စီမှလည်းကောင်း၊ မြို့လူထုအားဖြင့်လည်းကောင်း၊ ပြုပြင်လုပ်ဆောင်ခဲ့လေသည်။ ယခုအခါ အညာရေစားခြင်းဒဏ်ကြောင့် မင်းပြားမြစ်ကမ်းနားပိုင်းမှာ တစ်စတစ်စပို့လာသဖြင့် ရွာသစ်ကေစသော ရပ်ကွက်သစ်များချ၍ ရွှေ့ပြောင်းနေလာခဲ့ရသည်။

သောက်သုံးရေဟူ၍ ရခိုင်မင်းလက်ထက်က တူးဖော်ထားခဲ့သော မင်းကန်ကိုပင် အဓိကအားကိုးသုံးလာနေခဲ့ရာ လူထုများပြားလာသဖြင့် ပြည်တော်သာခေတ်၊ ပြည်တော်သာကန်ဟူ၍လည်းကောင်း၊ ယခု ၁၉၆၈ ခု ဖေဖော်ဝါရီလ (၁၃၂၉)ခုနှစ် တပို့တွဲလတွင် ရွာသစ်ကေအနီးကန်ကြီးကိုလည်းကောင်း၊ တိုးချဲ့ပြုလုပ်ပေးလာခဲ့ရသည်။ ထို့ပြင် မင်းပြားအနီး ဂရင်ဂျိုင်ကို စမ်းသပ်၍ ၆-၁-၆၈ နေ့)၁၃၂၉-ခုနှစ်

ပြာသိုလဆန်း(၇)ရက် စနေနေ့တွင် ဆည်ဖွင့်ခဲ့ကြလေသည်။ ထိုဂျိုင်သည် ရေတင်မှု အောင်မြင်နိုင်ပါက မြို့သူမြို့သားများအတွက် ရေသွယ်ပိုက်ဖြင့် ရေသွယ်အသုံးပြုရန် အားခဲရည်ရွယ်လျက် ရှိနေကြသည်။

မင်းပြားမြို့သည် စစ်တွေခရိုင်တွင် (မြို့ဟောင်း)မြောက်ဦးမြို့အောက်အကြီးဆုံး ဖြစ်၍ နေပိုင်ရုံးစိုက်ရာ မြို့တစ်မြို့လည်းဖြစ်သည့်ပြင် ဆိပ်ကမ်းကျရာဌာနဖြစ်ခြင်း ကြောင့်လည်း ကုန်သွယ်ကူးသန်းသွားလာမှုမှာ အင်္ဂလိပ်လက်ထက်မှာပင် ယခုတိုင် စည်ပင်လျက်ရှိသည်။ ရခိုင်တိုင်းတောင်ပိုင်းနှင့်လည်းကောင်း၊ အညာပိုင်းနှင့်လည်း ကောင်း၊ အဆက်အသွယ်ဖြောင့်ဖြူးလွယ်သည်။ ထို့ကြောင့် ရမ်းဗြဲကျွန်းမှ ခရီးသည် လည်းဖြစ် ရခိုင်သားချင်းစာဆိုလည်းဖြစ်သော သာချမ်းဦးဘသည် အင်္ဂလိပ်လက်ထက် က လောင်းလှေခရီးဖြင့် ကုန်ရောင်းလာစဉ် ဖွဲ့စပ်ခဲ့သည့် ကိုယ်တွေ့မှတ်တမ်းကလည်း သက်သေခံနေသည်။ ၎င်းက ရေးစပ်ခဲ့သည်ကား-

“ရောင်းကတတ်ပြန်ကော၊ စွန်ရာစွန်ကြောင်း၊ အရွာရွာကို လှည့်ကာရောင်းကော၊ လမ်းကြောင်းသင့်ရာ၊ လိုက်လေပါကော၊ သာယာနှစ်လို့၊ ရုံးဂါရာနှင့် ကြော်ငြာခြင်းကော၊ မင်းပြားမြို့သို့ ရောက်သောအခါ၊ မေးစမ်းကာနှင့် မောင်ရာကြာရော၊ ဒုက္ခန်မည်ကော၊ စီးသည်မနှင့်၊ ပါသည့်ဝန်ကို၊ မှန်တတ်တတ်ကော၊ ချွတ်ဖို့ပြောလို့၊ သဘောမကျ၊ ဒုက္ခန် သည်ကို၊ ထွေနွဲ့နှောင်းမှာ၊ ခရောင်းခလို့၊ ထိုကတဖန်၊ ထိုးဝါးကန်ကော၊လားပြန်တုံ မြောက်၊ မင်းပြားဆုံးကော၊ ထိုချောင်းပေါက်ကို တက်ကောက်ချီကာ၊ လှော်လို့ပါကော၊ ညီညာပြောကြ၊ လေးမြို့ဆိုကော၊ ထိုချောင်းဝက၊ မောင်လှလိမ္မာ၊ ဖြားတက်ပြန်ကော၊ ကမ်းယံကပ်လို့ ဟပ်လပ်ပါက၊ မြို့ရွာသဖွယ်၊ များဆိုင်သည်နှင့်၊ မြောင်းဘွယ်ရောက်ခါ”

မင်းပြားမြို့ စျေးနှင့်မခြား ခြိတ်တောင်စျေးမှာလည်း စည်ကားခဲ့လေသည်။ ရောင်းကုန်အဖြစ် အိမ်တွင်းလက်ရက်ထည် အဝတ်အစား၊ ဝါးကြိမ်ရက်လုပ်ခြင်းဖြစ် သော တောင်း၊ ခြင်း၊ ဖျာ၊ ကြိတ်ဆုံ၊ သပေ့၊ တောင်ထွက်ကြသောင်းဝါး၊ (ဝါးပိုးဝါး) များ၊ နာမမည်ကျော်ကျိုန်းညင်း (ဒညင်းသီး) မညင်း(မရမ်းသီး)များတို့ ပေါများလှသည်။

ဗုဒ္ဓသာသနာရေးဘက်က ထင်ရှားသော ကျိုန်းတော်ရှင်စေတီနှင့် ရှေးဟောင်း စေတီများဖြစ်သော ကျောက်အုံစေတီတော်၊ ရင်သွေးတော်ဓာတ်၊ ပြိုင်းတော်ဓာတ်၊ လက်ဖန်တော်ဓာတ်စသော ဓာတ်မွေစေတီများအပြင် ဘုရားပုထိုးရုပ်တုဆင်းတုတော် များ ၁၉၆၈ ခုနှစ် လေမုန်တိုင်းကြောင့် ငါးမန်းရဲကျွန်းမှ ပင့်လာသော မျောက်ကြိမ် ရှင်ပင် ဘုရားကျောင်းသိမ်စသည်များလည်း ပေါများပေသည်။ ဘာသာရေးဆိုင်ရာ ဘုရားပွဲတော်များ၊ ရခိုင်ရိုးရာပွဲတော်များကား နာမည်ကျော်ကြားသည်။ ပန်းတျားစည် သံများဖြင့် လွှမ်းခြုံလျက် ညံမစဲပင် ရှိလေသည်။ ဘာသာရေးဆိုင်ရာ ပြုလုပ်ဆောင်



ရွက်နေကြသော ဘုရားစေတီအသင်းအဖွဲ့များလည်း (၁၂)ဖွဲ့ခန့်ရှိပေသည်။ ထိုအဖွဲ့များ သည် စစ်အတွင်းက ဗုံးဒဏ်ကြောင့် ပြိုပျက်သွားခဲ့ရရှာသော ရှေးဟောင်းဘုရားပုထိုး စေတီများကို တစ်စတစ်စပြုပြင်ခြင်း အသစ်ထပ်မံဆောက်လုပ်ခြင်းဖြင့် ပြန်လည်ထူ ထောင်မှုများပြုလျက် သာသနာရေးစည်ပင်မှုကို ဆောင်ရွက်နေကြလေသည်။

မင်းပြားမြို့သည် မိုးရာသီတွင် အညာရေနစ်မြုပ်ခြင်းကို မကြာခဏခံရတတ် သည်။ ၁၉၆၈-ခုနှစ် မုန်တိုင်းတိုက်စဉ်နှင့် ထိုနှစ်မိုးတွင် (ဝါဆိုလပြည့်နေမှစ၍)သုံး လေးရက်တိုင် အကြီးအကျယ်နစ်မြုပ်ခြင်းများမှာ အကြီးဆုံးနစ်မြုပ်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ သွပ်ပြားများကိုလည်းကောင်း သစ်သားများကိုလည်းကောင်း ‘ဘုတ်’ ခေါ် လှေကလေးများ စပ်လုပ်၍ အသင့်ပြင်ဆင်ထားရှိကြသည်။ ၎င်းဘုတ်ဖြင့် အညာရေကြီး၍ လွှမ်းမိုးနစ်မြုပ်လာလျှင် စီးနင်းအသုံးပြုကြရသည်။ တစ်နည်းဆိုလျှင် မင်းပြားမြို့သည် အညာဒီရေလွှမ်းမြုပ်စဉ် ရှမ်းပြည်နယ် အင်းလေးကန်ကဲ့သို့ ဘုတ်က လေးစီးလျက် လူးလားခတ်ကာ ပျော်စရာအဖြစ် ရှိလှပေသည်။

ယခင်ကမြို့ရွာ အိမ်ခြေကျပ်တည်းခြင်းကြောင့် လမ်းပန်းဟူ၍ စနစ်တကျ မရှိ လှပေ။ ထို့ကြောင့် အကြိမ်ကြိမ်မီးလောင်ခြင်းကို ခံခဲ့ရသည်။ ယခုကား ရပ်ကွက်များကို စနစ်တကျသတ်မှတ်ချပေးခြင်း၊ လမ်းပန်းပြုလုပ်ထားခြင်း၊ မြစ်ကမ်းနားဘေးမှ ရေစား ခံရသော တောင်ခြေရင်း ရွာသစ်မြို့တို့သို့ ပြောင်းရွှေ့တည်ဆောက်ကြခြင်းဖြင့် မြို့ အသိုက်အဝိုင်းလည်း မထူထပ်တော့ဘဲ ပြန့်ကြဲလျက် စနစ်တကျဖြစ်လာလေပြီ။ ထို့ကြောင့် ကျိုန်းတောင်ပေါ်မှ စီးလျှက်ရှုမျှော်လိုက်လျှင် မင်းပြားမြို့တည်နေပုံသဘာဝ အလှကို ပန်းချီကားတစ်ချပ်ပမာ အာရုံတစ်မျိုးခံစားနိုင်ပေသည်။

ရာမောင်ကမ်းနှင့် ကျိုန်းတောင်ခြေရင်း အနှံ့အပြားဆက်စပ်တည်နေသော မင်းပြားမြို့သည် အပူအအေးရာသီဥတုကောင်းလှသည်။ အညာရေချိုနှင့် (နွေရာသီ ရေငံအနည်းအပါး)မြစ်ကမ်းကို မှီ၍လည်းကောင်း၊ ဖရုံကာကျွန်းကို ဖြတ်၍တိုက်ခတ် လာသော ဘင်္ဂလားပင်လယ်အော် လေအေးလေညှင်းကို မှီ၍လည်းကောင်း အအေး ဓာတ်ခံရသဖြင့် ရွှင်လန်းချမ်းမြေ့နိုင်သည်။ တောင်မြောက်အလျားသုံးမိုင်ခန့်ရှည်၍ (၄၁၄)ပေမြင့်သော ကျိုန်းတောင်ပေါ်က ရှုစားကြည့်လိုက်လျှင် တောင်ခွင်တောင်စဉ် တန်း၊ လေးမြို့ချောင်းဝဲယာ၊ ကုလားတန်ဝဲယာ တောင်တန်းချောင်းမြောင်းများ၊ တောတောင်သဘာဝ လှေလောင်းများ၊ လူးလွန်သွားလာနေပုံတို့ကား အလှဆုံးသော ပန်းချီကားတမျှပင်တည်း။

ခရီးသည်များလည်း မင်းပြားမြို့အလှကို ရှုရင်းလည်းကောင်း၊ ဘုရားဖူးရင်း လည်းကောင်း၊ ကုန်သွယ်ကူးသန်းသွားလာရင်းလည်းကောင်း၊ ဒေသန္တရဗဟုသုတရှာမှီး

ရင်းလည်းကောင်း လာရောက်လေ့လာနိုင်ဖို့ကောင်းပေသည်။ တည်းခိုရန် တည်းစခန်းများလည်း အသင့်အတင့်ရှိလှပေသည်။

မင်းပြားမြို့သမိုင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးလုပ်ငန်းကို ချန်လှပ်၍မဖြစ်ပေ၊ မင်းပြားမြို့သည် လွတ်လပ်ရေးလှုပ်ရှားခန်း၌ အဓိကနေရာပါဝင်ခဲ့ပေသည်။

မြန်မာပြည်ဘက်တွင် တို့ဗမာအစည်းအရုံးသည် နယ်ချဲ့ဆန့်ကျင်ရေးမှာ ထိပ်ပိုင်းတွင် ပါဝင်သကဲ့သို့ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည်လည်း အလားတူရှေ့တန်းက ဆောင်ရွက်ခဲ့လေသည်။

ထိုအသင်းမှာ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးနှင့် တိုင်းရင်းသားအစည်းအရုံးတို့ကို (၁၉၃၇)ခုနှစ် ဆောင်းရာသီတွင် မင်းပြားမြို့ညီလာခံတွင် တပူးတပေါင်းတည်းပြုလုပ်ကြလေသည်။ ထိုညီလာခံမှဆက်၍ (စစ်တွေမြို့မှ ခေါင်းဆောင်များအပါအဝင်) လူထုချီတက်ပွဲကို မင်းပြားမြို့နယ်မှစ၍ (မြို့ဟောင်း)မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ လူထုသိန်းသန်းပါဝင်ခဲ့သည်။

ထိုလူထုဆန္ဒပြပွဲသည် (မြို့ဟောင်း)မြောက်ဦးမြို့ နန်းရာကုန်းရှိ အင်္ဂလိပ်စစ်တပ်ကို ဝိုင်းဝန်းဆန္ဒပြခြင်း၊ ထိုမှတိမ်ညိုတွင် လူထုအစည်းအဝေးပွဲပြုလုပ်ခြင်း၊ နိဂုံးချုပ်၌ ကျောက်တော်မြို့တွင် ချီတက်ပွဲကို အပြီးသတ်ဆောင်ရွက်ခဲ့လေသည်။

ထိုချီတက်ပွဲတွင် ရခိုင်ခေါင်းဆောင်များအား အင်္ဂလိပ်ကိုလိုနီများက ဖမ်းဆီး၍ စစ်တွေမြို့သို့ ယူဆောင်သွားခြင်း ခံခဲ့ရသည်။ ထိုညီလာခံမှစ၍ မင်းပြားမြို့နယ် နိုင်ငံရေးလှုပ်ရှားမှုမှာ မြန်မာပြည်အရပ်ရပ်သို့တိုင် တစ်ဟုန်ထိုးကျော်ကြားသွားလေသည်။

အင်္ဂလိပ်ကို ခံချရန် တော်လှန်ကြရန်၊ မြန်မာပြည်၊ ရခိုင်ပြည်အဆက်အသွယ်မှုရင်ကြားစေ့မှုကို ပြုလုပ်ခဲ့ကြသည်။ ယင်းသို့မျိုးချစ်ပုဂ္ဂိုလ်များ တော်လှန်ရေးသမားများ စခန်းချစီမံမှု ပြုလုပ်ခဲ့ရာ ဌာနအဖြစ် ထင်ရှားခဲ့လေသည်။

ထိုသို့ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးမှ လှုပ်ရှားခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဘဝမှ လွတ်မြောက်ရေးမှာ ရခိုင်တစ်ပြည်လုံးသို့ ဂယက်ရိုက်ပြီး ရခိုင်မြန်မာစသော ပြည်ထောင်စုသားများ၏ ဝိုင်းဝန်းပူးပေါင်းတော်လှန်မှုကြောင့် အင်္ဂလိပ်အစိုးရသည် ရခိုင်တိုင်း၏ဗဟိုချက်မဖြစ်သည့် စစ်တွေမြို့မှလည်းကောင်း၊ လက်လွှတ်လျက် ခြေကန်ထွက်ပြေးခဲ့ရလေသည်။ ထိုအခါ စစ်တွေမြို့သူမြို့သားများလည်း ထိတ်လန့်လျက် မင်းပြားမြို့နယ် စသော ကျွန်းကမ်းအရပ်တို့သို့ ရှောင်တိမ်းရွှေ့ပြောင်းနေခဲ့ရလေသည်။

ထိုအချိန်တွင် ရခိုင်တိုင်း၌ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးက





မြို့ရပ်များကို အုပ်ချုပ်ရေးချရပ်ထားကာ ထိန်းသိမ်းပေးခဲ့လေသည်။ မကြာမီ ထိုနေရာကို အစားထိုးရန် ဂျပန်ရှေ့ပြေးတပ်များက တောင်ကုပ်မှ ကျော်ဖြတ်လာလျက် ဦးစွာမင်းပြားမြို့ကို လာရောက်သိမ်းပိုက်ခဲ့လေသည်။ ထိုအချိန်၌ မြို့အုပ်မောင်သာပွင့်မှာ အာဏာလက်မဲ့ဖြစ်နေပြီး ၎င်းတို့မရောက်မီ အဓိကရုဏ်းမှုများဖြစ်ပွားခြင်း ရှိခဲ့လေရာ မင်းပြားမြို့နယ်မှ အမျိုးသားခေါင်းဆောင်များ ဖြစ်ကြသော သိန်းကျော်အောင်၊ မောင်ကျော်ယ၊ ပန်းသာအောင်တို့သည် တစ်ဗိုလ်အဖြစ် ဆောင်ရွက်လျက် ရခိုင်လူငယ်လူရွယ်များကို စည်းရုံးကာ လက်နက်စွဲကိုင်ပြီး အဓိကရုဏ်းကို အသက်စွန့်စား နှိမ်နှင်းခဲ့ရလေသည်။ ၎င်းတို့သည် မေယုခရိုင်သို့ ချီတက်တိုက်ခိုက်ရန် ကြက်မကျီ(မင်းပြားမြို့နယ်)တွင် အစည်းအဝေးဆောင်ရွက်နေစဉ် ရုတ်တရက် မင်းပြားမြို့ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ၎င်းခေါင်းဆောင်များသည် ရခိုင်တိုင်းအုပ်ချုပ်ရေးဆိုင်ရာ ခန့်ခွဲစီမံချခဲ့ကြသည်သာ ဖြစ်လေသည်။ ထိုနောက် မကြာမီ ဂျပန်များဝင်ရောက်၍ အင်္ဂလိပ်ကိုလိုနီနေရာတွင် အစားထိုးခဲ့လေသည်။

၁၃၀၃ ခု တပို့တွဲလဆန်း(၈)ရက် နံနက် (၁၀)နာရီတွင် မင်းပြားမြို့မှာ အင်္ဂလိပ်အဆုတ် ဂျပန်အတက်တွင် အင်္ဂလိပ်တို့က မီးလောင်ဗုံးကြဲခြင်း ခံရသဖြင့် မြို့တစ်ခုလုံးမီးဟုန်းဟုန်းတောက်လောင်၍ ပြာပုံအတိ ဖျက်ဆီးခြင်းခံရလေသည်။ ထို့ကြောင့် အနီးစပ်ဖြစ်သော ကေသလာချောင်းဝရွာသို့ ရှောင်တိမ်းနေခဲ့ရလေသည်။ သို့သော်လည်း ၁၃၀၄ ခု ကဆုန်လတွင် မင်းပြားသို့ ဂျပန်တပ်များ ဝင်ရောက်လာခြင်း ကေသလာတွင် ဂျပန်များအခြေခံ စစ်စခန်းများချခြင်း၊ ရိက္ခာများ သိုလှောင်ရာဌာနပြုလာခြင်းကြောင့် မြို့သူမြို့သားများမှာ အင်္ဂလိပ်ဗုံးကြဲခြင်းများကို ခံမြဲခံရသည်ပင်ဖြစ်သည်။

ဂျပန်စစ်သည်ပေါင်း (၁၂၀)ပါဝင်သော တပ်မတခုကို တပ်ဦးစီးချုပ်‘ကူဆိုးဆန်’နှင့် လက်ထောက်တပ်ဗိုလ်မှူး ‘မာရှုဒါ’တို့ ဦးစီးဆောင်ရွက်ကာ၊ မင်းပြားမြို့သို့ဝင်ရောက်လာပြီး တပ်သားသုံးစု(တပ်သား ၄၀ စီခွဲ၍)ခွဲကာ ချရပ်လာခဲ့ကြသည်။ (၁)ဗူးပင်ရွာတွင် တစ်တပ်(၂) ကျိန်းတော်သရက်တောအုပ် (ယခုသချိုင်းရာတွင်) တစ်တပ်(၃)ကျောင်းသစ်ကျောင်းပိုင်းတွင် ‘ကူဆိုးဆန်’နှင့် ‘မာရှုဒါ’အပါအဝင် မြင်းကိုယ်စီနှင့် တပ်သား(၄၀)တို့ တပ်စွဲနေခဲ့ကြသည်။ ထိုသို့ တစ်စတစ်စဖြင့် ငပြီအင်းတွင် တစ်စခန်းပြုလာခြင်း၊ ခြိတ်တောင်၌ ပြောင်းရွှေ့တပ်ချလာခြင်း၊ စသည်ဖြင့် အနှံ့အပြား ဂျပန်စစ်တပ်များ ပြည့်လျှံခဲ့လေသည်။ မယူကမ်းမှန်တောင်မှ တိုက်ပွဲတွင် ဒဏ်ရာရလာသူများကို မင်းပြားသို့ပို့၍ ဆေးဝါးကုသမှုပြုခဲ့လေသည်။ ဂျပန်များကား သုံးနှစ်ခန့် အချိန်ကြာခဲ့လေသည်။ ဂျပန်များ ဖက်ဆစ်စနစ်ကို ကျင့်သုံးလာသဖြင့်

အင်္ဂလိပ်မဟာ(၁၃၆)နှင့် ဆက်သွယ်၍ တဖန်တော်လှန်ရေးလုပ်ငန်းများကို စတင်ခြင်း ပြုခဲ့ရပြန်သည်။

ထိုနောက် ခရစ်(၁၉၄၄)(၁၃၀၆)ခုနှစ် ဂျပန်ကို စတင်တော်လှန်ရန် လေထီးဖြင့် ဆင်းခဲ့ကြလေသည်။ ယင်းသို့ကြိုးပမ်းချက်ဖြင့် မင်းပြားမြို့နယ် စသော ရခိုင်ပြည်အရပ်ရပ်က အစဦးစွာ စတင်၍ ဂျပန်တော်လှန်ရေးလုပ်ငန်းကို ပြုလုပ်နိုင်ခဲ့လေသည်။ ထို့ကြောင့် ကောဇာ (၁၃၀၆)ခုနှစ် ဂျပန်များ ဆုတ်ခွာထွက်ပြေးခဲ့ရခြင်း၊ အင်္ဂလိပ်များ တဖန် အစားဝင်ရောက်နိုင်ခြင်း ပြုခဲ့ရလေသည်။

အင်္ဂလိပ်ပြန်တက်လျှင် မင်းပြားမြို့ကို အုပ်ချုပ်ရေးချရန် နယ်ပိုင်အဖြစ် မစ္စတာမတ်ဘက်၊ မြို့အုပ်အဖြစ် ထွန်းအောင်ကျော်၊ ပုလိပ်အင်စပက်တော် ဦးနားပေါက်ကေ စသော အုပ်ချုပ်ရေးပုဂ္ဂိုလ်များသည် ကောဇာ(၁၃၀၆)ခုနှစ်တွင် ရောက်ရှိလာကြသည်။ ၎င်းတို့သည် မင်းပြားမြို့ကို ဒုတိယအကြိမ်အဖြစ် ပွဲပြင်ကန္နားလုပ်၍ မြို့တည်ချဖွင့်လှစ်ခြင်း ပြုခဲ့ကြလေသည်။ နယ်ပိုင်ရုံးစိုက်ရာဟူ၍ 'ဘာခံ'အရပ်ရှိ ယခုအရက်ဆိုင်အဟောင်းတွင် ဆောင်ရွက်ခဲ့လေသည်။ မင်းပြားမြို့အပါအဝင် ရခိုင်မြန်မာတပြည်လုံးတွင် ခရစ်(၁၉၄၈)ခု ကောဇာ (၁၃၀၉)ခု ပြာသိုလပြည့်ကျော်(၉)ရက်၊ တနင်္ဂနွေနေ့များတွင် လွတ်လပ်ရေးရရှိခဲ့သဖြင့် အင်္ဂလိပ်အုပ်ချုပ်မှု လုံးဝဇာတ်သိမ်းသွားခဲ့ခြင်း ခံခဲ့ရလေသည်။ လွတ်လပ်ရေးရသည့် အထိမ်းအမှတ်အဖြစ်ဖြင့်လည်း မင်းပြားမြို့လယ်ကွင်းပြင်ကျယ်တွင် လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူလျက် ဝင့်ဝါစွာ တည်ရှိနေပေသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ မင်းပြားမြို့ကား တိုးတက်ကြီးပွားရေး၊ စည်ပင်သာယာဝပြောရေး စသည်များကို တစ်နေ့တခြား ဆောင်ရွက်လာနိုင်ခဲ့သဖြင့် ရှေ့ကိုအများကြီး မျှော်လင့်စရာ အလားအလာ ကောင်းရှိနိုင်မည့် မြို့တစ်မြို့ဟု ဆိုနိုင်ပေသည်တကား။

(အသျှင် စက္ကိန္ဒ (ရခိုင်ပြည်)ရခိုင်ယဉ်ကျေးမှုများ)

(အမှတ် (၂)၁၉၉၃-ခုနှစ်)





# ဆင်းသက်စဉ်လာ သာသနာ

ကမ္ဘာဦးလူသားတို့သည် ကိုးကွယ်မှုကို ရှာဖွေခဲ့ကြသည်။ အားထားအားကိုးရာအဖြစ် နေ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ တော၊ တောင်၊ ရေ၊ မြေ၊ နတ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ သိကြား၊ သူရာတို့ကို အရှင်သခင်အဖြစ် ဦးတင်လာခဲ့ကြသည်။ ထို့ကြောင့် နာထမှ နာထဟူသော ကိုးကွယ်မှုအမည်ရှိလာသည်။ နာထသည် ကိုးကွယ်ရာ၊ ယုံကြည်ရာကို ခေါ်ဆိုလေသည်။ ယခုထိ ဗြဟ္မဏတွင် အာဒိနာတ်၊ ရာဝိန္ဒြနာတ်စသည်ဖြင့် နတ်အရှင်တို့၏ အမည်နာမကို ကင်းပွန်းတပ်ထားလျက် ရှိနေ၏။

ဟိန္ဒူ၊ ဗြဟ္မဏအယူရှိကြသူများဆိုလျှင် မီး၊ နေ၊ မြေကြီး၊ သမုဒ္ဒရာ၊ သစ်ပင်၊ တော၊ တောင်၊ အရာမ်ဉယာဉ်၊ နတ်ကွန်းတို့ကို ကိုးကွယ်မြဲ ရှိနေကြသေး၏။ ရခိုင်တို့သည် ရှေးဦးခေတ်ကပင် တောတောင်ကို ဖြတ်သန်းဝင်ရောက်နေလာခဲ့ကြသူများဖြစ်ခဲ့ကြ၏။ ထို့ကြောင့် အန္တရာယ်နှင့် ကြုံခဲ့ရ၊ အခက်အခဲနှင့် ရင်ဆိုင်ခဲ့ကြသည့်အလျှောက် ကြောက်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ အားကိုးခြင်းများ ရှိခဲ့ကြသည်သာတည်း။ ထိုကိုတော်လှန်ခုခံခဲ့ရခြင်း၊ ရှောင်ကွင်းဖယ်ရှား ထွက်မြောက်ခဲ့ရခြင်းတို့ဖြင့် နှစ်လရှည်စွာ ကာလကြာခဲ့ရ၏။

လူသားသည် ကြောက်ရွံ့မကင်းသည့်အလျှောက် ချမ်းသာခြင်းကိုလည်း လိုလားသည့် သတ္တဝါများဖြစ်ကြ၏။ ထိုအခါ ကြောက်လန့်ခြင်းမှ လွတ်စေရန် အားကိုးရာကို တမ်းတမျှော်မှန်းခဲ့ရမည်မှာ အမှန်တည်း။ ဆင်းရဲခြင်းကို လူတိုင်းမနှစ်မြို့ကြတက်ရသည့်အလျှောက် ချမ်းသာခြင်းကို တောင့်တလိုလားမြဲ ဓမ္မတာတည်း။ ထို့ကြောင့် ဖော်ပြပါ နာထ(အားကိုးမှု)ကို မလိုသူမရှိနိုင်ကြချေ။ အားကိုးမှုမရှိက မချမ်းသာ၊ အားကိုးမှုရှိမှ ချမ်းသာရာရသည်ဟူ၍ ဗုဒ္ဓကလည်း ဆုံးမခဲ့ဘူးသည်တကား။ မိမိတို့လိုလားအားကိုးခဲ့ကြသူများတွင် ဒေဝ(အရှင်သခင်)နာထ(အားကိုးရာ) တို့သည် ဖန်ဆင်းနိုင်သူများ၊ တန်ခိုးရှိသူများ၊ ဖြူစင်မြင့်မြတ်သူ(ဗြဟ္မဏ)ထာဝရ (မသေမပျက်)များ၊ ဖန်ဆင်းရှင် ဣဿရများဟုပင် စွပ်မိုတ်၍ ယုံကြည်ယုံကြည်လာခြင်း၊ အသက်ပေးစွဲမြဲလာခြင်းများ ပြုလုပ်လာခဲ့ကြပေ၏။ လူသား၏စိတ်ကို လူသားက အားထားမဲ့လျက် တစ်ခြားတစ်ပါးကိုသာ အားထားခဲ့ခြင်း ဖြစ်သည်။ လူသား၏စွမ်းအင်ကို မယုံကြည်ရာလည်း ရောက်ပေသည်။

ထို့ကြောင့် လူနေမှု လူ့ဘဝသည် မလွတ်လပ်သော အရှင်သခင်ကို အပ်နှံထားသည့် အိမ်ရာ၊ နေရာ၊ မြို့ပြည်ရွာတည်ထောင်မှုက အစ ပိုင်စိုးခံနတ်များ၊ ရှိလာရသည်။ နတ်များဖြင့် ပြည့်လျက်နေသော လူသားအဖို့ လူ့စွမ်းအင်၊ ကိုယ့်အားအင်ကို

ဖန်တီးနိုင်အံ့လော။

ရခိုင်တို့နေရာ ဖြတ်သန်းရာနောက်ကိုလိုက်၍ နတ်တို့သည် လိုက်၍နေခဲ့ကြ၏။ တော၊ တောင်၊ ချောင်းမြောင်း၊ သစ်ပင်၊ လယ်ယာ အိမ်ဂေဟာတို့၌ နတ်ဒေဝတာများ မည်ခေါ်စွဲလျှက် ရှိနေ၏။ ပညတ်မည်ခေါ်စွဲလာသော နတ်တို့ကား မရေမတွက်နိုင်ချေပြီ။ ဤအဋ္ဌနမြေတွင်ပင်လျှင် ငြိတ်၊ ပြေုတ်၊ ပြိုင်းတိုင်၊ လက်စ စသော ဘီလူး၊ စမ္ဗဝက်မြို့စောင့်နဂါး၊ ဇော်ဂျီ၊ ဂန္ဓာရီ၊ သျှင်ငယ်၊ ရသေ့၊ နတ်အမျိုးမျိုး ရှိလာခဲ့ပေ၏။

ထင်ရှားသော နတ်တို့ဆိုလျှင် ဂင်္ဂါနတ် (ဂင်္ဂါအင်း) မဟိန်နတ်(ချောင်းဝမြစ်ဝစောင့်နတ်) စန္ဒီနတ်(ကျွန်းစောင့်နတ်)။ ရာမောင်နတ်၊ မြသွင်နတ်၊ ငမောင်နတ်၊ ကြာဇံနတ်၊ မကျားနတ်တို့ ဖြစ်ကြ၏။

၎င်းတို့သည် နန်းစဉ်နတ်၊ ဗလိကျွေးနတ်အဖြစ် ကာလရှည်ကြာခဲ့ပြီဖြစ်၏။ ဘုရင်အဆက်ဆက် မိုးဦးမိုးနှောင်း ကာလတို့၌ နတ်ပွဲလမ်းသဘင်ပေး၍ ချီးမြှောက်ပူဇော်မြဲရှိခဲ့လေ၏။ မြို့သူကြီး အောင်ကျော်ဇံသည် ထောင်ကျခံနေစဉ်က နတ်တို့ကို တိုင်တည်ခဲ့ရာ၌ နတ်အမည်များစွာ ပါရှိလေသည်။ ၎င်း၏ဖွဲ့ဆိုသော ရတုတွင် တွေ့နိုင်၏။ စိတ်စွမ်းအင်ကို အားကိုးကြသူများလည်း နတ်ကိုမျှော်၍ စိတ်ဓာတ်ကို အသွေးအရောင်တင်ခဲ့ကြသည်။ သမာဓိစွမ်းအင် အထိုက်အလျောက် ကောင်းလာကြသော အခါ ဆေးဝါးမန္တာန်တို့ကို ဖန်တည်းခဲ့ကြသည်။ ထိုရှင်ငယ်ရသေ့၊ ဇော်ဂျီများကား ကာလကြာကပင် ရှိခဲ့ကြသည်။ နတ်နှင့်တတန်းတည်းထား၍ ပူဇော်ခဲ့ခံလာခဲ့ကြသည်။ သီရိပါရုဏရသေ့၊ တိကိစ္ဆာသာရဆေးဝိဇ္ဇာရသေ့၊ အာလံကပ္ပရသေ့၊ ဝေသာကပ္ပရသေ့။ သီတာဒေဝရသေ့၊ နာဂိန္ဒရသေ့၊ ကဏ္ဍာဒိပါယနရသေ့၊ ကလိင်္ဂရသေ့၊ စသည်တို့ဖြစ်ကြ၏။ ထိုရသေ့ဇော်ဂျီတို့ဆိုလျှင် ယောဂအကျင့်ကို ကျင့်ခဲ့ကြ၏။ လောကီအကျင့်တွင် ယောဂီအကျင့်သည် အမြင့်ဆုံးကို ရရှိစေရန် အကျင့်ဖြစ်ခဲ့၏။ ဂန္ဓာရီအတတ်ပညာများကိုလည်း အားပေးခဲ့ကြ၏။ ထိုအတတ်ကား နတ်ဆေး၊ နတ်ဝါးကို ရှာမှီး၍ အသက်ရှည်၊ သိဒ္ဓိပေါက်၊ စွမ်းအင်ကို ဖြစ်လာခြင်းပင်တည်း။

## နတ်ကိုးကွယ်မှုများ

ကိုးကွယ်မှုအတွက် ရခိုင်ဝေလာဟက ကျမ်းမှာ ဖော်ပြချက်လာရှိသည် ဗေဒင်ကျမ်းများမှလာသော နတ်များသရုပ်ကို တင်ပြခြင်းဖြစ်ချေသည်။ ထိုတွင် နတ်၊ နဂါး၊ ဗြဟ္မာကအစ၊ ဘုရား၊ ရဟန္တာပါမကြွင်းပါရှိသည်။ ထိုကျမ်းလာကို တင်ပြပေအံ့။

"ဖီးပတို့အောင်၊ ခြသေ့်သုံးထား၊ နဂါးသတ္တာ၊ ပဥ္စပိသျှနိုး၊ လေးမျိုးမဟာရာဇ်၊



ရုံစစ်ပေါက်ချ၊ ဆဝဿဝရော၊ ဣန္ဒောဒါးယောက်၊ စောင့်ရှောက်တစ်ဦး၊ ဘီလူးအာဠဝက၊ ဒေဝကိုးမည်၊ တန်းခိုးစည်သား၊ ထက်ပြည်သုဒ္ဓါ၊ ဗြဟ္မာငါးယောက်၊ ကျွန်းတိုင်းနောက်သည်၊ နှစ်ယောက်စက္ကဝတ်၊ မြတ်ထွဋ်ထင်ရှား၊ ရှစ်ပါးရဟန္တာ၊ ဤကမ္ဘာ၌၊ နဝါတော်မှူး၊ ပေါင်းငါးဦးကို၊ ကြည်နူးအင်ပြည့် ကိုးကွယ်၏"

မှန်သောကိုးကွယ်မှု၊ မမှန်သော ကိုးကွယ်မှုသာ ခွဲခြားရာသည်၊ ကိုးကွယ်မှုမရှိဟူ၍ကား လုံးဝမရှိချေ။ ဗုဒ္ဓရှင်တော်သည် မှန်ကန်သော ကိုးကွယ်မှုကို သမ္မာဒိဋ္ဌိဟု (အမြင်မှန်)အမည်ပေးခဲ့သည်။ မမှန်မကန် ယုံမှားစရာများကို မိစ္ဆာဒိဋ္ဌိ(အမြင်မှား)ဟု အမည်ပေးခဲ့သည်။ ထို့ကြောင့် မှန်သော ကိုးကွယ်ရာကိုသာ လိုလား၍ အမှားကို ရှောင်ရှားတတ်ရမည်ဖြစ်၏။ မှန်သော ကိုးကွယ်မှုကို ပြုမှသာလျှင် ဘေးကင်းမည်၊ မြင့်မြတ်မည်၊ ဆင်းရဲမှ လွတ်မည်ဟု ဘုရားဟော၏။

ကိုးကွယ်မှုကို ယဉ်ကျေးမှုတစ်ခုအဖြစ် ယနေ့လေ့လာနေကြပြီတည်း။ လူနေမှုဓလေ့ထုံးစဉ်လည်း ဖြစ်ရာကား၊ ၎င်းနှင့်ပတ်သက်သော ဝေါဟာရ အသုံးအနှုန်း၊ ပူဇော်နည်းစနစ်၊ အခန်းအနား၊ ကပြဆိုတီးမှုများ ပြုခဲ့ခြင်းများ၊ ဆေးရေးပန်းချီ၊ ရုပ်ထုရုပ်လုံး၊ အနုပညာရပ်များ၊ ယနေ့ထိ ရှောင်ကြည်လေ့၊ လိုက်နာလေ့ပြုနေကြသေးသော ရိုးရာနတ်ကိုးကွယ်မှု မကင်းသော ဓလေ့စသည်များကို နတ်ကိုးကွယ်မှုသမိုင်း၊ ယုံကြည်မှုဘာသာရပ်အဖြစ် လေ့လာနေကြလျက် ရှိနေကြ၏။

နတ်ကို တူရိယာစည်ဖြင့် ပူဇော်ပသခဲ့ကြသကဲ့သို့ ဗုဒ္ဓရှင်တော်ကိုလည်း တူရိယာဖြင့် ပူဇော်လာခဲ့ကြသည်ကို ယနေ့ထိ တွေ့ရမည်ဖြစ်၏။ ဗုဒ္ဓဝန္ဒနာစဉ်သံအဖြစ် ရခိုင်တို့ တီးခတ်ပူဇော်နေသည်ကို တင်ပြရသော-

"အဘိဥာဏ်ရောင်၊ ထိန်လင်းပြောင်၊
အခေါင်ရိုးရှိန်၊ မာရဇိန်၊
လောကထွဋ်ထား၊ မြတ်ဘုရား၊
ဝတ်ထွားဝန္ဒနာ၊ ရှိခိုးပါ၏။
ဦးဦး ဦးချပါ။ ဟူ၍ တေးဂီတအသံပင် ဖြစ်လေသည်။

## ဗုဒ္ဓဘာသာကိုးကွယ်မှု

ရခိုင်လူနေမှုသမိုင်း စတင်ခဲ့သည်မှ ယနေ့ထိ ကိုးကွယ်မှု ရှိနေမြဲပင်တည်း။ သို့သော် နှစ်ပေါင်း ဘီစီခြောက်ထောင်ကစ၍ ဤမှာဖက် ဘီစီ ၆ ရာစုထိ အစွဲအမြဲ နတ်ကိုးကွယ်မှု ရှိခဲ့လေသည်။ ယနေ့အားကိုးမှု အသစ်ရလာပြီးသည်ဆိုသော ဗုဒ္ဓဝါဒ

အယူသည်ပင် မြဲသည်ဟု မဆိုနိုင်သေး။ အရိယာအဖြစ်သို့ ရောက်မှသာလျှင် ဗုဒ္ဓကို ယုံကြည်မှု ခိုင်မြဲမည်ဖြစ်၏။ ထို့ကြောင့် ရိုးရာစွဲနတ်ကိုးကွယ်မှုလည်း ကင်းကြသည်ကား မဟုတ်ချေ။ မူကလထက် အားကိုးမှုမခံရတော့ပြီးရာကား၊ နတ်ကိုး နတ်သြဇာစိုးမိုးခြင်း နည်းပါးဆိတ်သုဉ်းလာခဲ့ရပေ၏။

ဓညဝတီခေတ်ထိအရောက် နတ်ကိုးကွယ်မှုမြဲလာရသော ရခိုင်များအဖို့ ခုနှစ် ၆၅၀၀ ကျော်ကာလတိုင်၊ နတ်နှင့်အစစအရာရာ လွှမ်းမိုးခံခဲ့ရသည်အဖြစ်ကို မေ့နိုင်ကြမည်မဟုတ်ချေ။ လွန်ခဲ့သော နှစ်ပေါင်းရှစ်ထောင်ကျော်ကာလက လက်ခံခဲ့ရသော ကိုးကွယ်မှုပင်လျှင် နှစ်သက်တာကို မေ့ကြရမည်ကား မဟုတ်သေး။ အစားဝင်ရောက်ခဲ့သော ဗုဒ္ဓဝါဒယုံကြည်မှု နှစ်မနည်းတော့ပြီ။ နှစ်ပေါင်းနှစ်ထောင်ကျော်သော ကာလကို ကျော်လွန်လာခဲ့ရလေပြီ။ သို့သော် ယနေ့ထိ ဗုဒ္ဓဘာသာ စစ်ဟန်လေပြီတကားဟူ၍ကား ဝန်မခံနိုင်သေး။ ရိုးရာဗုဒ္ဓဘာသာ၊ လက်ရှိဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာရေးရာအဖြစ်ဖြင့် ဖာသိဖာသာနေလာကြသူများလည်း ရှိနေကြသေးသည်သာတည်း။

# ဘုရားပွင့်ပေါ်သောကာလ

ဗုဒ္ဓဘာသာ ရခိုင်ပြည်သို့ ဝင်ရောက်လာခဲ့သည်မှာ အမှန်ဖြစ်ပေသည်။ ရခိုင်ပြည်တွင် ဖြစ်ထွန်းပေါ်ပေါက်လာသော ဘာသာမဟုတ်သော်လည်း ဆက်သွယ်လာရခြင်းမှာ ထင်ရှားလေ၏။

ထိုအရှင်သည် အိန္ဒိယနယ်မြေကို ဖြတ်ကျော်၍ ရခိုင်သို့ မိမိဝါဒ(အယူ)ကို သွတ်သွင်းနိုင်ခဲ့သည်မှာ သာမညမဟုတ်ချေ။ ဗုဒ္ဓ၏ သဗ္ဗညုတစွမ်းအင်က ကျက်စားနိုင်ခဲ့ခြင်းကြောင့်သာ ဖြစ်ချေ၏။ ထိုဉာဏ်တော်သည်လည်း ဗုဒ္ဓ၏ဘဝကျင်လည်ရာအဖြစ်ကို ရောင်ပြန်ဟပ်ပေးမှုအရ ထင်လင်းလာရပေ။ ထို့ကြောင့် ဗုဒ္ဓ၏ဉာဏ်ကွန်ရက်တွင် ရခိုင်ပြည်အတွင်း ဝင်လျက် မိခဲ့ရာ၏။ အခွင့်ကောင်းကို ရရှိလာခြင်းဟုသာ ဝမ်းသာကြရဂမည်သာတည်း။

ရခိုင်နှင့် မဇ္ဈိမဒေသသည် ပထဝီမြေအရ ဆက်စပ်လျှက် ရှိနေသည်။ ခရီးဝေးသည်ဟု ဆိုရသောလည်း လမ်းပန်းဆက်သွယ်မှု ရှိလာခဲ့သည်။ ဂင်္ဂါမြစ်ဝှမ်းဒေသသည် ရခိုင်နှင့် နယ်နိမိတ်ချင်း ဆက်စပ်ရာ ဌာနဖြစ်လေသည်။ ဂင်္ဂါမြစ်မြောက်ပိုင်းသည် မဇ္ဈိမဒေသနယ်ပယ်ဖြစ်ပြီး တောင်ပိုင်းသည် ဝင်္ဂတိုင်းဘင်္ဂလားနယ်ပယ်ဖြစ်သည်။ ဝင်္ဂတိုင်းသည် ရခိုင်ဓညဝတီခေတ်ကပင် ရခိုင်နယ်နိမိတ် ဒေသအဝင်ဖြစ်ခဲ့လေသည်။ ရခိုင်မင်းရာဇာကြီးစာတမ်းတွင် စန္ဒာသူရိယမင်း၏သားတော်ဖြစ်သော သူရိယာဓိပတိ





(ဘီစ၏ ၅၂၇-၄၈၀)မင်းလက်ထက် မောက်သူဇာမြို့စားဖြစ်ခဲ့သူမှာ ထိုမင်း၏ညီတော်သူရိယကုမ္မာဆို၏။ သူရိယကေတု(အေဒီ ၂၇၃-၃၂၇)မင်းလက်ထက်တွင်ဆိုလျှင် ထိုမင်း၏ညီတော်သူရိယကာသီသည် မောက်သူဇာမြို့စားဖြစ်လေသည်။ ထို့ကြောင့် ဂင်္ဂါမြစ်ဝှမ်း (ဘင်္ဂလားနယ်)ထိ ရခိုင်ဓညဝတီခေတ်တွင် ရခိုင်နှင့် နယ်မြေဆက်စပ်လျှက်ရှိနေသည်မှာ ထင်ရှားပေ၏။

ရခိုင်ပြည်နယ်နိမိတ်မှာ ရှေးခေတ်ကဆိုလျှင် အနောက်ဘင်္ဂလားနယ်ဘီဟာနယ်နှင့် သြရိသ္သနယ်ထိကျယ်ဝန်းခဲ့လေသည်။ ဂင်္ဂါမြစ်ဝှမ်းမှ ဗရုကစ္ဆဆိပ်ကမ်းတမ္မလုတ်မှ ကာမရလိပီဆိပ်ကမ်းဆိုလျှင် ရခိုင်သို့ ရေလမ်းဆက်သွယ်ခဲ့ရာဌာနဖြစ်ချေသည်။ ကုန်းလမ်းဆိုလျှင် မောက်သူဇာမြို့မှ ဘင်္ဂလားနယ်သို့လည်းကောင်း၊ အာသံ၊ မဏိပူရမှ ကစ္ဆပနဒီမြစ်ညာ ဓညဝတီဌာနေသို့လည်းကောင်း၊ တရိပူရ မြုံပြည်မှ သက်ပြည်၊ဗိုလ်မင်းထောင်(ကံသာရီကြည်ထောင်) ထိုမှ ရခိုင်နယ်ထဲသို့လည်းကောင်း၊ ဆက်သွယ်ပေါက်ရောက်လေသည်။ ထိုကြောင့် ရခိုင်နှင့် မဇ္ဈိမဒေသသည် ဂင်္ဂါမြစ်သာကွာခြား၍ ခြေတစ်လှမ်းခန့်သာ ခရီးရှိနေသည်။ ဒေသချင်းဆက်စပ်မှု၊ လူမှုရေးဝင်ရောက်သွားလာမှု၊ ကူးလူးဆက်ဆံပေါင်းသင်းမှု၊ ခရီးသွား စီးပွားရေးရှိခဲ့ရမှုတို့နှင့် မကင်းခဲ့ချေ။ ထို့ကြောင့် ရခိုင်နှင့် အိန္ဒိယ၏သတင်းဆက်သွယ်မှု၊ သတင်းပြန့်နှံ့မှု၊ သတင်းကြားသိရမှုမှာ ခက်ခဲ့မှုမရှိနိုင်ပေ။ နယ်စားမြို့စား၊ တပ်စီးတပ်နင်းမှုလည်း ကြားသိပေါက်ရောက်ကျော်လွှမ်းစေခဲ့လေရာသည်။

ဗုဒ္ဓဂေါတမသည် သကျတိုင်း၊ ကပိလဝတ်ဇာတိဖြစ်၏။ ထိုတွင် (ဘီစီ ၆၁၀)မွေးဖွား၍ ကြီးပြင်းခဲ့သည်။ သို့သော်လည်း အသက် (၂၉)နှစ်တွင် တောထွက်၍ ကျင့်ကြံခဲ့သည်မှာ မဇ္ဈိမဒေသတွင် ဖြစ်ပေသည်။ (ဘီစီ ၅၇၄ ခုနှစ်)(အသက် ၃၅နှစ်)တွင် ဘုရားဖြစ်၍ ဝါတော်(၂၀)အတွင်း (၆)ကြိမ် ထိဝါဆိုခဲ့လေသည်။ ရာဇဂြိုဟ်ပြည်သည် မဂဓနိုင်ငံ၏မြို့တော်ဖြစ်ရာ ယခုဘီဟာနယ်ဖြစ်ချေ၏။ စန္ဒာသူရိယမင်းသည် ၄-နှစ် နှင့် ၈-လငယ်သည်။ စန္ဒာသူရိယမင်းသည် ဘီစီ ၅၈၀(အသက်၂၅ နှစ်)တွင် ထီးနန်းစိုးစံခဲ့သည်။ နန်းသက်ဆိုလျှင် ဘီစီ ၅၈၀ မှ ၅၂၈ ထိ ၅၃ နှစ်ရှည်ကြာခဲ့လေသည်။ သက်တော်မှာ ဘီစီ ၆၀၅ မ၏ ၅၂၈ ထိ ၇၇ နှစ်ရှည်ခဲ့သည်။

ရခိုင်ဓညဝတီပြည်ရှင် စန္ဒာသူရိယဘုရင်သည် ရခိုင်ထီးနန်းကို ဘီစီ ၅၈၀တွင် စိုးစံလျက်ရှိနေသည်။ ဘုရားလောင်းမှာ ထိုစဉ် ဒုက္ကရစရိယာကျင့်နေတုံး ကာလဖြစ်ချေ၏။ ဘုရားပွင့်သည်မှာဆိုလျှင် ဘီစီ ၅၇၄ တွင်ဖြစ်သဖြင့် ဘုရားမပွင့်မီ ၆ နှစ်စော၍ နန်းစံလျက်ရှိနေလေသည်။ ဗုဒ္ဓပွင့်တော်မူကြောင်းကို ထိုမင်းသက်တော် ၅၁ နှစ် နန်းစံ ၂၆ နှစ်အရောက်တွင်မှ သတင်းစကား ကြားသိခဲ့ရလေသည်။ ထိုစဉ်ဘုရားရှင်

ဆိုလျှင် သီတင်းစကားကြားသိခဲ့ရလေသည်။ ထိုစဉ် ဘုရားရှင်ဆိုလျှင် သက်တော်(၅၅) နှစ် ဝါတော်(၂၀)မြောက်ရှိလေသည်။ ဘုရားပွင့်ကြောင်းကိုကား နိမိတ်ထူးများ ကြားသိခဲ့ကြသည်သာဖြစ်၏။

ထိုသို့ နိမိတ်များကို ကြားသိရခြင်း၊ မဇ္ဈိမတိုင်းမှလည်း သတင်းပေါက်ရောက်ခြင်း၊ ရောက်လာခဲ့ကြသော ပုဏ္ဏားရှစ်ယောက်ထံမှလည်း ထပ်ဆင့်သတင်းရခြင်းတို့ကြောင့် စန္ဒသူရိယဘုရင်သည် ဘုရားရှင်ကို ဖူးမြင်လိုမှု အာသာဆန္ဒပြင်းပြလာခဲ့ရလေသည်။ နန်းတော်ညီလာခံ၌ ပင့်စောင်နိုင်ရန် ဆွေးနွေးခဲ့ကြလေသေးသည်။ နောက်ဆုံးတွင် မနောမိဌာန်ဖြင့် ရည်မှန်းပင့်ဆောင်မှု ပြုခဲ့ရလေသည်။ ထိုအခါက စ၍ ရွှေကြာပန်း ပေါက်ပေါက်နံ့သာ၊ ဆီမီး၊ တံခွန်၊ ထီး၊ ရေချမ်းတို့ကို လက်ဆောင်ပြုလျက် ထိပ်ထက်တင်မိုးခဲ့ကြသည်။ ထို့နောက် တိုင်းပြည်လူထု အပါအဝင်အာရုံပြုစေလျက် ခုနှစ်ရက်ပတ်လုံး ပင့်ဖိတ်ပူဇော်မှုပြုခဲ့ကြလေသည်။ ဥပမာပြရသော် အနာထပိတ်သူဌေးသမီး စူဠသုဘဒ္ဒါသည် မိမိနေရာ ဥဂ္ဂမြို့မှနေလျက် ဗုဒ္ဓရှိရာ သာဝတ္ထိပြည်သို့ စိတ်မနောဖြင့် ပင့်သည့်အလားတူ ဖြစ်လေသည်။

ထိုအခါ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးလျက်ရှိနေသည်။ ဘုရားရှင်အား ပင့်ဖိတ်ခြင်းကို ရွှေဉာဏ်တော်ဖြင့် သိလာလျှင် ရဟန်းတို့အား စည်းဝေး၍ အမိန့်ရှိတော်မူလေသည်။ ထို့နောက် ရခိုင်ပြည်သို့ ကြွရန်အတွက် သိကြားမင်းဖန်ဆင်းပေးသော ပြဿာဒ်ယာဉ်ပျံထက်သို့ တက်စီးလျက် ခရီးဒေသစာရီကြွချီခဲ့ကြသည်။ ထိုအကြောင်းကို ဤသို့ မှတ်တမ်းရေးသားရှိလေ၏။

"ရွှေရခိုင်ပြည်ရှင် ဓညပြည်ရှင် ဘုရင်စန္ဒသူရိယမင်းလက်ထက် ဂေါတမဗုဒ္ဓသည် နောက်ပါရဟန္တာငါးရာနှင့် ရခိုင်ပြည်သို့ ကြွရောက်လာခဲ့၍ ကျောက်တော်မြို့၏ တစ်ဖက်ရှိ သေလာဂီရိတောင်ထက် တရားဒေသနာ ဟောပြတော်မူသည်။ စန္ဒသူရိယမင်းသည်လည်း မြတ်စွာဘုရားထံသွားရောက်ဖူးမျှော်လျက် သေလာဂီရိတောင်၏ အရှေ့ငါးမိုင်ကွာ၌ တည်ရှိသော မင်းနေပြည်တော်သို့ ကြွရောက်သီတင်းသုံးရန် ပန်ကြားလျှောက်ထားရာ ဘုရားရှင်က လက်ခံခွင့်ပြုတော်မူသည်။ ဘုရားရှင်သည် မင်းနေပြည်တော်၌ ခုနစ်ရက်မျှ သီတင်းသုံးနေထိုင်ပြီးသော် ပြန်လည်ကြွချီတော်မူမည့် အခါ၌ စန္ဒသူရိယမြတ်စွာဘုရား ကိုယ်စားကိုးကွယ်ရန် ကိုယ်ပွားတစ်ဆူထားတော်မူခဲ့



ရန် လျှောက်ထားတောင်းပန်လေသည်။ ထိုအခါမြတ်ဘုရားရှင်၏ ခွင့်ပြုတော်မူချက်အရ သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့သည် သီရိဂုတ်တောင်ပေါ်တွင် ဘုရားရှင်ကိုယ်ပွား ဆင်းတုတော်တစ်ဆူ ဖန်ဆင်းခဲ့ကြသည်။ ၎င်းဆင်းတုတော်မှာ မဟာမုနိဘုရားပင်ဖြစ်သည်။ စန္ဒသူရိမင်းသည်လည်း သီရိဂုတ်တောင်ထက်တွင် ဂေါတမဘုရားရှင်ကြွရောက်လာသည့် အထိမ်းအမှတ်အဖြစ်ဖြင့်လည်းကောင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တည်ထားခြင်း အထိမ်းအမှတ်အဖြစ်ဖြင့်လည်းကောင်း၊ မဟာမုနိပုထိုးတော်ကို တည်ထားတော်မူခဲ့သည်။

(အရှေ့တိုင်းယဉ်ကျေးမှု ပို့ချချက်များအတွဲ(၁) တက္ကသိုလ်စာပေးစာယူသင်တန်း)

အထက်ပါမှတ်တမ်းအပြင် ဓညဝတီနှင့် ဝေသာလီပတ်ဝန်းကျင်တို့၌လည်းကောင်း၊ ရခိုင်ဒေသနယ်ပယ်အရပ်ရပ်၌လည်းကောင်း၊ ယေဓမ္မာဟေတုပ္ပဘဝါပါရှိသော စာတန်းထိုးကျောက်စာများ၊ စတုပါ(စေတီပုထိုးငယ်)များတွင် စာထိုးပါများတို့ကိုလည်း တွေ့ရှိရသည်။ ထိုကျောက်စာတို့ဆိုလျှင် ခရစ်နှစ် ၄ ရာစု ၅ ရာစုခန့်ထက်နောက်မကျချေ။ ထိုထက် ဗိုက်ပူဘုရား) သစ္စကပရိဗ္ဗာဇကဇိနရေးထိုးပါ) စာဆိုလျှင် ခရစ်အစပိုင်းထက် နောက်မကျချေ။ ရခိုင်ပြည်သို့ ဗုဒ္ဓသာသနာသည် ခရစ်အစဦးပိုင်းကပင် ရောက်ရှိနေပြီးကြောင်း သာဓက အခိုင်အမာသက်သေများဖြစ်ပေ၏။

ရခိုင်ဓညဝတီပြည်သို့ ဘုရားရှင်သည် (ဘီစီ ၅၅၄)မဟာသက္ကရာဇ် ၁၂၃ ခုနှစ် တပို့တွဲလပြည့်(အချို့ကဆုန်လဆန်း ၈ ရက်) နေ့တွင် ကြွမြန်းခဲ့သည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှသည် သိက္ခာတော် ၂၀ ဝါမြောက် သက်တော် ၅၅ နှစ်တွင် ကြွလျက်၊ မောရပဗ္ဗတကျောက်တော်တောင်၌ ကြွမြန်းတန့်ရပ်ခဲ့လေ၏။ ထို့နောက် ဗျာဒိတ်မြွက်ကြား၍အဆုံးတွင် ဓညဝတီနေပြည်တော်သို့ ကြွလျက်သုံးလနေပြီးသော် ကဆုန်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်ကို ကိုယ်စားသွန်းလုပ်ခွင့်ပြုခဲ့လေသည်။ သာသနာပြုရန် အရှင်ဗာကုလရဟန္တာထေရ်နှင့် အရှင် ၂၁ ပါး(အရိယသံဃာ ၂၀၀ လည်း အဆိုရှိ၏) ကိုလည်း ထားခဲ့လေသည်။

ထိုအခါကပင်စ၍ သီရိဂုတ္တကုန်းမြေသည် ရက္ခမဏ္ဍိုင်စိုက်ထူရာဌာနဖြစ်လာသည်။ သာသနာမူလတည်ထွန်းရာ သာသနာလည်း၊ တည်ရာထွန်းပဖြစ်ခဲ့ရသည်ဟု မော်ကွန်းထင်မှတ်ခဲ့ကြသည်။ ထိုကစ၍ ရခိုင်ပြည်တွင် သာသနာတော်သည် ရောင်ဝါ

ကွန့်မြူးလာခဲ့ရသည်။ ဘုရား၊ စေတီ၊ ဂူကျောင်း၊ ဇရပ်၊ ရဟန်းသံဃာစဉ်လာ ဆက်ပွားလာခဲ့ရသည်သာတည်း။

## သူရိယဓိပတိမင်းလက်ထက်အစီအမံ

ရခိုင်သို့ ဘုရားသာသနာဝင်ရောက်မှုတွင် ဖော်ပြပါဗုဒ္ဓကိုယ်တိုင် ကြွရောက်၍ သာသနာတည်ထားခဲ့မှု၊ ထိုနောက်ဘုရားရှင် ပရိနိဗ္ဗာန်ပြု၍ ကြွင်းကျန်ရစ်သော ဓာတ်တော်များသည် သာသနာသက္ကရာဇ် ၂၂၂ ခုမြောက်တွင် ကြွရောက်လာမှု စသည်ဖြင့် ရခိုင်သမိုင်းရာဇဝင်သမိုင်းအဆိုများ ရှိခဲ့လေသည်။ ခေတ်သုတေသီအလိုအားဖြင့် ဗုဒ္ဓဌာနဖြစ်ရာ အိန္ဒိယတောင်ပိုင်း မြောက်ပိုင်းများမှ ဗုဒ္ဓဘာသာဝင်များ ဝင်ရောက်လာခြင်းနှင့်အတူ ခရစ်မပေါ်မီ ဘီစီသုံးရာစု (ရှေးနှစ်ပေါင်း ၂၃၀၀)ခေတ်လောက်မှစ၍ ဗုဒ္ဓယဉ်ကျေးမှုနှင့် ကိုးကွယ်မှုတို့သည် တစ်စတစ်စ အခြေအနေဖြစ်လာကြပြီး ယခုတိုင်တည်မြဲလာခဲ့ရသည်ဟု ယူဆကြလေသည်။

ရခိုင်ပြည်တွင် ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက်မှစ၍ အခြေစိုက်လာသော သာသနာသည် သူရိယစက္ကမင်းထိတိုင်အောင် နှစ်ပေါင်းနှစ်ရာကျော် ဆက်ခံမပြတ်တည်ရှိလာခဲ့ရသည်။ သံဃာဆက်နွယ်အဖြစ် ဗာကုလမထေရ်ကစ၍ ဘုရားရှင်မျက်မှောက်အကျွတ်ရောက်ခဲ့ရသော ဘိက္ခုထေရာရဟန္တာနှစ်ရာ၊ ဘိက္ခုနီထေရီရဟန္တာမတို့ ဆက်ခံလျက် သာသနာပြုလာခဲ့ကြလေသည်။ စမ္ဘာဝတ်၊ ပဥ္စခေတ်ထိ ရဟန္တာအရှင်မြတ်တို့၏ သာသနာဖြစ်ခဲ့ရသည်။

စန္ဒသူရိယ၏ သားတော်သူရိယဓိပတိမင်းမှစ၍ သူရိယစက္ကမင်းတိုင်အောင် ဂါမဝါသီ အရညဝါသီ ရဟန်းသံဃာများ၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီများ၊ ရုပ်ပွားဆင်းတုတည်ထားမှုများ၊ ရဟန်းခံရှင်ပြုမှုများကို မင်း၏အမိန့်ဖြင့် စနစ်တကျ သတ်မှတ်ခဲ့ပြီးဖြစ်လေသည်။ ဗျာဒိဝင်မဟုတ်သော ဓာတ်တော်တို့လည်း ပြန့်နှံ့ခဲ့ပြီးဟု သိရသည်။ ရခိုင်တို့၏ ဝင်သုံးဆယ်ကျမ်းတွင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် ဓာတုစေတီခေါ် ဆံတော်ခြေတော်ရာများကို ခွင့်ပြုတော်မူသည့်အတိုင်း သွားတော်လေးဆယ် ဆံတော်ကိုးကုဋေခြောက်သန်း မွေးတော်ရှစ်ကုဋေ၊ ခြေသည်းလက်သည်းတော် နှစ်ဆယ်တို့သည် ကျွတ်ကုန်၍ ပူဇော်ခွင့်ရရှိခဲ့ကြသည်။ ၎င်းတို့ကို အနန္တစကြာဝဠာမှ လာသောနတ်တို့သည် တစ်ဆူစီပင့်ဆောင်၍ အဓိဌာန်ခဲ့ရာ ဌာနတို့၌ တည်ထားခဲ့ကြလေသည်ဟု အဆိုရှိသည်။

ယင်းသို့မဟာမုနိနှင့် ဆံတော်၊ ခြေရာတော်အပြင် နတ်တို့ပင့်ဆောင်ဌာပနာခဲ့သော ဓာတ်တော်၊ စေတီပုထိုးများတွင် ထီး၊ တံခွန်၊ပန်းမာလ်၊ ဆွမ်း၊ သင်းပုတ်တို့ကို



တင်ခဲ့ကြသည်။ မဟာမုနိပရိဝုဏ် တံတိုင်းလေးမျက်နှာအပြင်၌ ဂါမဝါသီပွဲကျောင်းရဟန်းများကို ကျောင်းရံဆောက်၍ နေခွင့်ပြုထားခဲ့သည်။ မဟာမုနိမှာ လှူသမျှပစ္စည်းတို့ကို ရဟန်းတို့အား သုံးစွဲခွင့်ပြုထားလေသေးသည်။ ဒုရေးသုရေး(သာရေးနာရေး)တို့၌ အပင့်အဖိတ်လက်ခံခဲ့ကြလေသည်။ သို့သော် ပဥ္စင်းသာမဏေပြုခွင့်ကိုကား မရခဲ့ကြချေ။ အရညဝါသီ ပုဂ္ဂိုလ်တို့ထံတွင်ပင် ပြုကြရလေသည်။

အညရဝါသီတို့မှာ စိတ်ငြိမ်ရာ၌ တိစီ-ရိတ်ခုတင် ဆောက်တည်လျက် ဆွမ်းခံ၍သာ စားသုံးကြရသည်။ ဂါမဝါသီတို့ကား ချက်ပြုတ်စားသောက်နိုင်လေသည်။ ပြည်သူတို့က ပစ္စည်းလေးပါးလှူဒါန်းကြရသည်။ ပွဲကျောင်းရဟန်းတို့ကား ရွာသူတို့နှင့် ရောနှောမှုရှိလေသည်။ အရညဝါသီတို့မှာ မရောနှောရချေ။ ယင်းသို့ သံဃာဂိုဏ်းနှစ်ဂိုဏ်းကို စနစ်တကျထားရှိလာခဲ့ကြသည်။ အရညဝါသီပုဂ္ဂိုလ်များကို ဧကစာဆရာမြတ်တို့ဟူ၍လည်းကောင်း။ ဂါမဝါသီများကို ပွဲကျောင်း(ဗဟုစာရရဟန်းဟူ၍လည်းကောင်း သတ်မှတ်ခဲ့ရလေသည်။)

မင်းပြားမြို့နယ်တွင် ဆိုလျှင် ရှေးက ဧကစာရ၊ ဗဟုစာရ ၂ ဂိုဏ်းသာရှိခဲ့သော်လည်း အင်္ဂလိပ်ခေတ်ဦးတွင် ဂိုဏ်းအသီးသီးဖြစ်လာခဲ့ကြသည်။

(၁) ငတန်းပျင်းဂိုဏ်းဆိုလျှင် ဂိုဏ်းချုပ်မှာ ဦးသောမဖြစ်သည်။ ငတန်ပျင်းကျောင်းတွင် နေခဲ့သည့် ဂိုဏ်းဝင်ကျောင်းပေါင်း ၉၀ ကျော်ရှိသည်။

(၂) နရမ်းဂိုဏ်းတွင် ဂိုဏ်းချုပ်ဆရာတော် ဦးတေဇိန္ဒဖြစ်သည်။ ဂိုဏ်းဝင်ကျောင်းပေါင်း ၆၀ ကျော်ရှိသည်။

(၃) လှန်ပျောက်ဂိုဏ်းကို အုပ်ချုပ်သော ဂိုဏ်းချုပ်မှာ ဦးဝိမလဗုဒ္ဓိဖြစ်သည်။ ဂိုဏ်းဝင်ကျောင်းပေါင်း ၆၀ ကျော်ရှိသည်။

(၄) ဦးကုသလမှာ ကန်းနီဂိုဏ်းချုပ်ဆရာတော်ဖြစ်သည်။ ကျောင်းပေါင်း ၆၀ ကျော်ကို အုပ်ချုပ်ခဲ့သည်။ ငတန်ပျင်းဇာတိဖြစ်သည်။

(၅) ဦးဉာဏဆရာတော်မှာ မူလဒွါရဂိုဏ်းအကြီးအကဲဖြစ်သည်။ ရေတံခွန် သိင်္ဂုတ္တရကျောင်းသစ်တွင် သီတင်းသုံးနေခဲ့သည်။

ဖော်ပြပါ ဆရာတော်တို့ထက် ရှေးကျသော ပြွန်ရှည်ရွာမခေါ် ကေသာလာချောင်းဖျားကျောင်း ဆရာတော် ဦးဝရလင်္ကာဆိုလျှင် ရခိုင်မင်းခေတ်မှ ဆက် ခံလာခဲ့ခြင်းဖြစ်လေသည်။

ဘုရားအလိုတော်ကို ရဟန္တာများမှသော်လည်း မသိနိုင်ရာဆို၏။ ထို့ကြောင့် သီဟိုဠ်ဝဋ္ဋဂါမဏိမင်းလက်ထက် သင်္ဂါယနာမှု ပိဋကတ်လာအတိုင်းသာ ရဟန္တာထိ လက်ခံရသည်။ ထိုမှုအတိုင်းသာ ရဟန်းခံကြရသည်။ ပုထုစဉ်တို့ကို ကျမ်းစာသစ်

မပြုလုပ်စေရ။ ပုတုစဉ်တို့ပြုသောကျမ်းကိုလည်း မသင်မလေ့လာရ၊ ယင်းသို့ခိုင်မာစွာ သတ်မှတ်ပြဋ္ဌာန်းထားရှိခဲ့လေသည်။

ရခိုင်နှင့် သီဟိုဠ်သည် ထေရဝါဒတူဖြစ်ကြသည်။ ဓညဝတီခေတ် သူရိယသီရိ (အေဒီ ၂၀၂-၂၂၂)လက်ထက်၌လည်းကောင်း၊ ပုရိန်ခေတ် ဒသရာဇာမင်းလက်ထက်၌ လည်းကောင်း၊ နေရဉ္စရတောင်ငူခေတ်ငရမန်မင်းလက်ထက်၌လည်းကောင်း၊ ဘစောဖြူမင်း၊ မင်းပါကြီး ၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ မာရုမ္ပိယမင်းလက်ထက်၌ လည်းကောင်း သီဟိုဠ်သို့ သာသနာပြုရန် ဆရာတော်များကို ပို့လွှတ်ခဲ့လေသည်။ သီရိစန္ဒရားမင်းလက်ထက် ဆဋ္ဌသင်္ဂါယနာတင်စဉ်က သီဟိုဠ်မှ သံဃာများကို ပင့်ဖိတ်ခဲ့ လေသည်။ သီဟိုဠ်မှလည်း ပိဋကတ်စာပေများကို ရခိုင်သို့ ပို့ပေးခဲ့ဘူးသည်။ စန္ဒရား မင်းခေတ်တွင်လည်း ပိဋကတ်စာပေများကို ရေးကူးဖြန့်ချီခြင်း၊ စတူပါ(စေတီငယ်) များတည်ထားခြင်းဖြင့် ရခိုင်တွင်လည်း ဓမ္မစေတီများ တည်ထားပူဇော်ခဲ့ကြပေသေး သည်။

## သင်္ဂါနာတင်ခြင်းများ

မြတ်စွာဘုရားရှင်သည် လေးဆယ်ငါးဝါ၊ သက်တော်ရှစ်ဆယ်၊ (ဘီစီ ၅၂၉)တါင် ပရိနိဗ္ဗာန်ပြုသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် တစ်ဆယ်ခြောက်ပြည်တင်း အချင်းတစ်ကင်းခန့်သော ဓာတ်တော်နှင့် ညှပ်ရိုးတော်နှစ်ခု၊ နဖူးသင်းကျစ်တော်တစ် ဆူ၊ စွယ်တော်လေးချောင်း ကြွင်းကျန်ခဲ့သည်။ ထိုဓာတ်တော်တို့ကို ဒေါနပုဏ္ဏားသည် ရှစ်ပြည်ထောင်မင်းတို့အား ခွဲဝေ၍ ကိုးကွယ်ပူဇော်စေခဲ့သည်။ ထိုဓာတ်တော်ဝေသော နေ့၌ အရှင်မဟာကဿပသည် သင်္ဂါယနာတင်ရန် ရဟန္တာငါးရာတို့ကို ရွေးကောက် တော်မူသည်။ ဝါဆိုနီးလတ်သော် ရာဇဂြိုဟ်ပြည်သို့ သင်္ဂါယနာတင်သံဃာတို့အစုံအညီ ရောက်ရှိကြစဉ် အဇာတသတ်မင်းအား အကြောင်းကြားသည်။ ထို့ကြောင့် မဟာ သက္ကရာဇ် ၁၄၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ငါးရက်နေ့ ရာဇဂြိုဟ်ပြည်၏ အရှေ့ တောင်ဖက် ဝေဘာရတောင်၌ ခုနှစ်လပတ်လုံး ပထမသံင်္ဂါယနာတင်သည်။ ဓာတ် တော်တို့ကိုလည်း အန္တရာယ်မှ လွတ်စေခြင်းငှာ ထိုထိုအရပ်မှ ပင့်ဆောင်၍ ရာဇဂြိုဟ် ပြည် အရှေ့တောင်ထောင့်၌ လက်တောင်ရှစ်ဆယ်ဖြစ်သောတွင်းကို တူး၍ အစီအမံ



ဖြင့် မြှုပ်နှံထားခဲ့လေသည်။

ဘုရားပရိနိဗ္ဗာန်စံဝင်သည်မှ နှစ်တစ်ရာအကြာတွင် ကာလသောမင်းသည် ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတင်လေသည်။ ရှစ်လတိုင်တိုင်ကြာလေသည်။ ထိုသင်္ဂါယနာနှင့် စင်ပြိုင်ဝဇ္ဇီတိုင်းသား ရဟန်းတစ်သောင်းတို့လည်း ခွဲထွက်၍ ဂိုဏ်း သစ်ပြုကြသည်။ မဟာသံဃိက ဂိုဏ်းဟုခေါ်တွင်၍ နောင်အခါ မဟာယနအယူဝါဒ တို့၏ မျိုးစေ့ပျိုးချရာ ဖြစ်လေရသည်။

ထိုဂိုဏ်းမနှစ်ခုမှသည် ဂိုဏ်းခွဲ(၁၈)ဂိုဏ်းထိ ပေါ်များခဲ့လေရာ၊ ထေရဝါဒဂိုဏ်း (၁၂)ဂိုဏ်း၊ မဟာသံဃိက ဂိုဏ်းပွား ၆ ဂိုဏ်းတို့ဖြစ်ခဲ့ရလေ၏။

ထိုနောက် နန္ဒမင်းဆက်အကုန် နှစ်ပေါင်းတစ်ရာကျော်ကာလတွင် ၁၈ ဂိုဏ်းမှ ၂၄ ဂိုဏ်း၊ ၃၅ ဂိုဏ်းအထိ ကွဲပြားလာသည်။ သို့သော် အချို့ဂိုဏ်းတို့မှာ မတည်တံ့ဘဲ (၄ဂိုဏ်း) အနည်းငယ်သောဂိုဏ်းသာ ထွန်းကားတည်ရစ်သည်။

မောရိယနန်းဆက်ဖြစ်သော အသောကမင်းသည် ဗုဒ္ဓဘာသာဝင်မင်းဖြစ်လာ သည်။ ၎င်းသည် သာသနာတော်ကို ထွန်းကားစည်ပင်စေခဲ့သည်။ ဓာတ်တော်တွင်းကို ဖွင့်လှစ်၍ အရပ်ရပ်သို့ ဝေငှဖြန့်ချီစေခဲ့သည်။ မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ဣန္ဒ ဂုတ္တရဟန္တာအရှင်တို့၏ အစီအမံဖြင့် ဗျာဒိတ်ပေးခဲ့သော ဌာနတိုင်းတို့သို့ ဆက်သွယ်ခဲ့ လေသည်။ တတိယသင်္ဂါယနာတည်း တင်ခဲ့လေသည်။ နိုင်ငံရပ်ခြားတို့သို့လည်း သာသ နာပြုလျက် ဖြန့်ချီစေခဲ့လေသည်။

## မြို့နယ်သာသနာပြန့်ပွားခြင်း

ဤကျိုန်းတိုင်းကျွန်း၊ မင်းပြားမြို့နယ်သည်လည်း ဓညဝတီခေတ်မှ သာသနာပြန့် နှံ့လာခဲ့ရမည်သာဖြစ်၏။ အကြောင်းသော်ကား မဟာမုနိမှ ဆက်သွယ်လာသော ရုပ် ပွားဆင်းတုတော်များ၊ ခြေရာတော်၊ ဆံတော်၊ ဖနောင့်တော်၊ စတူပါစေတီများ၊ ရဟန္တာ တို့ သီတင်းသုံးခဲ့သောနေရာများ၊ (ဗဒေါ်ဂူဘိတ်ခေါင်း) ထို့ပြင် နတ်တို့ပင့်ဆောင်၍ ပူဇော်ခဲ့ကြသော မွေတော်၊ ဆံတော်၊ လက်သည်းတော်၊ ခြေသည်းတော်၊ သွားတော်များ လည်း ရှိနိုင်ရာသည်။ ရဟန်း၊ သံဃာ၊ ကျောင်းကန်၊ ရုပ်ပွား၊ စေတီ၊ ကိုးကွယ်မှုများမှ လည်း လူနေမှုရှိရာ ဌာနတို့၌ ကိုးကွယ်မှုရှိခဲ့ကြမည်သာတည်း။ ဗာကုလမထေရ်နှင့် ကျွတ်တမ်းဝင် အရိယအရှင်တို့မှ ဆက်၍ဆင်းသက်ခဲ့ကြသော ရဟန္တာရှစ်ရာထိကား မြို့မြောက်ဦး၊ စမ္ဘာဝက်၊ ပဉ္စာခေတ်တွင် ပေါ်ထွန်းခဲ့ကြသည်ဆို၏။ ထင်ရှားသော ရဟန္တာများမှ ဆိုလျှင် သစ္စဗန္ဓဝ၊ ကောဏ္ဍည၊ နန္ဒိယ၊ ပဒုမ ဥတ္တမသီရိ၊ အရဟံ၊ ဘဒ္ဒိယ စသော အရှင်မြတ်တို့ဖြစ်ကြသည်။

စူဠစန္ဒရား (အနန္တစန္ဒရား)သည် ပဥ္စမသင်္ဂါယနာတင်ခဲ့၏။ သီရိစန္ဒရားသည် သာသနာ ၁၁၆၉ ခုနှစ်၌ ဆဌမသင်္ဂါယနာတင်ခဲ့၏။ ပဥ္စာခေတ်တွင် မင်းရင်ဖြူလက်ထက် တစ်ဆယ့်တစ်ကြိမ်မြောက် သင်္ဂါယနာတင်လေပြီးဖြစ်၏။ ဝဋ္ဋဂါမဏီမင်းတင်ခဲ့သော စတုတ္ထသင်္ဂါယနာမူကို လက်ခံလာခဲ့ကြ၏။ ရခိုင်တွင် အရိယသံဃာတစ်သိန်းထိ ကိန်းခဲ့သည်ဆို၏။ သစ္စာဗဒ္ဓဝမထေရ်သည် လက်မဂူ၊ ဘိတ်တောင်ဂူ၊ ခြိတ်တောင်အနီး၊ (ဘိတ်တောင်)ဂူတို့၌ ကိန်းအောင်းခဲ့သည်။ တလင်းကြီးမြောင်ဝထိပ် ကျောက်လုံးကြီး၌ ခြေတော်ရာချခဲ့သည်။ ယခုဗဒေါခြေရာတော်ဟူ၍ ခေါ်တွင်နေကြသည်။

စန္ဒရားမင်းလက်ထက်တို့၌ စတုပါများ တွေ့ရသည်။ ယခုစအင်းတွင် ရှိသေးသည်။ ကျိန်းတောင်ခြေရင်းမှ ယေဓမ္မာဟေတုပဘဝေါဂါထာ ပါသော နာဂရိကျောက်စာကို တွေ့ရသည်။ အေဒီငါးရာစုကဟု ဦးစံသာအောင်က ခန့်မှန်းခဲ့သည်။ ဝိရစန္ဒြရားမင်းဒင်္ဂါးစာလည်း ရရှိသည်။ လေးမြို့ခေတ်ကျောက်စာများ စမ္ဗခံများ၊ ယခုစစ်တွေခေါင်းလောင်းကျောင်းရှိ ဘုရားစမ္ဗခံ၊ မြောက်ဦးခေတ်မင်းတို့၏ ဒင်္ဂါးစာ၊ ပါရုံစာထိုးဒင်္ဂါးစာများလည်း ရရှိနေသည်။ သက္ကရာဇ် ၉၀၀ ကျော်ခန့်ဟု မထင်မရှားရေးထိုးစာပါရှိသည့် ခရုခွေဆံတော်ပုံ လက်ရာဘုရားတစ်ဆူကိုလည်း ရှားရှားပါးပါးတွေ့ရသည်။

လောင်းကြက်ခေတ် မဏိတော်စုလစ်တို့၌ ရောင်လျှံဖြာသော ဆင်းတုတော်များ၊ ဈာန်ကသိုဏ်း စည်းထားသော ဘုရားများ၊ ဈာန်ဝင်စားနေပုံ မုဒြများ၊ မြေကြီးကိုသက်သေညွှန်းနေပုံ၊ အောင်တော်မူခန့်ဘုရား၊ အခြားအခြား လက်ခြေထိုင်နေပုံမုဒြများ၊ စန္ဒဝိဇယမင်းသွန်းလုပ်သော ကျောက်ဆင်းတုတော်များလည်း ပြန့်နှံ့ရှိနေသည်။ အထူးသဖြင့် ဓညဝတီခေတ် ဓာတုစေတီအပြင်၊ ဝေသာလီခေတ် စေတီပုထိုးများ၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဘုရားစေတီ အများအပြား ရှိနေကြလေသည်။

မသမာသူများလက်ချက်ကြောင့်လည်းကောင်း၊ အစောင့်အရှောက်ကင်းမဲ့မှုကြောင့်လည်းကောင်း၊ ပြုပြင်မှု စနစ်မကျ နားမလည်မှုကြောင့်လည်းကောင်း၊ မူလလက်ရာပျက်စီးချို့ယွင်းခြင်းသို့ ရောက်ခဲ့ရလေသည်။ ထိုပြင် စစ်ဘေး စစ်ဒဏ်ကြောင့်လည်းကောင်း၊ ဖျက်ဆီးခံရသဖြင့်လည်းကောင်း၊ စီးပွားရှာ သိုက်တူး ရှေးဟောင်းပစ္စည်းရှာဖွေမှုတို့ကြောင့်လည်းကောင်း၊ နစ်နာမှုများစွာ ရှိခဲ့ကြသည်။

## ဓာတုသာသနပြန့်ပွားခြင်း

အသောကမင်းနှင့် ရခိုင်ပြည်ရှင် သူရိယစက္ကမင်းတို့သည် ထီးပြိုင်၊ နန်းပြိုင်



ခေတ်ပြိုင်ခဲ့ကြသည်။ ထို့ကြောင့် ဘုရားရှင်ကိုယ်တိုင် ရခိုင်သို့ကြွလာစဉ်က ဗျာဒိတ်မိန့်ကြားခဲ့သော ဓာတ်တော် ၂၄၈ ဆူကို ရှင်ကုန္ဒဂုတ္တ၊ အရှင်မောဂ္ဂလိပုတ္တတို့၏ ခွဲခန့်ပေးမှု၊ စီစဉ်ပေးမှုကြောင့် ရခိုင်သို့ ဝေစုရရှိခဲ့သည်။ သူရိယစက္ကမင်းသည် ရွှေပေလွှာကို ချက်ချင်းဝမ်းသာအားရဖြင့် အရှင်မဟာတိဿ၊ အရှင်ဗာကုလတို့ကို ပင့်ဆောင်စေခဲ့သည်။ ထိုအရှင်တို့ ဓာတ်တော်ပင့်ဆောင်၍ ရပ်တန့်နေခဲ့ရာနေရာကို ဗာဟုလတောင်ဟူ၍ ခေါ်တွင်ခဲ့သည်။ ယခုမြောက်ဦး၌ ဗားပူတောင်ဟု ခေါ်နေသည်။ ကြပ်စင်ကျွန်း၌ ရက်ခုန်းဝတိုင်အောင်ဟူ၍ရှိ၏။ ထိုနေရာသို့လည်း ထိုအရှင်တို့ ရောက်ခဲ့သည်ဟု အစဉ်ပြောဆိုနေကြ၏။

မထေရ်တို့ ပင့်လာခဲ့ကြသော ဓာတ်တော်တို့သည် သာသနာသက္ကရာဇ် ၂၂၂-ခုနှစ်(ဘီစီ ၃၀၇)အခါကောင်းသော တန်းဆောင်မုန်းလပြည့်နေ့တွင် ကြွရောက်ခဲ့လေသည်။ ထိုလပြည့်ကျော်တစ်ရက်ကပင် တန်းခူးလပြည့်နေ့ထိ ဗျာဒိတ်ဝင်ဌာနတို့၌ (ဘုရားနုစဉ်ကာလ ကျင်လည်ခဲ့ရာဌာန) ဗျာဒိတ်အရပ်တို့၌ စေတီတည်ထား ပူဇော်ခဲ့လေသည်။ အချို့ကိုကား ရွှေကလပ်တင်၍ ရွှေအုပ်အတွင်း ကိန်းဝပ်လျက် နန်းဦးဝေယံ၌ ပူဇော်ထားခဲ့သည်။ ဝါကျွတ်၍ မိုးရာသီကင်းသော တန်းဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ကပင်စ၍ ကျန်ဗျာဒိတ်ဝင်ဌာနတို့သို့ တည်ထားစေခဲ့လေသည်။

ထိုနောက် ဘုန်းကြီးသော မင်းတို့လက်ထက်လည်း ကိုးကွယ်လိုက နတ်တို့သည် ကူညီပင့်ဆောင်ပေးခဲ့ကြသည်ဆို၏။ ထို့ကြောင့် မင်းဗာကြီး၊ မင်းရာဇာ၊ စန္ဒဝိဇယမင်းလက်ထက်တို့၌ လှူယောင်ဆောင်သော သာသနာတော်စောင့် နတ်တို့က ဓာတ်တော်တို့ကို ပင့်ဆောင်ဝေငှ ပေးလာခဲ့ကြလေသည်။ ထို့ပြင် မဟာဗောဓိ စသောအရပ်၊ သက်ပြည်၊ မြုံပြည်တို့မှ မင်းများဆက်သခြင်းဖြင့်လည်း ဓာတ်တော်များကို ရရှိပူဇော်နိုင်ခဲ့ကြလေသည်။

ရခိုင်ပြည်သို့ ဓာတုသာသနာသည် ဘုရားရှင်ကြွရောက်၍ ရင်ငွေ့တော်ထည့်သွင်းပေးခြင်း၊ မြေငူကျွန်း၌ နဂါးရှစ်ဦးအား ခြေရာတော်ချပေးခြင်း၊ ဆံတော်ဓာတ်နှစ်ဆူကို ကိုးကွယ်ရန် ပေးခဲ့ခြင်းတို့က စတင်လာသည်။ ထိုနောက် အသောကမင်းက ဖြန့်ဝေစေခဲ့၍ ပြန့်နှံ့ရောက်ရှိရခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓဗျာဒိတ်ဓိဌာန်ချက်အတိုင်း နတ်တို့က ပင့်ဆောင်ပေးလာ၍လည်းကောင်း၊ ဘုန်းရှိသော မင်းတို့လက်ထက် ဓာတ်တော်စေတီတည်လိုသော စိတ်မနောဓိဌာန်ဖြင့်လည်းကောင်း၊ တောင်းတလျှင် သာသနာတော်စောင့်နတ်တို့က ပင့်ယူဆောင်ကြည်ပေးခဲ့ရသည်ဖြစ်၍လည်းကောင်း၊ ဗုဒ္ဓဗျာဒိတ်ပေးခဲ့သော နုစဉ်ဘဝကျင်လည်ခဲ့ရာ ၂၄၈ ဌာနတို့၌ ကြည်ညိုဖွယ်ရာ မွေသီရိရဓာတုစေတီများ တည်ထားဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရလေသည်။

ထိုဓာတ်တော်များကို ရခိုင်ပြည်အနှံ့အပြားတွင် ဖူးမြင်နိုင်ခြင်းကား၊ အလွန်ကျေး

ဖူးမျှားပြား၊ ကုသိုလ်ကောင်းမှုလည်း ဖြစ်ပွားစေခဲ့ရသည်။ ဓာတုသာသနာထွန်းကားခဲ့ကြောင်း၊ ထွန်းကားရှိနေကြောင်း၊ ထင်ရှားသော အထောက်အထားပင် ဖြစ်လေသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ဘာသာသာသနာ၏ ကြက်သရေဆောင် ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်သာ ဖြစ်ပေသတည်း။

ဓာတ်တော်သည် မကွယ်မပျောက်သေး ပရိနိဗ္ဗာန်မပြုသေးသမျှ နောက်ထပ်ဘုရားရှင် ပွင့်ထွန်းမလာနိုင်ပါ။ ဘုရားရှင်မပွင့်ထွန်းသမျှ ဓာတ်တော်သည် ဘုရားကိုယ်စားပင်ဖြစ်ချေသည်။ ဓာတ်တော်တည်ရှိသရွေ့ ဘုရားရှင်ရှိနေမည်သာ။ ထို့ကြောင့် "ဓာတုသုဟိ ဌိတာသုဗုဒ္ဓါပိ ဌိတာဝဟောန္တိ" ဟူ၍ (ဓာတ်တော်တည်သမျှ ဘုရားတည်ရှိသည်)ဟူ၍ အဋ္ဌကထာကျမ်းတို့၌ ပြဆိုထားခဲ့ပေသတည်း။

## ကျိုင်းတော်ရှင်

"ဗွေချက်မြင့်ဘီ၊ ဂီရိပဗ္ဗတာ၊ ထိုတောင်မှာ၌။
ရွှေဝါတနု၊ ကျေးသူဝမင်၊ မယွင်းတဇာစ်၊
ဖြစ်လေသောခါ။ သေလေရာဝယ်၊ နောင်လာကျိုန်းဝပ်၊
လျှာရင်းဓာတ်လျှင်၊ တည်လတ်ကျင်က၊ ရောင်ထင်လင်းလင်း၊
ပြောင်ပြောင်ဝင်း၍၊ ခပင်းများဖျှင်၊ ကျိုန်းတောင်ရှင်ဟု၊
ခေါ်တွင်နာမ၊ ဘွဲ့မည်ရ၍၊ ထိုကစဉ်လာ၊ ခုတိုင်သာလျှင်၊
တွင်လာဖြစ်လိမ့်။"

(ဟူး ရားတက်-ဥဂ္ဂါစံ)

## ကျိုင်းတော်ရှင် (ဇီဝှါဓာတုစေတီ)

ကျိုန်းတောင် တောင်တန်းခေါ် ကာလာဂီရိတောင်၌ တည်ရှိသည်။ တောင်၏ တောင်ဘက်ဆုံး ကုန်းမြင့်သာတွင် ဖြစ်လေသည်။ ဗုဒ္ဓနုစဉ်ဘဝက ကျင်လည်ခဲ့ရာဌာန။ ဗျာဒိတ်ဝင်အဖြစ် မိန့်မြွက်ခဲ့ရာဌာနလည်း ဖြစ်၏။

ကျီးမင်း(ကျေးမင်း)တဇာစ်အဖြစ် ကျိုန်းအောင်ခဲ့ရာ ဌာန၌ တည်ရှိသောကြောင့် ကျိုန်းတောင်ရှင် ဓာတ်စေတီဟု ခေါ်တွင်လာခဲ့သည်။ ဘုရားရှင်၏ လျှာရင်းတော်ကိန်းအောင်းရာ တည်ထားဌာပနာရာ စေတီဖြစ်သဖြင့် ဇီဝှာဓာတုစေတီဟု ဓာတ်တော်စဉ်သမိုင်း၌ လာရှိသည်။ မောရပဗ္ဗတသေလာဂီရိ (ကျောက်တော်တောင်)၌လည်း ဗျာဒိတ်မိန့်မြွက်ခဲ့ပြီးရာကား၊ ဗျာဒိတ်အရ မည်တွင်လာရခြင်း ဖြစ်လေသည်။





ထိုကြောင်း သမိုင်းရာဇဝင်လက်ာ၌ ဤသို့စပ်ဆိုခဲ့ကြသည်ကို တွေ့ရ၏။

"မြတ်ဖျားရှေးခါ၊ သုဝါကျီးမင်း၊ ပျော်ခင်းစံရာ၊ ကာကာဂီရိ၊ မည်ဟိတောင်မှာ ဇီဝှာစေတီ၊ ခေါ်ညီမည်တွင်"

**(ရှေးထုံးလင်္ကာ)**

"ဤသာမှာ၌၊ ကာလာဂီရိ၊ တောင်ကြီးထိပ်ဖျား၊ ကျေးသားဖြစ်၏။ လျှာရင်းဓာတ်တော်၊ ပညတ်ဇီဝှာ၊ နောင်တွင်ရာလိမ့်. . . . "

**(ဦးစံတင့်၊ မြို့တည်လင်္ကာ)**

ဤဓာတ်တော်မှာ သာသနာသက္ကရာဇ် (၂၂၂)ခုနှစ် (ဘီစီ ၃၀၇-၅၂၉)တွင် ကိန်းဝပ်လာခဲ့လေ၏။ မူလက ဓညဝတီဘုရင်၊ သူရိယစက္ကမင်း၏ (ဘီစီ ၃၁၆-၂၇၂) နန်းဦးဝေယံတောင်၌၊ ရွှေကလပ်ဖြင့် ပူဇော်ထားခြင်းခံခဲ့ရ၏။ ထိုနောက်မှ အစီအမံအရ ဘုရင်မင်းမြတ်သည် ကိုယ်တော်တိုင် ဦးထိပ်တင်၍ နန်းရဝေမှ ပင့်ဆောင်ခဲ့လေ၏။ ရေနန်းဆိပ်သို့ရောက်သော် ရွှေဖောင်တော်ဖြင့် ပင့်ဆောင်ရန် မှူးကြီးမတ်မွန်တို့အား လွှဲအပ်ခဲ့လေ၏။ အရှင်ဗာကုလ၊ အရှင်မဟာတိဿ၊ အရှင်ကုန္ဒဂုတ္တမထေရ်တို့၏ ခန့်ခွဲပေးမှုကြောင့် ဗျာဒိတ်ဝင်ဌာနသို့ ခန်းနားကြီးကျယ်စွာ ပင့်ဆောင်မှုပြုရလေ၏။ ကြည်းရေနှစ်ဖက်ညှပ်၍ ဓာတ်တော်ကို ရွှေဖောင်တော်ဖြင့် ပင့်ဆောင်ခဲ့ကြလေ၏။ တောင်ပေါ်ရောက်လျှင် ကွန့်မြူးရခြင်းဖြစ်လေရာကား၊ ဖူးကြသူများ ဝမ်းသာပီတိကြီးစွာဖြစ်ကြရလေ၏။

အစီအစဉ်အရ တောတောင်ကို သုတ်သင်လျက် မြေကိုပြောင်ရှင်းစေ၏။ ရာမောင်ကန်မည်သော မြို့လျှာရင်းရေကန်ကိုလည်း တူးစေ၏။ ရာမောင်ကြာရိုး မညိုးစေရန် ကြာကိုလည်း စိုက်ပျိုးလေ၏။ ထိုကန်ရေတွင် မဟာမုနိရုပ်ရှင်တော်မှ ဆံရေတော်ကို ဓာတ်ငင်ယတြာဖြင့် ထည့်သွင်းလေ၏။ ထိုသို့အစီအစဉ်ပြုပြီးလျှင် မှူးမတ်များက ပန္နက်ချမင်္ဂလာကို ပြုကြလေ၏။

ထိုနောက်အဓိပတိ မဏ္ဍိုင်ငါးရပ်ကို စိုက်ထူလျက် စေတီကို ပန်းရံဆရာတို့က တည်ထားခဲ့သည်။ ဓာတ်တော်ကိုကား မဏ္ဍိုင်ငါးရပ် အလယ်ဗဟို၌ ဌာပနာထည့်ထား၍ပိတ်ကြလေ၏။ ဌာပနာကိုပိတ်ပြီးနောက် ထီးတော်တင်ပြီးသော် ပြီးဆုံးခြင်းသို့ရောက်လေ၏။ အပြီးတွင် အဓိဋ္ဌာန်ပြုလျက် ဆုတောင်းပတ္ထနာပြုကာ သာဓုခေါ်ခဲ့ကြ၏။

ဓာတ်တော်စေတီမှာ တည်စက များစွာမကြီးလှချေ။ နွားတမော့ခန့်မျှသာအရွယ်အစားရှိပေသည်။

ရခိုင်ပြည်နယ်စည်ကားရန်နှင့် သာသနာပြန့်ပွားရန် သာသနာတိုးပွားစေရန် အဓိကဖြစ်လေ၏။ ထို့ကြောင်း တိတ်တဘောင် နိမိတ်ဆောင်လျက် နောင်အစဉ်

ကောင်းမည့်အရေးဖြစ်ချေ၏။ အစီအမံဆရာများကလည်း အင်းအိုင်၊ ယတြာ အကာ သစ်ပင်များကိုပါ ပြုလုပ်စီစဉ်၍ ထားခဲ့ကြ၏။ ဦးရာဇ်တောင်ဓာတ်တော်နှင့် ကျိန်းတော်ရှင်ဓာတ်၊ ဦးကင်းတော်ဓာတ်၊ အံကျိန်းတော်ဓာတ်တို့မှာ လေးမြို့မြစ်၊ မလ္လာယုမြစ်၊ ကစ္ဆပနဒီမြစ်များမှ ရန်သူများမဝင်၊ မပြုလာနိုင်ရန် အချက်အချာဖြစ်ခဲ့ကြလေ၏။

ဇီဝှာဓာတ်တော်ကိုလည်း အစဉ်ရိုကျိုးလာခဲ့သည့်အလျောက် မွေတော်ဓာတ်တော်ကို ဆက်ခံရမည်ကား အမှန်သာတည်း။ ထို့ကြောင်း "မသေဆီမီး၊ မငြိမ်းစေရာ" ဟူ၍ ဆီမီးမပြတ် ထွန်းခဲ့ရလေ၏။ "မပြတ်ဆီမီး၊ မသေစေရ"ဆီမီးမသေစေရန်ပါကြာသပတေးရက်သားကို အစောင့်အနှင်းတာဝန်ချထားခဲ့ရလေ၏။ မွေတော်ငါးရပ် (ဦးရာဇ်၊ ဝေသာလီ၊ ကျောက်တော်။ ဥသာလင်း)အဝင်ကျိန်းတော်ရှင်အဖြစ် အစဉ်လေး မြတ်လာခဲ့ကြရလေ၏။ ကိုယ်ခန္ဓာ၌ လည်ပင်းသည် အရေးပါသကဲ့သို့ ဤဓာတ်တော်ကိုလည်းပင်းပမာ သတ်မှတ်လာခဲ့ရလေ၏။

ကျိန်းတော်ရှင်၏ အသုံးပြုရာ မြို့လျှာရင်းကန်လည်း ကျိန်းတော်ကန်ပင်တည်း။ ရာမောင်ကန်ဟူ၍လည်းကောင်း၊ ကျိန်းရာမောင်ကန်ဟူ၍လည်းကောင်း၊ နောင်အစဉ် တွင်ခဲ့၏။ ရာမောင်ကျွန်း နတ်ရှင်မ၏ ကျိန်းတော်ရှင်ဘုရားကို ရေသပ္ပာယ်ရာကန်လည်း ဖြစ်ခဲ့ရပေ၏။ ထို့ကြောင့် သမိုင်းဝင်ကန်ကြီး ကိုးကန်တွင် ဤကန်လည်း ပါဝင်လေ၏။ ဘုရားနှင့်ကန်ကို စောင့်ရှောက်ကြရန် အရေးကြီးလှ၏။ ရခိုင်ပြည်၌ တိုးတက်စည်ပင် သာယာဝပြောရေးအတွက်လည်းကောင်း၊ မင်းကောင်းမင်းမြတ်ဖြစ်ထွန်း၍ ဘုန်းတန်ခိုးကြီးကျယ်၊ သက်ရှည်စိုးစံ၊ ရိပ်ငြိမ်ချမ်းသာ ခံစားနိုင်ကြစေရန် လည်းကောင်း၊ အကျိုးဖြစ်ထွန်းစေလိမ့်မည်ဆို၏။

ဇီဝှာဓာတ်တော်သည် ကစ္ဆပနဒီမြစ် အရှေ့ဖက်ကမ်း၌ တည်ရှိသော ဓာတ်တော် စာရင်းဝင်တည်း။ အရှေ့ဘက်ကမ်းတွင် ၁၇၇ ဆူတည်ရှိပြီး အနောက်ဘက်ကမ်းတွင် ၇၁ ဆူတည်ရှိခဲ့လေ၏။ အားလုံးပေါင်းဓာတ်တော် ၂၄၈ ဆူပျံ့နှံ့လျက် ရှိလာခဲ့ကြခြင်းဖြစ်၏။ ထိုကြောင့် သီရိဓမ္မာသောကမင်းမှ ဆက်သလာခဲ့ရသည်ကစ၍ ရခိုင်ပြည်တွင် ဓာတ်တော်များစွာ ကိန်းဝပ်ခဲ့ရ၏။ ဓာတ်တော်ရှစ်စရွတ်ထဲမှ ၁။ အသမ္ဘိန္န (အဝိပ္ပကိဏ္ဏ)နှင့် ၂။ သမ္ဘိန္န(ဝိပ္ပကိဏ္ဏ)ဓာတ်တို့ဖြစ်ကြ၏။

"ဓမ္မာသောက၊ ထိုရာဇသည်၊ ပုညာပြန့်ပွား၊ ဖြစ်စေခန့်လျက်၊ ထိုနှံ့လုံးညီ၊ တည်စေတီမူ။ သရီရဓာတ်၊ ရှစ်စရွတ်မည်၊ အတည်တည်တည်း"ဟူ၍ ဝါးကျောင်းဆရာ ပဏ္ဍိတ်ကမှတ်တမ်းပြုခဲ့၏။ ဘုရားရှင်၏ သရီရကိုယ်ခန္ဓာမှ တေဇောဓာတ်မီးလောင်ရာမှ ကြွင်းကျန်ရစ်ကြသော၊ မပျက်မစီးကျန်ရစ်ကြသော ဓာတုခေါ် အရာဝတ္ထုပင်တည်း။

ဓာတ်တော်တည်ရှိနေသရွေ့ သာသနာတည်ရှိမည်သာတည်း။ ဓာတ်တော်ကား





ဗုဒ္ဓကိုယ်စားဖြစ်ချေ၏။ လူနတ်တို့အတွက် အကျိုးငှာ ဘုရားရှင် အဓိဋ္ဌာန်ပြုထားခဲ့ခြင်းလည်း ဖြစ်ပေ၏။ ထို့ကြောင့်သာလျှင် "ရက္ခတွင်မည်။ ရခိုင်ပြည်၌ ကိုးကွယ်တုံလတ်၊ မှန်မချွတ်တည်း" ဟူ၍ ဆံတော်သမိုင်းတွင် မှတ်တမ်းတင်ခဲ့၏။

"နာမရယူ၊ အဆူဆူတို့ ငါမူဖြစ်ဖူး၊ ရပ်တိုင်းကူးလျက်၊ ရောင်မြူးကွန့်ပြန့်၊ တဘ်လတ္တံ့"ဟု ဝါးကျောင်းပဏ္ဍိတ်က စာတင်ခဲ့၏။

ရခိုင်နယ်မြေတွင် ဓာတ်တော်များ တည်ထားလတ်သဖြင့် ပူဇာစေတီ ပဏ္ဏာညီမည်ကိုလည်းကောင်း၊ ဆူယူပြည့်စေ ကိုးကွယ်ကြမည်ကိုလည်းကောင်း၊ ဓာတ်တော်ကြောင့် ထင်ရှားကျော်ဇောနိုင်ရာသည်ကိုလည်းကောင်း၊ ဤသို့စာဖွဲ့ခဲ့ပေသည်သာတည်း။

"ဤပြည်သည်ကား ၊ ဘုရားဗျာဒိတ်၊ တံဆိပ်နှင့်လျှော်၊ ကိုယ်တော်မှာသည်၊ နာမည်ရဖြစ်၊ ဦးရာဇ်တော်မြတ်၊ သချ်ပ်တော်က စသည်ဓာတ်တော်၊ တောင်ညွန့်ပေါ်၌၊ ရောင်ဖော်ပြရာ၊ များစွာရှင်လူ၊ ဆူယူကိုးကွယ်၊ သပ္ပာယ်လုံးညီ၊ စေတီတည်သည်၊ ဤသည်ပြည်၌၊ မည်မည်ပြားပြား၊ ကျော်ထင်ရှား၏။

**(ဝါးကျောင်း ဥတေနလင်္ကာမှ)**

## ညေဝတီစေတ်မင်းများ

သာသနာ့ဒါယကာတော်ဖြစ်သော သူရိယာစက္ကမင်းသည် နန်းစံ(၄၄)နှစပ်၊ သက်တော် (၇၄)နှစ် ရှည်ကြာခဲ့၏။ အဇာတသတ်ဖြိုကြွင်း သက္ကရာဇ် (ဇီဝကကိန်း၊ ဗသျှူးစတုရုပကိန်း၊ ဖြိုကြွင်းသက္ကရာဇ်) ၂၅၈ ခုနှစ်၊ ခရာဇ် ဘီစီ ၂၇၂)တွင် နတ်ရွာကြွသွားခြင်းပြုလေတော့၏။ ထိုမင်းလွန်လျှင် ၎င်းသားတော် သူရိယနာထ (ဘီစီ ၂၇၂-၂၃၀)သည် သာသနာနှစ် ၂၅၈မှ ၃၀၀ ထိ စိုးခဲ့လေ၏။ ၎င်းလက်ထက်တွင် ကျန်ရစ်ရှိခဲ့သော ဓာတ်တော်များကို ဆက်လက်တည်ထားခဲ့လေ၏။ ထိုသူရိယနာထမင်းနှင့် မိဘုရား ဝိသုဒ္ဓိတို့သည် သာသနာတော်မြတ်ကို လေးစားရိုသေကြလေ၏။ သာသနာတော်ထွန်းကားပြန့်ပွားတိုးတက်စေရန် ဆောင်ရွက်ခဲ့ကြလေ၏။ ထိုမင်းလက်ထက်အရောက်တွင် စစ်တွေကျွန်း၌ ဓာတ်တော်(၄ ဆူ)တည်ထားခဲ့လေ၏။ သာသနာသက္ကရာဇ် ၂၆၀ (ဘီစီ ၂၇၀)တွင် နတ်တော်လ၌ ကိန်းဝပ်ခဲ့ခြင်းဖြစ်လေ၏။

## ဝေသာလီစန္ဒရားစေတ်မင်းများ

ဇီဝှာဓာတ်တော်ကို ကောဇာ ၆၃၄ နှစ်အကြာတွင် စိုးစံသော စန္ဒရားမင်းတို့ ပြုပြင်မွမ်းမံခဲ့ကြလေ၏။ ဓာတ်တော်တို့မှာ နှစ်(၆၀၀ကျော်)ကြာညောင်းရာကား၊ ပြုပြင်မှုမဲ့လျှက် ယိုယွင်းကာ တောတောင်ပိတ်ပေါင်း ဆီးလာခဲ့ရ၏။ ခြုံနွယ်ယှက်၍

မျိုဝါးခံရသဖြင့် တိမ်မြုပ်မတတ် ရှိခဲ့ရလေ၏။ ထိုကြောင့် ဝေသာလီကျောက်လှေကား မြို့သခင် ဘုရင်မဟာစန္ဒရားမင်းသည် ပြုပြင်ခဲ့ခြင်းဖြစ်လေ၏။ ထိုမင်းသည် အသက် (၃၂)နှစ်၌ နန်းတက်၍ ၈၉ နှစ်ထိ နန်းသက်ရှည်ခဲ့၏။ နန်းစည်းစိမ်မှာ နှစ်ပေါင်း ၅၇ ကြာခဲ့လေ၏။

ထိုမင်းသည် တစ်နေ့သ၌ တိုင်းခန်းလှည့်လည်ရင်း အပူဇော်ခံရန် ထွက်ချီတော်မူလေ၏။ လေးမြို့မြစ်ကို ရွှေဖောင်ဆိုက်လေသော် ကျိန်းတောင်မှ အရောင်တလက်လက် ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေ၏။ ထိုအရောင်မှာ ဇီဝှာဓာတ်တော်မှ ကွန့်မြူးသော ဓာတ်တော်ရောင်ပင်ဖြစ်ချေ၏။ နတ်တကာတို့အား တိုင်တန်းလျက် မှူးမတ်တို့ကို ကြည့်ရှုရှာဖွေစေလေ၏။ ထိုအခါ ထိုတောင်တွင်နေသော သစ်ပင်စောင့်နတ် ရုက္ခစိုးက ကိုယ်ထင်ပြလေ၏။

ဘုရင်မင်းမြတ်အား လျှောက်တင်ကြလေသော် စကြာလုံ့ဖြင့် ရိုက်သတ်၍ ခေါ်ယူလေ၏။ မင်း၏အမိန့်အာဏာကို မလွန်ဆန် မငြင်းပယ်အားရာယကား ရုက္ခစိုးနတ်ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့လေ၏။ ဘုရင်က နောက်ကို မိမိကဲ့သို့ ဘုန်းကံရှင်မင်းများ ပေါ်ပေါက်နိုင်ရာသလောဟု မေးလေ၏။ ထိုအခါ ထိုနတ်က ပြင်းစွာရယ်လျက် မိမိမှာ ဘုန်းကြီးသော မင်းတစ်ပါးဖြစ်လာပေအံ့ဟု ပြောလေ၏။ သို့သော် ဘုရင်က ငါကဲ့သို့ ကိုယ်အင်္ဂါပြည့်စုံလိမ့်အံ့မထင်ဟု ဆို၍ ကျိန်စာပေးခဲ့လေ၏။ ထိုနတ်မှာ နောင်တွင် ကျိန်းတုံးညိုဖြစ်လာမည့်သူတည်း။ ထို့နောက် ၎င်းနှင့် စကားစပ်ဆိုင်ပြောဆိုလေလျှင် ရှေးမင်းတို့ တည်ထားခဲ့သော ဓာတ်တော်တည်ရှိသည်အဖြစ်ကို သိရှိရလေ၏။ ထိုပြင် ဓာတ်တော်အား ပြုပြင်ရန် ကာလသို့ရောက်လေပြီဟု သဘောပေါက်လာလေ၏။ ဓာတ်တော်ကွန့်မြူးခြင်းသည် ငါ့အတွက် ကံကောင်းလှပေသည်။ ဖူးရခဲ့သောအဖြစ်ကို ကြုံခဲ့ရသည်ဟု ဝမ်းသာအားရဖြစ်ခဲ့ရသည်။ ထိုကြောင့် ဘုရင်လည်း ဖောင်တော်ကိုဆိုက်၍ အစီအမံပြုစေခဲ့လေ၏။ ထိုနောက် ရှင်းလင်းသုတ်သင်ပြီးသော် ထိုဓာတ်တော်ကို မွမ်းမံပြုပြင်၍ တည်ထားခြင်းပြုလေ၏။ မဟာတဥ္စန္ဒြားမင်း၏ ပြုပြင်ခဲ့သော ခုနှစ်မှာ ခ-ဆပဥ္စကိန်း၊ ၂၅၀ ခုနှစ်။ ခရာဇ် ၃၂၈ ဗုဒ္ဓသာသနာနှစသ် ၈၅၇ တွင် ဖြစ်လေသည်။

## သီရိစန္ဒရား(ခရာဇ် ၅၉၅–၆၆၇)

မဟာစန္ဒရားမှ ခုနှစ်ဆက်မြောက်တွင် သီရိစန္ဒြားမင်းသည် ဝေသာလီကျောက်လှေကားမြို့ကို စိုးစံခဲ့ရလေသည်။ ခ-ဆပဥ္စကိန်း ၅၁၇ မှ ကောဇာ ၂၉ ခုနှစ် ထီးနန်းစည်းစိမ်ကို ရရှိခံစားခဲ့လေသည်။ ထိုမင်းမှာ ထူလစန္ဒရား (အာနန္ဒစန္ဒြား)နှင့် ရူပီနီတို့၏ သားတော်ဖြစ်သည်။ နှမတော် ကဥ္စနမာလာသည် မိဘုရားခေါင်ဖြစ်တော်မူလေ၏။ ၂လုံ့ပုံ့ရတနာကိုလည်း ရရှိလေသဖြင့် အာဏာစွမ်းအား ဘုန်းတန်ခိုးကြီးမားခဲ့လေ၏။ ရတနာသုံးပါးကိုလည်း အလွန်မြတ်နိုးရာကား အလှူသီတင်းကျင့်သုံးခြင်း၌ မွေ့လျော်လေ၏။

ထိုမင်းနန်းစံ ၄၃ နှစ်မြောက်တွင် ခဆပဥ္စကိန်း (၅၆၀)သက္ကရာဇ်ပြည့်မည်ဖြစ်သည်။ ထိုကြောင့် ဟူးရားဗေဒင်ဆရာတို့နှင့် တိုင်ပင်၍ ထိုသက္ကရာဇ်ကို ဖြိုဖျက်လေသည်။ ထိုကိန်းကို ရခိုင်က ဥတ္တမကိန်းဟုခေါ်သည်။ ဗမာတွင် ပုပ္ပါးစောရဟန်းမင်း ဖြိုသည်ဟု ဆိုသည်။ သီရိစန္ဒရားမင်းသည် သက္ကရာဇ်ဖြိုမည့် ထို ၅၆၀ ပြည့်နှစ် (ခရာဇ် ၆၃၈)သာသနာ ၁၁၆၇ ခုနှစ် တပေါင်းလပြည့် စနေနေ့တွင် ယတြာကိန်းခန်းအရ ဇီဝှာဓာတ်တော်နှင့် ဦးရာဇ်တော်ဓာတ်၊ ဦးကင်းတော်ဓာတ် စသော အဓိပတိဓာတ်တော်ကြီးများကို မွမ်းမံပြုပြင်စေခဲ့လေသည်။ ထိုမင်းကား နန်းစံ ၇၂ နှစ် သက်တော် ၈၉ နှစ်ရောက်ဆဲကောဇာ ၂၉ ခုနှစ်(ခရာဇ် ၆၆၇)တွင် နတ်ရွာစံခဲ့လေသည်။ ဤမင်းကိုထောက်၍ သက္ကရာဇ်ဖြိုသော မင်းတို့သည် အသက်မရှည်ဟူသော အယူအဆမှာ တထစ်ချမမှန်ရာချေ။

## လေးမြို့ခေတ်မင်းများပြုပြင်ခြင်း

## မင်းရင်ဖြူ (ခရစ် ၈၄၃–၈၇၃)

မင်းရင်ဖြူသည် ပဥ္စာမြို့ကို စိုးစံခဲ့ရသည်။ စန္ဒသင်မင်းနှင့် သီရိကုမ္မာရီမိဘုရားတို့၏ သားတော်ဖြစ်သည်။ စူဠစန္ဒရားမင်းနှင့် စန္ဒာဒေဝီမိဖုရားတို့၏ မြေးတော်ဖြစ်သည်။ ထိုမင်းသည ကောဇာ ၂၀၅ ခုနှစ်အရောက် အသက် ၂၈ နှစ်တွင် ဘုရင်အဖြစ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ မင်းရင်ဖြူသည် မုနိရုပ်ပွားတော် အများအပြားကို ထိုလုပ်ကိုးကွယ်လေသည်။ နေရာဒေသအနှံ့အပြား ကိုးကွယ်ခွင့်ပြုခဲ့သည်။ မင်းရင်ဖြူ၏ ၂၀၉ ခုနှစ် (ခရာဇ် ၈၄၇)သာသနာနှစ် ၁၃၇၆)တွင် သွန်းလုပ်သောဘုရားကို မင်းပြားတွင် တွေ့ရသည်။ ယခုစစ်တွေ ခေါင်းလောင်းကျောင်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ဓညဝတီမြို့ မဟာမုနိဘုရားကို ခြံရံလျက် မုနိငါးဆူကို မင်းရင်ဖြူ ဌာပနာထား၍ ကိန်းဝပ်တည်ခဲ့သည်ဟု ဆိုသည်။ တစ်ဆူမှာ ယခုအခါမြောက်ဦးမြို့ ဗန္ဓုလကျောင်းတွင်ရှိရာ စန္ဒမုနိဟုခေါ်တွင်ရှိနေသည်။ မင်းရင်ဖြူသည် ထိုနှစ် ၂၀၉ တပို့တွဲလပြည့် ကြာသပတေးနေ့ ဇီဝှာဓာတ်တော်ကို သုတ်သင်ရှင်းလင်းခဲ့သည်။ ထိုမင်းနန်းသက် ၃၀

သက်တော် ၅၈ နှစ် ကောဇာသက္ကရာဇ် ၂၃၅ (ခရာဇ် ၈၇၃)ခုနှစ် နတ်ရွာစံလေသည်။

## ကောလိယမင်း (ခရစ် ၁၁၁၈–၁၁၂၃)

ကောလိယမင်းသည် သကျဝင်ငယ်မင်းနှင့် စောလုကြီးမိဖုရားတို့၏ သားတော်ဖြစ်သည်။ မယ်တော်မိဖုရားသည် ညသန်းခေါင်ဝယ် သံရှင်ဖြင့်ပြီးသော လှံ့ခားသံလျက်တို့ကို အရောင်အဝါနှင့်တကွ အပ်နှင်းလာသည်ဟု အိမ်မက်မြင်ချိန်တွင် ကိုယ်ဝန်ရရှိခဲ့လေသည်။ ထိုကြောင့် အိမ်မက်ကို မြင်၍ရသော သားဖြစ်၍ ကောလိယမင်းဟု အမည်မှည့်ခေါ်ခဲ့သည်။ ကောလိယမင်းသည် မိဘုရားကုမ္မရီနှင့် ပုရိန်မြို့ထီးနန်းကို ကောဇာ ၄၈၀ တွင် စိုးစံ၍ မဟာထီးဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။ ဘုန်းတန်ခိုးလက်နက်အင်အား စွမ်းပကား ရှိလေသည်။ ထိုမင်းသည် ကောဇာ ၄၈၅ တွင် အနာရောဂါပြင်းပြသဖြင့် မဟာထီးဘုရားနှင့် နိုင်ငံတော် အဝှမ်းအကာကြီးအကာငယ်တို့ကို ပူဇော်တော်မူလေသည်။ ပုရိန်နိုင်ငံတော်၏ တောင်ဘက်အဆုံး၌ တည်ရှိသော ကျိန်းတောင်ရှင်ကိုလည်း သုတ်သင်၍ပြုပြင်စေခဲ့လေသည်။ ထိုနောက် နန်းစံ ၅ နှစ်သက်တော် ၂၁ နှစ် သက္ကရာဇ် ၄၈၅ (ခရစ် ၁၁၂၃)တွင် နတ်ရွာစံလွန်လေသည်။

## ဒသရာဇာ (ကောဇာ ၄၈၅–၅၀၁)

ထိုမင်းသည် ပုရိန်ခေတ် (ကောဇာ ၄၆၅ မှ ၅၀၄)ထိ အုပ်စိုးခဲ့သော မင်းတစ်ပါးဖြစ်သည်။ ထိုမင်းကား မဟာထီးဘုရား ဒါယကာကောလိယမင်းနှင့် မိဘုရားကုမ္မာရ၏တို့မှ ကောဇာ ၄၇၀ ခုနှစ်တွင် မွေးဖွားသော သားတော်ဖြစ်သည်။ သက်တော် ၁၅ နှစ်တွင် ရာမဒေဝိနှင့် ထီးနန်းစည်းစိမ်ကို ကောဇာ ၄၈၅ (ခရစ် ၁၁၂၃)ခုတွင် ခံယူစိုးစံခဲ့သည်။ စန္ဒရားမင်း ၉ ဆက် အရိန္ဒမာလှံ့ပျံကို ရရှိခဲ့သည်။ ဤမင်းလည်း ၁၀ ဆက်မြောက် အရိန္ဒမာလှံ့ပျံကို ရလေရာကား ဒသရာဇာမင်းဟု ခေါ်တွင်ခြင်းဖြစ်လေသည်။

ဒသရာဇာမင်းသည် ၅ ဆက်တိုင်တိုင် (ကောဇာ ၄၆၅-၄၈၅)နှစ်ပေါင်း(၂၀) တိုင်အောင် ကွယ်ပျောက်နေခဲ့သော မဟာမုနိကို ရှာဖွေခဲ့သည်။ ထိုဘုရားသည် စန္ဒသူရိ ယမင်း လက်ထက်သွန်းလုပ်၍ ဓညဝတီမြို့အတွင်း သီရိဂုတ်တောင်၌ တည်ထားခဲ့ သည်။ လက်ယာမင်းနန်ကို နန်းတင်ခဲ့ကြသူများက ဘုရားကို ဖိုကျင်ထိုးခဲ့ကြလေသည်။





ထိုအခါမှစ၍ ဘုရားမှာ ပလ္လင်မှ ပျောက်ဆုံး၍ တိမ်မြုပ်နေခဲ့ရခြင်းဖြစ်သည်။ အချို့ကပလ္လင်အောက်တွင် မြုပ်နှံလျက်ရှိသည်ဆို၏။ အမှန်မှာ လက်ယာမင်းနန်လက်ထက် ဘုရားကို ဝက်သတိုးတောင်သို့ ပြောင်းရွှေ့ဝှက်ထားခဲ့ခြင်းပြုခဲ့သည်။ တိုင်းပြည်အင်အားရှိပြီးအချိန်သို့ ရောက်သော ဤမင်းလက်ထက်တွင်မှ ပြန်ယူပင့်ဆောင်နိုင်ခဲ့သည်။ ထိုပြင်ပလ္လင်နှင့်တံတိုင်းကို ကောင်းစွာ စီရင်လုပ်ကိုင်၍ ပလ္လင်သို့တင်လေသည်။ ဆရာရှစ်သောင်းတို့၏ အစီအစီဖြင့် နံ့သင့်သစ်ပင်များကို အကာယတြာအဖြစ် စိုက်ထားခဲ့လေသည်။

ဒသရာဇာမင်းသည် ကြီးကျယ်ခန်းနားသော အစီအစဉ်ဖြင့် ရာဇဘိသိက်ကို ခံယူခဲ့သည်။ ထိုစဉ်ရတနာသုံးပါးကို ဆည်းကပ်သော ဥပသကာအဖြစ်ကိုလည်းကောင်း ဝန်ခံခဲ့သည်။ ထိုသို့သော သာသနာတော်ကို ယုံကြည်သော ဒါယကာအဖြစ်လည်းကောင်း ဝန်ခံခဲ့သည်။ ထိုသို့ သာသနာ့ဒါယကာဖြစ်သည့်အတိုင်း မင်းဖြစ်၍ ၅လရှိသောအခါ နိမိတ်ပြလေသောကြောင့် မဟာမုနိကို ပင့်ဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်ဆို၏။ မဟာမုနိသိမ်ဆောက်၍ ပလ္လင်တင်ပူဇော်ပြီး နောက်အရံကျောင်းပေါင်း တစ်ရာကို ဆောက်လုပ်တော်မူခဲ့သည်။ လက်ဆေးကန်၊ ခေါင်းဆေးကန်တူး၍ မဟာရံသုံးထပ်ကို ပြုလုပ်ခဲ့သည်။ အစောင့်အနေ ဆွမ်းတင်၊ စည်တီး၊ မျက်နှာသုတ်၊ တံခွန်ဆွဲ၊ တံမြက်ခတ်၊ ကျီးနှင့်စာခြောက်ပါ ဘုရား၌ ခန့်ထားခဲ့သည်။ အသီးသီးစားကျေးမြေနေရာလည်း ချပေးခဲ့သည်။

ထိုနောက် အသက်၂၀ မြောက် (သက္ကရာဇ် ၄၉၀)တွင် ဘင်္ဂါကုလားတို့သက်နှင့်ပေါင်း၍ သောင်းကျန်းသည်ကို နှိမ်နင်းစေခဲ့လေသည်။ ထိုနောက် အသက် ၃၁ နှစ်ရောက်(သက္ကရာဇ် ၅၀၁)တွင် တိတ်နမိတ်မကောင်းချေ၍ မရဏဂြိုဟ်အထွတ်နှင့်ကြုံလေသဖြင့် ဖနဝရတ်ရွှေဘုံကွာကိန်းကြုံနိုင်သည်”ဟူ၍ ပုရောဟိတ်ရာဇဂုရုလျှောက်ထားခံခဲ့ရသည်။ ထိုကြောင့် ဘုရင်မင်းသည် ဂြိုဟ်ပြောင်း၊ ဂြိုဟ်လွဲ၊ ဂြိုဟ်ပျက်၊ ဂြိုဟ်ကူး၊ စန်းဦးအပြတ်ကို ယတြာဖြင့် လွတ်ငြိမ်းစေရန် ဆောင်ရွက်ခဲ့လေသည်။

ထိုသို့ဆောင်ရွက်သော အသက် ၃၁ နှစ်ရောက် ကောဇာ ၂၀၁ ခု တပေါင်းလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့တွင် ကျိန်းတော်ရှင် ခေတ်တော်ကို မွမ်းမံပူဇော်ခဲ့လေသည်။ ထိုမင်းသည် အသက် ၃၁-နှစ်၊ နန်းစံ ၁၆ နှစ် သက္ကရာဇ် ၅၀၁ (ခရစ် ၁၁၃၉)(သာသနာနှစ် ၁၆၆၈)တွင်နတ်ရွာစံလွန်ခဲ့လေသည်။

# မင်းထီး (ကောဇာ ၆၄၅–၇၅၁)

မင်းထီးဘုရင်သည် လောင်းကြက်(ကောဇာ ၆၁၃-၇၉၂)ခေတ် ဘုရင်တစ်ပါးဖြစ်သည်။ ကိုးဆက်မြောက်မင်းဖြစ်၍ (ကောဇာ ၆၄၅ မှ ၇၅၁)ထိ စိုးစံခဲ့သည်။ ၃ နှစ်အရွယ်တွင် ဦးရီးတော် အနန္တဘယ၏ ရင်ခွင်ပေါ်တွင် ထိုင်၍ မင်းပွဲခံလာခဲ့သည်။ တရားစောင့်သောမင်းအဖြစ် ထင်ရှားသည်။ နန်းစံအရှည်နှင့် သက်တော်အကြီးဆုံး မင်းတစ်ပါးဖြစ်သည်။ အနောက်ဘင်္ဂါစသော နိုင်ငံများကို ပိုင်စိုးနိုင်ခဲ့သည်။ ဘုန်းတန်ခိုးအာဏာနှလုံးရည် လက်ရုံးရည်ရှိသော မင်းတစ်ပါးဖြစ်ကြောင်း ရာဇဝင်၌ မော်ကွန်းလက်ာရေးထိုးခံလာခဲ့ရသည်။ ခမည်းတော်မှာ မင်းဘီလူးဖြစ်ပြီး၊ မယ်တော်မှာ သုဘဒ္ဒဒေဝီအမည်ရှိသည်။ ထိုမင်းလက်ထက် တိုင်းပြည်ပြုပြင်မှု အမိန့်တော်များ ထုတ်ခဲ့မှုရှိရာ အလေးထားလိုက်နာခဲ့ရသည်။ အမိန့်တော်ကို မလိုက်နာ၍ ဦးရီးအရင်းဖြစ်သူ ဒါဂါမြို့စား အနန္တဘယကိုပင် သက်သာခွင့်မပေးဘဲ သတ်စေဟု အမိန့်တော်ချမှတ်လေခဲ့လေသည်။ ထိုမင်းသည် ပြူတစ်သိန်းအမည်ဖြင့် အိန္ဒိယပြည် ဗုဒ္ဓဂါယာ၌ ဗောဓိစေတီကို သက္ကရာဇ် (၆၅၇)တွင် ပြုပြင်ခဲ့လေသည်။

မင်းထီးသည် သာသနာတော်ကို ယုံကြည်လေးမြတ်သူဖြစ်သည့်အတိုင်း၊ စေတီ၊ ပုထိုးသိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်းရေကန်၊ မဏ္ဍပ်၊ တံဆောင်းစကြ်ာန်၊ တံတားတို့ကိုလည်း တည်ဆောက်လှူဒါန်းခဲ့လေသည်။

သူတစ်ပါးအကျိုးစီးပွားရှိအောင်ကိုသာ လုပ်ဆောင်ခဲ့သည်။ မိမိကိုယ်တိုင်လည်း တရားကိုလိုက်နာ၍ သီလမပြတ်ဆောက်တည်ကာ ပုတီးလက်စွဲမပျက်နေလာခဲ့သည်။

ထိုသို့နေလာစဉ် နန်းသက် ၁၅ နှစ် သက္ကရာဇ် ၆၆၀ တွင် နိုင်ငံတော်ကို ထိပါးလာခဲ့သော ရန်သူများကို ရင်ဆိုင်ခဲ့သည်။ ရှမ်းတို့ဖျက်ဆီးခံရသော လေးမြို့ချောင်းဖျားကို စောင့်ရှောက်ပေးခဲ့ရသည်။ ပျက်လေပြီးသော နေရဉ္စရာမြိုင် တောင်ငူကိုလည်း ပြန်လည်တည်ထောင်ခဲ့သည်။ ကောဇာ ၆၇၅ ခုတိုင် ဖျက်ဆီးခံရသော အမ်း၊ ဒလက်၊ သံတွဲတောင်ခွင်တို့ကိုလည်း ကာကွယ်ပေးခဲ့ရသည်၊ အရပ်ရပ်ပုန်ကန်သူတို့ကိုလည်း မဟာမုနိတွင် သစ္စာပြုပြီးနောက် ချီတက်တိုက်ခိုက်ခဲ့လေသည်။

ဒါနသီလဘာဝနာ တရားတို့ကိုလည်း အားထုတ်ဖြည့်ကျင့်တော်မူခဲ့လေသည်။ သက္ကရာဇ် ၆၇၅ နတ်တော်လတွင် ချီတက်တိုက်ခိုက်လေသည်။ ဤသက်ပြည် မြုံပြည်ကိုပါ အောင်မြင်ခဲ့လေသည်။

မင်းထီးသည် တိုင်းပြည်အရပ်ရပ်ကို ငြိမ်းချမ်းအောင် ထိန်းသိမ်းခဲ့ပြီးနောက် လေးမြို့ဝဲယာတစ်လျှောက် ဘုရားစေတီများကို မွမ်းမံပြုလုပ်ခဲ့လေသည်။ ပန်းမြောင်းကြီးချောင်းအဝင် နေရဉ္စရာ တောင်ငူမြို့နယ်တစ်လျှောက် တောတန်းနယ်တခွင်ကိုပါ ပြုစုပျိုးထောင်ပေးခဲ့သည်။ ထိုသို့တိုင်းပြည်ကို ပြုပြင်ခဲ့သော ကာလတွင် ဤကျိန်းတောင်ရှင်ကိုလည်း ပြုလုပ်မွမ်းမံစေခဲ့လေသည်။ ထို့ကြောင့် မင်းထီးဘုရင်သည်လည်း ကောဇာသက္ကရာဇ် ၆၇၅ ခု ခရစ်(၁၂၁၃)တန်ခူးလဆန်း(၈)ရက် သောကြာနေ့မွမ်းမံခဲ့ကြောင်း သိအပ်ပေသည်။



မင်းထီးကား သက္ကရာဇ် ၇၅၁ ခုနှစ် ခရစ်(၁၃၈၉)ခု (သာသနာနှစ် ၁၈၄၃) နန်းစံ ၁၀၆-နှစ်၊ သက်တော် ၁၂၃ နှစ်မြောက်တွင် နတ်ရွာစံခဲ့လေသည်။

# မြောက်ဦးမင်းများပြုပြင်ခြင်း
# မင်းစောမွန်လက်ထက်ပြုပြင်ခြင်း

မင်းစောမွန်သည် နောက်ဆုံးလောင်းကြက်ဘုရင်ဖြစ်ခဲ့သည်။ နရမိတ်လှဟူ၍ မင်းဘွဲ့အမည်ရှိသည်။ ကောဇာ ၇၆၆ ခရစ် ၁၄၀၄ ခုနှစ်နန်းစံ၍ သုံးနှစ်မြောက် (ကောဇာ ၇၆၈)တွင် နန်းမှရှောင်ခဲ့သည်။ ကောဇာ ၇၉၀ ခုနှစ်ထိ ၂၂ နှစ်တိုင် အနောက်သူရတန်ပြည်ခေါ် (ဂေါ်ရ်)တွင် ခိုလှုံနေလေသည်။ ကောဇာ ၇၉၀ ခုနှစ် (ခရာဇ် ၁၄၂၈)တွင်မှ လောင်းကြက်သို့ ပြန်ရောက်လာသည်။ ထိုတွင် ၂နှစ်ခန့်ထီးနန်းစံ၍ မြောက်ဦးမြို့ကို ကောဇာ ၇၉၂ (ခရာဇ် ၁၄၃၀)တွင် ရွှေ့ပြောင်းတည်ထောင်ခဲ့လေသည်။

မင်းစောမွန်သည် တိုင်းပြည်ကို ရောက်ရောက်ချင်း ထူထောင်ရေးလုပ်ငန်းများကို ပြုလုပ်ခဲ့လေ၏။ ဟူးရား နရိန္ဒသူ၊ မဟာရာဇသူ၊ ပညာရှိအမတ်ကြီး ဝိမလ၊ ကဝိကျော်အမတ်တို့၏ အစီအမံအရ မြို့သက်ရှည်ရန် တိုင်းပြည်မြို့ရွာ အေးချမ်းသာယာကြီးပွားရန် အကာကြီးအကာငယ်တို့ကို လည်းကောင်း ယတြာတို့ကိုလည်းကောင်း၊ စီရင်ခဲ့ကြလေ၏။ အစီအရင်ကို မြို့တံဆိပ်ခတ်ကျမ်း၊ ယတြာကျမ်းတို့၌ များစွာလာလေ၏။ ထိုတွင် ကျိန်းတော်ရှင်အရှေ့ခြမ်းမှ လက်ျာအင်းဟူ၍ ကျောက်ပြားငယ်တွင် အင်းဆံချ၍ ရရှိပေ၏။

ထိုပြင် ဦးရာဇ်တော်နှင့် ကျိန်းတော်ရှင်ကို ဆီမီးရောင်အပြိုင်ထွန်းလင်းစေလျက် သာသနာတော်ပွင့်လင်းစေရန် ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် “မွေးတော်ငါးရပ်၊ မပြတ်ဆီမီး၊ မငြိမ်းစေရ” ဟူ၏။ မဟာမုနိရုပ်ရှင်မှ ဓာတ်နံ့တွဲဖက်၍ ရာမောင်ကန်ကြာရိုး မညှိုးစေရာဟူသော နိမိတ်ဆောင်ခဲ့၏။ မင်းစောမွန်လက်ထက် ကောဇာ ၇၉၃

ခုနှစ်တွင် ကဆုန် လပြည့် ကြာသပတေးနေ့ ဓာတ်တော်ကို မွမ်းမံပြုပြင်ခဲ့လေ၏။ ထိုမင်းသည် အသက် ၅၃ နှစ်၊ နန်းစံ ၇ နှစ် ကောဇာ ၇၉၅ (ခရာဇ် ၁၄၃၃)တွင် နတ်ရွာစံလေသည်။

## ဘစောဖြူမင်း(၈၂၀–၈၄၃)

မင်းစောမွန်နောက် မင်းခရီ (အလီခင်)ဆက်ခံပြီးနောက် သားတော်ဘစောဖြူ မင်း(၁၄၅၈-၁၄၈၁)လက်ထက်အရောက်တွင် ဘကြီးတော် စောမွန်အစီအမံအတိုင်း စီရင်ခဲ့လေသည်ဆို၏။ ထို့ကြောင့် ထိုဘစောဖြူမင်းလက်ထက်၊ ကောဇာ ၈၄၃ ခုနှစ် ကဆုန်လပြည့် ကြာသပတေးနေ့ ကျိန်းတော်ရှင်ကို ပြုပြင်မွမ်းမံမှု ရှိခဲ့လေ၏။

## မင်းပင်ကြီးလက်ထက်ပြုပြင်ခြင်း

ဘစောသီရိမည်သော မင်းပင်ကြီးသည် မူလတွင် သံတွဲမြို့စားဖြစ်လေ၏။ မင်းလှရာဇာ (ကောဇာ ၈၆၂-၈၈၄)၏ သားတော်ဖြစ်သည်။ မယ်တော်မှာ ဆင်ကဲ အောင်ထင်၏သမီးတော်ဖြစ်လေသည်။ သဇာတမင်း(ကောဇာ ၈၈၇-၈၉၃)နတ်ရွာစံ လေသော် မင်းပင်သည် မြောက်ဦး၏ထီးနန်းကို ဆက်ခံရလေ၏။ သီရိသူရိယစန္ဒာ မဟာဓမ္မရာဇာဟူသော ဘွဲ့ကို ခံယူလေသည်။ ကောဇာ ၈၉၃ ခုနှစ် (ခရာဇ် ၁၅၃၁)ခုနှစ် ဘုရင်ဖြစ်၍ ထီးနန်းစိုးစံလေသည်။

အလိုတော်ပြည့်လျှင် ကောဇာ ၈၉၇ ခုနှစ်တွင် ရှစ်သောင်းစေတီ၊ တောင်ဖြူ လေးမျက်နှာဘုရားကြီးကို တည်လေ၏။ မဟာထီးဆင်းတုတော်၊ ဘုရားအုပ်၊ ဂူကြီးဘုရား။

သံတွဲ၊ ရမ်းပြဲ၊ ကျောက်တော်တို့၌ အနှံ့တည်ထားလေ၏။ မြောက်ဦးမြို့တော်၌ လည်း များစွာတည်ထားခဲ့လေ၏။ ထိုမှတစ်ပါးလည်း ဘေးလောင်းတော်၊ ဘိုးလောင်း တော်၊ ခမည်းတော်နောင်တော်မင်းတို့က တည်ထားပြုလုပ်ခဲ့သော စေတီတော်များကို လည်း ထပ်မံပြုလုပ်စေလေသည်။ တပင်ရွှေထီးရန်ကိုလည်းကောင်း၊ ဖလောင်းရန်ကို လည်းကောင်း ကာကွယ်စေရန် တပ်တာအခိုင်အမာ စည်းကြပ်စေရာ၌ တိုင်းပြည်၏ အထွဋ်အထိပ် ဘုရားစေတီတို့ကို ပြုလုပ်၍ မင်းစောမွန်၏အစီအမံအတိုင်း ပြန်လည် အသက်ဆက်သွင်းခဲ့လေသည်။ ထို့ကြောင့် ကောဇာ ၈၉၅ ခု ကဆုန်လပြည့် စနေနေ့ ကျိန်းတော်ရှင်နှင့်တကွ ထိုလေးမြို့ကမ်းမျှောင်တို့တွင် စေတီပုထိုးများအား မွမ်းမံပြု



ပြင်ခြင်း၊ သန့်ရှင်းခြင်း၊ ပူဇော်ခြင်းများကို မြို့စား၊ နယ်စား၊ ဗိုလ်မှူး စစ်ကဲများ လွှဲ အပ်ဆောင်ရွက်စေခဲ့လေသည်။ ထိုမင်းသည် သက်တော် ၆၁ နှစ် နန်းစံ ၂၂ နှစ်၊ ကောဇာ ၉၁၅ (ခရာဇ် ၁၅၅၃)ခုတွင် နတ်ရွာစံတော်မူလေသည်။

## မင်းဖလောင်း

ပေါ်တူဂီဖလောင်း(ဖာရီဂျီ)တို့သည် မင်းပင်ကြီးလက်ထက်ကပင် ဝင်၍ အကြိမ် ကြိမ် ရခိုင်ကို ကျူးကျော်တိုက်ခိုက်ခဲ့ဘူးသည်။ ကောဇာ ၈၉၆ ခုနှစ်က ပထမအကြိမ် ရခိုင်ကို ဝင်၍ကျူးကျော်ခဲ့ဘူးသည်။ ထိုစဉ် သားတော်အထွေး ဖွားတော်ထွီးချစ်နှောင်း ကို ထိုနှစ်ကောဇာ ၈၉၆ ခုနှစ်တွင် မွေးဖွားခဲ့လေသည်။ ထို့ကြောင့် မင်းဖလောင်းဟူ၍ မည်တွင်လာခဲ့ရလေသည်။ မယ်တော်မှာ စောရှင်စော(စောရှင်မလည်း လာ၏)ဖြစ်ပြီး ခမည်းတော်ကား မင်းပင်ကြီးဖြစ်လေသည်။ ထို့ကြောင့် မင်းဖလောင်းဟူသော အမည် မှာ ခမည်းတော်မင်းပင်သည် ဖလောင်းရန်ကို အောင်မြင်သောအချိန်တွင် မွေးဖွားလာ ခဲ့ရခြင်း နိမိတ်ကို ဆောင်၍ မည်တွင်ခဲ့ရခြင်းဖြစ်လေသည်။ ငယ်စဉ်က စစ်တန်းတင် မြို့စားရာထူးကို ချီးမြှင့်ခံရ၏။

မင်းပင်နောက် မင်းတိက္ခာ၊ မင်းစောလှ၊ မင်းစကြာဝတေးတို့ ဆက်ဆံကြသည်။ မြောက်ဦးဘုရင် မင်းစကြာဝတေးမင်း (ကောဇာ ၉၂၆-၉၃၃)နတ်ရွာမစံမီကပင် မှူးမတ်များက ထီးနန်းအပ်ရန် အကြံပြုခဲ့ကြလေသည်။ ထိုစကြာဝတေးမင်းမှာ မင်းဖ လောင်းထက်အသက်ငယ်သည်။ သားတော်သာ တော်စပ်ပြီး မင်းဖလောင်းဆိုလျှင် ဖထွေးကျလေသည်။ သို့သော် စကြာဝတေးမင်း၏ ဆန္ဒအရ မဟာမုနိရုပ်ရှင်တော်တွင် ကျန်းသစ္စာရွတ်ရသည်။ သားမြေးဆက်တို့ကို မနှိပ်စက်ပါဟု အာမခံဝန် ကျိန်ဆိုပြုခဲ့ ရလေသည်။ ထို့နောက် ကောဇာ ၉၃၃ ခုနှစ်တွင် (ခရစ်အေဒီ ၁၅၇၁)ခုနှစ်တွင် မင်းစကြာလွန်လျှင် ထီးနန်းကို ဆက်ခံခဲ့ရလေ၏။ ဘုရင်ဘွဲ့မှာဆိုလျှင် "သီရိသူရိယ စန္ဒမဟာဓမ္မရာဇာ"ဖြစ်လေ၏။ ဘင်္ဂါ ၁၂ မြို့ကို ပိုင်စိုးခဲ့ရသောကြောင့် ကုလားဘွဲ့ "သျှောက်ကိန္ဒြသျှရာဇာ"ကိုလည်း ခံယူခဲ့ရလေ၏။ ငွေဒင်္ဂါးခပ်နှိပ်ရာ၌ဆောလိပ်သျှာဟူ ၍ တွေ့ရ၏။ ဘိသိက်ခံမိဖုရားကား စကြာဝတေးသမီးရှင် လတ်တည်း။

မင်းဖလောင်းသည် ဒုတိယမြောက်ဦးခေတ်တွင် အင်အားကြီးမင်းတစ်ပါးဖြစ် လေသည်။ ကောဇာ ၉၃၆ ခုနှစ်တွင် သက်ပြည်၊ မုံပြည်ကို စစ်ချီခဲ့ရသည်။အပြန်တွင် ဂတိထားခဲ့သည့်အတိုင်း သားတော်ဦးရာဇ်စားကို တာဝန်ပြုစေလျက် ဦးရာဇ်ဓာတ် တော်ကို ကောဇာ ၉၄၁ ခုနှစ်တွင် စတင်တည်ထောင်သည်။ ၁၂ နှစ်အကြာ သာသနာ

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

သက္ကရာဇ် ၂၁၂၂ ခု ကောဇာ ၉၅၃ ခုနှစ်တွင် ဌာပနာသွင်း၍ ပြီးစီးနိုင်ခဲ့လေသည်။ (၁)ထိုမင်းနန်းစံ(၁၄)နှစ် သို့အရောက်ကပင်စ၍ သာသနာတော်ထွန်းကားစေရန် ကြိုးစားလေသည်။ ၁၇ ရပ်သောနေရာသစ်တို့၌ စေတီများကို ကောဇာ ၉၃၇ ခုနှစ်မှာ တည်ခဲ့လေသည်။ ဘိုးတော်၊ ဘေးတော်၊ ခမည်းတော်မင်းတို့ တည်ထားခဲ့သော ရှေးရှေးစေတီဟောင်းများကိုလည်း ပြုပြင်မွမ်းမံခဲ့လေသည်ဆို၏။

(ပါးတော်ဓာတ်သမိုင်း)(ဦးကိတ္တိ)စာ-၁၃၊ မြောက်ဦးမြို့သမိုင်း ဘုရားစာ ၉၀)

မင်းဖလောင်းသည် ဓာတုသာသနာပြုလုပ်တည်ထောင်ရန် ရည်သန်တောင့်တနေစဉ် သမ္မာဒေဝနတ်တို့က ယူဆောင်၍ ဆက်သလာကြသည်ဆို၏။ ထိုဆက်သရရှိသော ဓာတ်တော်တို့ကို ရခိုင်ပြည်တွင် ၁၇ ရပ်သော နေရာဌာနတို့၌ စေတီဌာပန္တာတော်မူလေ၏။ သက္ကရာဇ် ၉၄၇ ခုနှစ်တွင် ဗုဒ္ဓကျင်လည်ခဲ့ရာတိုင်း၌ ဗျာဒိတ်အရ ပရိနိဗ္ဗာန်လွန်ပြီးနောက် တည်ထားခဲ့သော သရီရဓာတ်တော်စေတီတို့ကား ၁၅ ဆူဖြစ်ချေ၏။ ထိုစေတီတို့တွင် ဇီဝှာတော်ဓာတ်လည်း အပါအဝင်ဖြစ်လေသည်။ ထိုစေတီတို့သည် ကာလကြာ၍ ချုံနွယ်ပိတ်ပေါင်း ဆို့လျက်နေကြသည်တို့ကို အသင်ထပ်မံသုတ်သင်၍ သာသနာအရှည် တည်စေအံ့ဟု ပြုပြင်တည်ဆောက်တော်မူ ရလေသည်ဆို၏။ အခြားသရီရဓာတ်တော်များ အင္ဂသာဝကတို့၏ ဓာတ်တော်များလည်း များစွာတည်ထားခဲ့လေသေးသည်။

မင်းဖလောင်းဓာတ်တည်ခန်းအရ ဤဇီဝှာတော်ဓာတ်ကား ပါဝင်ခဲ့သည်သာတည်း။ ဤဓာတ်တော်မှာ မင်းဖလောင်းလက်ထက် ထိုမင်း၏ သာသနာအရှည်တည်တံ့ရေး၊ ထွန်းကားရေ ကောင်းသောကုသိုလ်ဆန္ဒဖြစ်ချေ၏။ ထို့ကြောင့် ထိုမင်းလက်ထက် ကောဇာ ၉၄၇ ခုနှစ် တန်းခူးလပြည့် သောကြာနေ့ ကောင်းစွာပြုပြင်မွမ်းမံခဲ့လေသည်။ ယခင်ထက် ဓာတ်တော်စေတီမှာ ကြီးခဲ့လေရာ ယခုတိုင် အရှည်တည်တံ့လာသည်ဆို၏။

ထိုအခါ တည်လာခဲ့သော အရွယ်အစားအတိုင်း ဤအခြေအနေထိ လုံးပတ် ၅၃ တောင်၊ စောက် ၂၆-တောင်၊ ကြီးမားခဲ့လေသည်။ တည်စကဆိုလျှင် နွားတမော့မျှသာရှိသည်ဆို၏။ မင်းဖလောင်းသည် အစီအမံအရ ကျိန်းရာမောင်ကန်ကိုလည်း ဓာတ်ဆောက်ပေးခဲ့လေသည်။ မသေဆီမီး၊ မငြိမ်းစေရန်လည်း အစောင့်အရှောက်ထားလျက် ပူဇော်စေလေ၏။ ဘုရင်မင်းသည် ဦးရာဇ်တော် စေတီတော်၌ အလှူကြီးပေး၍ သက်တော် ၅၉ နှစ်၊ နန်းစံ ၂၂ သက္ကရာဇ် ၉၅၅ ခု(ခရာဇ်သက္ကရာဇ် ၁၅၉၃)တွင် နတ်ရွာစံခဲ့လေ၏။



## မင်းရာဇာကြီးလက်ထက်တည်ထားမွမ်းမံခြင်း

ခမည်းတော်မင်းဖလောင်း နတ်ရွာစံပြီးလျှင် သားတော်သတိုး ဓမ္မရာဇာခေါ် မင်းရာဇာကြီးသည် မျောက်သားတော်မိဖုရား ဝိဇလာနှင့် ကောဇာ ၉၅၅ ခုနှစ် အေဒီသက္ကရာဇ်(၁၅၉၃)ခုနှစ် မြောက်ဦးမြို့တွင် နန်းတည်လေသည်။ ဤမင်းကား ဘုန်းတန်ခိုးအလွန်ကြီးမားသောကြောင့် ခပ်သိမ်းသော ပြည်ထောင်ချင်းမင်း အပေါင်းတို့သည် အာဏာလက်ရုံးဘုန်းတန်ခိုး အရှိန်အစော်သတင်းကို ကြားရလေလျှင် လက်ဆောင်ပဏ္ဏာရွှေပေလွှာများနှင့်တကွ နိုမ့်ချရိုညွတ် ဆက်ကပ်ပူဇော်ရန် လာရောက်ကြကုန်၏။

ဤမင်းမှာ ဗုဒ္ဓသာသနာ၌လည်း အလွန်ကြည်ညို သဒ္ဓါတရားပွားများသည့် အလျှောက် ဘုရားပေါ်နှင့် ရုပ်ထုကိုးသောင်းရှိသော ဘုရားပုထိုးတို့ကို စေတဝန်ကျောင်းတော် ဆောက်လုပ်လျက် လှူဒါန်းပူဇော်ခဲ့လေသည်။ တဖန်မင်းရာဇာကြီးသည် ဘင်္ဂါ၁၂ မြို့သို့ စစ်ချီ၍ အောင်မြင်တော်မူသောအခါ သေလာဂီရိတောင်၌ ကျောက်တော်စေတီနှင့်တကွ (၄၇)ဆူသော စေတီတို့ကို မွမ်းမံပြုလုပ်ခဲ့ရာ ဇီဝှာဓာတ်တောင်လည်း ပါဝင်ခဲ့လေသည်။ ထို့ကြောင့် ကောဇာသက္ကရာဇ် (၉၆၆)ခုနှစ် တပို့တွဲလပြည့် ကြာသပတေးနေ့ (ဗုဒ္ဓသာသနာ ၂၁၃၄)တွင် ဤကျိန်းတော်ရှင် ဇီဝှာဓာတ်တော်ကို ထိုမင်းလက်ထက် သက်တော်၊ (၄၆)နှစ်မြောက်၌ မွမ်းမံပြုလုပ်ခြင်းဖြစ်လေသည်။

ထိုပြင် အဍ္ဍနနဒီလေးမြို့ မြစ်ကမ်းနားတွင် ကြီးကျယ်သော ဇရပ်၊ ပြသာဒ်တန်းဆောင်တို့ကို ကောင်းစွာဆောက်လုပ်၍ သံဃာတော်အပေါင်းတို့ကို ပင့်ဖိတ်တော်မူလျက် သက္ကရာဇ် ၉၆၉ ခုနှစ်တွင် ဆွမ်းကျွေးလှူဒါန်းခဲ့ဘူးသည်။ ဤမင်းကား သက်တော်၅၅ နှစ်အကြာတွင် နတ်ရွာစံတော်မူကြောင်း ရခိုင်ရာဇဝင်များ၌ ဖော်ပြကြသည်။ (ရခိုင်ရာဇဝင်သစ်)

# မြောက်ဦးမြို့ဘုရားသမိုင်း (ဦးဦးသာထွန်း)

## စန္ဒဝိဇယမင်း(ကျိန်းတုံ့ညို)

တုံ့ညိုကို ကျိန်းတိုင်း ထောင့်ချောင်းကြီး (ငဝေရွာ)တွင် ကောဇာ (၁၀၄၇)တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ မင်းဟာရီ၏သားတော် ဥဂ္ဂါဗလသီရိသုဓမ္မရာဇာဖြစ်လေသည်။ မယ်တော်မှာ မြောက်နန်းမိဖုရား သုဝဏ္ဏကလျာဖြစ်လေသည်။ ခမည်းတော် ဥဂ္ဂါဗလကို ခြိတ်ချောင်းဘုရားတွင် ရဲဘော်သီဟတို့လုပ်ကြံ၍ နတ်ရွာစံခဲ့ရသည်။ မိဖုရားမှာ ဦးရီးတော် ငါးခူတောင်ဆရာတော်နှင့် နီးရာငဝေရွာသို့ ရှောင်တိမ်းနေလာခြင်းဖြစ်ပေသည်။

## အခန်း( )

# ဦးထိပ်တော်တင် ကျိန်းတော်ရှင်

ဗုဒ္ဓဘာသာများအတွက် ဘုရားရှင်သည် အနှိုင်းမဲ့ဆုံးဖြစ်သည်။ ဖူးမြင်ရခြင်းတကာတွင် အမြတ်ဆုံးကို ဖူးမြင်ရခြင်းလည်းဖြစ်လေသည်။ ထို့ကြောင့် ဓညဝတီခေတ်ကပင် ရခိုင်ဌာနေဝယ် ရှိနေကြသူမှန်သမျှတို့သည် ဘုရားရှင်ကို မျှော်လင့်တမ်းတခဲ့ကြသည်။ တမ်းတသည့်အတိုင်းပင် ဘုရားရှင်ကို ဖူးမြင်ခဲ့ကြသည်။ ဗုဒ္ဓါရမ္မဏာပီတိဖြစ်၍ သရဏဂုံတည်ခဲ့ကြသည်။ သီလကျင့်ဝတ်မြဲခဲ့ကြသည်။ အရိယာယောကျ်ား၊ အရိယာမိန်းမများစွာ ဖြစ်ထွန်းခဲ့ကြသည်။ မုနိရုပ်ပွားသွန်းလုပ်ခြင်း၊ စေတီပုထိုးစတူပါများတည်ထားခြင်း၊ သာသနာပြုအရှင်များမှ တစ်ဆင့်ရှင်ရဟန်းများ တိုးပွားလာခြင်း၊ ရဟန်းသံဃာစဉ်လာ ကိုးကွယ်မှု၊ အလှူဒါန၊ ပုညကောင်းမှုများ တိုးပွားလာခြင်းများသည် ဘုရားရှင်ကို ဖူးမြင်ရခြင်း၏ ဒဿနိယာနုတ္တရကုသိုလ်အကျိုးပင်ဖြစ်လေသည်။

ရခိုင်ဒေသ၌ ဘုရားဖူးခြင်းသည် ခရီးသွားလာမှု လုပ်ရပ်တစ်ခုလည်း ဖြစ်လေသည်။ ဘုရားဖူးသွားခြင်းဖြင့် အနယ်နယ်သို့ ရောက်ဖူးခြင်း၊ ချစ်ကြည်မှု။ ရင်းနှီးမှု၊ မျိုးဆွေဖြစ်မှု၊ အချင်းချင်းအပြန်အလှန်နားလည်မှု၊ ဗဟုသုတပွားများမှုများ ရရှိပြီး၊ လူမှုဓလေ့ယဉ်ကျေးမှု တိုးပွားခြင်း၊ များလည်းဖြစ်ခဲ့ရသည်။ သွားလာမှုခရီး ရှိကြမှသာလျှင် စီပွားဆက်စပ်မှု၊ ကုန်သွယ်ဖောက်ကားမှုပါ အကျိုးဖြစ်ထွန်းလာရသည်သာဖြစ်ပေရာ၏။ ကုန်းရေခရီးသွားလုပ်ငန်းကြောင့် အသိအမြင်များပြားလာရသည်ကိုလက်ခံရမည်သာတည်း။

ရခိုင်တို့သည် ဘုရားဖူးခြင်း၌ ရောင့်ရဲခဲ့ကြသည်ကား မဟုတ်၊ စန္ဒသူရိယမင်းဆိုလျှင် စံပြပုဂ္ဂိုလ်အဖြစ် သိသင့်ကြ၏။ မဟာမုနိရှင်ပင်ကစ၍ ဘုရားရုပ်ပွားတော်များ၊ ဗျာဒိတ်ဝင်ဓာတ်စေတီတော်များသည် ဖူးမြင်အပ်ရာ ပူဇနိယဝတ္ထုများဖြစ်ချေ၏။ ထိုကြောင့် ရခိုင်ရေမြေ၌ ဖူးမြင်အပ်ရာဖူးမြင်လာရာတို့ကား နှစ်လကြာညောင်းခဲ့ချေပြီ။ ရှေးကဘုရားဖူးမှတ်တမ်းဝင်ဆိုကလည်း မများသော ဘုရားဖူးရှိခိုးများ ရှိလာခဲ့သည်။ ကျွန်းစဉ်ပတ် ဘုရားရှိခိုး မော်တော်စဉ် ဘုရားရှိခိုးဟူ၍လည်း အမည်ရသည်။ ကျိန်းတော်ရှင်လည်း ဖူးမြင်ရာ၌ ပါဝင်ပြီး၊ ဘုရားဖူးရှိခိုးခဲ့ရာ ဘုရားရှင်အဖြစ် ထင်ရှားလာခဲ့သည်။

ကျိန်းတော်ရှင်ဘုရားကို အနီးအနားဒေသမှဆိုလျှင် အခါမလပ်ဖူးလွယ်နိုင်သည်။ သို့ရာတွင် ရပ်ဝေးဒေသမှဆိုလျှင်ကား ဘုရားဖူးသက်သက်ရည်မှတ်၍ လာကြ



ရလေသည်။ ကျိန်းတိုင်းတိုက် ကျိန်ကျွန်းမြေဒေသခံများအဖို့ ကံကောင်းလှသည်။ ဝါကျွတ်၊ သင်္ကြန်စသော အခါထူး၌ မပြတ်ဖူးတတ်ပေသည်သာတည်း။ သင်္ကြန်ရက်များတွင်ဆိုလျှင် ရပ်တိုင်းမှအလှူဖြင့် ကျွေးမွေးဧည့်ခံလျက် အားပါးတရ ဘုရားဖူးကြရလေ၏။ ဘုရားဖူးရန် ကူညီကြသော ဂေါပကများ၊ ဝေယျာဝစ္စပြုကြသူများလည်း ကုသိုလ်ပွားများကြရလေ၏။ ကျိန်းတော်ရှင်ဘုရားပွဲကိုလည်း ခြိမ့်ခြိမ့်သဲမျှ နှစ်စဉ်ဆင်နွှဲပေးလျက် ရှိနေသည်မှာ ဘုရားဖူးနိုင်ကြရန်ပင် မဟုတ်ပါလား။

ဘုရားဖူးလေ့ရှိကြသော အချိန်အခါသည် မိုးလေကင်း၍ ကောက်ပဲသီးနှံရိတ်သိမ်းပြီးသော ကာလဖြစ်လေ၏။ ဆောင်းရာသီ၊ တန်းဆောင်မုန်း၊ နတ်တော်ပြာသို၊ တပို့တွဲနှင့် နွေရာသီတပေါင်း၊ တန်ခူး၊ ကဆုန်လတို့သည် ဘုရားဖူးလရာသီများပင်ဖြစ်လေ၏။ ကျိန်းတော်ရှင်ကိုလည်း ရှေ့ကပင် ထိုရာသီကာလတို့၌ ဖူးမြင်လာခဲ့ကြသည်သာတည်း။ ခြေလျင်တစ်မျိုး၊ လောင်းလှေဖြင့်တသွယ်၊ သင်္ဘောဖြင့်တစ်နည်း၊ လာရောက်လေ့ရှိကြ၏။ အဖော်သဟာ၊ မျိုးဆွေညာတကာ၊ မိဘမောင်နှမ မိသားစုရင်းချာတို့ဖြင့် လာကြသည်က များလေ၏။ စာဆိုရှင်များကဆိုလျှင် ရွာစဉ်လှည့်လည်လျက်ရာပုံတော်ဖွင့်၍ ဘုရားဖူးသီချင်းကို စပ်ဆိုဖူးခဲ့ကြပေ၏။ အချို့လည်း ခရီးသွားရင်း အဆင်သင့်၍ ဖူးခဲ့ရသည့်အဖြစ်ကို မှတ်တမ်းတင်ခဲ့ကြ၏။ စာပေဖြင့်ရေးသား၍ ဘုရားဖူးသွားမှတ်တမ်းများလည်း ရှိခဲ့ကြလေ၏။

ကျိန်းတော်ရှင်ကို ဖူးမြင်ရန်အတွက် လမ်းစခန်းများ ပြုလုပ်ပေးထားရှိပေသည်။ အဝေးမှ လဗုမ်းကာဖူးမျှော်မည်ဆိုပါကလည်း ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ကြပေ၏။ ခရီးလမ်းစခန်းများအတိုင်း တက်ရောက်ဖူးမြင်ကြလျှင်လည်း မငြိုမငြင်၊ မပင်ပမ်းဘဲ ဖူးကြရမည်ဖြစ်၏။ တက်လမ်းလှေကားစောင်းတန်းများနှင့် ဘုရားဖူးလမ်းအသွယ်သွယ် ဖောက်လုပ်ထားရှိသည့်အပြင် နီးစပ်ရာ ရပ်ရွာအလိုက် တက်ရောက်ဖူးမြင်ခဲ့ကြသော လမ်းများလည်း ရှိပြီးဖြစ်ရာ သဒ္ဓါဟုန်စိတ်အာရုံရှိက လူတိုင်းတက်ရောက်ဖူးလွယ်နိုင်သည်သာတည်း။

## တောင်တက်ဘုရားဖူးလမ်းများ

ဘုရားအရောက်တောင်တက်လမ်းများသည် လမ်းဟောင်း၊ လမ်းသစ် လမ်းသွယ်များရှိကြပေ၏။ မူလလမ်းဟောင်းဆိုလျှင် ခေတ်ကာလကြာညောင်းခဲ့ပြီးဖြစ်၏။ အဆက်ဆက်သော ဘုရင်တက်ခဲ့သည်မှအစပြုလာခဲ့ရကား ဘုရင့်တက်လမ်း၊ မင်းတက်လမ်းဟုပင် အမည်ရှိခဲ့၏။ ခေတ်ကာလပြောင်းလဲခဲ့၍ ဒေဝီဇံမြထွန်းအောင်တက်လမ်းဟူ၍ ခေါ်တွင်လာရပြန်ပါ၏။ မြထွန်းအောင်ကား အင်္ဂလိပ်ခေတ်တွင်

စစဝ်ဘက်ဆိုင်ရာစစ်သူရဲ(ဗိုလ်)တစ်ဦးဖြစ်၏။ မြင်းစီးရဲရင့်လှသူဖြစ်သည့်အလျှောက် ထိုမတ်စောက်သောလမ်းမှပင် တဟုန်ထိုးစိုင်းနှင် တက်ပြခဲ့ဘူးသည်ဟု ကျော်ကြားခဲ့လေ၏။

ထိုလမ်းကို အုတ်လှေကားလမ်းဟူ၍လည်းကောင်း၊ အရှေ့ဖက်တက်လမ်းဟူ၍လည်းကောင်း၊ ခေါ်တွင်ခဲ့ကြလေ၏။ ထိုမှ နောက်တွင်ကား၊ လမ်းဟောင်းဘဝရောက်ကာ အသုံးပြုနည်းလာလေသည်။ အုတ်လှေကားလမ်းကို တက္ကရာဇ်လမ်း၊ သက္ကရာဇ်လမ်းဟူ၍လည်း ဂုဏ်ပြုမည်တွင်လေ့ ရှိပေသည်။ တက်ကာဆင်းကာ ရစ်ကာ၊ လှည့်ကာဆင်းတက်ရသောလမ်းဟု ဆိုလေမည်ဖြစ်၏။ တက်လမ်းမုခ်ဝင်ဝ တောင်ထိပ်မုခ်ဦးဝတို့၌ အလှူရှင်များက လှေကားပြုလုပ်သောခုနှစ်၊ သက္ကရာဇ်ရေးရာတွင်လည်း ဖြစ်ချေသည်။ ထို့ကြောင့် သက္ကရာဇ်ဟူ၍ ခေါ်စမှတ်ဖြစ်ဖွယ်ရှိလှ၏။

မူလအုတ်လှေကားလမ်းမှာ ရခိုင်ဘုရင်များအဆက်ဆက်ပြုလုပ်ခဲ့သော လမ်းပင်ဖြစ်၏။ ထိုနောက်ကာလကြာသောအခါ အလှူရှင်များက ပြုလုပ်လာခဲ့ကြရလေ၏။ အင်္ဂလိပ်ခေတ်တွင် ကျွန်းအုပ်များ၊ မြို့အုပ်များ၊ နယ်ပိုင်များ ပြုပြင်ခဲ့ကြလေ၏။ ဥပမာ ပထမဆုံး အင်္ဂလိပ်လူမျိုး မြို့အုပ်(အမည်မသိ) တစ်ဦးသည် ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်မတိုင်မီက ပြုပြင်ခဲ့ဘူး၏။ ၎င်းသည် ဗုဒ္ဓဘာသာမဟုတ်ချေ။ သို့ရာတွင် ဒေသနယ်ပယ်၌ လူမှုရေး ဘာသာရေးကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်၏။ ထိုလုပ်ငန်းသည် ၎င်းအဖို့ အုပ်ချုပ်ရေး၊ ဆက်ဆံရေးကို အကျိုးပြုစေခဲ့သည်သာဖြစ်၏။ ဤဒေသ၌ ပုန်ကန်မှုများ ရှိခဲ့ခြင်းကြောင့် မျက်နှာဖြူများ လန့်ကြောက်ကြရ၏။ ဒေသခံများက သဘောကျပါမှ သူ၏သက်ဆိုးရှည်မည်ဖြစ်ရာ ဘာသာရေးကို ဘမ်းပြသည့်သဘော တစ်နည်းအားဖြင့် ဘုရားဘက်ကို အကာအကွယ်ယူသစည့် သဘောလည်း ဖြစ်လေရာ၏။ အထင်ကြီးစေရန်နှင့် လေးစားကြည်ညိုစေရန် လှည့်စားဆွဲဆောင်သည့် လုပ်ရပ်လည်းဖြစ်ချေရာ၏။

ထိုအုတ်လှေကားများ အထစ်ပေါင်း (၆၅၀)ရှိသည်။ အရှည်မှာ (၉၃၀)ပေရှိသည်။ အကျယ်(၅-ပေ)ရှိပြီး ဘေးတစ်ဖက်တစ်ချက် နံရံ(ဘောင်)အမြင့်မှာ (၂-ပေ)ရှိသည်။ ဘောင်ထုထည်မှာ (၁ပေခွဲ)ရှိ၏။ ကုန်ကျငွေ(တစ်သောင်းနှစ်ထောင်ကျပ်)ကို ၎င်းထံမှ ကျခံခဲ့သည်ဆို၏။ ထိုတည်ဆောက်စကာလဆိုလျှင် မြန်မာပြည်တွင် အရှည်ဆုံးလှေကားဖြစ်ခဲ့သည်။ ကမ္ဘာတွင်ဆိုလျှင် အနည်းငယ်မျှသော အရေအတွက်ထဲ၌ ပါဝင်ပေသည်။ လှေကားအဝင်တွင် ဂဠုန်ကဲ့သို့ ခေါင်းနှင့် ခြသေ့်ကိုယ်ရှိသော အရုပ်နှစ်ခုကို ဘေးနှစ်ဖက်၌ ပြုလုပ်ထားခဲ့၏။ ထိုအရုပ်နှစ်ခုကို ပါဠိဘာသာဖြင့် ဂရုဠသီဟဟု ခေါ်တွင်၏။ အင်္ဂလိပ်ဘာသာဖြင့် ( )ဟု ဖော်ပြထား၏။ မြင်တွေ့လိုက်ဖူးကြသူ





များက မနုသီဟအရုပ်သဏ္ဍာန်ဆင်တူသည်ဟု ဆိုကြ၏။ ထိုအရုပ်အပြင် ပန်းအိုးလည်း တည်ထားရှိကြောင်း တွေ့လိုက်ရသည်ဟူ၏။ ထိုလှေကားပျက်ပြို၍ ဆက်ခံအုပ်ချုပ်ခဲ့ကြသော အင်္ဂလိပိခေတ် မင်းပြားမြို့အုပ်များလည်း ပြုပြင်ခဲ့ကြပေရာ၏။

ယခုကား ထိုလမ်းမှာ အသုံးမပြုသဖြင့် တောဖြစ်လျက်ရှိနေ၏။ အခါအားလျော်စွာ တောရှင်းခုတ်ထွင်ခြင်းများ ပြုလုပ်ထားကြ၏။ အုတ်ခဲအုတ်ကျိုးများကား ဖရိုဖရဲကစဥ့်ကလျား ဖြစ်နေကြ၏။ ထိုလမ်းကားမတ်လည်း မတ်စောက်သည့်အလျှောက်လမ်းမကောင်းက တက်ရန်ခက်ခဲ၏။ ထို့ကြောင့်ပင် ဤလမ်းဟောင်းဆိုလျှင် ခရစ်နှစ် ၁၉၀၀ ခန့်ထိသာ ရှည်ကြာခဲ့ရ၏။ ယခုမူကား လူသွားလူလာ မပြုခြင်းကြောင့် လမ်းကြောင်းမတွင်၊ လမ်းမထင်အဖြစ်သို့ ရောက်ရှိနေပေပြီ။ ထိုလမ်းမှ ယခင်က တက်သွားလျှင် ဘုရားရှင်ကို ရှေ့မှ ထင်ထင်ဖူးမြင်ကြရပေ၏။ ဘုရားနှင့်လမ်းမှာ တည့်တည့်ဆိုင်ဆိုင် ရှေ့ရှုပြိုင်နေသဖြင့် အနီးဆုံးတက်လမ်း၊ လမ်းတိုလမ်းဖြောင့်ဆိုလောက်၏။

ထိုလမ်းအတိုင်း တက်ရောက်လေက တောင်ထိပ်ရောက်လျှင် ယခင်အရံစေတီငယ် (၆)ဆူကို ဖူးမြင်ကြရ၏။ ယခုကား အပြည့်အစုံမရှိရာကား အပြိုအပျက် စေတီငယ်တစ်ဆူနှစ်ဆူမျှလောက်သာ ဖူးတွေ့နိုင်ချေ၏။ စေတီရံများအစား ယခုအခါ ထန်းပင်များ စီတန်းပေါက်ရောက်ရှိနေချေပြီ။ တံခွန်တိုင်ထိပ်ဖျား အလံတစ်လူလူလှုပ်ရမ်းနေသည်ကို တွေ့မြင်ရ၏။ ဗုဒ္ဓ၏ကျက်သရေကို ရည်ရွယ်လွင့်ထူသော ဣတိပိသောဘဂဝါ အစဖြာသည့် ဓဇဂ္ဂ(တန်ခွန်ဖျား) သုတ်၏ သရုပ်ဖော်ပေလားဟု အောက်မေ့ရပေ၏။

## လမ်းသစ်တက်လမ်းများ

လမ်းဟောင်းအပြင် လမ်းသစ်များကိုလည်း ဖောက်လုပ်ခဲ့ကြရာကား၊ ကျိန်းအနောက်ဖက်ရပ်ရွာများမှ လူသွားလမ်းများလည်း ရှိကြသေး၏။ (၁)ဆင်ကြီးပြင်ရွာသားများ ဖောက်လုပ်ခဲ့ကြသော ဆင်ကြီးပြင်ကျော်လမ်းရှိ ကျိန်းတောင်ဘုရားအရောက် တောင်ဖက်တောင်ရိုးကို ဖြတ်လျှောက်လာရသောလမ်း(၂) မီးကျောင်းမြောင်ကို ကပ်မျှောင်၍တက်လာရသော သမင်ခြေရာ အိမ်ရှေ့မင်းရွာသားများ တက်လမ်း၊ (၃)ဗူးပင်ရွာ၊ ထောင့်ချောင်းရွာသားများ တက်လာရသော ဓာတ်တော်အနောက်ဖက် တည့်တည့်ကျော်လမ်းများလည်း ရှိကြလေသည်။ တောင်ရိုးကိုစီး၍ ဆင်ကြီးပြင်ကျော်လမ်းနှင့် ဆက်လျက် မြတောင်သို့ ပေါက်ရောက်အောင်ထိ မြတောင်ဆရာတော်ဦးညာဏဝံသက ဦးစီးဖောက်လုပ်ခဲ့သော လမ်းလည်းရှိ၏။ မြတောင် မြောက်ဖက်တွင် တောင်ပို့ကြီးကျော်လမ်း၊ ခြိတ်တောင်ကျော်လမ်းများလည်း ရှိသေး၏။

မြို့သူကြီးအောင်ကျော်ဇံသည် အင်္ဂလိပ်တို့ အကျဉ်းချထားရာမှ လွတ်မြောက်လာပြီး ကျက်သရေရွာသို့ ရောက်ရှိစဉ်၊ ဖော်ပြပါ အနောက်ဖက်လမ်းမှနေ၍ ဆီမီးထောင်၊ ဆွမ်းထောင်၊ ပန်းထောင်တို့ဖြင့် ကျိန်းတော်အရှင်ကို တက်ရောက်ဖူးမြင်ခဲ့ဖူးပေသည်။ အုတ်လမ်း၊ လမ်းဟောင်း၏ မြောက်ဖက်မှ ဖောက်လုပ်ခဲ့ကြသော လမ်းသစ်များလည်း ရှိခဲ့ကြသည်။ လမ်းဟောင်းကို အသုံးမပြုနိုင်ကြသောကြောင့်ပင် ဖြစ်သည်။ ဓာတ်တော်မှ အရှေ့မြောက်ထောင့်ရှိ ယခုသိမ်ဂုတ္တရမြို့မကျောင်းသစ်အနီး မြောက်ဖက်တွင် လမ်းသစ်တစ်ခုပေါ်ပေါက်လာခဲ့သည်။ ဦးကျော်ကြီးနှင့် ကေသလာရာဇဝတ်ခေါင်း ဦးမောင်တိုးတို့က ပြုလုပ်ခဲ့ကြသော ဘုရားဖူးတက်လမ်းဖြစ်သည်။ ၎င်းတို့၏ ကောင်းမှုတော်ဘုရားများမှာ ယခုတိုင်ဖူးမျှော်ခံလျက်ရှိကြ၏။ အချို့က မြသာထွန်းဆိုသူ၏ ကောင်းမှုတော်ဘုရားရှိ၍ ထိုဘုရားကို ဖူးမျှော်ရန် တက်လမ်းဖြစ်သောကြောင့် မြသာထွန်းတက်လမ်းဟုလည်း ခေါ်ဆိုကြလေသည်။ မင်းပြားမြို့၏ အရှေ့ဖက်ကမ်းပေါ်ကျွန်းတွင် ၎င်း၏လယ်မြေလုပ်ကိုင်ခဲ့သဖြင့် မြသာထွန်းကျွန်းဟူ၍ ခေါ်တွင်လျက်ရှိနေကြ၏။

ထိုဘုရားများသို့ သွားရောက်ဖူးမျှော်ရာလမ်းများနှင့် ဆက်သွယ်လျက် မြောင်နှုတ်ခန်းကိုလျှောက်၍ လမ်းသစ်တစ်ခုကို ဖောက်ခဲ့ကြသေး၏။ ထိုနောက် ကောဇာသက္ကရာဇ် ၁၂၈၂ခုနှစ်(ခရာဇ် ၁၉၂၀ ခန့်)တွင် ယခုတက်ရောက်နေကြသော လမ်းကို ဖောက်လုပ်ခဲ့ကြလေ၏။ လမ်းသစ်ခေါ်တွင်ခဲ့ကြလေ၏။ ဤလမ်းဖောက်ပြီးနောက်တွင်ကား ယခင်က လက်လျှော့အရှုံးပေးခဲ့ကြရသော သက်ကြီးရွယ်အိုများမှာ ဝမ်းသာအားရဖြစ်ခဲ့ကြရသည်။ ရှေးကကဲ့သို့ တောင်အောက်မှနေ၍ ဖူးမျှော်နေရန် မလိုတော့ပဲ ကြိုးစား၍ တရွေ့ရွေ့တက်ရောက်ဖူးမြင်လာနိုင်ခဲ့ကြပေတော့သည်။ ယခုဆိုလျှင် ဤလမ်းသစ်နှင့် မြသာထွန်းတက်လမ်းသည် ဆက်သွယ်လျက်ရှိရာ ကား၊ ကြိုက်ရာလမ်း၊ နီးရာလမ်းမှ တက်ရောက်နိုင်ကြပေသည်။

## ဦးမောင်တိုးဘုရား (အောက်သိမ်)

တောင်တက်အလယ်လမ်း (ဒုတိယလမ်း)မှ တက်ရောက်လျှင် ဦးစွာကေသလာရာဇဝတ်ခေါင်း ဦးမောင်တိုးနှင့် ဇနီးဒေါ်ရွှေသာဘုံတို့၏ ကောင်းမှုတော်ဘုရားနှစ်ဆူ ဖူးတွေ့ရ၏။ တစ်ဆူမှာ ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်တွင် သွန်းလုပ်ခဲ့သော ကြေးဆင်းတုဖြစ်ပြီး ၅ ပေ ၄ လက်မမြင့်သည်။ ဤဆင်းတုတော်၏ နံဘေးတွင် ကျောက်သလင်းဘုရားဆင်းတုတစ်ဆူကိုလည်း ယှဉ်လျက်တည်ထားပြီး ဥာဏ်တော် ၅ပေ ၈လက်မ မြင့်သည်။ သိမ်တော် မဟာရံတံတိုင်း ၄၉ ပေရှိသည်။ သမုတ်သိမ်ဖြစ်ပြီး အနား





၁၆ ပေစီရှိသည်။ ဤဘုရားနှင့် သိမ်ကို အောက်စသိမ်ဘုရားဟု ခေါ်သည်။

## ကျော်ကြီးဘုရား(အထက်သိမ်)

ဦးမောင်တိုးဘုရား၏ အနောက်ဖက်တစ်ဆင့်တက်လျှင် ကျော်ကြီးဘုရားကို ဖူးတွေ့ရ၏။ ဦးမောင်တိုးဘုရားမှာ ပေ ၂၀ ခန့်သာအလှမ်းကွာ၏။ ကောဇာသက္ကရာဇ် ၁၂၇၃ ခုနှစ်တွင် မင်းပြားမှ ဦးကျော်ကြီးက ပန်းမြောင်းကြီးချောင်းဖျားမှ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်ဆို၏။ ကြေးဆင်းတု ဘုရားဖြစ်ပြီး ဉာဏ်တော် ၅ ပေ ၂ လက်မရှိသည်။ ဤနေရာသို့ မပင့်ဆောင်မီက ဒေသခံချင်းအမျိုးသား အမျိုးသမီးများ အထူးလေးမြတ်ပူဇော်လေ့ရှိကြသည်ဆို၏။ သိမ်တော်သီးခြားဖြင့် အုတ်တံတိုင်းကာရံထားရှိသည်။ တံတိုင်းအကျယ်အဝန်းမှာ တောင်မှမြောက်သို့ ၃၇ ပေ၊ အရှေ့အနောက်သို့ ၃၆ ပေ ၆လက်မရှိသည်။ သမုတ်သိမ်ဖြစ်သည်။ သိမ်အဆောက်အဦးမှာ တောင်မှမြောက်သို့ ၂၉ ပေ ၂ လက်မ၊ အရှေ့မှအနောက်သို့ ၁၈ ပေ ၆ လက်မရှိသည်။ ဤဘုရားနှင့် သိမ်ကို အထက်ဘုရားသိမ်ဟု ခေါ်တွင်ကြသည်။

## သတိုးအောင်နတ်ကွမ်း

ဦးမောင်တိုးဘုရား၊ ကျော်ကြီးဘုရားများသို့ တက်လမ်းခြေရင်းတွင် ပျဉ်းကတိုးပင်နတ်ကွမ်းရှိ၏။ ရာမောင်ရှင်မ၏ မြေးတော်သူ သတိုးအောင် နန်းစံရာပင်တည်း။ သတိုးအောင် ကားမြင်းပွဲ၊ (ဂုံညင်းထိုးပွဲ) ကြက်ပွဲတို့ဖြင့် အပျော်ကြူးတတ်သော နတ်ဖြစ်သည်ဆို၏။ ကျိန်းတောင်ပေါ်တွင် သူ၏ဒိုးတလင်းပြင် ရှိပေသည်ဟုဆို၏။ သတိုးအောင် နတ်ပူဇော်ပွဲကား နှစ်စဉ်ကျင်းပလေ့ရှိသည့် နတ်ပွဲတစ်ခုဖြစ်၏။

## အရိုးတိုက်စေတီ

ဦးမောင်တိုးဘုရား၊ ဦးကျော်ကြီးဘုရားများသို့ တက်လမ်း။ လမ်းခုလပ်တွင် မြို့မကျောင်းသစ်ဆရာတော်၊ ဦးဥာဏ(သက်တော် ၉၆)နှစ် (ကောဇာ ၁၂၂၅-၁၃၂၁) သက်တော်ရှည်ဆရာတော်နှင့် ဒုတိယမြောက်ကျောင်းသစ်ဆရာတော်တို့၏ အရိုးတိုက်နှစ်ခုရှိ၏။ တတိယလမ်းသစ် တက်လမ်းခြေရင်းတော်ဆိုလျှင် မြို့မကျောင်းဆရာတော် ဦးပဒုမ(ကောဇာ ၁၂၅၉-၁၃၁၉)၏ အရိုးတိုက်ဂူရှိ၏။ ဤသို့ တောင်ခြေရင်းတက်လမ်းနှစ်ခုလုံးတွင် မင်းပြားမြို့ ကျက်သရေဆောင် မထေရ်မြတ်များ၏ အထိမ်း

အမှတ် အရိုးတိုက်စေတီငယ်များကား သမိုင်းမှတ်တိုင်များဖြစ်လာမည်သာတည်း။

## တောင်ခြေရင်းစေတီများ

လမ်းသစ်တက်လမ်း ဦးပဒုမ စေတီအရှေ့ဖက်အနီးတွင် စေတီပျက်တစ်ဆူ တည်ရှိနေ၏။ ထိုမှမြောက်ဖက်ဆက်သွားလျှင် ကျောက်စေတီတစ်ဆူကို ဖူးတွေ့နိုင်ပေသေးသည်။ ယခုပြည်တော်သာကျောင်းအနောက်ဖက်နှင့် ကပ်လျက် ခြံဝင်းထဲတွင် တည်ရှိခြင်းဖြစ်၏။ မင်းကန်စေတီဟုလည်း ခေါ်တွင်နေကြ၏။ ၎င်း၏အရှေ့ဖက်တွင် ၁၃၂၇ ခုနှစ်တည်ထားခဲ့သော တန်ခိုးရှင် ဘုရားတစ်ဆူလည်း ရှိသည်။ ထိုမှ မြောက်ဖက်ကို တန်းဖြောင့်၍သွားပါက မြို့စောင့်ဘုရားဟူ၍ ရှိ၏။ ကျိန်းတော်ရှင် ဘုရားသို့ ဘုရားဖူးတက်ဆင်းရာတစ်လျှောက် ဖူးတွေ့နိုင်သော ဘုရားစေတီများပင်တည်း။

## လမ်းသစ်တက်လမ်းတစ်လျှောက်သွားသော်

ထိုလမ်းသစ်၏အတိုင်း တက်ရောက်သော် စမ်းရေတွင်းတစ်ခုကို တွေ့ရမည်ဖြစ်၏။ ရေချိုးသောက်သုံးနိုင်ရန် အုတ်ရေကန်ပြုလုပ်မိုးကာထား၏။ တောင်ခြေမှ တောင်ရိုးတစ်လျှောက် ပျဉ်းကတိုးပင်ကြီးများ ကြိုကြားပေါက်ရောက်လျက်ရှိနေ၏။ လျှပ်စစ်မီး ထွန်းညှိရန် စိုက်ထူထားသော မီးတိုင်းများကိုလည်း ကြိုးသွယ်တန်းလျှက် တွေ့ရ၏။ ဤလမ်းဆိုလျှင် ခရုပတ်လိမ်ကွေ့လျက် တက်ရလေ၏။ မတ်စောက်ခြင်း မရှိလှ၍ ဘုရားသို့တက်ရာ၌ ပင်ပန်းခြင်းမရှိချေ။ လူကြီးလူငယ်မရွေး တက်ဆင်းလွယ်ကူ၏။ အပန်းဖြေနားနေစရာများ သောက်ရေအိုးများလည်း လမ်းတစ်လျှောက်ထားရှိသဖြင့် ခေတ္တနားနေအပန်းဖြေ ရေချိုးသောက်သုံးနိုင်ကြ၏။ ဦးဆောင်လမ်းဖောက်သူများမှာ ဘုရားလူကြီးများဖြစ်ကြ၏။ ဦးရာကျော်၊ ဦးရွှေသဲ၊ ဦးမောင်သာပွင့်၊ ဦးရွှေထွန်းတို့ ဦးဆောင်စတင်ကာ စေတနာရှင်များ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့ကြသည်ဆို၏။ လမ်းတွင်ယာခင်းများ ပါဝင်သူ မောင်သာအေး ဖခင် ဦးမောင်နွယ်က ကြည်ဖြူစွာ ခွင့်ပြုလှူဒါန်းခဲ့လေသည်။

ဒုတိယအကြိမ်တွင် ဦးမောင်သာနု၊ ဦးသာနိုးအောင်၊ ဦးစောလှအောင်တို့ ဦးဆောင်၍ မွမ်းမံခဲ့ကြ၏။ နောင်တွင် အမှိုက်သိမ်းအသင်းနှင့် ဂေါပကအဖွဲ့တို့က အဆက်ဆက်ပြုပြင်လာခဲ့ကြလေ၏။ အခြားလမ်းငယ်များ၊ ဖြတ်လမ်းများကား၊ သစ်ချ-ဝါးချသမားများ၊ ယာခင်းသမားများက ပြုလုပ်ခဲ့ကြခြင်းသာဖြစ်လေ၏။ ခရီးပို၍တွင် အောင်,လူသွားလူလာ မြန်ဆန်အောင် ဖြတ်လမ်းအဖြစ် အသုံးပြုလာကြသဖြင့်



လမ်းများ လိမ်ယှက်နေသည်ကို တွေ့နိုင်ပေသည်။

## လမ်းနှုလပ်မှ ရှုမြင်လျှင်

စမ်းရေတွင်းမှတက်သွားသော် သတိုးအောင်နတ်နန်း၊ မောင်တိုးဘုရား၊ ကျော်ကြီးဘုရား၊ အရိုးဂူစေတီတို့ကို လက်ဝဲတောင်ပေါ်တွင် လှမ်းမြင်နိုင်ပေ၏။ ထိုမှတစ်ဆင့် ကွေ့၍လှည့်သော် မင်းပြားမြို့ကို ရှုမြင်ရပြီးဖြစ်၏။ မြို့အလှကို ပဏာမရှုမျှော်ရင်း ခဏရပ်နားအပန်းဖြေနိုင်ပေမည်။ တစ်ဖန်မသိမသာနှင့် ရင်ကန်ခရီးအနည်းငယ်တက်ရပြီးနောက် တစ်ကွေ့လှည့်လိုက်လျှင် ရာမောင်ကန်ကို မြင်ရ၏။ ရခိုင်မင်းအဆက်ဆက်ဖြတ်သန်းလာရသော ကန်ဖြစ်၍ မင်းကန်ဟုတွင်၏။ မြို့၏ အသက်သွေးကြောဟု ဆိုကမမှားချေ။ တစ်မြို့လုံးသောက်သုံးရန် ဖူလုံမျှတဝေငှပေးနေသည့် ရေကန်ကြီးဖြစ်ချေ၏။ တောင်ဖက်မှ ကပ်လျက် ပြည်တော်သာခေတ်က တူးဖော်ခဲ့သော ဟင်္သာကန်ကြီးတစ်ကန်လည်း ယှဉ်တွဲလျက်ရှိရာ နောင်ညီပမာပဏာတင့်လှ၍ ရှုချင်စရာကောင်းလှ၏။

## မြို့ပတ်ဝန်းကျင် အလှမြင်

ထိုမှတစ်ဖန်တောင်ဖက်သို့ မျက်နှာမူ၍ လှည့်တက်သွားသော်မြစ်၊ ချောင်းကျွန်း၊ ကမ်းလယ်ယာ၊ တောတောင်ပါမကျန် အုံ့မှိုင်းလျက် မြင်ရပေ၏။ ကြပ်စင်ကျွန်း၊ ရာမောင်ကျွန်း၊ ငစင်ရိုင်းချောင်းကျွန်း၊ တောတန်းတောင်စွယ်၊ အဥ္စနနဒီမြစ်ကြောင်းစီးသွယ်နေသော သဘာဝမြင်ကွင်းကို ရှုစားနိုင်၏။ မျက်စိတစ်ဆုံးလှမ်းမျှော်မိက ကျွန်း၊ ကမ်း၊ ရပ်ရွာများကိုလည်း တန်း၍မှန်းကြည့်က မြင်သာနိုင်ပေ၏။ အရှေ့ဖက်မနီးမဝေး မျက်နှာအောက်တွင်မူကား၊ မင်းပြားမြို့သည် ကျိန်းတောင်တန်းရင်ခွင်အောက်ဝယ် ချစ်စဖွယ်ကလေးငယ်တစ်ဦးကဲ့သို့ အပြစ်ကင်းစင်စွာ ပြုံးရွှင်ကြည်လင်ရှိနေပေသည်။

## ရင်ကွဲဇရပ်

အတွေးအာရုံကို ဖြတ်တောက်ပြီး မောစရာပန်းစရာကို စိတ်မှာမတွေးဘဲ ခြေဦးလှည့်ကာ တစ်ဆစ်ချိုးတက်ပြန်သော် ရင်ကွဲဇရပ်သို့ရောက်လေ၏။ ထိုနေရာတွင် ခြေဆင်း၍ဖြေဆည်ရာ ခုံတန်းများရှိနေသဖြင့်၊ အမောဖြေနားနေနိုင်စေ၏။ ၁၂၇၀-ခုနှစ်တွင် မင်းပြားမြို့ ဈေးဟောင်းပိုင်းနေ ဦးနားပေါက်ကေ (အပေါင်ဆိုင်ရှင်) ကုလား

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

အမျိုးသား ဗုဒ္ဓဘာသာဝင်က စတင်တည်ဆောက်ခဲ့သည်။ အလျား ၃၀တောင်၊ အကျယ် ၁၀ တောင်ရှိ၍ ၁၃၁၄ ခုနှစ်တွင် မင်းပြားမြို့အလယ်ပိုင်းရပ်နေ ဦးသာထွန်းဇနီး ဒေါ်ကြာဖြူတို့က ပြုပြင်ခဲ့ကြ၏။ ၁၉၆၈ ခုနှစ် လေမုန်တိုင်းကြီးကြောင့် ထပ်မံပျက်ပြို ခဲ့ရာ ကောဇာ ၁၃၄၂ ခုနှစ်တွင် မင်းပြားမြို့ ရွှေပန်းတိမ်ဆရာ ဦးအောင်လှစိန်နှင့် ဇနီးမိသားစုတို့က ဦးဆောင်ခဲ့ကြသည်။ ရွှေရင်အေးဇရပ်ဟူ၍ ကမ္ပည်းတင်ခဲ့ကြသည် ဆို၏။ ဤနေရာတွင် သင်္ကြန်၊ ဝါကျွတ်တို့၌ အလှူရှင်များက ဘုရားဖူးတက်၊ ဆင်း၊ ကြသူများအား ရွှေရင်အေးစေရန် အဖျော်ရည်များဆီး၍ တိုက်ကျွေးလေ့ရှိကြသည်။ ဤနေရာကား တောင်တက်ခရီးတဝက်ရောက်ပြီဖြစ်၏။

## သီဝလီအရှင်

ရင်ကွဲဇရပ်အနီးကပ် တောင်ဖက်ကုန်းမြင့် တောင်ပူဇာတည်ရှိ၏။ တန်ဆောင်း အမိုး၊ အကာ အောက်တွင် သပိတ်လွယ်လျက် ရပ်တော်မူဟန်ထုလုပ်ထားရှိလေသည်။ လာဘ်လာဘတိုးပွား ဂုဏ်တက်စေလိုသူများသည် သီဝလိအရှင်အား ဝင်ရောက်ဖူး မျှော်ပူဇော်မှု ပြုမြဲဖြစ်ချေ၏။ မင်းပြားမြို့ ရုံးစာရေးကြီး ဦးပန်းမြအောင်နှင့် ဇနီး မိသားစုတို့က ကောဇာ ၁၃၂၁ ခုနှစ်တွင် လှူဒါန်းပြုလုပ်ခဲ့ကြခြင်းဖြစ်၏။

## သာသနာ ၂၅၀၀ ပြည့်နှစ်ကျိပ်ရှစ်ဆူဘုရား

ထိုမှဆက်၍ ရှေ့သို့ တူရူသွားပြီး နောက်တစ်ကွေ့ပတ်မိသော် ဘုရားစေတီ တစ်ဆူကို ဖူးရ၏။ မဟာဗောဓိစေတီပုံသဏ္ဌာန်တည်ထားပေ၏။ သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ တတိယအပတ်တွင် အုတ်မြစ်ချ ၍ တည်ခဲ့သည်။ စေတီတော်မှာ လေးဖက်လေးမြှောင့်ဖြစ်ပြီး မျက်နှာတစ်ဖက်တွင် မုခ်ဦးမုခ်ဝခုနှစ်နှင့် ဆင်းတုတော်ခုနှစ်ဆူစီကြီးငယ် ဆင့်လျက်(စုစုပေါင်း နှစ်ဆယ် ရှစ်ဆူ)ကိန်းဝပ်စံပါယ်လျက်ရှိသည်။ ထိုကြောင့်သာသနာ ၂၅၀၀ ပြည့်ဘုရား၊ နှစ်ကျိတ် ရှစ်ဆူဘုရားဟူ၍ တွင်ခဲ့ကြလေသည်။ ဘုရားတောင်ဖက်ရင်ပြင်တွင် တန်ဆောင်း (ဇရပ်)တစ်ခုဆောက်လုပ်ထားရှိ၏။ ဘုရားကို အားရပါးရဖူးမြင်၍ မောပန်းမှုကို ဖြေနိုင်၏။ ဦးဆောင်ဆောက်လုပ်ခဲ့ကြသူများကား ချောင်းနွယ်ရွာမှ ဘုရားတစ်ကာ ဦးစံထွီးအောင်နှင့် မင်းပြားမှ ဆေးဆရာကြီး ဦးအောင်သာလှတို့ဖြစ်ကြသည်ဆို၏။





½Icif;i,fpkH tm½kH,lvsuf

ထိုဘုရား၏မြောက်ဖက်အတန်ငယ်လှမ်းသည့်နေရာတွင် တန်းတင်မြောင်နှင့် ဘီလူးမမြောင်ရှိသည်။ တောင်ဖက်တွင် သိမ်ဂုံတ္တရကျောင်းရေတံခွန်မြောင်းတို့ ရှိလေ သည်။မိုးရာသီတွင် တောင်ကျရေများစီးဆင်းသံကို တစ်သွင်သွင်ငြိမ့်ညောင်းစွာ နားဆင်နိုင်ကြပေ၏။ နာမည်ကျော်ကျိန်း ဒညင်းသီး(ဒညင်းသီး)ပင်များ သစ်တော ဝါးပိုးတောများ၊ ချုံနွယ်ပိတ်ပေါင်းများ ပြည့်နှက်လျက် ဝဲယာတောတောင်သဘာဝကို အာရုံလွှင့်နိုင်သေး၏။

## စောင်းတန်းလှေကားအတက် ဖိနပ်ချွတ်ပါ

ထိုမှ တစ်ပြေးညီစွာတက်သွားပါလျှင် မြေလမ်းခရီးအဆုံး အုတ်လှေကားအစသို့ မရောက်မီ ပြိုင်ညောင်ပင်ကြီးနှင့် တောကြီးရိပ်မြိုင် ကွန်းခိုနိုင်စရာ ပင်ရိပ်သာ၌ ခေတ္တနားနေနိုင်ပေသည်။ အုတ်လှေကားထိပ်တွင်ကား စာတန်းထိုးသတိပေးချက်အရ ဖိနပ်ချွတ်ကြရပါမည်။ နိဝါဒ၊ ဂါရဝ၊ မင်္ဂလာထားလျက် လိုက်နာရမည်ဖြစ်ပါသည်။ အုတ်လှေကားကို စောင်းမိုးလျက် ဘုရားရင်ပြင်အရောက်တက်လှမ်းကြရသည်။ ထို စောင်းတန်းနှင့် အုတ်လှေကားကို ကောဇာ ၁၂၇၂ (ခရာဇ် ၁၉၁၀)ခုနှစ်တွင် မြို့အုပ် ဦးထွန်းဦးက ကြီးမှူး၍ တစ်နယ်လုံးက ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းတွေ့ရှိရ၏။ တန်ဆောင်းမှာ ၁၃၃၀ခုနှစ်က မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ပေရာ ယခုအခါ တစ်ပိုင်းတစ်စမျှသာ ကျန်ရှိနေတော့၏။ ဂေါပကအဖွဲ့က ပြုပြင်ရန်ကြိုးပမ်းလျက် ရှိပေသည်။

## စုနှစ်တောင်ပြည့်ဘုရား

အုတ်လှေကားတက်လမ်း၏ လက်ယာဖက်တွင် ရပ်တော်မူတစ်ဆူရှိပေသည်။ ကျောက်ကိုထုဆစ်တည်ထားခြင်းဖြစ်ပြီး ဥာဏ်တော်ခုနှစ်တောင်ရှိသည်။ သုံးပိုင်းဆက် ၍ တည်ထားခဲ့ရသည်ဆို၏။ ဤဘုရားကို မင်းပြားမြို့မှ မကြည်၏ မိခင်နှင့်ဖခင်များ ဖြစ်ကြသော ဦးကျော်လှဖြူနှင့် ဇနီးဒေါ်ဝင်းမြသာတို့က ကောဇာ ၁၃၁၈ ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။

ထိုဘုရားအနောက်တောင်ပေါ်တွင် သတိုးအောင်နတ်မောင်နှမ ဂုံညင်း(ဒိုး) ကစားခဲ့ရာ ဒိုးတလင်းရှိသည်ဆို၏။ ကိုးကျောင်းဟုတွင်သော ဝိပဿနာကျောင်းတိုက်

တစ်ခုလည်း ထိုတောင်ပေါ်တွင်ရှိ၏။ ထိုအနီးမှစီးကျနေသောမြောင်ကို မီးကျောင်းမြောင်ဟု ခေါ်တွင်၏။ ရှေးကဘုရားဖူး. . . .

တက်လမ်းဖြစ်ခဲ့၏။ ထိုရပ်တော်မူဘုရားမှ မြောက်ဖက်သို့ တောင်ရိုးလမ်းရှိရာ ဆင်ကြီးမြောင် မြတောင်ထိ ပေါက်ရောက်လေ၏။ မော်တော်ကားလမ်းအဖြစ် ၁၉၉၃-ခုနှစ်တွင် ဖောက်လုပ်ထားရှိရာ ကျိန်းတော်အရှင်သို့ ကားစီး၍ သက်သာလွယ်ကူလျှင်မြန်စွာ တက်ရောက်ဖူးမြော်နိုင်ကြပြီဖြစ်၏။

## ဦးညာဏစက္ကကမ္မဋ္ဌာန်းကျောင်း(စိတ္တသုက္ခကျောင်း)

ကောဇာ ၁၃၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ သတိုးအောင် နတ်ဒိုးတလင်းပြင်တွင် ကျရောက်သည်။ သမုတ်သိမ်တစ်ဆောင်နှင့် ဘုရားသုံးဆူရှိသည်။ ဒိုးတလင်းပြင်အနောက် ၂၅ ပေ ၇လက်မ၊ တောင်၊ မြောက် ၂၅ ပေရှိသည်။

## ကိုးနဝင်းစေတီ

အုတ်လှေကားအတိုင်းဆက်လက်တက်ရောက်လာလျှင် လက်ဝဲဖက်တွင် ကျိန်းတော်ရှင်ပွဲ၊ ဇာတ်ကကွင်းကို တွေ့ရပြီး၊ လက်ျာဖက်တွင် ကိုးနဝင်းစေတီကို စိတ်ချမ်းသာစွာဖူးတွေ့နိုင်၏။ ဂြိုဟ်ကိုးလုံးကို ရည်ရွယ်တည်ထားခြင်းဖြစ်၏။ မူလဒါယိကာမှာ (၁၉၅၄ ခုနှစ် (ခြိတ်တောင်ရွာသူကြီး)ဦးသာဘန်းဖြစ်၏။ ထပ်မံ၍ သစ်တောခေါင်း ဦးကျော်ဖုံက မွမ်းမံခဲ့သေး၏။ ပျက်ပြိုခဲ့သမျှကို ကိုးနဝင်းအသင်းခွဲ၍ ပြုပြင်လျက်ရှိ၏။ ယခုစေတီကို ပတ်ရံ၍ ဘုရားရုပ်ထုများ ပြုလုပ်ထားရှိသဖြင့် တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြီဖြစ်၏။ ထိုစေတီကို မင်းပြားမြို့နယ် ဦးကျော်သိန်းဇနီး ဒေါ်အေးခင်သန်း (ယခုစစ်တွေမြို့နေ)တို့မိသားစုက ၁၃၅၆ ခုနှစ်တွင် ထီးတင်ပူဇော်ခဲ့ကြ၏။

## ရေလှောင်ကန်ကြီးနှစ်ကန်

အုတ်လှေကားလမ်းအရှေ့ဘက်တွင် ရေကန်ကြီးနှစ်ကန်ရှိသည်။ ကွန်ကရစ်ဖြင့် ပြုလုပ်ထားသော ရေလှောင်ကန်များဖြစ်သည်။ တစ်မိုးလုံးမိုးရေကို ဖြည့်လှောင်ထားပြီး တောင်ပေါ်ပွဲတော်များ၌ အသုံးပြုရန်ဖြစ်သည်။ သင်္ကြန်ဝါကျွတ်ပွဲတော်များတွင်လည်း အသုံးဝင်ပြီး ရဟန်း၊ သံဃာများပါ အသုံးပြုလျက်ရှိသည်။ ယခုဂေါပက(မြို့နယ်)လက်



ထက်တွင် ရေလှောင်ကန်ကို ပိုမိုမြင့်တင်ချဲ့ထွင် လုပ်ကိုင်ထားပြီး ဖြစ်သည်။

## အထက်အုတ်ရေကန် (၁)

၁၂၈၃ ခုနှစ် စွန်ရဲရွာသူကြီးဟောင်း ဦးရွှေစိုးဇနီး ဒေါ်မဖျော်မိသားစုက တူးဖော်လှူဒါန်းခဲ့၏။ ၁၃၁၉ ခုနှစ်က မင်းပြားမြို့ဈေးဟောင်းပိုင်းမှ ဦးအောင်ချစ်စံနှင့် ဇနီးမိသားစုတို့က မွမ်းမံခဲ့လေသည်။ ၎င်းနောက်ပျက်စီးယိုယွင်းနေသည်ကို ၁၃၄၈ (၁၉၈၇ခု ဩဂုတ်လ)ခုနှစ်တွင် ဂေါပကအဖွဲ့မှ မွမ်းမံခဲ့သည်။ အရှေ့အနောက် (၁၁)တောင်၊ တောင်နှင့်မြောက် (၁၂)တောင်၊ အနက်(၇)တောင်ရှိသည်။

## အောက်ရေကန်(၂)

၁၃၂၃ခုနှစ် မင်းပြားမြို့အလယ်ပိုင်းနေ ဦးဖိုးယဉ် ဇနီး ဒေါ်မလှဖြူမိသားစုတို့က တူးဖော်ခဲ့ကြသည်။ အလျားလက်တောင် ၃၀ အနံ ၂၅ တောင်၊ အနက်(၈)တောင် မြေသားတွင် ကွန်ကရစ်သွန်းလုပ်ခဲ့ရာ အောက်ဖိနပ်နှင့် ပြင်ပတ်လည်တစ်ဆင့်သာလျှင် ပြုလုပ်နိုင်ခဲ့သည်။ နောက်ထပ်ငွေ ၈၀၀ ထုတ်ပေး၍ အမှိုက်သိမ်းအသင်းသို့ လုပ်ငန်းကို လွှဲပြောင်းပေးခဲ့သည်။ ထိုရေကန်ကို ၁၉၈၁ ခုနှစ် ဂေါပကအဖွဲ့မှပင် ပြုလုပ်ခဲ့သော်လည်း ရေမလုံသဖြင့် အသုံးမပြုနိုင်ခဲ့ပါ။ နောက်တစ်ကြိမ် ၁၃၄၆ ခုနှစ်တွင် အပြီးသတ်ပြုလုပ်ခဲ့ရလေသည်။ အလျား ၂၅ တောင်၊ အနံ ၁၅ တောင်၊ အနက် ၆ တောင်ရှိပေသည်။

## လျှပ်စစ်မီးထွန်းစက်ရုံ

ထိုကန်မှ အနည်းငယ်လွန်သော် အနောက်ဖက်ချိုင့်တွင် သရက်ပင် ဗေဒိညောင်ပင်များ၊ နေပြောက်မထိုးအောင် အရိပ်မြိုင်လျက်ရှိသော နေရာကား ကျင်တစ်လင်းဖြစ်ပေသည်။ ကျိန်းတော်အရှင်ပွဲကာလတွင် ရခိုင်ရိုးရာကျင်ပွဲကျင်းပသည့်နေရာဖြစ်သည်။ ကျင်ကွင်း(ကျင်တစ်လင်း)ပတ်လည်မှာ တဖြည်းဖြည်းမြင့်တက်သွားသဖြင့် ကျင်ပွဲကြည့်ရှုသူများ စိတ်ချမ်းသာစွာ ကြည့်ရှုနိုင်သည့် အဆင့်မီ ကျင်ကွင်းတစ်ခုဖြစ်သည်။

၎င်းအနီးတွင် လျှပ်စစ်မီးထွန်းစက်ရုံနှစ်ရုံရှိ၏။ ယခုကား တစ်ရုံသာရှိတော့၏။ ဘုရားစေတီတန်ဆောင်းများကို မီးထွန်းညှိပေး၏။ ဝါတွင်းဝါပ။ လပြည့်လကွယ်နေ့တိုင်း မီးထွန်းညှိပေးခြင်းကို မပြတ်ပြုခဲ့၏။ အခါအားလျော်စွာ နေ့ထူးနေ့မြတ်များ၌

လည်း ထွန်းညှိပူဇော်၏။ မြို့မအစိုးရလျှပ်စစ်မီးနှင့် ဆက်သွယ်၍လည်း ထွန်းညှိပေး၏။ မီးထွန်းခြင်း (လျှပ်စစ်မီးပူဇော်ခြင်း)ကို အင်္ဂလိပ်လက်ထက်ကပင် ဓာတ်တော်အသင်းမှ အစဦးဆုံးပြုလုပ်ခဲ့သည်ဆို၏။ ထိုနောက် ညွှန့်ပေါင်းမီးထွန်းအသင်းမှ ဆက်ခံလာခဲ့လေသည်။

## ဘုရားပွဲဆင်နွှဲရာ

မီးစက်ကိုးနဝင်းစေတီ။ မဟာဗောဓိတစ်လျှောက် မီးကျောင်းမြောင်အဝှမ်းမှာ ဘုရားပွဲကျင်းပရာဌာနဖြစ်သည်။ သင်္ကြန်၊ ဝါကျွတ်၊ အခါကြီးနေ့ကြီးများတွင် ကျင်ပွဲ၊ ဇာတ်ပွဲများကို ဤနေရာ၌ ဆင်နွှဲကြသည်။ ရှေးကဆိုလျှင် သင်္ကြန်ဘုရားပွဲကို တောင်အောက်၌ ကျင်းပခဲ့သော်လည်း အမှိုက်သိမ်းအသင်းဖြစ်ပေါ်သည့် (ကောဇာ ၁၂၉၄)နောက်တွင် ဤနေရာ၌ ပွဲပြင်မှန်သမျှ ကျင်းပမှုပြုခဲ့ကြ၏။ ၁၃၁၀ခုနှစ်မှစ၍ တောင်ပေါ်တွင် ဘုရားပွဲကြီးကျင်းပဆင်နွှဲလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

## ဘုရင်းရင်ပြင်

အုတ်လှေကားလမ်းဆုံးလျှင် မုခ်၊ ပြသာဒ်ကိုကျော်လွန်က ရင်ပြင်ကို တက်လှမ်းပေပြီ။ မုခ်၊ ပြသာဒ်မှာ အမှိုက်သိမ်းအသင်းက ၁၃၂၉ခုနှစ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရင်ပြင်ဝဲဘက်၌ အရံကျောက်စေတီပျက်များကို တွေ့နိုင်၏။ စေတီရံ (၆)ဆူ အပါအဝင်ပေတည်း။ ဓာတ်တော်အရှေ့စူးစူးတက်လမ်းဟောင်းကို ကြည့်ရှုနိုင်၏။ ပျက်ပြိုကာ ကစဥ့်ကလျားဖြစ်နေသော အုတ်ချပ်။ အုတ်ပြားများဖြင့် သမိုင်းလမ်းဟောင်းကို အောက်မေ့ဖွယ်သတိရစေလျက်ရှိ၏။ ယခုဆိုလျှင် ဥယျာဉ်၊ တောင်ယာခင်းနှင့် စပ်လျက်ခြုံနွယ်ခွေရစ်နေသဖြင့် လမ်းဟုပင် မမြင်သာတော့ပြီ။ တက်လမ်းခြေရင်းတွင်ကား ဘုန်းကြီးကျောင်း၊ ရေကန်များ ပိတ်ဆီးလျက် ရှိနေလေရာ လမ်းဟောင်းကို ပိတ်ဖုံးသကဲ့သို့ ဖြစ်နေချေတော့၏။

ရင်ပြင်တစ်ခုလုံး ဘာသာရေး အဆောက်အအုံတို့ဖြင့် ပြည့်နှက်နေ၏။ ဝဲယာလှည့်ပတ်ကြည့်ရှုလျှင်ကား၊ လွမ်းမောဆွတ်ပျံ့စဖွယ်ရင်မှာ တစ်လှပ်လှပ်ဖြင့် အမည်မဖော်နိုင်သော ဝေဒနာတို့ကို ခံစားရမိမည်မှာ အမှန်ဖြစ်၏။ ရင်ပြင်တောင်ဖက်ပိုင်းမှာ တောင်နားကမ်းပြိုကျတတ်သဖြင့် အုတ်တံတိုင်း ရံပေးထား၏။ ဝဲယာမြစ်ချောင်း၊ ကျွန်း၊ ကမ်းတို့မှ အထင်ကရဖူးမျှော်နိုင်ရန် အဆောက်အအုံကင်းလွတ်ချန်လှပ်ထားသည်ဖြစ်၍ သဘာဝအလှကို လှမ်းမျှော်ကြည့်ရှုခံစားနိုင်၏။ ကျိန်းတိုက်နယ်တစ်ခွင်နှင့်

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

မင်းပြားမြို့ကို အထင်အရှားမြင်နိုင်ရာကား ဆေးရောင်စုံခြယ်သထားသော သဘာဝပန်းချီကားချပ်ကြီးတစ်မျှ ပသာဒရှိလှပေသည်။ ကုသိုလ်ပြုလို, ခရီးထွက်လို၊ အပန်းဖြေလို၊ ပျော်ပွဲစားလို၊ သဘာဝအလှ အာရုံခံစားလိုသူများအား ကျိန်းတော်သာရင်ပြင်ပေါ်မှ အမြဲဆွဲငင်ညို့ယူခေါ်ဆောင်နေပေသည်သာတည်း။

## ဓာတ်တော်စေတီ

ရင်ပြင်သို့ရောက်လျှင် ဘုရားရုပ်တုများကို တန်ဆောင်းအသီးသီးဖြင့် တည်ထားလျက် ဖူးတွေ့ရ၏။ ထိုပြင် အကြီးအမျှော်ဘုရားစေတီများ။ ဘုရားသိမ် ဗဟိုတန်ဆောင်းများဖြင့် ပြည့်ကျပ်နေ၏။ ဓာတ်တော်မှာ တောင်ထိပ်ချာအလယ်ကွက်တစ်ဆင့်မြင့်ကုန်းထိပ်တွင် တည်ထားခြင်းဖြစ်သည်။ ကျောက်စေတီဖြစ်ပြီး ရခိုင်မင်းအဆက်ဆက်တည်ထားမွမ်းမံလာခဲ့ရာ နှစ်ပေါင်း (၂၃၀၀)ကျော်ရှည်ကြာခဲ့လေပြီ။ လက်ရှိစေတီတော်၏ လုံးပတ်မှာ (၈၀ ပေ ၄လက်မ)ငှက်ပျောဖူးအထိ ဉာဏ်တော်အမြင့်(၄၈ ပေ ၃ လက်မ)ထီးတော်အမြင့်မှာ (၁၀ ပေ ၁၀ လက်မ)ဖြစ်၏။ လက်ရှိထီးတော်ကို ကောဇာ ၁၃၃၀ ခုနှစ် တပေါင်းလတွင် တင်လှူခြင်းဖြစ်ပြီး ထိပ်ဝအချင်းမှာ (၄ ပေ ၈ လက်မ) ဖြစ်သည်။

ဓာတ်တော်ကို ရွှေရည်ရွှေဆိုင်း သင်္ကန်းကပ်လှူထားသည်။ ဆီမီးထွန်းညှိပူဇော်ရန် အုတ်ဂူငယ်များလည်း ရှိသည်။ ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဘုရားကန်တော့နိုင်ရန် ရင်ပြင်၌ သမံတလင်းခင်းထားရှိပြီး အီတလီကျောက်ပြားများလည်း ခင်းလှူထားကြ၏။ ဓာတ်တော်အနီးတစ်ဝိုက်တွင် စံကားပင်ကြီးများ၊ ဗောဓိပင်များရှိခဲ့၏။ ဗောဓိပင်မှာ ယခုသေဆုံးသွားခဲ့လေပြီ။ စန္ဒဝိဇယမင်းသည် သီဟိုဠ်ပြည်မှ ပင့်ဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်း စိုက်ပျိုးခဲ့သော တောင်ချောင်းကြီး ဘုရားပေါင်းဘုရားရှိ ဗောဓိပင်မှာ ယခုတိုင်ရှိနေသေး၏။

ဘုရားဖူးကန်တော့ ဦးညွှတ်ဝတ်ပြုနိုင်ရန် ဓာတ်တော်အရှေ့ဖက် အနောက်ဖက်မှ မြောက်ဖက်သို့ အာရုံဗဟိုတန်ဆောင်းကြီးများ ဆက်သွယ်ဆောက်လုပ်ထားရှိ၏။ အရှေ့ဖက်တွင် တန်ဆောင်းမိုးထားသော သမုတ်သိမ်တော်လည်း ရှိပေသည်။ တန်ဆောင်းအတွင်း၌ ဆင်းတုတော်များ။ ဗုဒ္ဓဝင်ကားချပ်များ၊ ကျေးမင်းအဖြစ်သနစ်အတ္ထုပတ္တိများ ဓာတ်တော်သမိုင်း ပန်းချီကားချပ်များကို ရေးသားချိတ်ဆွဲထားရှိ၏။ တန်ဆောင်းကြီးကိုမူ ညောင်ပင်ကြီးများ အခက်အလက်တို့က ဝေဖြာမိုးကာ ပူဇော်နေဘိမခြားရှိနေ၏။

## လျှောင်းတော်မူဘုရား

ဘုရားရင်ပြင်အရှေ့မြောက်ဖက်တွင် လျှောင်းတော်မူဘုရားတည်ရှိ၏။ သအလျား ၃၁ ပေ၊ အမြင့် ၈ ပေခွဲရှိ၏။ တောင်တော်၌ ရှိသမျှ ဆင်းတုများထက် ညာဉ်တော်ကြီးဖြစ်လေသည်။ လျှောင်းစက်တော်မူလျက် သက်တောင့်သက်သာဖြင့် သန့်စင်စွာနေတော်မူသည့် ပုံဟန်ဖြစ်လေသည်။ ရင်ပြင်ရောက်လျှင်ရောက်ချင်း ဦးစွာဖူးတွေ့ရသဖြင့် ဘုရားရှင်နှင့်ပက်ပင်းဆုံတွေ့ရဘိအလား ခံစားရမည်ဖြစ်၏။ ၁၉၂၃-၂၄ နှစ်တွင် မင်းပြားမြို့လူကြီး ဦးရာကျော် (ဈေးဟောင်းပိုင်း)ဘားဘူတောင် ရွာသူကြီး ဦးရွှေညွန့်တို့ ဦးစီး၍တည်ထားခဲ့ခြင်းဖြစ်သည်ဆို၏။ ပန်းရံဆရာမှာ ရမ်းဗြဲကျွန်းလေးတော်မှ ဦးချက်ဖားဖြစ်၏။ ကွန်ကရစ်ဖြင့် သွန်းလုပ်ပြီး တန်ဆောင်းအတွင်း ကိန်းဝပ်လျက်ရှိချေ၏။ ကောဇာ ၁၃၀၇ ခုနှစ်တွင် တေန်ပျင်းရွာသူကြီး ဦးကျော်ဖံ၏ ဖခင် မင်းပြားမြို့အောက်ရွာပိုင်းမှ ဦးကျော်လှအောင်၊ အငြိမ်းစား စာရေးကြီး ဦးကျော်လှဖြူ တို့ ဦးဆောင်ပြုပြင်ခဲ့ကြသည်။ တစ်ဖန်ကောဇာ ၁၃၃၀ တွင် ကျိန်းတောင်အမှုက်သိမ်း အသင်း၊ ဂေါပကအဖွဲ့များက ပြုပြင်မွမ်းမံထားရှိကြလေသည်။ သိမ်တော်မှာ အလျား ၄၆ ပေ၊ ၆ လက်မ၊ အနံ ၃၃ ပေရှိသည်။

## အရှေ့ဖက်အာရုံခံသိမ်နံဘေးရှိဇရပ်

ဤဇရပ်မှာ လျောင်းတော်မူဘုရား၏ ခေါင်းရင်းတွင် သီးသန့်တည်ရှိသည်။ ၁၃၂၈ ခုနှစ် မင်းပြားမြို့ဈေးဟောင်းပိုင်းမှ လက်ဘက်ရည်ဆိုင်ရှင် ဒေါ်မကြည်မိခင်က ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အလျား ၃၀ ပေ ၃ လက်မ၊ အနံ ၁၈ ပေ ၃လက်မရှိ ကျောင်းဆောင်ဂေါပကအဖွဲ့နှင့် ဒေါ်မကြည်မိတို့က ပူးပေါင်းမွမ်းမံခဲ့ကြသည်။ ဤဇရပ်တွင် ဘုရားအစောင့်အရှောက်နေကြသော ရဟန်းသံဃာတို့ သီတင်းသုံးကြသည်။

## ခြေဆင်းထိုင်တော်မူဘုရား

လျောင်းတော်မူဘုရား၏ တောင်ဖက်ဓာတ်တော်အရှေ့ဖက်တွင် တည်ရှိသည်။ လျောင်းတော်မူဘုရားနှင့် မျက်နှာချင်းဆိုင်တည်ရှိပြီး ဉာဏ်တော် ၁၆ ပေခွဲမြင့်သည်။ ကျောက်အုတ်တို့ဖြင့် တည်ထားခြင်းဖြစ်ပြီး ပလ္လင်ခုံတော်မှာ ၆ ပေခန့်မြင့်သည်။ ခြေဆင်းလျောထိုင်လျက် လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်ထားဟန်ပြုလုပ်ထား



သည်။ ဘုရားရှင် ဝေသာလီပြည်မှ ထွက်ခွာကာ တစ်ပါးတည်း ပါလီလေယျတော၌ သီတင်းသုံးနေပုံဖြစ်သည်။ အလုပ်အကျွေးပြုသူ ဆင်အစရှိသော တိရစ္ဆာန်များလည်း ရှေ့တွင် ပူဇော်ဟန်ရှိနေကြ၏။ ၁၉၂၃-၂၄ ခုနှစ်တွင် မင်းပြားမြို့ အငြိမ်းစား တရားမ အငြိမ်းစား စာရေးကြီး ဦးမောင်ဖြူ-ဒေါ်မသာလှနှင့် အငြိမ်းစားကြေးနန်းဝန်ဟောင်း မစ္စတာကာဆင်နှင့် ဇနီးတို့က အလှူပြုခဲ့ကြခြင်းဖြစ်၏။ လက်ရှိသိမ်တော်ကို အမှိုက်သိမ်း အသင်းက (ကောဇာ ၁၃၁၉ )တွင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## အကြိုစေတီတော်နှစ်ဆူ

ဓာတ်တော်ကို မဖူးမီကြိုတင်ပူဇော်နိုင်သော အကြိုစေတီတော်နှစ်ဆူရှိလေသည်။ အရှေ့ဖက်တွင် တစ်ဆူနှင့် အနောက်ဖက်တွင် တစ်ဆူဖြစ်သည်။ အရှေ့ဖက်စေတီမှာ ဉာဏ်တော် ၂၄ ပေ၊ လုံးပတ်တော် ၄၅ ပေရှိ၏။ ရှေးဟောင်းစေတီကို မွမ်းမံထားခြင်းဖြစ်၏။ ပါလီလေယျဘုရားရှင်၏ အနောက်ဖက်ကပ်လျက် တည်ရှိ၏။ အနောက်ဖက်စေတီမှာဆိုလျှင် တစ်ဆင့်နိမ့်မြေမျက်နှာပြင်တွင်ရှိရာ ဓာတ်တော်အနောက်ရပ်၌ ကျ၏။ ဆုတောင်းပြည့်ဘုရားနှင့် ကုသိနာရုံတန်ဆောင်းကြားတွင် ဦးတော်ပိုင်း ပျက်ပြို လျက်ရှိချေ၏။ ဗျာဒိတ်ညွှန်း (လက်ညှိုးညွှန်)ဘုရားတစ်ဆူ၏ အနောက်ဖက်တွင် ကပ်လျက်ကျရောက်လေ၏။

## ခေါင်းလောင်းနှစ်လုံး

အမြောက်ဖုံးလုံးကို ပိုင်းဖြတ်ပြုလုပ်ထားသော ခေါင်းလောင်းတစ်လုံးမှာ ခြေဆင်းထိုင်တော်မူ ဘုရားအရှေ့ဖက်တောင်ထိပ်တွင် စင်ဖြင့် သီးခြားချိတ်ဆွဲထားရှိလေသည်။ ထို့အတူ အခြားခေါင်းလောင်းတစ်လုံးမှာလည်း အကြိုဘုရားစေတီအနီး ချိတ်ဆွဲထား၏။ ဤခေါင်းလောင်းကို ၁၂၈၈ ခုနှစ်တွင် မင်းပြားမြို့၊ မြို့မတောင် ကျောင်းဝင်းတွင် စတင်သွန်းလုပ်ခဲ့သည်။ မအောင်မြင်သဖြင့် စစ်တွေမြို့သို့ယူ၍ သွန်းလုပ်ခဲ့ရသည်။ မြို့သူကြီး ဦးရာကျော် (ပါ ၆ ဦး)က ဦးဆောင်သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်။ အချင်း ၂ ပေ ၃ လက်မ၊ အမြင့် ၂ ပေ၊ ၂ လက်မ၊ လုံးပတ် ၇ ပေရှိသည်။

## အရှင်ဥပဂုတ္တမထေရ်ပုံတော်

ကြေးခေါင်းလောင်းအနောက်ဖက်ကပ်လျက် အရှင် ဥပဂုတ္တရဟန္တာရုပ်တုပုံ တော်ရှိ၏။ တောင်သမုဒ္ဒရာဝယ် ကြေးပြဿာဒ်ဖြင့် စံမြန်းနေတော်မူဟန် ထုလုပ်ထား

ခြင်းဖြစ်၏။ မိုးလေဝသကာဆီးခြင်း၌လည်းကောင်း၊ ဘုန်းတန်ခိုးကြီးခြင်း၌လည်းကောင်း၊ အရှင်ဥပဂုတ္တ(ဥပဂုတ်)မှာ ထင်ရှားလှ၏။ ၁၉၈၁ ခုနှစ်တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သူရကျော်စွာက လှူဒါန်းခဲ့သည်။

## သမုတ်သိမ်တော် (တပဲသိမ်)

ဓာတ်တော်အရှေ့ဖက်ကပ်လျက် သမုတ်သိမ်တစ်ဆောင်ရှိ၏။ သိမ်တော်အတွင်း၌ တင်ပလ္လင်ခွေထိုင်လျက် ရုပ်ပွားတော်(ကျောက်သလင်း) တစ်ဆူကိန်းဝပ်လျက်တည်ရှိ၏။ ဓာတ်တော်ကို ဤသမုတ်သိမ်မှဖြစ်စေ တောင်ဖက်ရင်ပြင်လွတ်မှဖြစ်စေ၊ အနောက်ဖက်နှင့်မြောက်ဖက် တန်ဆောင်းတော်ကြီးမှဖြစ်စေ၊ ဝင်ရောက်ဖူးမျှော်နိုင်ကြသည်။ ၁၂၅၅ ခုနှစ်က ၎/စင်ရိုင်းချောင်းကျွန်းမှ စေတနာရှင်များက သိမ်ကိုဆောက်လုပ်ခဲ့ကြသည်။ ထိုနောက် ကောဇာ၁၂၆၇ ခုနှစ်ခန့်က မင်းပြားမြို့နယ် ဇီးကိုင်းရွာသစ်ကျေးရွာမှ ဒါယိကာမ ဒေါ်ရှိညိုမေက လှူဒါန်းခဲ့သည်။ ဉာဏ်တော် ၃ ပေ ၄လက်မရှိသည်။၁၉၄၅-၄၆ တွင် မင်းပြားမြို့မှ ဒေါ်မနုဦးစီး၍ သိမ်တော်ဖြစ်မြောက်ရေးဖွဲ့လျက် တစ်ပဲစီကောက်ခံဆောက်လုပ်ခဲ့သည်။ ထို့နောက် ၁၃၄၇ ခန့်က သမဝါယမဦးစီးဌာနမင်းပြားမှ မှန်စီရွှေချခြင်း၊ သံဇာကာ ကာရံခြင်း ပြုလုပ်ခဲ့သည်။ ၎င်းသိမ်တော်ကို တပဲသိမ်ဟု ခေါ်တွင်ကြသည်။ ဤသိမ်မှာ စတုရန် ၂၇ ပေစီရှိသည်။

## တောင်ဖက်မဟာရံတံတိုင်း

ဓာတ်တော်စေတီတောင်ဖက်ရှိ ၁၃၁၁ ခုနှစ် အမှိုက်သိမ်းအသင်း၏ အစီအစဉ်ဖြင့် ရွှေသွေးက မဟာရံတံတိုင်းဖြစ်မြောက်ရေး အသင်းဖွဲ့စည်း၍ (၃)နှစ်ခန့်ဆောင်ရွက်ခဲ့ကြသည်။ တံတိုင်းမှာ အလျား ၇၃ ပေ ၇လက်မ၊ ဒု ၁ပေ ၃လက်မ၊ တံတိုင်းအမြင့်(ရင်ပြင်ထက်) ၃ပေ ၃လက်မ၊ တံတိုင်းအမြင့် အားလုံး ၁၃ပေ ၅ လက်မဖြစ်သည်။ နောက်ထပ်မံ၍အဖွဲ့ (၅)ဖွဲ့ပေါင်းလျက် ၁၉၇၆ ခုနှစ်တွင် ဤတံတိုင်းကို ကန်ထောက်တစ်ခုပြုလုပ်၍ ထောက်ကန်ပေးထားသည်။ နောက်ထပ် ၁၃၄၅-၁၆ ခုနှစ် (ခရစ် ၁၉၈၃-၈၄)က ဓာတ်တော်ဂေါပကအဖွဲ့မှ ဒေါက်(၃)ခုကို ဆက်လက်ပြုလုပ်၍ ထောက်ကန်ပေးခဲ့ကြသည်။

## အနောက်ဖက်ကြေးဆင်းတု (အောင်တော်မူဘုရား)



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်မူရှင်

တပဲသိမ်မှတစ်ဆင့် လက်ယာရစ်လှည့်ပတ်လျှင် ဘုရားရင်ပြင်မြေလွတ်မှတစ်ဆင့် အနောက်ဖက်တန်ဆောင်းသို့ ရောက်ရှိမည်ဖြစ်၏။ ထိုတန်ဆောင်းအတွင်း ဉာဏ်တော် ၄ပေ ၆လက်မမြင့်သည့် ကြေးဆင်းတုရုပ်ပွားတော်တစ်ဆူကို မင်းပြားမြို့ ရွှေပန်းတိမ်ဆရာ ဦးလှကျော်ဦး ဇနီး ဒေါ်အိမ်စိုးဖြူတို့က ကောဇာ ၁၃၄၇ ခုနှစ် နတ်တော်လပြည့်နေ့တွင် တည်ထားလှူဒါန်းခဲ့ကြသည်။ သိမ်တော်(တန်ဆောင်း)မှာ ကောဇာ ၁၃၁၆ ခုနှစ်တွင် မင်းပြားမြို့ အမှိုက်သိမ်းအသင်းက ဦးစီးဆောက်လုပ်ခဲ့ခြင်းဖြစ်လေသည်။ အနောက်ဖက် အာရုံသိမ်ဖြစ်သည်။ အလျား ၃၉ ပေ၊ အနံ ၂၁ ပေရှိပြီး ဘုံခုနှစ်ဆင့်ဖြစ်သည်။

## မဟာမုနိရုပ်ပွားတော် (အလယ်တန်ဆောင်းအာရုံခံသိမ်)

ဓာတ်တော်နှင့်ကပ်လျက် မြောက်ဖက် ဗဟိုအာရုံခံတန်ဆောင်းတော်ကြီး (အလယ်အာရုံခံသိမ်)အတွင်းတွင် တည်ရှိ၏။ ဓညဝတီ သီရိဂုတ္တကုန်းတော်၌ တည်ရှိသော ရခိုင်မဟာမုနိပုံတော်အတိုင်း လက်ရာမြောက်လှစွာ ထုလုပ်ထားသော ကျောက်ညိုဆင်းထုဖြစ်၏။ ခရစ် ၁၃၂၀ ခုနှစ်တွင် ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ရွှေပန်းထိမ် ဦးမောင်စိန်ထွန်းက လှူဒါန်းခဲ့သည်ဆို၏။ ဉာဏ်တော်အမြင့်မှာ ၄ ပေ ၃ လက်မရှိ၏။ ၎င်းမဟာမုနိ ရုပ်ပွားတော်အနီး (အရှေ့-ရှေ့ဆိုင်)ရှေ့တည့်တည့်တွင် ကြေးဆင်းတုတစ်ဆူကိန်းဝပ်တည်ရှိနေသေး၏။ မင်းပြားမြို့နေ သစ်ခေါင်း ဦးရွှေထွန်းနှင့်ဇနီး မိအောင်မညိုတို့၏ ကောင်းမှုဘုရားဖြစ်၏။ ကောဇာ ၁၂၇၂ ခုနှစ်တွင် ဤသိမ်နှင့်ဘုရားကို လှူဒါန်းခဲ့ခြင်းဖြစ်၏။ ဉာဏ်တော် ၄ ပေ ၄လက်မရှိ၏။ ဤမြောက်ဖက်တန်ဆောင်းတော်ကြီးကို ကောဇာ ၁၃၀၉ ခုနှစ်တွင် အမှိုက်သိမ်းအသင်းက ထပ်မံဦးဆောင်၍ဆောက်လုပ်ခဲ့လေသည်။ အလျား ၄၈ ပေ၊ အနံ ၂၈ ပေ၊ ခေါင်မိုးနှစ်ဆင့်ဖြစ်၏။ ဤတန်ဆောင်းကြီးမှာ အဓိက(ပင်မ)အဆောင်တော်ဖြစ်ပြီး ပွဲပြင် လူစုလူဝေးတွင် အသုံးအများဆုံးဖြစ်လေသည်။ အရှေ့ဖက်တွင်ဆက်၍ တည်ရှိသော အာရုံခံသိမ်ကိုလည်း ၁၃၀၉ ခုနှစ်က အမှိုက်သိမ်းအသင်းကပင် ဆောက်လုပ်ခဲ့သည်။ အလျား ၃၉ ပေ၊ အနံ ၂၇ ပေရှိသည်။

## ခြေတော်ရာ

တန်ဆောင်းတော်ကြီးမှ အနောက်ဖက်မြေနိမ့်သို့ဆင်းလျှင် လှေကားတောင်ဖက်

ဘေးနားရှိ အုတ်ခုံမြင့်မြင့်၌ ခြေတော်ရာကို ဖူးတွေ့နိုင်၏။ မြောက်ဦးနှောင်းခေတ်လက်ရာဖြစ်ပြီး ကျောက်စာရေးထိုးရှိသည်ကို ကွန်ကရစ်ဖြင့် မျိုဖိထားရှိလေသည်။ ထိုခြေတော်ရာကို မင်းပြားမြို့အုပ် ဦးသာပန်း(တရုပ်အမျိုးသား)အမှူးပြု၍ ၁၉၁၅ ခုနှစ်တွင် အုတ်ခုံဖြင့်ပြုလုပ်တင်လှူခဲ့ခြင်းဖြစ်သည်ဆို၏။ ကောဇာ ၁၂၃၅ ခု တပို့တွဲလတွင်တစ်ကြိမ်၊ ကောဇာ ၁၃၅၀ ခုတွင် တစ်ကြိမ်၊ မွမ်းမံခဲ့ကြသည်။ အလျား ၄ ပေ ၇ လက်မ၊ အနံ ၂ ပေ ၄ လက်မရှိ၏။ သိမ်ငယ်မိုး၍ ပလ္လင်တွင် တင်ထားရှိ၏။

# ဗျာဒိတ်ညွှန်းဘုရား (ရန်ကြီးအောင် ဇိနရုပ်တော်မူဘုရား)

ကုသိနာရုံတန်ဆောင်းနှင့် ဆုတောင်းပြည့် ဘုရားအလယ်ကွင်းပြင်တွင် ကောဇာ ၁၃၁၉ ခုနှစ်က ဦးဉာဏစက္က၏ တပည့်တကာများက တည်ထားခဲ့ခြင်းဖြစ်သည်။ ဉာဏ်တော်အမြင့် ၁၀ တောင်ရှိသည်။

# ဆုတောင်းပြည့်ဘုရား

အနောက်ဖက်အကြိုစေတီ (ရွှေရင်မျှော်)၏မြောက်ဖက် ဗျာဒိတ်ညွှန်ဘုရားအနီးတွင် တန်ဆောင်းတော်ကြီးတစ်ခုတည်ရှိ၏။ မိုးလေလုံ၍ ဆိတ်ငြိမ်လှ၏။ ခန့်ငြားသပ္ပာယ်လှသော ရုပ်ရှင်တော်ရွှေ့မှောက်ဝယ် ဆုတောင်းလေ့ရှိကြသဖြင့် ဆုတောင်းပြည့်ဘုရားဟု ဘွဲ့မည်တွင်လာခဲ့ရ၏။ အမြင့် ၆ပေ ၁၀ လက်မ ရှိ၏။ သိမ်တော်မှာအလျား ၅၂ ပေ ၆လက်မ၊ အနံ ၃၂ ပေ ၆ လက်မရှိ၏။

ဆုတောင်းပြည့်ဘုရားခေါ်တွင်ပုံနှင့် ပတ်သက်၍ သိရသေးသည်မှာ ဤသို့ဆို၏။ ဤဘုရားကို ပင့်ဆောင်ကိုးကွယ်ခြင်းမပြုမီ ဘုရားဒကာများ စုပေါင်းဆွေးနွေးမှုတစ်ခုပြုရလေ၏။ ဤနေရာတွင် ဘုရားတစ်ဆူတည်ထားရသော် ကောင်းအံ့ဟု အကြံဖြစ်ကြလေ၏။ အားလုံးက ဝမ်းသာရ လိုလားကြသည်ချည်းဖြစ်ကြသည်။ ထိုစဉ်ကုန်သည် ဦးမောင်သာပွင့် ရောက်ရှိလာပြီး ရန်ကုန်မြို့ ပန်းဆိုးတန်းတွင် ကြေးသွန်းဘုရားတစ်ဆူရှိသည်ဟု ဆိုလေသော် အားလုံးက လိုချင်ဆန္ဒရှိကြောင်း ပြောဆိုကြလေသည်။ ချက်ချင်းပင် ဘုရားပင့်ဆောင်ရန်ငွေ ၇၀၀ ကိုထုတ်ပေးလိုက်ကြရာ ဦးမောင်သာပွင့်သည် သင်္ဘောကြီးဖြင့် မကြာမီပင် ရန်ကုန်မှ ပင့်ဆောင်လာခဲ့၏။ မင်းပြားသို့ရောက်သော် ဦးကျော်ကြီး၊ ဦးမောင်တိုးတို့က ဘုရားအနီးတက်လမ်းမှ ဘီးတပ်ယဉ်ဖြင့်





သောင်းသောင်းဖျဖျပင့်ဆောင်ခဲ့ကြ၏။ ထို့နောက် ကောဇာ ၁၂၇၃ ခုနှစ်တွင် သိမ်တန်ဆောင်းပြုလုပ်ခဲ့ကြ၏။ ထိုသို့ လိုချင်ဆန္ဒဖြင့် ဆုတောင်းပြည့်၍ ရရှိလာသောဘုရားဆင်းတုတော်ဖြစ်သဖြင့် ဆုတောင်းပြည့်ဘုရားဟု အစဉ် ခေါ်ဝေါ်ခဲ့ကြသည်ဆို၏။ ထိုဘုရားကို အသက်အောင့်၍ ခုနှစ်ပတ် ပတ်လျက် ပူဇော်သော် ဗိုက်အောင့်ဗိုက်နာ (ဝမ်းခဲ ဝမ်းနာ)ကောင်းပြီး (ပျောက်ပြီး) ဆုတောင်းတိုင်းပြည့်သည် ဆို၏။

# မဟာဗောဓိဘုရား

ဆုတောင်းပြည့်ဘုရားအနီးတွင် မဟာဗောဓိဘုရားရှိ၏။ ရခိုင်မရမာကြီးများဖွဲ့စည်းထားသော မဟာဗောဓိအသင်း၏ ကုသိုလ်တော်ဘုရားဖြစ်၏။ ခရဇ် ၁၉၁၄ (ကောဇာ ၁၂၇၆)တွင် မဟာဗောဓိအသင်းကို ဦးရှုးဆီးအမှူးပြု၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိန္ဒိယမဟာဗောဓိပင်မှ ဗောဓိပင်မျိုးကို ပင့်ဆောင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့တိုင်ဖူးတွေ့နိုင်သေး၏။ ၁၃၀၈ ခုနှစ် ကြေးဘုရားတစ်ဆူကိုးကွယ်ရာ ခိုးယူခြင်းခံခဲ့ရသည်။ ထို့နောက် ကောဇာ ၁၃၂၀ ခုနှစ်တွင် ငွေကျပ် ၁၀၀၀၀ တန်ဘိုးရှိသောကြေးဆင်းတုတစ်ဆူကို မန္တလေးမှ ပင့်ဆောင်ကာ မဟာဗောဓိပင်အနီး အုတ်တန်ဆောင်း ဆောက်၍ ပူဇော်ကိုးကွယ်ခဲ့ကြလေသည်။ ဤအသင်းသည် ဗောဓိပင်ကိုနှစ်စဉ်မပျက် ညောင်ရေသွန်းပူဇော်ခဲ့ကြသည်။ သင်္ကြန်၊ ဝါကျွတ် အခါကြီး နေ့ကြီးများ၌ တီးမှုတ်ကခုန်၍ လာရောက်ပူဇော်လေ့ရှိကြသည်။ ထိုဘုရားအနီးတွင် ရှေးဟောင်းစေတီတစ်ဆူရှိခဲ့ရာ ယခုပျက်စီးသွားပြီဟု သိရသည်။ အရံစေတီတစ်ဆူဖြစ်ချေရာ၏။

# ကုသိနာရုံသိမ်နှင့်ရုပ်လုံးများ

ကောဇာ ၁၂၈၅(ခရစ် ၁၉၂၃)ခုနှစ် င/ပျင်းကျေးရွာမှ ဘုရားတစ်ကာကြီးဦးရွှေညွှန့်၊ မင်းပြားမြို့ ဈေးဟောင်းပိုင်းမှ ဘုရားတစ်ကာ ဦးရာကျော်တို့ အမှူးပြုပြီးတည်ဆောက်ခဲ့သည်။ ရုပ်တုရုပ်ပုံများကို ရမ်းဗြဲကျွန်းလေးတောင်မှ ပန်းရံပန်းပုဆရာကြီး ဦးချက်ဖားက ထုလုပ်ခဲ့သည်။ တစ်ရွာလျှင် တစ်ခန်းကျစီဖြင့် (၂၈)ရွာသားတို့က (၂၈)ခန်းပြုလုပ်ခဲ့ကြသည်။ ၁၃၀၃ ခုနှစ် စစ်၏ဘေးဒဏ်ကြောင့် ပျိုပြက်ခဲ့ရာအသင်းအဖွဲ့ပြု၍ ပြန်လည်ဆောင်ရွက်ခဲ့ကြသည်။ ကောဇာ ၁၃၀၇ ခုနှစ်ဖွဲ့စည်းသောကုသိနာရုံအမျိုးသမီးအဖွဲ့ကပြုပြင်ရန် ကြိုးစားလာခဲ့သည်။ ၎င်းအဖွဲ့သည် ၁၃၁၈လုပ်ငန်းကို အမှိုက်သိမ်းအသင်းသို့ လွှဲအပ်ခဲ့သည်။ ၁၃၁၈ ခုနှစ် ဖွဲ့စည်းသော ဗုဒ္ဓဝေယျာဝစ္စအသင်းနှင့် ပူးပေါင်းလျက် ၁၃၂၀ ခုနှစ်တွင် အလှူကောက်ခံ၍ ပြန်လည်ဆောက်

လုပ်ခဲ့သည်။ အဆောက်အဦးကို စစ်တွေမြို့ အိုးတန်းရကပ်စိန်ချွန်ဟို ကုမ္ပဏီပိုင်ရှင် ဦးအောင်ခင်ဟိုနှင့်ဇနီး ဒေါ်တင်ချန်ခမိသားစုတို့က လှူဒါန်းခဲ့ကြသည်။ သိမ်တော်မှာ အလျား ၇၅ ပေ၊ အနံ ၃၀ ပေ၊ တန်ဆောင်ကို ဆောက်လုပ်နိုင်ခဲ့သည်။ ကျန်သိမ်တော်များကို အမှိုက်သိမ်းအသင်းနှင့် ဝေယျာဝစ္စအသင်းတို့ ပူးပေါင်း၍ ဆောက်လုပ်ခဲ့ရာ အလျား ၃၁၅ ပေ၊ အနံ ၂၁ ပေ ၆ လက်မရှိသည်။

ကုသိနာရုံအတွင်းရှိ ဗုဒ္ဓဝင်ရုပ်လုံးခန်းများမှာ ဗျာဒိတ်ခံခန်းမှစ၍ ပရိဗ္ဗာန်စံတော်မူသည်ထိ (၁၃၁)ခန်းပါရှိသည်။ ရုပ်လုံးတော်ပေါင်းမှာ (၄၈၄)ခုဖြစ်သည်။ လုပ်ငန်း အပြီးကို ၁၃၂၅ ခုနှစ်အဆုံး သတ်နိုင်ခဲ့သည်။ နောက်ထပ်တိုး၍ ၁၃၂၀ ခုနှစ်မှ စတင်၍ ဆောက်ခဲ့ရာ ၁၃၂၆ တွင် ပြီးစီးခဲ့သည်။

ကုသိနာရုံတန်ဆောင်းတော်ကို အုတ်ထရံကာ၍ သွပ်မိုးထား၏။ စိန်ချွန်ဟို ကုမ္ပဏီ မန်နေဂျာဆောက်လုပ်သော အဆောက်အဦး နောက်ဖက်တွင် မြေအင်အားခိုင်ခန့်ရန်အတွက် အလျား ၇၅ ပေ၊ အနံ ၁၈ ပေ၊ ဇောက် ၂၂ ပေ ၆ လက်မရှိသော တံတိုင်းကို မင်းပြားမြို့ အလယ်ပိုင်းရပ်ကွက်နေ ဦးဖိုးယိုင်နှင့် ဇနီး ဒေါ်မလှဖြူတို့က လှူဒါန်းပြုလုပ်ခဲ့ကြသည်။

## ကျောင်းတော်ကြီး

ကုသိနာရုံအနောက်ဖက်တောင်နားခမ်းတွင် ကျောင်းတော်ကြီးတစ်ဆောင်ရှိသည်။ ရာသီဥတု ကြည်လင်ချိန်၌ နေရာမှ အဝေးသို့ လှမ်းကြည့်ပါက ပေါက်တောမြို့ လည်ရိုးတော်ဓာတ်စေတီနှင့် ကုလားတန်မြစ်ဝဲယာကမ်းပါးများကို မြင်တွေ့ရပါသည်။ ၎င်းမှ မြောက်ဖက်သို့ ရှုကြည့်ပါက ပုဏ္ဏားကျွန်းမြို့ရှိ ဥရာဇ်တော်စေတီကို ဖူးမြင်နိုင်ပါသည်။ ထိုနောက် ဂျပန်ပြည်ရှိ ဖူဂျီယာမာ မီးတောင်ကဲ့သို့ ချွန်တက်နေသော ဘဲရားတောင်နှင့် တောင်စဉ်တောင်တန်းများကို ရှုမြင်နိုင်ပေသည်။ ဤနေရာမှ ကျိန်း၊ ကျွန်း၊ အနောက်ပိုင်းတစ်ဝိုက်ရှိ ကျေးရွာများနှင့် မြစ်ချောင်းများကို မှန်းဆကြည့်ရှုနိုင်ပါသည်။ ဤနေရာသည် ဝဲယာကို မျှော်တန်းလျှက် လေညင်းခံစရာ သဘာဝအလှကို ရှုမောခံစားစရာ အကောင်းဆုံးနေရာ တစ်ခုဖြစ်ပေသည်။

ကျိန်းတော်ရှင်တည်ရာ ကျိန်းတောင်တစ်ခုလုံးမှာကား စိမ်းလန်းကြည်လင်သာယာ စိုပြေလျှက်ရှိသဖြင့် စိတ်၏ကြည်နူးဖွယ်ရာ ချမ်းမြေ့ဖွယ်ရာ ကုသိုလ်ပွားလိုသူများအဖို့ အကောင်းဆုံးပင်ဖြစ်သည်။ သာသနာအရောင်ထွန်းပြောင်မည့် နိမိတ်ကို ဆောင်နေသဖြင့် အထူးပင် ဝမ်းမြောက်စရာကောင်းလှသည်။ ကြည့်ရှုလှည့်ပတ်ဖူးမျှော်ခြင်း တစ်ခါတစ်ခေါက် လာရောက်ခြင်းများအတွက် ကျေနပ်နှစ်သိမ့်နိုင်မည်သာ ဖြစ်ပေသတည်း။



## အခန်း(  )

# ကျိန်းတောင်၏အရှေ့အနောက် ဝဲယာ တစ်လျှောက်ရှိ ထင်ရှားသော ရှေးဟောင်းလက်ရာများ

ကျိန်းတောင်တန်းကို ဗဟိုပြု၍ အရှေ့အနောက် ဝဲယာတစ်လျှောက်တို့တွင် ရှေးရခိုင်ဘုရင်များလက်ထက်အခါက တည်ထားကိုးကွယ်ပြုခဲ့ကြသော ဘုရား၊ ပုထိုး၊ စေတီ၊ ရေတွင်းရေကန်နှင့် အရပ်ဒေသများကား ယနေ့အထိပင် တည်ရှိနေပါဘိသည်။

သို့သော် အချို့မှာ ထင်ရှားခြင်းမရှိဘဲ မှေးမှိန်ကွယ်ပျောက်သွားရသော်လည်း အချို့ကား ယနေ့အထိ မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပါသေးသည်။ ယင်းတို့၏ အကြောင်းကို ဤအခန်း၌ ဆက်လက်၍ ဖော်ပြပါအံ့။

## ကန်းမရွာစေတီနှင့်ဘုရား (မြဘုန်းညိုစေတီ)

မင်းပြားမြို့မှ တောင်ဘက်သို့ထွက်လျှင် ကန်းမရွာသို့ ရောက်သည်။ကန်းမရွာ (လမ်းပြရွာ)မှာ မင်းပြားမြို့၏တောင်ဘက်အစတွင် တည်ရှိသည်။ ထိုကန်းမရွာ၏ အမည်ရင်းမှာ (ကြမ်းမရွာ)ဟု သိရသည်။ စန္ဒဝိဇယရာဇာ (တုံးညို)မင်း၏သမီးတော် (မြဘုန်းညို)ဖြစ်သည်။ အပြောအဟောအသွားအလာကအစ ကြမ်းတမ်းစွာ ရှိနှင့်သည့်အတွက် (ကြမ်းပုံမေ)ဟု အမည်ရသည်။ ကြမ်းပုံမေ အပိုင်စားရသော ရွာဖြစ်ချေသဖြင့် (ကြမ်းမရွာ) မှ (ဂန်းမရွာ)ဟု နောင်တွင် တွင်လာခဲ့သည်။

ဤရွာနှင့်ကပ်လျက် အနောက်ဘက်တွင် တောင်ပူစာငယ်တစ်ခုတည်ရှိသည်။ ယင်းတောင်ပူစာငယ်တစ်ခုထိပ်၌မူ ဘုရင်တစ်ပါးနှင့် စေတီတစ်ဆူတည်ရှိသည်။ ယင်း၏ကောင်းမှုတော်မှာ ကြမ်းပုံမေ(မြဘုန်းညို)၏ ကောင်းမှုတော်ဖြစ်ခဲ့ကြောင်း သိရသည်။ သိမ်နိမိတ်တိုင်တို့မှာ လူတစ်ယောက်ဖက်ခန့်မျှ ကြီးမား၏။ ယခုကျိုးပျက်နေချေပြီ။

## ဖူးပင်တောင်မော်ရွာနှင့် ဖူးပင်ခေတ်

ကန်းမရွာတောင်ဘက်သို့ သွားလျှင် ဖူးပင်တောင်မော်ရွာသို့ ရောက်ရှိ၏။ ယင်းရွာမှာ ကျိန်းတော်ဦးစွန်းမော်ဖျားတွင် ရှိသည်။

၎င်းရွာ၏ ရွာဦးတောင် ကမုခ်စေတီတစ်ဆူတည်ရှိသည်။ ၎င်းစေတီငယ်မှာ ယခုခေတ်လက်ရာဖြစ်သည်။ ထိုအထက် တောင်ထိပ်တွင်ကား ဖူးပင်ခေတ်စေတီ တည်ရှိသည်။ ၎င်းစေတီကို မြောက်ဦးခေတ် နှောင်းပိုင်းက ဘုရားတစ်ပါးတည်ခဲ့သည်ဟု ယူဆရသည်။ စေတီမှာ ညောင်မျိုထား၍ ပျက်စီးလေပြီ။

## နေထွက်ဘုရား (နန်းဦးဘုရား)

ဖူးပင်တောင်မော်ရွာ၏ အနောက်ဘက်တောင်ဦးတွင် နေထွက်ဘုရားဟူ၍ တည်ရှိသည်။ ယခုဖူးပင်ရွာ၏ အရှေ့ဘက်ရွာဦးတွင် ကျရောက်သည်။ ဘုရားမှာ ကျောက်ဆင်းတုတစ်ဆူဖြစ်ပြီး ကျောက်တံတိုင်းဖြင့် သီးသန့်ပူဇော်ရှိလာသည်။ နှစ်တောင်ကျော်အမြင့်ရှိသည်။ နေထွက်ရာ အရှေ့ဘက်တွင် တည်ရှိသည်။ ထို့ကြောင့် နေထွက်ဘုရားဟုခေါ်သည်။ နန်းဦးက တည်ခဲ့ကြသောကြောင့်လည်း နန်းဦးဘုရားဟုလည်း တွင်ခေါ်ခဲ့၏။ ဘုရားမှာ နေဝင်ဘုရား ရှေ့တူရှုသို့ မျက်နှာဆိုင်၍ တည်ရှိနေ၏။ ယခု (၁၉၉၅)ခုနှစ်က လမ်းဖောက်လုပ်ခဲ့သဖြင့် အနီးရှိမြောက်ဘက်တောင်ပေါ်သို့ ရွှေ့ပြောင်းတည်ထားလျက် ရှိနေ၏။

## ကျိန်းဆိပ်ကမ်းနှင့်ဈေးကြီး

ကျိန်းတော်၏ တောင်ဘက်တစ်လျှောက်သည် နန်းရွာအိမ်ရှေ့ မင်းရွာတည်ရှိသဖြင့် စည်ကားခဲ့ရာဌာနဖြစ်သည်။ ထို့ပြင်ဆိပ်ကမ်းကျရာဌာနဖြစ်၍လည်း ရောင်းဝယ်စခန်းကျလေသည်။ ထို့ကြောင့် ရှေးကပင် နိုင်ငံခြားသင်္ဘောများ ဖူးပင်တောင်မော်တွင် ဆိုက်ကပ်ခဲ့ရသည်။ အိန္ဒိယ ဂင်္ဂါမြစ် ဘရုကစ္ဆဆိပ်ကမ်းနှင့်လည်း ရောင်းဝယ်ခြင်းပြုခဲ့ရခြင်းကိုစွဲ၍ သင်္ဘောဆိပ်ချခဲ့ရာဟု အစဉ်ပြောစမှတ် ရှိနေကြလေ၏။လက်တွေ့ပထဝီအနေအထားအရလည်းကောင်း၊ တောင်မော်ကန်ထဲမှနှောင်းခေတ်ကန်တူးစဉ်ကျောက်ဆူးကြိုးအပျက်များ ရရှိခဲ့သည့်အထောက်အထား သက်သေအရလည်းကောင်း၊ခန့်မှန်းစရာဖြစ်ခဲ့လေသည်။ ထိုနေရာ၌ ရေကန်မှာတဖြည်းဖြည်းမြေပို့၍ လာချေလေပြီ။



## ဖူးပင်ရွာ (ဗာရဲဘ)နှင့် စေည်အကာ

ဖူးပင်ရွာ မှာ ဗာရဲဘ၏ မွေးရပ်မြေ နေထွက်ဘုရား၏ အနောက်ဘက်ရွာပင်ဖြစ်ချေသည်။ ရခိုင်ရာဇဝင်၌ “ကျိန်းတောင်လကျာ၊ ဖူးပင်ရွာက ဗာရဲဘ”ဟူ၍ သမိုင်းထင်ရှားသူ (ငသောဖြေ)နေရာတည်း။ ရခိုင်ငစွယ်ငါး(ငါးရှည့်)ရှာဟန်ဇာတ်လမ်းကို ကပြနိုင်ခဲ့ဖူး၍ မင်းဟာရီက နန်းတော်သို့ ခေါ်ယူကာ ကပြစေခဲ့သည်။ ၎င်းဇာတ်လမ်းကို အခွင့်ကောင်းယူ၍ ငကုသလအမတ်ကြီးက ဘုရင်ကို ယတြာလုပ်လေသည်။ ထိုကစ၍ နန်းတွင်းအရှုပ်တော်ပုံပေါ်ခဲ့ရသည်။ ဗာရဲဘမှာ ငစွယ်ရှာ(ငစွယ်အက) အကကောင်းသူအဖြစ် ထင်ရှားခဲ့လေသည်။

## မယ်တော်တောင်နှင့် မယ်တော်ဘုရား

ကျိန်းတော်ရှင် တောင်ဘက်ကုန်းတစ်ဝိုက်ကို ခေါ်သည်။ စန္ဒဝိဇယမင်း၏ မယ်တော်သုဝဏ္ဏာ ကလျာနေခဲ့ရာ ဒေသလည်းဖြစ်သည်။

စန္ဒဝိဇယမင်းနန်းတက်သည့်နှစ်တွင် မယ်တော်သုဝဏ္ဏာကလျာ ကွယ်လွန်ခဲ့သည်။ ၎င်းနေရာ၌ ဘုရင်ကိုယ်တိုင် သင်္ဂြိုဟ်ပွဲကျင်းပခဲ့လေသည်။ ထို့အပြင် မယ်တော်အားရည်ညွှန်း၍ ဘုရားနှင့်သိမ်ကို တည်ဆောက်ခဲ့သည်။ မယ်တော်တောင်၊ မယ်တော်ဘုရားသိမ်ဟု ခေါ်သည်။ ယခင်က သိမ်ထဲ၌ ဘုရားသုံးဆူတည်ထားခဲ့ရာ ယခုနှစ်ဆူသာရှိတော့သည်။

## အိမ်ရှေ့မင်းရွာနှင့် သမင်ခြေရာ

မယ်တော်တောင်၏အနောက်ဘက်တွင် အိမ်ရှေ့မင်းရွာနှင့် သမင်ခြေရာတည်ရှိသည်။ စန္ဒဝိဇယမင်း၏ သားတော်ရဲဘော်သည် မြို့စားနေခဲ့ရာနှင့်စပ်၍ အိမ်ရှေ့မင်းရွာဟုခေါ်သည်။ ထိုရွာမှာ (ရဲဘော်)သည် နန်းစိုက်ခဲ့ရာနန်းရာ အနီးတွင် တည်ရှိသည်။ ထိုရွာအနီး၌ ကျောက်တုံးကြီးတစ်တုံးလည်း ရှိသေးသည်။ ကျောက်တုံးကြီးတစ်တုံးတွင် သမင်သတ္တဝါပြေးသွားသော ခြေရာတစ်ခုအဖြစ် ပေါ်နေသည်။ ယင်းကို သမင်ခြေရာဟု ခေါ်ဝေါ်ပြီး ယခုအခါ တူးဖြိုခြင်းဒဏ်ကိုခံရ၍ မပီမပြင်တွေ့ရှိရသည်။ အိမ်ရှေ့မင်းရွာ၏ အနောက်ဘက် မနီးမဝေးတွင် ရေဖြူရွာတည်ချခဲ့သော နေရာရှိပေသည်။

C:\MIN PYAW TA KHIN YIINE TAW SHIN FINAL.P65.

## အိမ်ရှေ့မင်းနန်းရာ

သမင်ခြေရာအနီးတွင် တောင်ကုန်းငယ်တစ်လျှောက်ကို တွေ့ရသည်။ တောင်နှင့်မြောက် (၇၇၀)ပေနှင့် အရှေ့နှင့်အနောက် (၄၀)ပေကျယ်ဝန်းသည်။ အမြင့်မှာ (၅)ပေရှိသည်။ ထိုနေရာတွင်(ရဲဘော်)သည် အိမ်ရှေ့မင်းသားဘဝဖြင့် မြို့စားအဖြစ် နေထိုင်ခဲ့သည်။ နန်းရာသို့ ဝင်လမ်းနှစ်ခုသည် တောင်စွယ်ကို ကျောက်အုတ်တို့ဖြင့် တံတိုင်းကာရံ၍ ထားခြင်းဖြစ်သည်။

## ရတနာပုံစေတီ(နန်းဦးစေတီ)

အိမ်ရှေ့မင်းနန်းရာ ရင်ပြင်အထက် တောင်ပေါ်တွင် တည်ရှိသည်။ ဘုရားရုပ်တုတော်လည်း တစ်ဆူရှိသည်။ တံတိုင်းကာရံလျက်ရှိပြီး ကျောက်ဆစ်လက်ရာဖြင့် မွမ်းမံထားသည်။ ဤစေတီကို အိမ်ရှေ့မင်းက တည်ထားခဲ့ပြီး အမြဲဝတ်ပြုခဲ့သည်ဆို၏။ စေတီအနီးတွင် မယ်တော်၏အရိုးဂူလည်း ရှိခဲ့သည်။ အရှေ့ဖက်ချိုင့်ဝှမ်းကိုကားဦးတော်ဆေးကန်ဟူ၍ ရှိလေသည်။

## နေဝင်ဘုရား(လထွက်ဘုရား)

နေဝင်ဘုရားရှိရာ ဗူးပင်ရွာမှ အနောက်ဘက် နဂါးစက်ကန်အနီးတွင် တည်ရှိ၏။ ထိုဘုရားကို လထွက်ဘုရားဟုလည်း ခေါ်သည်။ နေဝင်လျက် လထွက်သည်၌ ဖူးမြော်ရသောကြောင့်တည်း။

နေထွက်ဘုရားထက် ဉာဏ်တော်အနည်းငယ်ကြီးပြီး မျက်နှာတော်မှာ အရှေ့ဖက်သို့ မျက်နှာမူ၍ တည်ရှိသည်။ နေထွက်ဘုရားနှင့် မျက်နှာချင်းဆိုင် တည်ရှိနေခြင်းဖြစ်သည်။

## ဗားပူတောင်စေတီ

နေဝင်ဘုရားမှ တောင်ဘက်တေန်ပျင်းရွာမှ အနောက်ဘက်ကျသည်။ ယခုဗူးပင်ရွာ၏ အနောက်ဘက်ဗားပူတောင်အနီးတွင် တည်ရှိသည်။ ဗားပူရှိယင့်ဆန်ရှိယင့်၊ ဒိုင်းကျီရှိယင့်-ရီရှိယင့်”ဟူ၍ စကားပုံရှိသည်။ ဗားပူဆိုသည်မှာ လူချမ်းသာ စပါးဆန်ရေပေါ်များသူကို ဆိုသည်။ ကျိုန်းတောင်တောင်ဘက် လူချမ်းသာများ နေခဲ့ရာဌာနဖြစ်သည်။ ကျိုန်းကျွန်းတိုက်မှ တောင်သူဌေးနေခဲ့ရာ ရွာဟုလည်း ပြောဆိုကြသည်။



ထို့ကြောင့် ဗားပူတောင်ရွာဟုခေါ်သည်။ ထိုနေရာ၌ ရှေးကတည်ခဲ့သော စေတီနှစ်ဆူကိုလည်း ဗားပူတောင်စေတီဟူ၍ တွင်ခေါ်ခဲ့သည်။ ချမ်းသာသော ဗားပူများတည်ခဲ့ခြင်းပေတည်း။

## မျက်ခုံးတော်ဓာတ်

ကျိုန်းတောင်အနောက်တောင်ဘက် ယခုထောင့်ချောင်းကြီး (ငဝေရွာ)အနောက်ဘက်ကပ်လျက် ဖို့တောင်ကုန်းတွင် တုံးညိုသည် (စန္ဒဝိဇယမင်း)အဖြစ် စိုးစံခဲ့စဉ်က တည်ထားခဲ့သည့် မျက်ခုံးတော်ဓာတ်တစ်ဆူကို တွေ့ရသည်။ အုတ်စေတီဖြစ်ပြီး ယခုပြုပြင်လျက်ရှိသည်။ အမ်းသားရွာမှ ဆေးဆရာမောင်စိတ်ကေက ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်သည်။

## ဘုရားပေါင်းနှင့်ဘုရားကန်

ထောင့်ချောင်းကြီးရွာအနောက်ဘက်မိုင်ဝက်ခန့်အကွာတွင် စန္ဒဝိဇယမင်း၏ ကောင်းမှုတော်မှာ ဘုရားပေါင်း ဘုရားနှင့် ရေကန်ဖြစ်ချေသည်။ ဤအရပ်တွင် မွေးဖွားခဲ့သည်ကိုအကြောင်းပြု၍ တည်ထားခဲ့ခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ “ဇာတိချက်ကြွေ၊ ရွာငဝေတွင်၊ ဘဂဝါသတ္တာ၊ လျှုဒါနနှင့် ကြည်လင်အေးမြ၊ ရေကန်လှုကို၊ ပုညလယ်မြေ၊ ထပ်လောင်းလေ၍”ဟု ထောင့်ချောင်းကြီးရွာ လေ့ပြိုင်အသင်းက သီဆိုခဲ့ဖူးသည်။

ဤဘုရားမှာ ကျိုန်းတောင်တောင်မော်မှ အနောက်ဘက်နှစ်မိုင်ကျော်မျှကွာလှမ်းလေသည်။

ယခင်ကျောက်ဆင်းတု ခုနှစ်ဆူရှိခဲ့ပေရာ နှစ်ဆူကို အိမ်ရှေ့မင်းရွာသို့ ပင့်ထားခြင်းပြုလေသဖြင့် ငါးဆူသာကျန်တော့သည်။ ကျောက်တံတိုင်းဖြင့် ဝိုင်းရံ၍ သိမ်အထဲတွင် ကိန်းဝပ်လျက်ရှိသည်။

တစ်ဖန်သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)မှ ပင့်ယူစိုက်ပျိုးခဲ့သည်ဆိုသော ဗောဓိပင်တစ်ခုလည်း ရှိသေးသည်။ ရေကန်မှာ ဘုရားအနီးမြောက်ဘက်၌ ကပ်လျက်တည်ရှိသည်။ ရေကန်ကြီးများမှာ ယခုအခါ ပျက်စီးနေချေပြီ။ ဘုရားပေါင်း ချောင်းတစ်ဘက်ခြားတွင် သုံးထောင့်ချောင်းအနီး၌ သုံးထောင့်ကန်ကြီးလည်းရှိသည်။ ကျားရဲပြင်နှင့်နီးလေသည်။ စန္ဒဝိဇယမင်း မြောက်ဦးကို သိမ်းပိုက်ခဲ့စဉ်က ငယ်မျောက်သားကို ငဝေရွာမှအခေါ်လွှတ်ခဲ့ရာ ငါးသဲ့လျက်ရှိနေစဉ် မှူးမတ်တို့နှင့် တွေ့ဆုံခဲ့ရ၍ အမှတ်တရယင်းနေရာ၌ ဘုရားတည်ခဲ့ခြင်းဖြစ်သည်။ ပေါင်းဆုံသည်ကို အကြောင်းပြု၍(ဘုရား

ပေါင်း)ဟု တွင်ခဲ့သည်ဆို၏။

## ဆံရစ်တော်ဓာတ်

ကျိုန်းတောင်တောင်ဘက် သက်ပုန်းချောင်းရှည်ဒေသ ချောင်းရှည်ရွာ၏ အနောက်တွင်တည်ရှိသော စေတီတစ်ဆူကိုလည်း ဆံရစ်တော်ဓာတ်ဟု အမည်ရသည်။ ဘီအီး(၁၁၃၉-၁၁၄၄)မင်းဖြစ်သော စန္ဒငတိသုရာဇာ၊ (ဓမ္မရာဇ်အောင်စုံ)က တည်ခဲ့သည်။

အင်္ဂလိပ်လက်ထက်ပြိုပျက်နေခြင်းကို မဟာဂီရိမည်သော နတ်ကတော်တစ်ဦးက ပြန်လည်ထားခဲ့သည်။ ထို့နောက် တစ်ဖန်ပြိုကျသဖြင့် ဂေါစာ ၁၃၀၄ ခုနှစ်က ဓာတ်တော်ကို တူးဖြို၍ အသစ်တည်ခဲ့ကြသည်။

## ကျွန်းဦးစေတီ(ခေါင်းမင်းစေတီ)

၎င်းစေတီမှ ကျိုန်းကျွန်းတောင်ဘက် နယ်မြေအဆုံး စွန်ရဲကျွန်းဦး၌ တည်ထားသဖြင့် ကျွန်းဦးစေတီဟုခေါ်တွင်သည်။ စွန်ရဲကျွန်းကြောင် ရှည်ချောင်းရွာအနီး မြစ်ကမ်းပါးတွင် တည်ရှိသည်။ လုံးပတ်လက်တောင် ၆၀ နှင့် အမြင့်စောက်လက်တောင် ၃၀ ကျော်ရှိ၍ ကျိုန်းတော်ရှင်စေတီထက် ကြီးလေသည်။ ရခိုင်မင်းလက်ထက်ကပင် အုတ်တံတိုင်းကာရံလျက် တည်ထားခဲ့ခြင်းဖြစ်သည်။

ထိုနောက် ပြိုပျက်ခြင်းခံခဲ့ရသဖြင့် ရခိုင်မင်း၏ တပ်မှူးခေါင်းမင်းဗိုလ်က ပြုပြင်ခဲ့လေသဖြင့် ယခုခေါင်းမင်းစေတီဟု ခေါ်တွင်လာရခြင်းဖြစ်သည်။ ယခုကြောင်ရှည်ချောင်းဆရာတော်နှင့် ကျွန်းလုံးသာတို့က စောင့်ရှောက်ပြုပြင်လျက် သမံတလင်းခင်း၍ ကောင်းစွာ ကိုးကွယ်ပူဇော်လျက်ရှိနေကြသည်။

## ဆင်ကြီးပြင်ရွာ

အိမ်ရှေ့မင်းရွာ(အိမ်ရှေ့မင်းနန်းရာ)မှ မြောက်ဖက်တွင် ဖြစ်သည်။ ကျိုန်းတောင် အနောက်ဖက် ဆင်ကြီးပြင်ကျော်လမ်းဝတွင် တည်ရှိသည်။ ရှေးကဘုရင်များသည် ဆင်များကို ရှုစားရာဖြစ်၍ “ဆင်ကြည့်ပြင်”ဟု တွင်ခေါ်ခဲ့သည်။ ထိုရွာမြောက်ဖက် မြောင်းကမ်းပါးတစ်လျှောက်တွင် ဆင်ချည်သောတိုင်ငုတ်များ ရှိနေသည်။ ဆင်ကြည့်ပြင်မှ ဆင်ကြီးပြင်ဖြစ်လာရသည်ဆို၏။



## ခမည်းတော်တိုက်နှင့် ငါးဆူရှင်ပင်

ဆင်ကြီးပြင်ရွာ ဆင်ကြီးပြင်ကျော်လမ်းဝ ဘုန်းတော်ကြီးကျောင်းဟောင်းတည်ရှိရာ တောင်စွယ်တွင် ဘုရားငါးဆူရှိသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူလတ္တံ့သော ဘုရားငါးဆူကို ရည်ရွယ်တည်ထားခြင်းဖြစ်သည်။ ကျောက်ဆစ်လက်ရာပလ္လင်တွင် ကိန်းဝပ်ခဲ့ရာ ယခုပြိုပျက်သွားသဖြင့် ပလ္လင်အသစ်ပြုလုပ်တည်ထားရှိ၏။ စန္ဒဝိဇယမင်းသည် ခမည်းတော်အား ရည်မှန်းပြုသော ကောင်းမှုတော်ဟု သိရသည်။ ထိုဘုရားတည်ရှိရာ တစ်ဝိုက်ကိုလည်း ခမည်းတော်အား ရည်မှန်းပြီး ခမည်းတော်တိုက်ဟုသတ်မှတ်ခဲ့သည်။

## ပြိုင်တော်ဓာတ်

ငါးဆူရှင်ပင်မှ တောင်ဖက်တောင်ထိပ်မြင့်တွင် တည်ရှိ၏။ ယခုပြိုပျက်သွားသည်ကို ကောဇာ ၁၃၅၆ ခုနှစ်တွင် ခမရ (၃၈၀)မှ တပ်ရင်းမှူးနှင့် အရာရှိအရာခံ အကြပ်တပ်သားများ နှီးဆော်မှုပြုပြီး စေတီသစ်တစ်ဆူတည်ခဲ့ကြသည်။ တပ်ဦးစေတီဟုလည်းတွင်လျက်ရှိ၏။ ထိုစေတီ၏ တောင်ဖက်အနီးတစ်ဝိုက်၌လည်း စေတီ ၃ဆူရှိသေးသည်။

## နှစ်ဆူရှင်ပင်

ဆင်ကြီးပြင်ရွာ အရှေ့မြောက်ထောင့် သောက်ရေကန်အနီး မြတောင်နှာမောင်းဖျားတွင် တည်ရှိသည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ဘုရင်နှစ်ဆူကို ရည်မှန်းခဲ့သည်ဆို၏။ ကျောက်ပလ္လင်တွင် သစ္စာနွယ်ပန်းတို့ကို ထုလုပ်ထားရှိ၏။ ဝေသာလီခေတ် သိင်္ဂစန္ဒရားမင်း၏ အနွယ်ဖြစ်သော မန္ဒဝိပြဟ္မဏနှင့် ကြင်ရာတော် အတူမကွဲမကွာ ကျင်လည်ရလိုရလို၏ဟု ဆုတောင်းလျက်တည်ထားခဲ့ခြင်းဟုလည်း အတူမကွာကျင်လည်ရလို၏ဟု ဆုတောင်းလျက် တည်ထားခဲ့ခြင်းဟုလည်း ဆိုကြသည်။”

“ကျိုန်းတောင်ကျော်လမ်း ကြက်ရိုးပေါ်မှာ သဇင်ပန်း၊ နှမနမ်းတုံ မောင်နမ်းတုံ” ဟူသော ကဗျာသည် ဤဘုရားကို ရည်ရွယ်စပ်ဆိုခြင်းဖြစ်လာရသည်ဟူ၏။ အချို့က ဂေါတမဘုရားနှင့် အရိမေတ္တယျဘုရားနှစ်ဆူကို ရည်၍ တည်ထားခြင်းဖြစ်သည်ဟုဆိုကြ၏။

## တလင်းကြီးရွာနှင့် မင်္ဂလာပူရတိုက်

ဆင်ကြီးပြင်ရွာမှ မြောက်ဖက်သို့ သွားတော်ကျိန်းတောင် တောင်တန်းစဉ်တစ်လျှောက်တွင်ရှိသည်။ ထိုတောင်ခြေရင်းအနီး သစ်ပင်အိုများ၊ မကျည်းပင်အိုများကို တွေ့ရသည်။ ကန်ပျက်များလည်း ရှိသည်။ ထိုနေရာတစ်ဝိုက်ကို ရှေးကလူတေနဌာနပြုခဲ့ကြသည်။ တလင်းကြီးရွာဟူ၍ ခေါ်တွင်သည်။ ယခင်ကျိန်းမြို့တော်သာယာခဲ့စဉ်က တည်ရှိနိုင်ခဲ့ရာသည်။ ယခုတိတ်ဆိတ်သုန်ဖျင်းလျက်ရှိလေပြီ။ စန္ဒဝိဇယမင်း၏ အုပ်ချုပ်ရေးနယ်ပယ် သတ်မှတ်ရာတွင် တိုက်နယ်တစ်ခုဖြစ်ခဲ့ရသည့် "မင်္ဂလာပူရတိုက်နယ်"ဟူ၍ ခေါ်သည်။

## ဝဇီရဓာတ်(မင်္ဂလာဦးစေတီ)

မင်္ဂလာပူရတိုက်၊ တလင်းကြီးမြောင် ရီမျက်ကြီးဝတွင် တည်ရှိသည်။ ဝဇီရမင်းအဖြစ် စိုးစံခိုက်တွင် အဦးအစတည်ခဲ့သော စေတီဖြစ်သည်ဆို၏။ အချို့က စန္ဒဝိဇယမင်းဖြစ်ပြီးနောက် ကောဇာ ၁၀၇၃ တွင် သက်ပြည်ကို တိုက်ခိုက်စဉ်ကာ သက်မင်းတို့၏ နန်းစဉ်ကိုးကွယ်ထားသော ဓာတ်တော်များကို ပင့်ဆောင်၍ စစ်အောင်မင်္ဂလာအဖြစ် တည်ထားခဲ့ခြင်းဖြစ်သည်ဆို၏။ ကျောက်အုတ်ဖြင့် တည်ထားပြီး နှစ်စဉ်မပြတ်ထုံးသက်န်းဆက်ကပ်လာခဲ့ကြ၏။ စန္ဒဝိဇယမင်း၏ ထင်ရှားသော ကောင်းမှုတော်တစ်ခုဖြစ်သည်။

## ငပြီအင်းနှင့် ကြိုးကြာအင်းအနီး ချာန်ကသိုဏ်ဘုရား

ဝဇီရဓာတ်က မြောက်ဖက်သို့သွားလျှင် ငပြီအင်းရွာကို ရောက်သည်။ ငပြီအင်းရွာအရှေ့ဖက်တွင် ကြိုးကြာအင်းရှိသည်။ ငပြီအင်းကျောင်းတောင်ဖက်တွင်ကပ်လျက်အုတ်စေတီကြီးတစ်ဆူရှိသည်။ ၎င်းအနီးအုတ်စေတီပျက်များ ကျောက်ဆင်းတု အကျိုးအပဲ့များရှိနေသည်။ ငပြီးအင်းနှင့် ကြိုးကြာအင်းအနီးတောင်ဖက်တွင် သမုတ်သိမ်ရှိသည်။ ထိုသိမ်ထဲ၌ ရင်စည်းလျက် ချာန်ကသိုဏ်းဖွဲ့ဟန် ကျောက်ဆင်းတုတစ်ဆူရှိသည်။ ဆုံသဏ္ဍာန်ကျောက်ပလ္လင်တွင် ကိန်းဝပ်တည်ရှိသည်။ ငပြီအင်းရွာ အနောက်ဖက်ချောင်းနားတွင် နွားကုန်ပို့ဘုရားဟူ၍ ရှိသည်။ ဘုရားဆင်းတုတော်တောင်ဖက်အနီးကပ်လျက် ကျောက်နွားရုပ်တစ်ခု ရှိလေသည်။



## အသည်ရွာလေးမျက်နှာသိမ်

ငပြီအင်းရွာမှ မြောက်ဖက်တွင် အသည်ရွာရှိသည်။ အသည်ရွာဘုန်းကြီးကျောင်းတောင်ကုန်းပေါ်တွင် တည်ရှိသည်။ သိမ်ကိုလေးဖက်မုတ်ဝင်ဝဖြင့် ပြုလုပ်ထားသည်။ သိမ်နိမိတ်တိုင်ကြီးများလည်း အကောင်းပကတိရှိနေသည်။ ထိုသိမ်ကို အကြောင်းပြု၍ တောင်ကိုလေးမျက်နှာတောင်၊ ကျောင်းကိုလေးမျက်နှာကျောင်းဟု ခေါ်တွင်ရှိနေသည်။ ရှေးကတိုင်းရင်းခံ (အသည်သား) များတည်ရှိခဲ့ရာ ရွာဖြစ်သည်။ ထို့ကြောင့် ဤသိမ်မှာ ရှေးကျပြီး စန္ဒဝိဇယမင်းမတိုင်ခင်မင်းတို့ လက်ထက်ကုသိုလ်တော်ဖြစ်ရာသည်။

## မဟာကျန်ဘုရား(အသည်ရွာ)

အသည်ရွာကျောင်းခေါ်လေး မျက်နှာကျောင်းတွင် ဆရာတော်အဆက်ဆက်ကိုးကွယ်ခဲ့သော ဘုရားဖြစ်သည်။ ဥာဏ်တော်တစ်ပေကျော်ရှိသည်။ ရတနာဖြင့် သွန်းလုပ်ထားသဖြင့် အရောင်ပြောင်လက်၍ သပ္ပာယ်လှသည်။ မဟာမုနိသျှင်ပင် သွန်းစဉ်ကကြွင်းကျန်သော ရတနာဖြင့် သွန်းလုပ်သော ဘုရားဖြစ်သည်ဟု သတ်မှတ်ယူဆနေကြသည်။

## လက်ဖန်တော်ဓာတ်

လေးမျက်နှာသိမ် အနောက်တောင်ဖက်အနီ တောင်ထိပ်၌ တည်ရှိသည်။ စန္ဒဝိဇယမင်း အစ ပထမသက်ပြည့်မှ ပင့်ယူရရှိသော လက်ဖန်တော်ဓာတ်ကို တည်ထားခြင်း ဖြစ်သည်ဆို၏။ ဓာတ်တော်စေတီမှာ များစွာမကြီးလှချေ။ ဤဓာတ်တော်တောင်ဖက်အဆုံးတောင်ယာခင်းထဲ၌ အုတ်စေတီဟောင်း တစ်ဆူလည်း ရှိလေသည်။

## လက်ညှိုးစေတီ

အသည်ရွာမြောက်ဖက်သို့သွားသော် ကျောက်မောင်နှမရှိသည်။ မောင်ကျောက်နှမကျောက်ဟု ခေါ်နေကြသည်။ ထိုကျောက်လုံးရဂိုသော တောင်ကမူအထက်တွင် လက်ညှိုးတော်ဓာတ်စေတီတစ်ဆူရှိသည်။

## တွိမဆုတ်(တို့မဆိတ်)စေတီ

အသည်ရွာမြောက်ဖက်တွင် တွိမဆုတ်ရွာရှိသည်။ သိုးမဆိတ်ရွာ ဟုလည်း ခေါ်ဆိုသည်။ စစ်သူရဲများ နေထိုင်ခဲ့ရာရွာဖြစ်သည်။

ထိုသူရဲတို့သည် တစ်ဖက်ရန်သူနှင့် ရင်ဆိုင်ရလျှင် နောက်မဆုတ်တန်းရွတ်ရွတ်ချွန်ချွန်တိုက်ခိုက်ခဲ့ကြသည်ဆို၏။ ရန်သူနှင့်တွေ့လျှင် နောက်မဆုတ်သောသူရဲများနေရာရွာဟုဆိုလို၏။ ထိုရွာ၏မြောက်ဖက်အထက်တောင်ယံတွင် စေတီနှစ်ဆူနှင့်တောင်နံဘေးကန်အနီးတွင် စေတီနှစ်ဆူရှိသည်။ စုစုပေါင်း စေတီလေးဆူတည်ထားရှိလေသည်။ ဝဇီရမင်းခတ် တည်ထားခဲ့ဟန်ရှိသည်။

## ကြွီပြင်

တွိမဆုတ်ရွာမှ မြောက်ဖက်တွေင် လယ်ကွင်းပြင်တစ်ခုရှိသည်။ ၎င်းပြင်ကိုကြွီပြင်ဟုခေါ်သည်။ ရှေးကကြွေထည်ပြုလုပ်ခဲ့ရာ ဌာနဖြစ်နိုင်ရာသည်။ ကြွေထည်မြေထည် အလုပ်သမားများယး နေထိုင်ခဲ့ရာ ဒေသဟု ယူဆရသည်။ ယခုသံတောင်ရွာ၎င်းအနီးအိုးထိန်းရွာတို့လည်း မြေထည်လုပ်ကိုင်ခဲ့ရာ ဌာနများဖြစ်ချေ၏။

## ဝန်သို့ဂူစေတီ

တို့မဆိတ်ရွာက မြောက်ဖက်ကို သွားသော် တောင်ပို့ကြီးရွာသို့ရောက်သဘည်။ ထိုရွာမှ အရှေ့ဖက် အနီးခင်စိုင်းကြီးကျော်လမ်းရှိသည်။ ထိုလမ်းကကျော်လျှင် ကျိန်းတောင်အရှေ့ဖက် တင်းမရွာမှ ထွက်ကျသည်။ ခင်စိုင်းကြီးကျော်လမ်းအဝတွင် ဂူကြီးတစ်ခုရှိသည်။ ကျောက်ဖြင့်ပြုလုပ်ထားသည်။ တံတိုင်းလည်း ကျောက်ဖြင့် ကာရံထားသည်။ အတွင်းတွင် ကျောက်ဆင်းတု ဘုရားတစ်ဆူရှိသည်။ လကျ်ာရံလက်ဝံရံ ဘုရားလေးပါးနှင့် ဂူကြီးပတ်လည်တွင် ဥာဏ်တော်အကြီးအငယ် ကျောက်ဆင်းဘုရားများမှာနံရံတစ်လျှောက်တွင် တည်ထားရှိသည်။ ဂူမှာပျက်ပြိုသွားပြီး ဖြစ်နေရာ အုတ်ကျောက်များက ကစင့်ကရဲဖြစ်ရှိနေသည်။ ဤဘုရားနှင့် ဂူမှာ ဝန်သိုအမတ်၏ကောင်းမှုတော်ဖြစ်၍ ဝန်သို့ဂူ၊ ဝန်သိုစေတီဟု ခေါ်တွင်နေသည်။ တောင်ပို့ကြီးဘုရားဟုလည်းခေါ်သည်။ ၎င်းအနီးတွင် ပုထိုးသုံးဆူလည်း ရှိလေသည်။

## ဝန်သို့အိမ်

ဝန်သိုဂူ၏ မြောက်ဖက် တောင်ဖက်ကျော်လမ်းအစတွင် ရှိသည်။ ဝန်သိုသိမ်ဟုလည်းကောင်း၊ တောင်ပိုကြီးသိမ်ဟုလည်းကောင်း။ ခေါ်သည်။ သိမ်ကိုကျောက်အုတ်တို့ဖြင့် ကာရံထားသည်။ သိမ်ထဲတွင် ကျောက်ဆင်းတုတစ်ဆူရှိသည်။ ပလ္လင်တွင် ခြူးပန်းခြူးနွယ်များ ထုဆစ်ထားရာ လက်ရာပြောင်မြောက်လှသည်။ မြောက်ဦးခေတ်ပန်းဆစ်လက်ရာဖြစ်မည်ဟု ယူဆရသည်။

## ဝန်သို့ကန်

ဝန်သိုသိမ်နှင့် ဝန်သိုဂူ၏အနောက်ဖက်တွင် ရှိသည်။ ရေကန်အတွင်းအပြင်နှင့်တောင်တို့ကို အုတ်ဖြင့် အခိုင်အမာ စီခင်းပြုလုပ်ထားသည်။ အလျားအနံ စတုရန်းပုံဖြစ်သည်။ အနားတစ်ဖက်လျှင် လက်တောင် ၁၂၀ ကျော်ခန့်ရှိသည်။ ကန်ရေမှာလည်းသန့်ရှင်းကြည်လင်လျက်ရှိသည်။ အုတ်ကျောက်ဖြင့် ကန်အတွင်းနှင့် တောင်ပတ်လည်စီခင်းပြုလုပ်ထားသော ကန်မျိုးမှာ ဤတစ်ကန်တည်းသာ ရှိသည်။ ထိုဂူ၊ သိမ်၊ ကန်၊ အလှူရှင်မှာ ရွှေတိုက်စိုးအဆင့်ရှိသူဟု သိရသည်။ ဘုရင့်အသုံးအဆောင်ပစ္စည်းပစ္စယများအား သိုလှောင်သိမ်းဆည်းမှုကို တာဝန်ယူဆောင်ရသော အမတ်ဖြစ်သည်။ ဝန်ပစ္စည်းကို သိုမှီရသူဖြစ်၍ ဝန်သိုအမတ်ဟုခေါ်တွင်သည်။

## စစ်ကဲမင်းသိမ်

တောင်ပုတ်ကြီးမှ မြောက်ဘက်ဂိုက်တစ်ရာခန့်အကွာတွင် တောင်ကုန်းထက်၌ တံတိုင်းကာရံ၍ ဂူစေတီရှိသည်။ ၎င်းကို စစ်ကဲသိမ် (စစ်ကဲမင်းသိမ်)ဟု ခေါ်သည်။ သိမ်၏ကျောက်နံရံများတွင် လက်ရာပြောင်မြောက်သော ပန်းပုပန်းဆစ်များထွင်းထုလျက်ရှိသည်။ သိမ်တစ်ခုလုံးကို စေတီကဲ့သို့ ကျောက်အုဌ်တို့ဖြင့် ဝန်းရံမိုးကာလျက်ရှိသည်။ အမိုးအကာအရံတို့တွ်င ပန်းပြောက်, ပန်းနွယ်၊ ကနုပန်းများ။ ခြူးပန်း၊ ခြူးနွယ်များဖြင့် မွမ်းမံခြယ်လှယ်ထားသည်။ သိမ်ထဲတွင် ကျောက်ဆင်းတု ဘုရားတစ်ဆူရှိသည်။ သိမ်နံရံအတွင်းအပြင် ဒုရင်တို့တွင်လည်း ကျောက်ဆစ်ရုပ်များ, ပန်းဆစ်များဖြင့် ပြုလုပ်ထားသည်။ ယခုအခါ အပေါ်ပိုင်းပျက်စီးနေပြီးဖြစ်၏။ ခိုပျံ,ခိုနန်း, မုခ်, ဒုရင်, အထွတ်တို့ဖြင့် တည်ထားခဲ့သော စေတီဖြစ်၍ လက်ရာပြောင်မြောက်ဆန်းကြယ်လှပေသည်။ ကတ္တော်သိမ်, ခြင်ကိုက်ပိဋကတ်တိုက် ပုံစံမျိုးဖြစ်သည်။

သိမ်ရှေ့ဘက်တောင်ခြေရင်းတွင် ရေကန်များ တူးဖော်ထားရှိသည်။ ကန်မှာ နှစ်ကန့်ဖြစ်ပြီး တောင်အောက်အနီးတွင် တည်ရှိသည်။ စေတီနှင့် အတူတူးဖော်ထားခဲ့ခြင်းဖြစ်၍ စစ်ကဲ(စစ်ကဲမင်း)ကန်ဟု ခေါ်တွင်နေကြသည်။ ယခုစေတီကိုချုပ်၍ တန်းဆောင်းဆောက်လုပ်ထားသည်။ ကျောက်ပန်းလက်ရာတို့ဖြင့် တင့်တယ်လှရာကား၊ ပန်းပေါင်းသိမ်ဟူ၍လည်း အမည်တွင်နေကြသည်။ ၁၉၉၃ ခုနှစ်မှစ၍ ပွဲပြင်ကျင်းပပေးလာလျက်ရှိသည်။

## သလူဂျိုင်

စစ်ကဲကန်နှင့် သိမ် ဝန်သို သိမ်၏အရှေ့ဘက်ယွန်းယွန်းတွင် ကျိန်းတောင်တန်းသွယ် တန်းလျက်ရှိသည်။ ၎င်းတောင်တန်းနှင့် ကန်ကြီးများအကြားတွင် မြေပြန့်ကွင်းကျယ်ဖြစ်ရှိနေသည်။ သလူ(စလူ)တောများဖြင့် ဖုံးအုပ်နေရာကား သလူဂျိုင်ဟု ခေါ်သည်။ ထိုဂျိုင်အထက်တောင် ကမ်းပါးယံတွင် ကျောက်နံရံကြီးရှိသည်။ ထိုတွင် ကျောက်စာများ ရေးထိုးရှိခဲ့သည်။ ယခုပျက်စီးသွားလေပြီ။ တောကြီးထူထပ်ရာဖြစ်၍ လူများအရောက်အပေါက်နည်းသည်။ ကျွဲနွားကျောင်းသားများ ကျွဲ, နွားအပျောက်ရှာသူများသာ တစ်ခါတစ်လေ ရောက်ဖူးတတ်ကြသည်။

ဤဂျိုင်မှ ခြိတ်တောင်ရွာသို့ တောက်လျှောက် ဆက်သွယ်ပေါက်ရောက်သည်ဆို၏။ ဤနေရာသည် ရှေးမြို့ဟောင်းပျက် တစ်နေရာဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ ဖော်ချန်မာ၏မှတ်တမ်းပါ စမ္ပဝက်မြို့တည်ခဲ့ရာ ဖြစ်သင့်ကြောင်း ဦးအောင်မင်း၏ ရွှေကျိန်းတောင်စာတမ်း၌ ယူဆထားသည်။ ဤနေရာတစ်ဝိုက်တွင် အုဌ်ရိုးအုဌ်ပျက်များ၊ အရိုးအိုးများ လူသုံးပစ္စည်းများ ရရှိသည်ဆို၏။

## မင်းတရားကန်ဘုရား

စစ်ကဲသိမ်နှင့် ကန်၏အရှေ့မြောက်ထောင့်တွင် တည်ရှိသည်။ ရေကန်ကို မင်းတရားကန်ဟူ၍ခေါ်တွင်သည်။ ရေကန်အနီးတွင် ရုပ်ပွားတော်တစ်ဆူရှိသည်။ သားမြတ်စူလျက် ရှိနေရာကား နို့စူဘုရားဟုခေါ်နေကြ၏။ တောင်ပို့ကြီး တောရကျောင်းသည် စန္ဒဝိဇယမင်း၏ သာသနာပိုင် သီတင်းသုံးခဲ့ရာဖြစ်သည်ဟု ဆို၏။ ထိုဆရာတော်ဆိုလျှင် ထိုမင်းလက်ထက် ရခိုင်ပြည်၏ သာသနာပိုင်လည်းဖြစ်ပြီးလျှင် ကျိန်းတစ်ဝိုက်တွင် ထေရ်ဝါအကြီးအကဲဆုံးလည်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကို ကြည်ညိုလေးစားခြင်း များခဲ့ကြလေသည်ဆို၏။





## စေည်တောင်ဘုရား

တောင်ပုတ်ကြီးမှ မြောက်ဘက်တွင် စေည်တောင်ရွာရှိသည်။ ထိုရွာအရှေ့ဘက် တစ်ဝဂူဘုရားအနီးတွင်လည်း ရွာဟောင်းနေရာများ ရှိကြလေသည်။ စေည်တောင်၏ မူလအမည်မှာ ရှေးအခါက ဤတောင်ပေါ်တွင် ပန်းတျား စည်သဘင်သည်တို့အား ထားရှိခြင်း ရွာတည်ချပေးခဲ့ခြင်း။ စည်တော်ယွန်းခြင်းပြုခဲ့ကြသည်ဆို၏။ မင်းတရားကန်မှာ ဤရွာအနီးတွင် ဖြစ်ချေ၏။ စေည်တောင်၌ ဂူဖြင့်ကိန်းဝပ်၍ ဘုရားတစ်ဆူရှိလေသည်။ စစ်ကဲသိမ်အနောက်ဘက်တွင် ကျရောက်၏။

## တစ်ဝဂူခေါ် ရွှေဂူတောင် (အဟောင်းတောင်လည်းဟူ၏)

ခြိတ်တောင်ကျော်လမ်းဝကို ဖြတ်သွားလျှင် အိုးသည်ရွာသို့ ရောက်သည်။ ထိုရွာအရှေ့ဘက်တောင်ကုန်းတွင် ဂူဖြင့်ကိန်းဝပ်လျက်ရှိသည်။ မြတောင်ဆရာတော်ဘုရားက ဆော်သြ၍ ပြုပြင်ထားခဲ့သည်ဟု သိရ၏။ ဘုရားတောင် အောက်တွင် ရေကန်ကြီးနှစ်ကန်ရှိ၏။ ရှေးကကြက်သရေရွာရှိခဲ့ရာ ထိုရွာသားတို့ အသုံးပြုခဲ့သောကန်ဖြစ်၏။ ဤရွာမြောက်ဘက်တွင် လေးဝဂူစေတီတည်ရှိ၏။

## မျက်စိတော်စေတီ (ကျိန်းစေတီ)

အိုးသည်ရွာကန်အပြင်ဘက် တစ်နေရာတွင် ကျောက်ကြီးသုံးလုံးရှိသည်။ ယခုအခါ မသမာသော သိုက်ဆရာယောင်တို့က ဖျက်ဆီးထားခဲ့ကြလေပြီ။ ယင်းကျောက်တောင်ထိပ်တွင် မျက်စိစေတီခေါ် ကျိန်းမျက်စိစေတီဟူ၍ တည်ထားခဲ့သည်။

အိုးသည်ရွာမှ အရှေ့ဘက်သို့ ကျော်လာလျှင် ခြိတ်တောင်သို့ရောက်သည်။ ခြိတ်တောင်ကျော်လမ်းဟု ခေါ်တွင်သည်။ ထိုကျော်လမ်း လက်ဝဲဘက်တောင်ကမူတွင် စေတီတစ်ဆူရှိသည်။ လေးထောင့်စတုရန်းပုံဖြစ်ပြီး မုခ်လေးဝပါရှိသည်။ ထို့ကြောင့် လေးဝဂူစေတီဟုတွင်သည်။ မြေအုဌ်ဖြင့် တည်လုပ်ထားခြင်းပင်ဖြစ်ပေသည်။ အောက်ခြေလေးထောင့်ပေါ်တွင် ခြသေ့်လေးကောင်ထိုင်နေပုံထုလုပ်ထားသည်။ ဂူအမြင့် ၆-ပေ အကျယ် ၅-ပေရှိသည်။ ဂူအထက်မျက်နှာတွင် သဇင်ပန်းတစ်ဆယ့်နှစ်ခက်ပြုလုပ်ထားရှိသည်။ ဂူစေတီအမြင့် ၁၈ ပေခန့်ရှိသည်။ စေတီသပိတ်မှောက်ပတ်လည်တွင် သဇင်ပန်းတစ်ဆယ့်ခြောက်ခက်ကို မွမ်းမံပြုလုပ်ထားရှိသည်။ ယင်း

အထက်တွင် သဇင်ပန်းခက်သုံးဆယ်နှစ်ခက်တို့ဖြင့် ပတ်လည်ပြုလုပ်ထားရှိသည်။

အရှေ့ဘက်မုခ်ဝထဲတွင် ဉာဏ်တော်နှစ်ပေရှိ ကျောက်ဆင်းတုဘုရား တစ်ဆူရှိသည်။ ဤစေတီမှာ ကျိုင်းတစ်ဝိုက်စေတီပုံများနှင့် မတူထူးခြားသည်။ မုခ်လေးဝ တပ်ဆင်ထားသည့်အပြင် မုခ်အထက်နှင့် စေတီပတ်လည်တွင် သဇင်ပန်းခက်များပါရှိနေသည်။ အခြားပန်းရွက်၊ ပန်းခက်များလည်း ပတ်ပတ်လည် ပြုလုပ်ထားရှိသည်။ စေတီဒါယကာကို ရခိုင်စာဆိုပညာရှင် မှောက်တော်စာချင်းဖွဲ့ကို စပ်ဆိုသူ ရခိုင်မင်း၏ သမီးတော် ဧချင်းဆရာ "အတုမင်းညို"ဖြစ်သည်ဟူ၏။ ရွှေကျိုင်းတောင်စာတမ်း၌ ဆရာဦးအောင်မင်းက ဤသို့ အစဉ်အလာပြောဆိုသမှုပြုလာခဲ့ကြောင်း ရေးသားထားရှိသည်။ စေတီမှာ ယခုအခါ ငှက်ပျောဖူးက စ၍ ကျိုးကျလျက်ရှိချေပြီ။ မသမာသူများကြောင့် ဘုရားဦးတော်များလည်း ပျက်စီးခံလျက်ရှိနေရသည်။ ဤဂူစေတီဆိုလဆင်ကြက်သရေရွာ (အိုးသည်ရွာ) သားတို့၏ ကိုးကွယ်ခဲ့ရာများဖြစ်ချေ၏။

## ခြိတ်တောင်

ခြိတ်(ချိပ်)တွင်းရှိသည်ဖြစ်၍ "ခြိတ်တောင်"ဟု ခေါ်တွင်ကြသည်ဆို၏။ အချို့ကမူ အရည်ပါသော ရွှေခြိတ်တစ်မျိုးရှိသည်ဆို၏။ ခြိတ်ရှိရာကို အစွဲပြု၍ ခြိတ်တောင်ဟု ခေါ်ခဲ့ရင်းဖြစ်သည်။ ထိုတောင်တွင်ရှိသော ရွာကိုလည်း ခြိတ်တောင်ရွာဟု အမည်တွင်လေသည်။

## ကျောင်းတော်ရာ သိမ်တော်ရာများ

လေးဝဂူဘုရားခြေရင်းမှ လှည့်၍လာလျှင် ခြိတ်တောင်ရွာ သွားလမ်းကို ရောက်သည်။ ထိုလမ်းအတိုင်း အရှေ့ဘက်သို့ရောက်သွားသော် ခြိတ်တောင်သို့ ရောက်လေသည်။ ခြိတ်တောင်မှာ ကျိုင်းတောင်၏ မြောက်ဘက်အဆုံးတွင် ဖြစ်လေသည်။ ခြိတ်တောင်ရွာကျောင်းသို့ မရောက်မီ လက်ဝဲဘက်တွင် တောင်ကမူများရှိသည်။ ထိုတွင် ကျောင်းတော်ရာ သိမ်တော်ရာများရှိသည်။ စေတီပုထိုးများလည်း အသီးသီးရှိကြသည်။

## စေတီတောင်

ခြိတ်တောင်တွင် မူလကျောင်းဟောင်းကို တောင်ကျောင်းဟု ခေါ်သည်။ နောက်မှ မြောက်ဘက်တွင် ပေါ်လာသောကျောင်းကို မြောက်ကျောင်းဟု ခေါ်သည်။



မြောက်ကျောင်းသည် ဆရာတော် ဦးကိတ္တိ၏ သီတင်းသုံးနေခဲ့ရာကျောင်း ဖြစ်လေသည်။ ခြိတ်တောင် တောင်ကျောင်းအထက် တောင်ကို စေတီတောင်ဟု ခေါ်သည်။ တောင်ကျောင်းနှင့် စပ်လျက်ရှိသည်။ တောင်ကုန်းတစ်ခုလုံး ရှေးဟောင်းစေတီများ တည်ရှိနေသည်။ စေတီပေါင်း ၃၃ ဆူရှိသည်ဟု သိရသည်။ မသမာသူတို့ လက်ချက်ကြောင့် ပြိုပျက်ခံနေခဲ့ရလေပြီး အုဌ်ကျိုးအုဌ်ပျက်များလည်း ကစင့်ကလျား ဖြစ်ရှိနေ၏။

## ဘိတ်တောင်

ရသေ့ရဟန်းများ ဇော်ဂျီများ ဂူအောင်းခဲ့သည်ကို "ဘိတ်အောင်း"သည် ဟု ခေါ်ဆိုသည်။ ဂူအောင်းတွင်းရှိသော တောင်ဖြစ်၍ "ဘိတ်တာင်"အမည်ရသည်။ နန်းတက်ဘုရားနှင့် ကပ်လျက် ထိုတောင်တည်ရှိသည်။

## လိပ်တောင်

ဘိတ်တောင်နှင့် တဆက်တည်းသောတောင်ကို လိပ်တောင်ဟု ခေါ်သည်။ ဦးကိတ္တိဆရာတော် သီတင်းသုံးရာကျောင်းရှိသည် ။ သပိတ်တောင်ပေါ်တွင် စေတီတစ်ဆူရှိသည်။ ယင်းစေတီနှင့်ကပ်လျက် ဦးကိတ္တိဆရာတော်၏ အရိုးတိုက်ဂူရှိသည်။ အသောကကျောက်စာတိုင် ပုံစံငယ်ဂူကို တည်ဆောက်ထားသည်။

## သပိတ်တာင်စေတီ

ခြိတ်တောင်ရွာမြောက်ဘက်တွင် တည်ရှိသည်။ ထိုတောင်၏အရှေ့ဘက်တွင် ဦးကိတ္တိဆရာတော် သီတင်းသုံးရာကျောင်းရှိသည်။ သပိတ်တောင်ပေါ်တွင် စေတီတစ်ဆူရှိသည်။ ယင်းစေတီနှင့်ကပ်လျက် ဦးကိတ္တိဆရာတော်၏ အရိုးတိုက်ဂူရှိသည်။ အသောကကျောက်စာတိုင် ပုံစံငယ်ဂူကို တည်ဆောက်ထားသည်။

## ရင်သွေးတော်စေတီ

ဦးကိတ္တိဆရာတော် ကျောင်းခြံဝင်း၊ ခြိတ်တောင်ရွာမြောက်ဘက် တောင်ကုန်းလွတ်တွင် တည်ရှိသည်။ ကောဇာ ၁၀၇၃ ခုနှစ် စန္ဒဝိဇယမင်းသည် သက်ပြည်မှ ရရှိခဲ့သော ရင်သွေးတော်ဓာတ်ကို ဌာပနာ၌ စေတီတည်ထားခဲ့ခြင်းဖြစ်သည်။ ဦးကိတ္တိ (အိန္ဒိယသာသနာပြု) ဆရာတော်ဦးစီး၍ ပြုပြင်ထားခဲ့လေသည်။ ဦးကိတ္တိ(ကောဇာ

၁၂၅၀-၁၃၁၁)မှာ မြောက်ဦးမြို့နယ် မင်းကန်ရွာတွင် မွေးဖွားသည်။ အိန္ဒိယတွင်း ၁၄ နှစ်တိုင် သာသနာပြုခဲ့သည်။ ထင်ရှားသော ဣန္ဒြိယကြေးမုံကျမ်း အပါအဝင်ကျမ်းဂန်တို့ကို ရေးသားခဲ့သည်။ ဤနေရာ၌ ခြိတ်တောင်ကျောင်း (သာသနာပါလသိပ္ပံမြောက်ကျောင်း) သစ်ကို ၁၂၉၆ ခုနှစ် ဆောက်လုပ်၍ သီတင်းသုံးနေခဲ့သည်။ ကျိုန်းတော်ရှင် ကျောက်ငုံတော်၊ ပါးတော်၊ လည်ရိုးတော် သမိုင်းများကို ရေး၍ ရခိုင်ပြည်ဓာတုသာသနာကို ထွန်းပြောင်စေခဲ့သည်။

## ကျောက်ငုံ့တော်ဓာတ် (ကျောက်ကုန်းတော်ဓာတ်)

ကျောက်ငုံတော်ဓာတ်သည် ကျိုန်းတောင်တန်း မြောက်ဘက်အဆုံးတွင် တည်ရှိသည်။ သပိတ်တောင်စေတီ၏ အနောက်ဘက်၌ ကျရောက်လေသည်။ ကျိုန်းတိုင်း၌ ကောဇာ ဆယ်ရာစုမှ ၁၀၇၂ တိုင်း သီရိဝဇီရဘွဲ့ အမည်ဖြင့် ကျိုန်းတုံးညိုသည် မင်းဖြစ်စဉ်က ဦးစွာတည်ထားခဲ့သည်။ ဘုရားရှင်၏ ကျောက်ကုန်းငူမှဖြစ်သော ဓာတ်တော်ကို ဌာပနာတည်ရှိသည်။ ယခုကျောက်ငုံတော်ဓာတ်ဟု ခေါ်တွင်ရှိ၏။ ကျိုန်းတုံးညို ခေါ် စန္ဒဝိဇယမင်း၏ ပထမဆုံးအသစ် သီးခြားတည်ထားခဲ့သော အဓိကရဓာတ်တော်စေတီလည်း ဖြစ်လေသည်။

၎င်းနောက်ကောဇာ ၁၂၉၃ ခုနှစ်၊ တပိုတွဲလဆုတ် ၆ ရက်နေ့တွင် စတင်ပြီးလျှင် ခြိတ်တောင်ရပ်မှ ဘုရားတကာ ဦးသာဝေသည် ဓာတ်တော်ကိုချုပ်၍ သိမ်အမိုးအကာဆောက်လုပ်ခြင်း၊ မဟာရံတံတိုင်းပြုလုပ် သမံတလင်းခင်းခြင်း ရွှေချခြင်းများကိုပါပြုလုပ်ခဲ့လေသည်။

၎င်းနောက် ကောဇာ ၁၃၃၀ ခုနှစ်၊ လေမုန်တိုင်းကြောင့် စေတီတော်မှာ ထိခိုက်ခံရပြီး သိမ်အဆောက်အဦး အမိုးအကာတို့မှာ လုံးဝပျက်စီးခဲ့ရလေသည်။ ဘုရားပွဲကိုလည်း နှစ်စဉ် တပေါင်းလနှင့် တန်းခူးလအတွင်းတို့၌ ကျင်းပမြဲပြုလုပ်လာခဲ့သဖြင့် ထင်ရှားကျော်စောလှပေသည်။

## အပြင်ရဲတဲ ဘုရားနှင့်ကန်

ကျိုန်းကျွန်းအနောက်ကျောက်ငုံတော်ဘုရား အနောက်ဘက် နှစ်မိုင်နီးပါးကွာ (ရဲတဲ)တွင် တည်ထားခဲ့သည်။ ဘုရားစေတီမှာ ပျက်ပြိုနေလေပြီးသော ဘုရားကိုယခု ကျောက်ငုံတော်ဓာတ်သို့ ရွှေ့ပြောင်းထားရှိသည်။ ဘုရားအနီး ရေကန်ကြီးတည်ရှိရာ ကျိုန်းတိုင်း၌ ထင်ရှားသော ကန်ကြီးများအနက် တစ်ကန်ဖြစ်သည်။ ရခိုင်မင်းလက်ထက် ရဲတပ်စခန်းချထားရာ နေရာအနီးတွင် တည်ထားခြင်းဖြစ်၍ ရဲတဲဘုရား ရဲတဲကန်ဟု ခေါ်တွင်ခြင်းဖြစ်သည်။ ထိုကန်သည် မဟာမုနိ၏ ဆံရေတော်ကို ချထားခြင်းခံခဲ့ရသည်။ ယတြာအစီအမံ ထင်ရှားသော ကန်ဖြစ်လေ၏။

## မင်းမဘုရား

အပြင်ရဲတဲဘုရားအနောက်ဘက် မင်းမရွာရှိ၏။ ထိုရွာအနီးတွင် တည်ရှိသဖြင့် မင်းမဘုရားဟု တွင်လေသည်။ ထိုရွာမှာ မင်းဖုန်းစား (ခရစ် ၁၁၄၂-၁၁၄၉)က ချထားမ,စပေးခဲ့သော ရွာဖြစ်သည်။ ထိုခေတ်ကပင် ဘုရားတည်ရှိလာနိုင်ပေသည်။ အချို့ကတုံးညိုကို တန္တဗိုလ်မင်းအဖြစ် ခန့်အပ်သူကောင်းပြု အခွန်တော်ပေးအပ်သော နေရာတွင် တည်ထားခဲ့ခြင်းဖြစ်၍ မင်းမဘုရားဟု ခေါ်တွင်ကြောင်း ပြောဆိုလာရှိကြ၏။ စောမွန်မင်းရာဇာကြီး စန္ဒာဝိဇယရာဇာမင်းတို့လည်း ကျိုန်းကျွန်း၌ ရပ်ရွာတည်ချပေးထားခဲ့ကြသေး၏။

## နန်းတက်ဘုရား နန်းတက်ကန်

ခြိတ်ချောင်းရွာအနောက်ဘက် ရွှေဇင်းခါလမ်းအနီးတွင် တည်ရှိသည်။ ဘိတ်တောင်ငယ်နှင့် ကပ်လျက်ရှိသည်။ ရှေးဟောင်းနန်းရာအနီးတွင် တည်ရှိ၍ နည်းတက်ဘုရား၊ နန်းတက်ကန်ဟု ခေါ်ဆိုနေကြသည်။ မူလက ကျောက်ဆင်းတုတော်သည် အနည်းအပါးပျက်စီးခဲ့၍ ယခုမွမ်းမံထားသဖြင့် လက်ရာပျက်နေသည်။ ဝေသာလီခေတ် ဘုရားပုံစံမျိုးနှင့် ဆင်တူသည်။ ထို့ကြောင့် ဝေသာလီခေတ်က မင်းတစ်ပါးကသော်လည်းကောင်း၊ မြို့စား, နယ်စားများကသော်လည်းကောင်း၊ နန်းတက်အထိမ်းအမှတ်အဖြစ် တည်ထားခြင်းဟု ယူဆရသည်။ ဤဘုရားမြောက်ဘက် အနည်းငယ်အကွာတွင် ကျောက်ဆင်းတုတော် တစ်ဆူရှိလေသည်။ နန်းတက်ဘုရားပုံစံကဲ့သို့ ထုလုပ်ထားသည်။ နန်းတက်ဘုရားနှင့် ခေတ်ပြိုင် သို့မဟုတ် နှောင်းခေတ်အတုယူ ထုလုပ်တည်ထားမှုဖြစ်နိုင်ရာသည်။

### ရွာစောင့်ဘုရား (ပြည်စောင့်ဘုရား)

နန်းတက်ဘုရင်က တောင်ဘက်ကို လာသော်တင်းမရွာသို့ရောက်သည်။ ယခု

ထိုရွာမှာ ဆိတ်သုဉ်းသွားပြီး ရပ်ရွာလုံးဝမရှိတော့ချေ။ ရွာဟောင်းအဖြစ်သာ ရှိနေ၏။ ထိုရွာအနောက်ဘက်အနီး ယခုခြိတ်တောင် မင်းပြားသွားလမ်းမန်ဘေးတွင် ထိုဘုရား တည်ရှိသည်။ သက်တော်ရှည်းဘုရား ရွာဦးဘုရားဟုလည်း ခေါ်တွင်ကြသည်။ ကုန်း မြင့်ကလေးတွင် တံတိုင်းငယ်ကာရံလျက် ပလ္လင်ခုံပေါ်၌ ကိန်းဝပ်ရှိသည်။ ထိုဘုရား တောင်ဘက်တွင် ဈာန်ကသိုဏ်းဖြင့် ကျောက်ဖာချပ် ပလ္လင်တွင် ကိန်းဝပ်လျက် ကျိုးဖြူ ရွာဘုရားရှိသည်။ ထိုဘုရားတောင်ဘက်တွင် ဆိတ်ကျောင်းကုန်ပို့ဘုရားဟူ၍ ရှိသည်။

## ခင်စိုင်းကြီးကျော်လမ်းဝစေတီ

ကျိန်းတောင်အနောက်ဘက် တောင်ပုတ်ကြီးမှ ကျော်လာလျှင် တင်းမရွာကို ရောက်သည်။ ကျိန်းတောင် အနောက်ဘက်ကျော်လမ်းတစ်ခုဖြစ်သည်။ ဤကျော်လမ်း ကို ခင်စိုင်းကြီးကျော်လမ်းဟု ခေါ်သည်။ တင်းမရွာ-ရွာစောင့် ဘုရားအနောက်ဘက် တွင် အထွက်မျက်နှာဝတောင်ခြေတွင် တည်ရှိသည်။ ဝန်သိုအမတ်ကြီး တည်ထားခဲ့ သည်ဆို၏။ ထိုစေတီအနီးတွင် ရေကန်ကြီးတစ်ကန် ရှိလေသည်။ ဓာတ်တော်စေတီ ဖြစ်သည်ဆို၏။ ၎င်းတင်းမရွာသားမြဖော်ဆိုသူက ကောဇာ ၁၂၈၀ ခုနှစ်လောက်က အသစ်တစ်ဖန် မွမ်းမံပြုပြင်၍ တည်ထားခဲ့ခြင်းဖြစ်လေသည်။

## တလိုင်းကွင်း-တလိုင်းရွာ

ခင်စိုင်းကြီးကျော်လမ်းဝစေတီ (ဝန်သိုစေတီ)အရှေ့ဘက်တွင် ဖြစ်သည်။ ထိုစေ တီ၏ အရှေ့ဘက်ချောင်းငယ်အနီးတွင် တင်းမရွာနှင့် စပ်လျက် ရွာဟောင်းတစ်ခုရှိရာ တလိုင်းရွာဟု ခေါ်သည်။ ထိုတစ်ဝိုက်ကွင်းပြင်ကိုလည်း တလိုင်းကွင်းဟု ခေါ်သည်။ မင်းရာဇာကြီးနှင့် လိုက်ပါလာကြသော ပဲခူးမှ မွန်များကို နေရာချထားပေးခဲ့ရာ ဌာန ဖြစ်ချေရာသည်။

## သူဌေးကုန်းစေတီ

တင်းမရွာမှ တောင်ဘက်တစ်ဖာလုံခန့်အကွာတွင် သူဌေးကုန်းရွာရှိသည်။ ရှေး က ကျိန်းကျွန်းမြို့၏ မြောက်သူဌေးနေခဲ့ရာဖြစ်သည်ဆို၏။ ယခု ဗုဒ္ဓဘာသာ ချင်း အမျိုးသားများ နေထိုင်လျက်ရှိ၏။ ယခုသူဌေးကုန်းနေရာသည် ရှေးကစပါး ကျီလှောင်



ထားခဲ့ရာ သူဌေးတို့နေခဲ့ရာဌာနဖြစ်သည်ဟု သတ်မှတ်ယူဆရှိနေကြသည်။ ထိုသူဌေး ကုန်းအရှေ့ဘက် ခြိတ်တောင် မင်းပြားလမ်းမအနီးကပ်တွင် စေတီတစ်ဆူရှိသည်။ သူဌေးစေတီဟု ခေါ်ဆိုနေကြသည်။ ထိုစေတီနှင့် မနီးမဝေးတွင် မြောက်ဦးခေတ်သုံး ဒင်္ဂါးများ တူးဖော်ရရှိကြသည်။ ထိုရွာကား မြို့တော်ပရိစ္ဆေဒအဝင်ဖြစ်၍လည်းကောင်း၊ သာယာစည်ပင်ခဲ့ပေရာ၏။

## လွမ်းစေတီ

သူဌေးကုန်းရွာတောင်ဘက်ရွာဦး တောင်ကမူတွင် တည်ရှိသည်။ တောင်စွယ်ကို အုဋ်ချပ်ဖြင့် ခိုင်မာစွာ တည်ထားခဲ့သည်။ မြောက်ဘက်တောင်ခြေမှ တောင်ဘက်အ ရောက် တက်လမ်းတစ်လျှောက် အရံစေတီကြီးငယ်များလည်း အစီအရီရှိပေသေး၏။ မင်းပြားမြို့မှ နှစ်မိုင်ကွာသည်။ ထိုစေတီ၏ အရှေ့ဘက်ပြင်ကွင်းကို တလိုင်းကွင်းဟု ခေါ်သည်။ မင်းရာဇာကြီးနှင့် လိုက်ပါလာခဲ့ကြသော မွန်များနေထိုင်ခဲ့ရာ ဌာနဖြစ်သည် ဆို၏။

ထိုစဉ် မင်းရာဇာကြီး တန်းဆောင်းမိဖုရားဖြစ်ခဲ့ရသူ ခင်မနှောင်းက ပဲခူးနေ ပြည်တော်ကို လွမ်းတသဖြင့် တည်ထားခဲ့ရာ စေတီဖြစ်၍ လွမ်းစေတီဟု အမည်တွင် သတတ်။ ခင်မနှောင်းသည် ပဲခူးမင်းနန္ဒာ၏ သမီးတော်ဖြစ်လေသည်။ ပြည်ဘုရင် မင်းခေါင်ရှင်သရက်၏ နှမတော်လည်းဖြစ်လေသည်။

ခင်မနှောင်း၏ "ဆန္ဒန်ဆင်ကြီး ပြောင်တစီးနှင့် မင်းကြီးရှင်လျှင်၊ ချစ်ခင်ဆပွား မသနား၍၊ အားဝေးမြေရောက်ရလေ၏။ ငှက်ရွှေဖော်နှင့်ကွဲ၏သို့"--ကဗျာသည် လွမ်းတဖွဲ့ဖြစ်လေသည်။ လွမ်းစေတီတည်ရန် အကြောင်းခံလေသလော့ဟု ယူဆရ၏။

လွမ်းစေတီတည်ရှိ၍ လွမ်းတောင်ဟု ခေါ်တွင်သည်။ နောင်တွင် ဦးဥတ္တမမည် သော ရဟန်းတစ်ပါးနေခဲ့၍ ဥတ္တမတောင်ဟူ၍ ခေါ်လေ့ပြုခဲ့ကြလေသည်။

## အတွင်းရဲတဲ ဘုရားများနှင့် ရေကန်

လွမ်းစေတီမှ တောင်ဖက်သို့လာလျှင် အတွင်းရဲတဲဘုရားကို ဖူးမြင်နိုင်၏။ ကျိန်း တောင်၏ တောင်စွယ်တစ်ခုထက်၌ တည်ထားခြင်းဖြစ်ပေသည်။ ရခိုင်မင်းတို့ ရဲတပ်ဖွဲ့ တပ်စောင့်တပ်နင်းချထားရာ ဌာနလည်း ဖြစ်လေသည်။ ဘုရားမှာ ဂူဘုရားဖြစ်ပြီးလျှင် မဟာရံတံတိုင်း ကာရံထားရှိခဲ့လေသည်။ ယခုတံတိုင်းပြိုပျက် ရှိနေသည်။ ဘုရားတက် လမ်းအနီးတွင် စေတီငယ်တစ်ဆူရှိသည်။ သိုက်ဆရာ မသမာသူများ ဖျက်ဆီးခံခဲ့ရလေ

ပြီ။ အပြင်ရဲတဲနှင့် အတွင်းရဲတဲမှာ ၄ မိုင်ခန့်ကွာဝေးပေ၏။ ရေကန်မှာ ဘုရားအရှေ့ဘက် လယ်ကွင်းပြင်၌ ရှိနေသေး၏။ ယတြာကျမ်း၌ ရဲတဲကန်သည် ပါးတော်ကန်မှ တစ်ဆင့် မဟာမုနိဆံရေကို အဖြောင့်(အပြောင့်)ရေပေါ်ငင်၍ ချထားခံခဲ့ရ၏။ ထိုမှ ရာမောင်ကန်သို့ တစ်ခါပြောင်း၍ ချထားခဲ့ရလေသည်။ ထို့ကြောင့် ယတြာအစီအမံပြုခဲ့ရသော ကန်များဖြစ်ကြ၏။

## မြတောင် တောရကျောင်း

ရဲတဲမှ အနောက်ဘက်သို့သွားလျှင် အလင်းတောင်၊ မြတောင်ရှိသည်။ မြတောင်တွင် ဆရာတော်ဦးဥာဏဝံသ (ငပြီအင်းဇာတိဖြစ်သော မြတောင်ဆရာတော်)သည် ကောဇာ ၁၃၁၃ ခုနှစ် စတင်တောရပ်ဆောက်တည်လာခဲ့သည်။ ဆရာတော်သည် တရားဘာဝနာများဖြင့် ဓူတင်ဆောက်တည်ခြင်းတို့ဖြင့် ကျင့်ကြံအားထုတ်လာခဲ့ရာ အလွန်စည်ကားလာခဲ့သည်။ မူလက မင်းကန်အနောက်ကျောင်းတွင် သီတင်းသုံးခဲ့သည်။ ထိုကျောင်းကို ဆရာတော် ဓမ္မဝံသအား စွန့်လှူခဲ့သည်ဆို၏။ မြတောင်ဆရာတော်သည် ကျိုန်းတစ်ဝိုက်ပျက်စီးယိုယွင်းနေသော ဘုရားစေတီများကိုလည်း ပြုပြင်ပေးခဲ့ပေသေး၏။ ဆရာတော်၏တပည့် ဦးသုဒ္ဓိမှာ ရဲတဲတောင်တွင် သီတင်းသုံးခဲ့သည်။ တပည့် ဦးဂန္ဓာမှာ အလင်းတောင်တွင် သီတင်းသုံးခဲ့သည်။

မြတောင်ဆရာတော်သည် ၁၃၂၁ ခုနှစ် တပေါင်းလဆန်း (၁၂)ရက်နေ့နံနက် (၉)နာရီတွင် ပျံလွန်တော်မူခဲ့သည်။ တပည့်ဦးသိဒ္ဓိမှာ ဆရာတော်ပျံလွန်တော်မူပြီးနောက် သုံးနှစ်ကြာတွင် ပျံလွန်တော်မူသည်။ နောက်သုံးနှစ်တွင် ဦးဂန္ဓ ပျံလွန်တော်မူသည်။ မြတောင်တောရသည် ကောဇာ ၁၃၃၂ ခုနှစ်တွင် ရဟန်းသံဃာမရှိဖြစ်ခဲ့ရသည်။ ရဲတဲမှာကား ယခုဆက်ခံလျက်ရှိသည်။ ကျိုန်းတောင်တစ်ဝိုက် ရှေးဟောင်းဘုရားပုထိုးစေတီ အဆောက်အဦးများကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ခြင်းမှာ မြတောင်ဆရာတော်၊ ကျေးဇူးမကင်းခဲ့ပေ။

## အိမ်ရှေ့မင်းပြင်နှင့် ကန်များ

ဆိတ်ဆုံကန်နှင့် အတွင်းရဲတဲကန်တစ်ဝိုက် ကွင်းပြင်များကို အိမ်ရှေ့မင်းပြင်ဟုခေါ်တွင်ရှိနေ၏။ စန္ဒဝိဇယမင်း၏ သားတော် အိမ်ရှေ့မင်းက သတ်မှတ်ထားခြင်းဖြစ်ချေရာ၏။ ၎င်းတစ်ဝိုက်တွင် တူးဖော်ထားရှိသော ရေကန်အများအပြားရှိလေသည်။ ထိုကိုထောက်၍ အိမ်ရှေ့မင်းသားလက်ထက် ရပ်ရွာလူနေတည်ခင်းချပေးသဖြင့်





စည်ကားခဲ့ရာဌာနလည်းဖြစ်နိုင်၏။

### အိမ်ရှေ့မင်းပြင်တစ်ဝိုက်ကန်များမှာ ဆိုလျှင်–––

ကျိုးဖြူရွာအနောက်ဘက် ပုဏ္ဏားကန်။
၎င်းကန်မြောက်ဘက်သပြေပင်ရင်းကန်။
၎င်းအနီး ဘီလူးမကန်။
ကျိုးဖြူရွာမြောက်ဘက်ရွာချောင်းကန်။
ဆိတ်ကျောင်းမြောင်းဝအနီးဆိတ်ကျောင်းကန်။
၎င်းကန်မြောက်ဘက် ငွေတွင်းတူးကန်။
၎င်းအနီးမြင်းကျောင်းကန်၊ ၎င်းအနီး ပလ္လီကန်။
၎င်းအနီး အုဌ်ကန်တို့ရှိကြသည်။

## ဆိတ်ဆုံဘုရားနှင့်ရေကန်

အတွင်းရဲတဲမှ တောင်ဘက်သို့ တောင်ခြေအတိုင်းလာသော် ဆိတ်ဆုံကန်ကြီးကို တွေ့ရပေ၏။ တင်းမရွာကျော်လမ်း မင်းကန်ကြီး(အချို့အပြင် ရဲတဲကန်)ကို တူးဖော်ခဲ့ကြသူများနှင့် ကျိုန်းရာမောင် မင်းကန်ကြီးကို တူးဖော်ကြသူများ ကန်တူးပြီးမပြီး အပြန်အလှန်ကြည့်ရှုရန် သွားကြစဉ် ဆုံတွေ့ကြရာ ဌာနဆို၏။ ထို့ဌာန၌ ဆုံတွေ့ရာကို အထိမ်းအမှတ်ပြု၍ ကန်တစ်ကန်ပူးပေါင်း တူးဖော်ခဲ့ကြခြင်းပြုလေသည်။

ဘုရားမှာကန်၏ အရှေ့မြောက်ဘက်ဘေးနားတွင် ကျောက်တံတိုင်းကာရံလျက် သိမ်တော်အတွင်း ရှိပေသည်။ ထိုဘုရားနှင့် ပေတရာကျော်အကွာတွင်လည်း တံတိုင်းဖြင့်ကာ၍ ကျောက်ဆင်းတုတစ်ဆူရှိပေ။ ဆိပ်တုံဘုရားနှင့် လက်ဝဲ လက်ကျာပြိုင်လျက်ကျလေ၏။ ဆိပ်ဆုံကန်နှင့်ဘုရားဆိုလျှင် ကျိုန်းတော်တောင်တန်း၏ အလယ်ဗဟိုတောင်ခြေရင်းတွင် ကျရောက်လေသည်။ တောင်နှင့်မြောက် အလယ်ဆုံရာဌာနဖြစ်လေသောကြောင့်လည်း ခရီးဆုံရာ ဆိပ်ဆုံရာအမည် ရလေသည်ဟု ယူဆနိုင်ပေသည်။

## ဂရင်ဂျိုင်

အတွင်းရဲတဲ၏ မြောက်ဘက်ချိုင့်ဝှမ်းကို ဂရင်ဂျိုင်ဟုခေါ်သည်။ ရေအသုံးပြုလွယ်နိုင်ရန် ၁-၆-၆၈ နေ့က စမ်းသပ်ဆည်ဖို့ခဲ့ကြလေသည်။ ဆက်လက်၍ ထိန်းသိမ်းခဲ့

ကြရာကား၊ ရေအတော်သင့်လှောင်နိုင်လာခဲ့သည်။ ယခုအခါ သီးထပ်စိုက်ပျိုးရာတွင် အသုံးပြုနေကြ၏။ ရေကူးကစားခြင်းဖြင့်လည်း အသုံးပြုနေကြသည်ဆို၏။ (ကင်းဆိပ်, သံတောင်,ပိုက်သည်, အိုးထိမ်းရွာ)ဆိပ်ဆုံအရှေ့ဘက် စမ္ပလေချောင်း(မင်းပြားချောင်း) နားတွင် တည်ရှိခဲ့သော ရပ်ရွာများဖြစ်ကြသည်။ မင်းပြားမြို့နှင့် တစ်ဖက်တစ်ကမ်းတွင် ကျရောက်သော အိုးထိန်းရွာ၊ သံတောင်ရွာ၊ ကင်းဆိပ်ရွာ၊ ပိုက်သည်ရွာဟူ၍ ရွာခြေတန်း တည်ချရှိခဲ့၏။ ထိုရွာများသည် ဆိပ်ကမ်းအခွန်အကောက်ကိုလည်းကောင်း၊ သား,ငါး, အိုးခွက်, မြေထည်,ကြွေထည်လုပ်ကိုင်ခဲ့သူများ ဖြစ်ကြသည်။ ဤအစုသားတို့ တည်ချနေခဲ့ခြင်းကြောင့် မြို့တော် ပရိစ္ဆေဒအတွင်း အပါအဝင်ဖြစ်သည်ဟု သိသာနိုင်ပေ၏။

## ကျီးဖြူရွာ

ဆိတ်ဆုံကန်မှ တောင်ဘက်သို့ ဆက်လာလျှင် ကွင်းပြင်တစ်လျှောက်သည် ကျီးဖြူရွာအမည်ရှိသည်။ တန်းတင်မြောင်နှင့် ဘီလူးမမြောင်၏ အရှေ့ကွင်းပြင်ဖြစ်သည်။ ရေကန်များများ တွေ့ရှိနိုင်ပေသေး၏။ ကျီးဖြူရွာအနီးတွင် အိုးထိန်းရွာ(အိုးထိန်းဝန်ရွာ) စပ်လျက်ရှိနေ၏။ ထိုနေရာတို့သည် ရွာဟောင်းများ ဖြစ်ကြရာကား အိုးခွက်ကွဲများကို တွေ့ရသေး၏။ မင်းကန်မြောက်ကျောင်းခြံတဲမှလည်း ရခိုင်မင်းသုံး ဒင်္ဂါးများကို အိုးငယ်ဖြင့် မြှုပ်နှံရရှိ၏။ ယခုမင်းပြားတိုးချဲ့(ကန့်ကော်မြိုင်ရပ်ကွက်)တွင် လမ်းဆည်ရန်မြေကျင်းတူးရာမှ ကြွေရည်သုတ်လောင်းပန်းကွဲ(ပန်းကန်ပြားကွဲ)တစ်ခု ရရှိသည်ဆို၏။ ကျီးဖြူရွာသည် ကျိန်းတောင်ခြေ အရှေ့ဘက်ခြေရင်းမင်းကန်နှင့် မြောက်ဘက်သံတောင်ရွာ၊ အိုးထိန်းရွာအကြားတစ်လျှောက် ဖြစ်လေရာသည်။

## ဝေဠုဝန် တောရကျောင်း

ဆရာတော် ဦးပါမောက္ခသည် ကောဇာ ၁၃၁၃-၁၄ ခုနှစ်လောက်က ဘီလူးမမြောင်ဝ နံပါးအနီးထိပ်တွင် တောရဆောက်တည်ခဲ့သည်။ ဝေဠုဝန်တောရကျောင်းဟု ခေါ်သည်။ မူလကလည်း မြို့မမြောက်ကျောင်းအနီး(ယခု ကျီးဖြူရွာ)အစိုးရအလယ်တန်းကျောင်း၊ စနေထောင့်)တွင် တစ်နှစ်ကျော် နေခဲ့သည်။ ထိုမှမြို့မကျောင်းသို့ ရွှေ့ပြောင်း၍ နေခဲ့သည်။ မူလက ဝေဠုဝန်တောရတွင် တောထူထပ်၍ သစ်ကျားတိရစ္ဆာန်များပင် ရှိခဲ့လေသည်။ ဆရာတော်၏ မေတ္တာဓာတ်ကြောင့် ထိုအရပ်မှ ပြောင်းရွှေ့ကြကာ အန္တရာယ်မရှိသော ဘေးမဲ့ရာဖြစ်လာသည်။



## တောကျောင်းများ

ဘီလူးမမြောင်နှင့် တောင်ဘက် မင်းကန်တစ်လျှောက်တွင်လည်း တောရကျောင်းများ ယခုတိုင် ဆက်ခံရှိနေကြပေ၏။ ထောင့်ချောင်းကြီးကျောင်း ဆရာတော်သည် အောင်မြေကုန်းတောရကျောင်းသို့ ထူထောင်နေလာခဲ့သည်။ ထန်းတစ်ပင်ကျောင်း၊ တောရကျောင်းကို ဆရာတော် ဦးသဒ္ဓမ္မထူထောင်ရှိနေသေး၏။ ထိုအနီးအောင်မြေရတနာတောရကျောင်းရှိ၍ ထိုနေရာတစ်ဝိုက်သည် ရှေးကသုသာန်သင်္ချိုင်းဖြစ်ခဲ့ရာကား လူသူသွားလာကင်းဆိတ်ခဲ့သည်။ သူတော်ကောင်းတို့ကား ဆိပ်ငြိမ်လှ၍ မွေ့လျော်ခဲ့ကြခြင်း ဖြစ်ပေသည်။

အောင်မြေကုန်းတောရမြောက်ဖက်အနီးတွင် အောင်တော်မူတောရကျောင်းရှိသည်။

## မင်းကန် (ကျိန်းရာမောင်ကန်)

ယခုတစ်မြို့သားလုံး၏ သောက်သုံးနေသော ကန်ဖြစ်သည်။ ကျိန်းတောင်ခြေရင်းအရှေ့ဘက် ကြာညိုအင်းတွင်ဖြစ်၍ မင်းပြားမြို့နှင့် စပ်လျက်တည်ရှိသည်။ ရေခန်းခြောက်သည်ဟူ၍မရှိ။ ကျိန်းရေမျက်သစမ်းရှိသည်ဟု ဆိုကြသည်။ ရှေးမင်းတို့လက်ထက်ကပင် အဆက်ဆက်တူးဖော်ခဲ့ကြသော ကန်ဖြစ်၍ မင်းကန်ဟုခေါ်သည်။ လျှာရင်းတော်ဓာတ်ရှင်(ဇိဝှာတော်)ဓာတ်ကို တည်ထားခဲ့စဉ်ကပင် ဖွားဖက်တော်ကန်ဖြစ်ပေသည်။ ထိုကြောင့် လျှာရင်းကန်ဟူ၍လည်း ခေါ်တွင်ခဲ့ရာသည်။ ကျိန်းကျွန်းရာမောင်မြစ်ကို အစွဲပြု၍ ကျိန်းရာမောင်ကန်ဟု ကန်ကြီးအဝင်တွင် တစ်ကန်ပါဝင်သည်။ တောင်ဘက်ကဆက်၍ ပြည်တော်သာခေတ်တွင် တစ်ကန်တူးဖော်ခဲ့သည်။ ယခုနှစ်ကန်ဖြစ်လျက်ရှိသည်။

## မြို့စောင့်ဘုရား

မင်းကန်ကြီးအနောက်မြောက်တောင်ခြေရင်းနှင့် နှင်းဖြူယာတွင် တည်ရှိသည်။ ကျောက်ဆင်းတုတော်ဖြစ်ပြီး မြို့စောင့်ဘုရားဟု ဆိုကြသည်။ ရှေးကကျီးဖြူရွာသားများ ကောင်းမှုပြုခဲ့ခြင်းဟု အဆိုရှိသည်။

## မြို့မမင်းကန်ဘုရား

ယခုပြည်တော်သာကန်၏ အနောက်တောင်ထောင့်ဘက်တွင် ကပ်လျက်ကျောက်စေတီတစ်ဆူရှိသည်။ ဘုရားမှာ ဂူအတွင်း ကိန်းဝပ်လျက်ရှိသည်။ မဟာရံတံတိုင်းလည်း ကာရံထားရှိသည်။ မင်းကန်အနီး၌ တည်ရှိ၍ မင်းကန်ဘုရားဟု ခေါ်တွင်နေသည်။ စန္ဒဝိဇယမင်း၏ ကောင်းမှုတော်ဖြစ်နိုင်ရာသည်။

## တန်ခိုးသျှင်ပင်ဘုရား

မြို့မမင်းကန်ဘုရား အရှေ့ဘက် ပြည်တော်သာကန်တောင်ဘက်အနီးတွင် သမုတ်သိမ်တစ်လုံးရှိသည်။ ထိုသိမ်တွင် ကောဇာ ၁၃၂၇-ခုနှစ်၊ နတ်တော်လပြည့် စနေနေ့က ဦးမြဒါအောင် တည်ထားခဲ့သည်။ မြောက်ဦးမှ ကျောက်ဆစ်ဆရာ ဦးကျော်အေးက ထုလုပ်ခဲ့သည်။ ဉာဏ်တော် ၅ တောင် တစ်မုတ်လျော့ရှိသည်။ ပုဏ္ဏားကျွန်းမြို့နယ် တန်ခိုးတောင်တန်းမှ ရရှိသော ကျောက်ဖြင့် ထုလုပ်ထားခြင်းဖြစ်၍ တန်းခိုးသျှင်ပင် ဘုရားဟု အမည်တွင်လေသည်။

## မင်းပြားမြို့တည်ဘုရား (ရာပြည့်စေတီ)

မင်းကန်ကြီး အရှေ့ဘက်ရုံးကြီးဝင်းတွင် မြို့တည်ချစဉ်က ဘုန်းကြီးကျောင်းရှိခဲ့ရာ စေတီများလည်း ရှိခဲ့သည်။ ယခုစေတီပျက်များကို ၁၉၆၇-ခုနှစ်က ဖြိုဖျက်၍ မင်းပြားမြို့တည်နှစ်တစ်ရာပြည့်စေတီအဖြစ် ၁၉၆၈-ခုနှစ်က ဖြိုဖျက်၍ မင်းပြားမြို့တည်နှစ်တစ်ရာပြည့်စေတီအဖြစ် ၁၉၆၈-ခုနှစ်တွင် ရွှေ့ပြောင်းတည်ထားခဲ့ကြလေသည်။

## လမ်းသစ်တက်လမ်းအနီးစေတီတောရကျောင်း

လမ်းသစ်တက်လမ်းအတိုင်းသွားသော် ကျိုန်းတော်ရှင်ကို ဖူးမြင်နိုင်သည်။ ထိုတက်လမ်းတောင်ခြေရင်းတွင် လက်ယာဖက် ဦးပဒုမဆရာတော်အရိုးတိုက်နှင့်ကပ်လျက်စေတီပျက်တစ်လုံးရှိသည်။ တစ်လုံးကိုပြုပြင်ခဲ့သော်လည်း အပြီးအစီးသို့ မရောက်ခဲ့ကြချေ။ ဖော်ပြပါ မြို့စောင့်စေတီ မင်းကန်စေတီ ယခုစေတီတို့ဆိုလျှင် ကျိုန်းတော်ရှင်ကို ဖူးမြင်သွားကြရာ၌ တောင်တက်အဆင်းတိုင်း ဖူးမြင်ခဲ့ကြရသော အကြိုအမျှော်

အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝ မင်းပြားတွင် ကျိုန်းတော်ရှင်

စေတီများပေတည်း။ ထိုစေတီ(အရိုးတိုက်)အနောက်မြောက်ယွန်းတွင် အင်းကြင်းမြိုင်တောကျောင်း တည်ရှိခဲ့ပေသည်။ ကောဇာ ၁၃၀၇ ခုနှစ်က ဆရာတော်ဦးအဂ္ဂသည် တရားအားထုတ်နေခဲ့လေသည်။ တကာ/မများလည်း အကြည်ညိုများ၍ စည်ကားခဲ့လေသည်။ ဆိတ်ငြိမ်ပြီးလျှင် အလွန်သန့်ရှင်း သာယာလှပေသည်။

## မင်းပြားမြို့ရှိကျောင်းကန်များ

ရေတံခွန် သိင်္ဂုတ္တရတောရကျောင်းသည် ယခုကျောင်းသစ်တည်ရှိရာဖြစ်သည်။ ထိုနေရာသို့ ဆရာတော် ဦးဉာဏသည် ကောဇာ ၁၂၇၀ တွင် ရွှေ့ပြောင်းကြွရောက်၍ နေလာသည်။ မြို့မမြောက်ကျောင်းတွင် ခုနှစ်နှစ်နေခဲ့ပြီးနောက် ရဲစခန်းများဆောက်လုပ်လာခဲ့ရာ လူနှင့်နီးကပ်၍ နားမချမ်းသာသဖြင့် ဤနေရာကို အေးချမ်းဖွယ်ရာ ရှာခဲ့ရခြင်းဖြစ်သည်။ ဆရာတော်သည် ပျံလွန်သည်ထိ သီတင်းသုံးခဲ့ပြီး တပည့်သားမြေးများလည်း ယခုထိ ဆက်ခံနေလာခဲ့ကြလေသည်။ ထိုတောရကျောင်းတောင်ဖက်အနီးတွင် ဦးတေဇဆရာတော် တရားအားထုတ်နေခဲ့ရာ တေဇရာမတောရကျောင်း ရှိနေသေး၏။

မင်းပြားမြို့တွင် ရဟန်းသံဃာ သီတင်းသုံးရာကျောင်းကန်များ ရှိကြသည်။ ကျိုန်းတောင်ခြေရင်း အရှေ့ဘက်တစ်လျှောက်တွင် ကန်းမရွာကျောင်း၊ အောင်မင်္ဂလာတောရကျောင်း၊ တေဇရာမထေရကျောင်း၊ ရေတံခွန်တောရကျောင်းသစ်ကျောင်း၊ ဓမ္မိကာရုံကျောင်း၊ မင်္ဂလာတံခွန်ကျောင်း၊ ဓမ္မသုခကျောင်း၊ ဇယသခကျောင်းမြို့မတောင်ကျောင်း၊ ဘုရားကြီးကျောင်း၊ ပြည်တော်သာကျောင်း၊ ပုညာရာမကျောင်း၊ ရတနာဗိမာန်ကျောင်း၊ မင်းကန်အနောက်ကျောင်း၊ ရတနာမွန်ကျောင်း၊ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း၊ စိတ္တသုခကမ္မဋ္ဌာန်း(ကျိုန်းတောင်ပေါ်)ကျောင်း၊ မင်းကန်မြောက်ကျောင်း၊ ထန်းတစ်ပင်ကျောင်း၊ အောင်မြေရတနာတောရကျောင်း၊ အောင်မြေကုန်းတောရကျောင်း၊ အောင်တော်မူတောရကျောင်း၊ ရခိုင်မာရမာကြီးကျောင်း၊ မြို့မမြောက်ကျောင်း၊ သံတောင်ရခိုင်ကျောင်း၊ သံတောင်မာရမာကြီးကျောင်း၊ ဦးစိုးတင်ကျောင်းသစ်ကျောင်းဟောင်းကျောင်း၊ ကျွန်းညိုကျောင်း၊ ကင်းဆိပ်ကျောင်း၊ ဉဂ္ဂါပုံကျောင်း၊ ဇေယျမဏ္ဍိုင်ကျောင်း၊ ရဲတဲတောရကျောင်း စသည်ဖြင့် ကျောင်းပေါင်း (၃၀)နီးပါးရှိကြသည်။ နှစ်စဉ်ငါးပါးသီလအသင်းက တစ်လတိုင်တိုင် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပလာခဲ့သည်။ ဘာသာသာသနာတိုးတက် စည်ပင်ထွန်းကားမှု မပျက်ရှိလျက်နေပေသတည်း။

# မြို့နယ်တစ်ခွင် ဖူးမြင်ဦးညွှတ်

မင်းပြားမြို့နယ်သို့ ဓညဝတီခေတ်ကပင် ဗုဒ္ဓသာသနာဆက်သွယ်ဝင်ရောက်ပြန့်ပွားလာခဲ့ကြောင်းကို အများအသိပင်ဖြစ်လေသည်။ သာသနာတစ်လျှောက် ယခုတိုင်အောင် ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ခဲ့ရာဘုရား၊ ပုထိုးစေတီများလည်း အနှံ့အပြားတည်ထား ဖူးမြော်ခဲ့လာပြီး ဖြစ်ကြောင်းလည်း ထင်ရှားနေသည်။ ထိုသို့ခေတ်အဆက်ဆက်တည်ထားကိုးကွယ်လာခဲ့ရသော ဘာသာရေးအထောက်အထားအဖြစ် ဂုဏ်ယူရမည်ဖြစ်ပေသည်။ အပျက်အစီးယခုတိုင် ရှိနေသေးသည်ကို ဆက်လက်စောင့်ရှောက်ရန်အရေးကြီး၏။ ကျိန်းတောင်တစ်ဝိုက် ဘုရား၊ ပုထိုး၊ စေတီများ လှည့်ပတ်ဖူးမျှော်နိုင်ပြီးနောက် ဤမြို့နယ်အနှံ့ ခရီးဆက်၍ ဖူးမြော်နိုင်ရန် စိတ်သန်ကြသူများအတွက် ကုသိုလ်များ ပြုနိုင်ကြသေး၏။ မိမိမြို့ရွာ ဒေသရှိ ရှိရှိသမျှ ပူဇော်ဖူးမြော်ရာများကိုလည်း အာရုံထင်ထင် ဖူးမြင်လေးမြတ်နိုင်ကြပေသတည်း။ ထို့ကြောင့် ဤမြို့နယ်အတွင်း လှည့်ပတ်ဖူးမြော်အပ်ရာများကို လမ်းညွှန်ခြင်းပြုလိုက်ရပေကြောင်း။

မင်းပြားမြို့နယ် တောတန်းတောင်တိုက်နှင့် တောတန်းမြောက်တိုက်နယ် မြေအတွင်းမှာလည်း ထင်ရှားသော သမိုင်းဝင်ဘုရားများ ရှိပေသည်။ ပန်းသုံးခိုင်ဘုရား(ပန်းမြောင်း)ပါးပျဉ်းတော်ဓာတ်(ပန်းမြောင်း) လက်မဇီဝှာတော်ဓာတ်၊ မြဝါဓာတ်တော်(ရွှေတမာအုပ်စု) နဂရာသာစည်နန်းဦး (နဂရာသာစည်ရွာ) မင်းပူးရွာ ဘုရားကြီးသုံးဆူ၊ ပုန်းတောင်ဓာတ်တော်(အသည်ကလေး) ကြက်စာသိမ်ဘုရား(အသည်ကာလ) ရွာတောင်းပြင်းဘုရား။ ငှက်တော်ရဘုရား(ငှက်တော်ရရွာ) ဇိုင်ချောင်းပေါက်တော၊ ကျောင်းတောင်ဘုရား၊ မျောက်ကြိမ်နန်းဦးဘုရား(မြင်းကမ်းဆိပ်)၊ ဆင်တွင်းဘုရား(သတိုးအုပ်စု) သရက်နှစ်ထပ်ဘုရား ဘုရားသုံးဆူဘုရား(သက်အုပ်စု) ခုနှစ်ဌာနဘုရား(သရက်အုပ်စု)ပီပင်ရင်းဘုရား၊ ချင်းပျံဘုရား၊ သိမ်ထောင်ဘုရား၊ ဆိတ်တောင်ဘုရား၊ သောင်ခုံမော်ဓာတ်တော်၊ တက်မကိုင်ဓာတ်တော်၊ သလုံးတော်ဓာတ်၊ မျက်မှောင်တော်ဓာတ်၊ မျက်ရစ်စေတီ၊ ကေသလာကျေးတောဘုရား၊ ကျောရိုးတော်ဓာတ်၊ စိုးမဲကျီးဓာတ်၊ (ဖလောင်းပြင်)ချဲ့ဓာတ်(ကမ်းနီးရွာ)တို့သည် ထင်ရှားသော သမိုင်းဝင်ဘုရားများ ဖြစ်ပေသည်။

(၁)မင်းပြားမြို့နယ်သမိုင်းမှတ်တမ်း(ပါတီ၊ ကောင်စီ)

ဤသမိုင်းဝင်ဘုရားများမှာ ရခိုင်ခေတ်အဆက်ဆက်မှ ယခုထိတိုင် တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်ပေသတည်း။



# ရွှေဖောင်တင်ဘုရား

အထက်မှာလည်း ဘုရားကြီး၊ အဝမှာလည်း မဟာထီး၊ ပန်းမြောင်းတစ်ခွင် ရွှေဖောင်တင်ဘုရားဟူ၍ ထင်ရှားသော ဘုရားကြီးဖြစ်ပြီး။ပန်းမြောင်းချေမြို့တွင် တည်ရှိသည်။ သိမ်ပြဿဒ်၌ ကိန်းဝပ်ကာ ကိုးကွယ်လျက် ရှိကြသည်။ ဤဘုရားကို မြောက်ဦးမြို့အရှေ့မြောက်ဖက်အရပ် ငစင်တောင်ထိပ်မှ ပင့် ဆောင်ယူခဲ့လေသည်။ ထင်ရှားသော ဘုရားတစ်ပါးဖြစ်ပြီး ပွဲတော်လည်း ကျင်းပလျက် ရှိသည်။

ဘုရားကို ၁၃၁၀ ခုနှစ် ချောင်းသစ်ရွာသားတို့ ပင့်ဆောင်၍ ခေါင်းဖြူတောင်တွင်းတွင် တစ်ဝါကိုးကွယ်ခဲ့ကြလေသည်။ ထိုမှတစ်ဖန် ချောင်းသစ်ရွာတံတားဦးကုန်းမြေ၌ နှစ်ဝါကိုးကွယ်ကြခဲ့ကြလေသည်။ ၁၃၁၃ ခုနှစ်တွင် ထိုးရွာဆိပ်မှ တစ်ဆင့် မော်တော်ဖြင့် ပင့်ဆောင်၍ ပန်းမြောင်းရွှေဖောင်တင်ကုန်း၌ တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်လေသည်။

# အောင်မင်္ဂလာစေတီ

ပန်းမြောင်းချေမြို့အလယ်တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ လွတ်လပ်ရေးရပြီးနောက် တည်ခဲ့ခြင်းဖြစ်ရာ လျှပ်စစ်မီးထွန်းညှိခြင်းဖြင့် အခါကြီးရက်ကြီးများ၌ အလွန်စည်ကားလေသည်။ အခါအားလျော်စွာ ပွဲတော်ကျင်းပလေသည်။

# ကျောက်မော်စေတီ(သစ္စာတိုင်စေတီ)

ပန်းမြောင်းချေမြို့အနောက်ဖက် ဆိပ်ကမ်းရှုခင်းသာသောနေရာ ကျောက်မော်မြင့်တွင် တည်ရှိသော ကျောက်စေတီတစ်ဆူဖြစ်သည်။ သစ္စာပြုခဲ့ကြသူများရှိ၍ သစ္စာတိုင်စေတီဟူလည်းတွင်သည်။ ကမ်းပါးကျောက်မော်ထိပ်တွင် တည်ရှိ၍ ကျောက်မော်စေတီဟု ခေါ်တွင်ကြသည်။ ဘုရားပွဲကိုလည်း နှစ်စဉ်ကဲ့သို့ ကျင်းပလေသည်။ ဤစေတီကို ကောဇာ ၁၃၂၀ ခုနှစ် ဂေါပကအဖွဲ့၊ ဖွဲ့စည်းပြီး မွမ်းမံပြုပြင်ခြင်း၊ သ့ထီးအသစ်တင်ခြင်း၊ အာရုံခံသိမ်၊ တန်ဆောင်းသစ်များ ဆောက်လုပ်ခြင်းဖြင့် ခမ်းနားစွာ စည်ကားလျက်ရှိနေကြသည်။

# ပန်းသုံးခိုင်စေတီ

ပန်းမြောင်းရွာဟောင်းထဲတွင် ရှိသည်။ ယခုစေတီကို ဂေါပကအဖွဲ့မှ မွမ်းမံပြုပြင်

ထားရှိပေသည်။

လက်ျာပါးရိုးတော်ဓာတ် (ပြိုင်းဓာတ်တော်၊ ပြိုင်းတိုင်းစေတီ)ပန်းမြောင်းချေမြို့ တောင်ဖက်မြင့်မောက်သော ပြိုင်းတိုင်းတောင်ထိပ်ပေါ်၌ တည်ရှိသည်။ ထို့ကြောင့် အများက ပြိုင်းဓာတ်တော်ဟု ခေါ်သည်။ အချို့ကလည်း ပါးပျဉ်းတော်ဓာတ်တည်ရှိ၍ ပါးပျဉ်းတော်ဓာတ်ဟုလည်း ခေါ်ကြသည်။ ဘုရားသမိုင်း၌ ဤတောင်ကို မုဋ္ဌပဗ္ဗတ တောင်ဟုဆိုသည်။ ဤတောင်၌ ဘုရားနုစဉ်ဘဝက ပုဏ္ဏားတဇာတ်ဖြစ်ခဲ့ဖူးသည်။ ဗုဒ္ဓ၏ဗျာဒိတ်တော်အရ လက်ကျ်ာပါးရိုးတော်ဓာတ်တည်လတ္တံ့ဟူသည်အတိုင်း ကိန်းဝပ်တည်လာ၏။

ဓာတ်တော်ကွန့်မြူးသဖြင့် မင်းဖလောင်းသည် ကောဇာ ၉၇၇ ခုနှစ်တွင် တည်ထားခဲ့လေသည်။ ထို့နောက် မင်းရာဇာကြီး မွမ်းမံခဲ့၏။ အဓိကရဓာတ်တော်ဖြစ်၍ဘုရားအဖွဲ့အစည်းဖြင့် အစဉ်စောင့်ရှောက်လျက် နှစ်စဉ်တိုင်းဘုရားပွဲတော်ကိုလည်းကျင်းပခဲ့ကြလေသည်။ သို့သော်လည်း မသမာသူသိုက်ဆရာ ယောင်ယောင်တို့၏ ဖောက်ထွင်းဖျက်ဆီးခြင်းခံရသဖြင့် ယခုပျက်ပြိုလျက် ရှိနေရာ ပြုပြင်ရန် စီစဉ်နေကြ၏။

## မြသိန်းတန်ဘုရား

နေရဉ္စရာတောင်ငူခေတ် မင်းတစ်ပါး၏ သမီးတော်သုံးပါးတွင် တစ်ပါးဖြစ်သည်။ ၎င်းသမီး မြသိန်းတန်ကောင်းမှုမှာ ယခုမကျဉ်းပင်စုကျောင်းတွင် ကိန်းဝပ်လျက်ရှိသည်။ မူလသီတင်းသုံးရာ တောင်ငူမြို့ဟောင်းရာတွင် ဖြစ်သည်ဆို၏။ ကျန်မင်းသမီးနှစ်ပါးတို့၏အလှူမှာ ယခုပျက်စီးသွားခဲ့ရလေပြီ။

## ဇီဝှဂ္ဂဓာတ်(လက်မဓာတ်)

လေးမြို့အရှေ့ဖက် လက်မရွာအနီး တောင်ထိပ်ပေါ်၌ တည်ရှိသည်။ ဗုဒ္ဓနုစဉ်ကျေးမင်းဖြစ်၍ ဤနေရာသို့ လာရောက်ကျက်စားခဲ့သည်။ နောင်လျှာဖျားတော်ဓာတ်တည်လတ်၍ ဇီဝှဂ္ဂဓာတ်ဟုတွင်လာသည်။ မင်းဖလောင်းက မွမ်းမံ၍ တည်ထားခဲ့သည်။ ထို့နောက် မင်းရာဇာကြီးလည်း ပြုပြင်ခဲ့၏။ မင်းအဆက်ဆက် ပြုစုစောင့်ရှောက်ခဲ့သည်။ ပြိုပျက်လာခဲ့ရာကား ဦးတောထွက်ဆိုသော သူတော်စင်တစ်ဦးက စတင်ပြုပြင်လေသည်။ ထို့နောက် ကောဇာ ၁၂၈၀ လောက်တွင် လက်မရွာမှ ဦးဖောင်သာ၊ ဦးလုထွန်းဦးတို့ ဦးဆောင်၍ အုတ်ဖုတ်လုပ်ကာ မွမ်းမံခဲ့ကြသည်။ ထိုနှစ်စွန်းရဲတိုက်သူကြီး ဦးရွှေစိုး(ကျော်သာအဖိုး)က သံထီးဒါယိကာခံ၍ သံထီးတင်ပွဲကိုပါ ကြီးကျယ်ခမ်း

အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိုင်းတော်ရှင်

နားစွာ ကျင်းပခဲ့ကြလေသည်။ ၁၃၃၀ ပြည့်နှစ် လေမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည်များကို ပြုပြင်ရန် စီစဉ်နေကြ၏။

## မြဝါဓာတ်

ထိုဓာတ်၏ မြောက်ဖက်အနီးတောင်ထိပ်တွင် မုန့်သည်မဓာတ် တည်ရှိ၏။ လက်မဓာတ်၏ အရှေ့တောင်ဘက် အနီးလက်မတောင်ယံတွင် မြဝါဓာတ်တည်ရှိ၏။ တောင်ဘက်တွင် ပါးတော်ဓာတ်ဟူ၍ရှိ၏။ ယခုပျက်စီးသွားလေပြီ၏။

နဂရာသာစည်နန်းဦးဘုရား (ရတနာပုံဘုရား)မြဝါဓာတ်၏ တောင်ဘက်နဂါးပတ်တောင်တန်းအဖျားတွင် ဂူဝကိုးပေါက်ရှိသော စေတီထဲတွင်တည်ရှိသည်။ ရတနာပုံနန်းဦးဘုရားဟု ခေါ်တွင်သည်။ ယခုမင်းပြားမြို့ ရတနာ့ဗိမာန် ကျောင်းသိမ်တွင် ပြောင်းရွှေ့ထားရှိသည်။

## ရတနာဇေယျဘုရား

ရတနာပုံနန်းဦးဘုရား အရှေ့ဘက်အနီးတောင်ကုန်းပေါ်တွင် တည်ရှိသည်။ မူလက ဂူဖြင့်တည်ရှိခဲ့ခြင်းဖြစ်၏။ ယခုမင်းပြားမြို့ သံထောင်ရွာ ရခိုင်မာရမာကြီး ကျောင်းသို့ ရွှေ့ပြောင်းကိုးကွယ်လျက်ရှိနေသည်။

## လက်မ(ဗဒေါဂူ)

လက်မတောင်တန်း အနောက်ဘက်ခြေရင်းတွင် တည်ရှိသည်။ ကျောက်ဂူအဆောက်အဦးမှာ စတုရန် ၁၃ တောင်ရှိသည်။ တောင်ဘက်နှင့် အရှေ့ဘက်က ဝင်မုခ်ရှိသည်။ ထိုဂူမြောက်ဘက်အတွင်း၌ စောက် ၄ တောင်မျှ တူးဖော်ပြုလုပ်ထားသော ဂူငယ်တစ်ခုရှိလေသည်။ အနောက်ဘက်တွင် အလင်းပေါက်(ပြူတင်းပေါက်)နှင့် အလယ်တည့်တည့်၌ နံရံတွင် အရုပ်ကပ်လျက် ထားခဲ့ရာ ချိုင့်ဝှမ်းရှိနေသည်။ တောင်ဘက်အနီး၌ ဂူငယ်များနှင့် ဂူခေါင်းလိုင်စောက်နက်လည်း တစ်ခုရှိသေးသည်။ ဤဂူကြီးမှာ တောင်နခမ်းကို ကျောက်ဖြင့်ညှိ၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဂျပန်ခေတ်တွင် မောင်နှမဆရာတော်သည် တရားအားထုတ်ခဲ့၏။ ပင်လယ်နတ်ကွန်းဖြစ်ခြင်း၊ အသံဟစ်အော်ခြင်း၊ ဘုရားဟုတမ်းတခြင်း၊ သစ္စဗန္ဓဝထေရ် နေထိုင်ရာဖြစ်ခြင်းကို ဗဒေါဟုဆိုကြသည်။ စစ်တွေတွင် ဗဒေါမော်၊ ဂင်္ဂါမြစ်ဝတွင် ဗုဒ္ဓိမိုများရှိရာ ပင်လယ်

ကမ်းကျရာတို့၌ အားကိုးမှုပြုခဲ့ရာ ဌာနဖြစ်ချေ၏။

## လောင်မီးစေတီ(အောင်ဇေယျဘုရား)

လေးမြို့မြစ်အနောက်ဘက်ကမ်း လောင်မီးရွာ အရှေ့ဘက်တွင် ရှိသည်။ မူလဒါယကာရှင်မှာ မြောက်ဦးခေတ် ကုလားတန်စား၊ အမတ်တစ်ဦးဖြစ်ခဲ့သည်ဆို၏။ ထိုနောက် တန္တဗိုလ်တုံးညိုမင်းသည် သူပုန်ရန်တို့ကို တိုက်ခိုက်၍ အပြန်တွင် ဤစေတီကိုအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ထပ်မံ၍ တည်ထားခဲ့သည်ဆို၏။ ယခုလောင်မီးရွာကျောင်းဝင်းသို့ ရွှေ့ပြောင်းတည်ထားလျက် အောင်ဇေယျဘုရားဟူ၍ အမည်တွင်နေ၏။

## ရွှေကျန်ဘုရား

တောတန်းမြောက်တိုက် ရွှေကျန်ရွာတောင်ဘက်အနီး တည်ရှိသည်။ ဂူထဲ၌ ကျောက်ဆင်းတုတစ်ဆူ ကျိန်းဝပ်တည်ရှိနေသည်။ ရှေးကဘုရားကိန်းဝပ်ခဲ့ရာ ဂူငယ်မှာ ကျောက်ဂူဖြစ်ခဲ့ဟန်တူသည်။ ပျက်စီးခြင်းခံခဲ့ရသဖြင့် နောက်မှပြုပြင်သူများက အုတ်ဂူစေတီအဖြစ်သို့ အစားထိုးခဲ့ရမည်ထင်ရ၏။ ပြုပြင်ခဲ့ကြသူများမှာ တောရပ်နေ ရဟန်းတစ်ပါး (လူစဉ်ငစည်တတ်ဖြစ်ဖူး၍ ငစည်တတ်ရှင်ဘုရားဟူ၏) ဦးစွာပြုပြင်ခဲ့လေသည်။

ထိုနောက် ကောဇာ ၁၂၈၁ ခုနှစ်တွင် ကပ္ပဲရွာမှ ဦးငချွန်းက ပြုပြင်ခဲ့သည်။ မူလက မုခ်သုံးပေါက်ရှိသည်ကိုလည်း နှစ်ပေါက်ကို ပိတ်၍ တစ်ပေါက်ကိုသာ ထားခဲ့လေသည်ဆို၏။ ဂူ၏ရှေ့မုခ်အာရုံခံတန်ဆောင်း၌ အရံဘုရား၂ ပါးတွင် အမြင့်၃ တောင်ရှိ တောင်ဘက်က ဘုရားမှာ လောင်းကြက်ခေတ်လက်ရာ ခြေယှက်ပုံဖြစ်နေသည်။ ဤဘုရားကို ပြင်ယားရွာအနောက်ဘက် ရွှေကျန်ချောင်းဝ (ယခုသုံးကန်စုဟုခေါ်နေ၏။)မှ ယူထားခြင်းဖြစ်သည်ဆို၏။

ရွှေကျန်ဘုရားဟု ခေါ်တွင်းခြင်းနှင့်ပတ်သက်၍ ဤသို့သမိုင်းအယူအဆကို သိရသည်။

စန္ဒသူရိယမင်း(မဟာမုနိသွန်းစဉ်) ပိုလျှံသည်ကို မဟာဇိန်ဘုရားနှစ်ဆူ မဟာဂျီဘုရား ၂၈-ဆူ၊ မဟာကျိန်ဘုရား ၅-ဆူ၊ သွန်းလုပ်ခဲ့လေသည်။ သွန်းစက်မှဖြစ်သောရတနာကျန်တို့ဖြင့်လည်း မဟာကျန်ဘုရားများစွာ သွန်းလုပ်ခဲ့လေသည်။ ထိုမဟာကျန်ဘုရားတို့တွင် ယခုရွှေကျန်ဘုရားလည်း တစ်ပါးအပါအဝင်ဖြစ်ခဲ့သဖြင့် ယင်းသို့ မဟာ



ကျန်ဘုရားကိန်းဝပ်တည်ခဲ့ရာ ရှေးရခိုင်မင်းလက်ထက်ကပင် ကိုးကွယ်ပူဇော်ရာဌာနဖြစ်သောကြောင့်လည်း ရွှေကျန်ဘုရားဟု ခေါ်တွင်မှုဖြစ်လာခဲ့ရသည်ဟူ၏။

ယခုကား ထိုမဟာကျန်ဘုရားကို အထင်အရှားမတွေ့မြင်ရသော်လည်း အုတ်ဂူထဲ၌ ကျောက်ညိုဆင်းတုတော်တစ်ဆူကိုကား ဖူးတွေ့နိုင်လေသည်။ ခြေထပ်ပုံဘုရားဖြစ်ပြီး အမြင့် ၄ တောင်တစ်ထွာရှိလေသည်။

ဤဘုရားနှင့် ဂူစေတီကို ငစည်တတ်ဆရာတော်ဘုန်းကြီးနှင့် ဦးငချွန်းတို့ပြုပြင်မွမ်းမံကြပြီးနောက်၊ ပွဲရကန်ဆိပ်ရွာ၊ ကောက်ရိုးပုံဆရာ ဦးနန္ဒဝံသကလည်းကောင်း၊ ထိုနောက် ရွှေကျန်ရွာဆရာတော် ဦးတေဇဝန္တနှင့် ပွဲရကံဆိပ်ဆရာတို့ကလည်းကောင်း၊ ပြုပြင်ခဲ့ကြလေသည်။ ယင်းပြီးတစ်ကြိမ် ပြင်ယောင်းရွာ ဦးနီသာအောင်နှင့် နယ်လူကြီးတို့က ပြုပြင်ခဲ့ကြလေသည်။

ထိုနောက် ကောဇာ ၁၃၂၃ ခုနှစ် တန်းခူးလဆန် ၆ ရက်နေ့က တောတန်းမြောက်တိုက်သားတို့က ဆော်ဩလျက် ပန်းမြောင်းကြီး ချောင်းလုံးဆိုင်ရာ ရွှေကျန်ဘုရားဂေါပကအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြလေသည်။ ထိုအဖွဲ့မှ အပျက်အစီးများကို ပြုပြင်ခြင်း ၁၃၂၅ ခုနှစ် ဓမ္မာရုံကြီးအသစ်တစ်ဆောင်ဆောက်လုပ်ပြုပြင်နိုင်ခဲ့လေသည်။ ၁၃၃၀-ခုနှစ် လေမုန်တိုင်းကြောင့် ပျက်စီးခံရသော အာရုံခံတန်ဆောင်းသိမ်ကိုလည်း ပြုပြင်ခဲ့လေသည်။ ခြေရာတော်တောင်မှ ခြေရာတော်ကိုလည်း ပင့်ထားရှိခဲ့ဘူးရာ ဖျက်ဆီးခြင်းခံရ၍ ပျက်စီးသွားသော အကျိုးအပဲ့များကိုလည်း သိမ်းဆည်းထားလျက် ရှိလေသည်။

## သိမ်တောင်ဘုရား

ရွှေကျန်ရွာမှ အနောက်ဘက်သို့ သုံးမိုင်ခန့်တွင် ရှိသည်။ ကုလားမြုပ်ကွင်းဟုခေါ်နေရာတွင်ဖြစ်သည်။ တောင်ကုန်းတွင် သိမ်တော်ရာရှိခဲ့၍ ထိုသို့ခေါ်လာခဲ့သည်။ မူလက ဂူဖြင့် တည်ခဲ့သော်လည်း ဂူမှာပျက်စီးခဲ့လေပြီ။

## ဘုရားခြေရာတော်ပုံ

ရွှေကျန်ဘုရားမှ မြောက်စူးစူးတစ်မိုင်ခန့်ဝေးသော ခြေတော်တောင်၌ ရှေးကတည်ရှိခဲ့ဖူးသည်။ ယခုကား ဤနေရာ၌ မရှိပြီ။ ရွှေကျန်ဘုရားသို့ ပင့်ထားလေ၍ ကျိုးပျက်ခြင်းခံသွားခဲ့ရလေပြီ။ ဘုရားရှင်၏ ခြေတော်ရာပုံအတိုင်း ကျောက်ပြား၌

ထွင်းထုလျက် ရှေးအထက်ကျော်ကတည်းကပင် ကိုးကွယ်ကြခြင်းဖြစ်လေသည်။ ခြေတော်ရာရှိခဲ့သည်ကို အစွဲပြု၍ယခုထိ ခြေရာတော်တောင်ဟုလည်း ခေါ်နေကြသေး၏။

ဤတောင်မှလွန်ခဲ့သော နှစ်ပေါင်း ၅၀ (ကောဇာ ၁၂၈၀ ခန့်)လောက်ကပင် ရွှေကျန်ဘုရားသို့ ရွှေ့ပြောင်းပင့်ယူထားခဲ့လေသည်။ ထိုခြေရာတော်ကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ လောက် (ကောဇာ ၁၃၀၀)ခန့်က မသမာသူများ သိုက်တူးဖျက်ဆီးခြင်းကို ခံသွားရသည်။ ထို့ကြောင့် ကျိုးပဲ့လျက် ဖရိုဖရဲဖြစ်ခဲ့ရာ၊ ယခုစုရုံးသိမ်းဆည်းထားရှိ၏။ ခြေရာတော်တောင်မှ ဘုရားကြီးနှစ်ဆူကိုလည်း ကြာအိုင်ဒုံသို့လည်းကောင်း၊ အခြားအခြားဌာနသို့လည်းကောင်း၊ ပင့်ယူကိုးကွယ်ခြင်း ပြုခဲ့ရသည်ဟုသိရသည်။

သို့သော် ယခုထိ ဘုရားဆင်းတုငယ်များ အကျိုးအပျက်တို့ဖြင့် ပြန့်ကျဲလျက်ရှိနေသေး၏။ ဤခြေတော်ရာနှင့်ပတ်သက်၍ သမိုင်းအတိအကျ မရရှိသေးချေ။

## ကြာအိုင်ဒုံဘုရား

ရွှေကျန်ဘုရားမှ မြောက်ဘက်တစ်မိုင်အကွာ ဒိုင်းသားရွာတောင်ဘက်အနီး၌ သိမ်အတွင်း၌ ရှိနေ၏။ ကျောက်ဆင်းတုပလ္လင်ထဲတွင် ၂ ဆူယှဉ်ပြိုင်တည်ရှိသည်။ ဘုရားဉာဏ်တောင်မှာ ၃ တောင်ခန့်တစ်ပါးနှင့် ၄ တောင်ခန့်တစ်ပါးဖြစ်သည်။ ဒိုင်းသားရွာမှ ကိုးကွယ်နေကြသော ကြာအိုင်ဒုံဆရာတော် ဦးအာစရက ကြီးမှူးစောင့်ရှောက်နေ၏။ ဤဘုရားနှစ်ဆူမှာ မူလက ဤနေရာမှမဟုတ်ချေ။ ခြေရာတော်တောင်မှ ပင့်ဆောင်ခဲ့ခြင်းဖြစ်၏။ ထိုဘုရားနှစ်ဆူကို ကောဇာ ၁၂၅၀ ခန့်ကပင် ပင့်ဆောင်လျက်ကိုးကွယ်နေကြလေသည်။ (ကြာအိုင်ဒုံဆရာတော်က ကောဇာ ၁၃၃၀ ခုနှစ် ကဆုန်လဆန်း ၈ ရက် စနေနေ့က ကြာအိုင်ဒုံဘုရားအဖွဲ့ကို ဖွဲ့စည်းလျက် ဆောင်ရွက်လာခဲ့လေသည်။ ၁၃၃၀ ခုနှစ် လေမုန်တိုင်းတွင် သိမ်တော်ကြီးလည်ပေါ်ခေါင်မှာပျက်စီးခြင်းသို့ ခံခဲ့ရပေသည်။

## ပြင်းယောင်သုံးကန်စုဘုရား

ပြင်းယောင်ရွာအနီး အနောက်ဘက်ကုန်းတန်းတွင် တည်ရှိသည်။ ရေကန်သုံးကန်ကို အစွဲပြု၍ သုံးကန်စုဘုရားဟုတွင်သည်။ ထိုနေရာတွင် စေတီပျက်များ၊ ဆင်းတုတော်များ၊ ပြန့်ကျဲကျိုးပဲ့လျက်ရှိသည်။ ကျောက်ဂူစေတီတစ်လုံးကိုလည်း ညောင်ပင်ကြီးမျိုသွားလေပြီ။ ထိုစေတီအနီး၌ ဦးတော်ကျိုးကျောက်ဆင်းတု တစ်ဆူလည်းရှိနေ၏။ ကျိုးပျက်နေသော ပခုံးမှ စမ္မခဏ်အထိ နှစ်တောင်တစ်ထွာ ရှိသည်။ ဦးတော်ကျိုး၍



ကိုယ်ထည်သာကျန်နေသော ဘုရားမှာ ယခုညောင်မျိုခံစေတီမှဟု ထင်ရသည်။ သို့မဟုတ်က ရွှေကျန်ဘုရားအာရုံခံ သိမ်ထဲရှိ ခြေယှက်ပုံဘုရားသော်လည်း ဤနေရာညောင်မျိုးစေတီဂူထဲမှာ ကိန်းဝပ်ရာဖြစ်သင့်သည်ဟု ယူဆရသည်။

ဤနေရာ(ချောင်းဝကမ်းနဘေးမှ) အနီးတွင် အနံ ၁-တောင်၊ အလျား ၃ တောင်၊ စာကြောင်းရေ ၂၀၊ ထု-၁ ထွာရှိ ကျောက်စာပြားတစ်ခုကို တွေ့ရသည်။ ဤကျောက်စာကို ပြင်ယားကျောက်စာဟု ခေါ်နေကြ၏။ ဤနေရာရှိ ဘုရားတည်ထားခြင်းနှင့်ပတ်သက်၍ ကျောက်စာပင်ဖြစ်၏။ ကျောက်စာတွင်ပါဝင်သော ကျောက်စရစ်ကန် လယ်မြေချောင်းများမှာ ယခုတိုင်အမည်ဖြစ်ရှိနေ၏။ စာ၌ သိန်းခထိုင်ရောက်မင်းစော (သီဟိုဠ်ဂျောက်မင်းစော)ဟူ၍ တွေ့ရ၏။ သို့သော်လည်း သကြစ်ကို ၆၀၈ ခုဟုလည်းကောင်း၊ ၉၁၈ ခုဟုလည်းကောင်း၊ မထင်မရှား အပြတ်သားဘဲ ဖတ်ရ၏။ အနားအပါးစာလုံးများလည်း ခားသွေးခဲ့ကြသဖြင့် ပျက်စီးနေရလေ၏။

## ငှက်တော်ရဘုရား

ပြင်းယောင်းရွာမှ အနောက်ဘက်လေးမိုင်ခန့်ကွာ ငှက်တော်ရရွာ တောင်ဘက်အနီးတွင် တည်ရှိသည်။ စေတီမှာ ပြိုပျက်သွားခဲ့ပြီးဖြစ်၏။ ယခုဘုရားမှာလည်း ပျက်စီးလျက်ရှိနေသည်။ နေရဥ္စရာတောင်ငူခေတ်က တည်ထားခဲ့သည်ဟု သိရသည်။

## ဝမ်းမိုက်တော်ဓာတ် (တိတ်တောင်ဓာတ်စေတီ)

လေးမြို့မြစ် အရှေ့ဖက်ကမ်း ထိပ်တောင်ထိပ်ပေါ်၌ တည်ရှိသည်။ ဘုရားရှင်သည် ဖားမင်းဖြစ်ခဲ့စဉ် ဘိတ်အောင်း၍ နေခဲ့ဖူးသည်။ ဝမ်းဗိုက်တောင်မှဖြစ်သော သိရီရဓာတ်ကို ဌာပနာ၍ စေတီတည်ထားရှိ၏။ ဘုရားအဖွဲ့ဖြင့် စောင့်ရှောက်ပြုပြင်ထား၏။ ဘုရင်မင်းရာဇာကြီး ပြုပြင်မွမ်းမံခဲ့လေသည်။ စန္ဒသုဓမ္မရာဇာမင်းလည်း ပြုပြင်ခဲ့သည်။ ဤတောင်၏အနောက်ဘက်တွင် တောင်ကလပ်၌ ရှေးကတရားအားထုတ်ခဲ့ကြသော ဘိတ်တွင်းခေါ် ကျောက်ဂူခေါင်းလည်းရှိ၏။

## ကြိန်းတန်းတောင်ဓာတ်

တောတန်းရွာချောင်း၊ ဘိတ်တောင်ရွာချောင်း၊ အဖျားဆုံရာတောင်ကုန်းပေါ်တွင် တည်ရှိသည်။ ယခုပျက်စီး ပြိုပျက်သွားခဲ့လေပြီ။

## လည်ရိုးတော်ဓာတ် (သောင်းခုံမော်ဓာတ်)

လေးမြို့မြစ်၏ အရှေ့ဘက်တောတန်းကျွန်းသောင်းခုံမော်အနီးတွင် တည်ရှိသည်။ ဘိတ်တောင်ဓာတ်မှ တောင်ဘက်တွင် ကျရောက်သည်။ ထိုကမ်းမြောင်တစ်လျှောက်ဘုရား လောင်းရွှေဥဒေါင်းငှက်မင်း တဇာတ်ဖြင့် ကျင်လည်ခဲ့ရာ ဌာနီအနီးမြစ်ဖြစ်သောကြောင့် သုဝဏ္ဏနဒီမြစ်ဟူ၍ ခေါ်တွင်ခဲ့ဖူးသည်။ ဤမြစ်အရှေ့ကမ်းခြေ ယခုသောင်းခုံမော်တန်းတွင် ဘုရားရှင်သည် နုစဉ်ဘဝက ရွှေဥဒေါင်းငှက်မင်း တဇာတ်ဖြစ်ခဲ့ဖူးသောကြောင့် မောရပဗ္ဗတတောင်တန်းဟူ၍ ခေါ်တွင်သည်။

ယင်းသို့ကျင်လည်ခဲ့ရာ၌ လည်းရိုးတော်ဓာတ်တည်လတ္တံ့ဟု ဗျာဒိတ်စကားအရ ကိန်းဝပ်တည်လာသည်။ ပထမစံသူမည်သော ဘုရင်မင်းက တည်ထားခဲ့လျက် တစ်ဖန်မင်းဖလောင်းက ထပ်မံ၍ ပြုပြင်ခဲ့လေသည်။ ရှည်ကြာလာပြီးနောက်တွင် ဓာတ်တော်ကွန့်မြူး၍ ကောဇာ ၁၂၈၂ ခုနှစ်တွင် မြို့ရောနယ်ပါ ပါဝင်၍ ဗုဒ္ဓဝေယျာဝစ္စအမည်ဖြင့် အဖွဲ့ဖွဲ့ကာ ရှွေချခဲ့ကြသည်။ ထိုနောက် မဟာရံတံတိုင်း ကာရံခြင်း၊ အပေါ်မှချုပ်အုပ်လျက် သိမ်တော်ကြီးနှင့် သက္ကရာဇ် စောင်းတန်းလှေကားများ ဆောက်လုပ်ခြင်း ဓမ္မာရုံဆောက်လုပ်ပြီးလျှင် နှစ်စဉ်ပွဲတော်များကိုလည်း တန်းခူးလနှင့် ကဆုန်လအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြလေသည်။ ထင်ရှားသော ဓာတ်တော်တစ်ဆူဖြစ်၍ လူသိကျော်ကြားလျက် ရှိလေသည်။

## ကျောက်ဆစ်တော်ဓာတ်

တောတန်းတောင်မော်ကျွန်းဦး ဓာတ်တော်ခေါ် ဂုတ်ဆက်တော်ဓာတ် မြောက်ဖက် ဦးတော်ဓာတ် တောင်ဖက်တွင် တည်ရှိ၏။ ကျွန်းဦးဓာတ်တော်မြောက်ဖက်အနီး ဂန္ဓသာရ ပဗ္ဗတမည်သောတောင်၌ ကိန်းဝပ်ရှိသည်။ ထိုတောင်၌ မြတ်စွာဘုရားနုစဉ်ဘဝက ဖွတ်မင်းတဇာတ်ဖြစ်ခဲ့ဖူး၍ ကျောက်ဆစ်တော်ဓာတ် ကိန်းဝပ်တည်လာခြင်းဖြစ်သည်။ မင်းဖလောင်းသည် ဤဓာတ်တော်ကို မွမ်းမံပြုပြင်ခဲ့လေသည်။ ယခုထိတိုင် အကောင်းပကတိတည်ရှိလျက် ကိုးကွယ်ဖူးမြော်လျက် ရှိနေကြလေသည်။

## ဂုတ်ဆက်တော်ဓာတ်(ကျွန်းဦးဓာတ်)

လေးမြို့မြစ်ကမ်း အရှေ့ဖက်၊ သောင်းခုံမော်ဓာတ်၏ တောင်ဖက်၊ တောတန်းကျွန်းဦးထိပ်တွင် တည်ရှိ၍ ကျွန်းဦးဓာတ်ဟူ၍လည်း ခေါ်တွင်နေကြသည်။ ဤကျွန်း

အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

တောင်မော်ဦးခေါ် နန္ဒဂန္ဓပဗ္ဗတတောင်၌ ဗုဒ္ဓနုစဉ်က ဇာမရီငှက်မျိုးဖြစ်ဖူးရာ မိအိုဖအိုတို့အား ပြုစုလုပ်ကျွေး၍ နေခဲ့သည်။

ထိုစဉ်က ကျွဲကျောင်းသားများ လျှို့သောမီးသည် လောင်ကျွမ်းခြင်းပြုလေသဖြင့် သစ္စာဓိဋ္ဌာန်ကြောင့် မီးဘေးမှ လွတ်ငြိမ်းခြင်းခံရသည်ဟူ၏။ နောက်၌ ဘုရားဗျာဒိတ်အရ ဂုတ်ဆက်တော်ဓာတ် ကိန်းဝပ်နေလာခဲ့သည်။ လေးမြို့ခေတ်မင်းများ တည်ထားခဲ့သည်။ ထိုနောက် ဓာတ်တော်ကွန့်မြူးသဖြင့် ကောဇာ ၉၄၇ ခုနှစ်တွင် မင်းဖလောင်းက ပြုပြင်မွမ်းမံခဲ့လေသည်။ တစ်ဖန်မင်းရာဇာကြီးစသော ရခိုင်မင်းအဆက်ဆက်တို့လည်း မွမ်းမံပြုပြင်ခဲ့ကြလေသည်။

ကောဇာ ၁၃၂၅ ခုနှစ်တွင် ဗုဒ္ဓသမ္မရက္ခိတအဖွဲ့က မွမ်းမံပြုပြင်ပြီး ယခုတိုင်မစောင့်ရှောက်ပူဇော်လျက်ရှိနေကြသည်။ ကောဇာ ၁၃၂၉ ခုနှစ် လေမုန်တိုင်းကြောင့် ကောဇာ ၁၃၂၅ ခုနှစ်နှင့် ၁၃၂၇ ခုနှစ်က ဆောက်လုပ်ခဲ့သည့် တစ်သောင်းကျော်ဖိုးတန်သော အရှေ့အနောက်အာရုံခံတန်ဆောင်း နှစ်ခုလုံးမှာ ပြိုပျက်သွားခဲ့ခြင်းခံခဲ့ရသည်။ နှစ်စဉ်တန်းခူးလနှင့် ကဆုန်လတွင် ပွဲတော်ကျင်းပလေသည်။ ယခုတိုင် ထင်ရှားသော ဓာတ်တော်တစ်ဆူအဖြစ် ကျော်ကြားလျက် ရှိလေသည်။

## တက်မကိုင်စေတီ

ကျွန်းဦးဓာတ်တော် တောင်ဖက် ပန်းမြောင်းကြီးချောင်းဝတွင် စေတီတည်ရှိသည်။ တပ်စခန်းချရာ၌ တည်ထားခဲ့သောကြောင့် တပ်မဦးကိုင်ဟု ခေါ်တွင်လေသည်။ မင်းစောမွန်က သူရတန်မှ အပြန်မြို့ရွာပြုပြင်စဉ် သက္ကရာဇ် ၇၉၃ ခုနှစ်မွမ်းမံခဲ့သည်ဆို၏။ ဟောင်းနွမ်းပျက်စီးသဖြင့် မြင်းတင်မဆရာတော်က ကြီးမှူး၍ ပြုပြင်ခဲ့သည်။ မင်းထီးလက်ထက်တောတန်းကျွန်းကို ပြုစုပျိုးထောင်ခဲ့ရာကာလ၌ ဤဘုရားမှာ တပ်မ၏ပဲ့ကိုင်ကျရာ၌ တည်ခဲ့လေသည်။ ယခင်ဘုရားအဖွဲ့ဖြင့် သိမ်ချုပ်မိုးထားရှိသည်။ အခါအားလျော်စွာ ပွဲတော်ကျင်းပခဲ့သည်။ ဤစေတီမှာ ပန်းမြောင်းကြီးချောင်းအဝ၊ ချောင်းအဝင်ကို ထင်ရှားအောင်ပဲ့ကိုင်အလား တည့်မတ်စွာ ညွှန်ပြသကဲ့သို့ ဖြစ်နေသည်။

## သွားဖုံးတော်ဓာတ် (သင်းပုန်းတောင်ဓာတ်)

ပန်းမြောင်းကြီးချောင်း၏လက်တက် မင်းဇီချောင်းဖျား အနောက်ဖက် သင်းပုန်းတောင် နန္ဒာပဗ္ဗတတောင်ကုန်းပေါ်၌ တည်ရှိသည်။ ယခုပြိုပျက်နေလေပြီ၊ နေရဥရာ

တောင်ငူခေတ်ကောဇာ ၆၁၂ ခုနှစ်တွင် အလောမာဖြူမင်းနန်းတက် အထိမ်းအမှတ် အဖြစ် တည်ခဲ့၏။ သင်းပုန်တောင်ခေတ်ဟု ခေါ်တွင်လျက်ရှိသည်။ သွားဖုံးတော်ခေတ် ဖြစ်ပြီး ရှဥ့်မင်းတဇာစ်ဖြစ်ခဲ့သည်ဆို၏။ ကောဇာ ၁၃၄၄ ခုနှစ်မွမ်းမံတည်ထားခဲ့ကြ လေ၏။ စေတီမှ ဉာဏ်တော်အမြင့် ၁၇ ပေ၊ အောက်ခြေ ၄၁ ပေရှိ၏။ ဤခေတ်တော် တောင်ဖက်က ရခိုင်မင်းလက်ထက် တည်ချကိုးကွယ်ခဲ့ဖူးသော ဘုန်းတော်ကြီးသီတင်း သုံးခဲ့ရာကျောင်းတော်ဟူ၍ရှိသည်။

## ကြက်စာသိမ် (အသည်ကာလ)

သင်ပုန်းတောင်ဘုရား၏အရှေ့ဘက် အသည်ကာလရွာ၏ တောင်ဖက်တွင် တည်ရှိသည်။ မူလဂူဘုရားဖြစ်ခဲ့သော်လည်း ယခုပျက်စီးနေပြီ၊ ဘုရားမှာ ကျောက်ဆင်း တုဖြစ်သည်။

## ရွာဟောင်းပြင်ဘုရား(အသည်ကာလ)

အသည်ကာလရွာ၏အနောက်ဖက်တွင် ရှိသည်။ ရေကန်၏လေးဖက်ထောင့်တွင် စေတီလေးလုံးရှိသည်။ ယခုပျက်စီးလျက်ရှိနေပြီ။

## အောင်စေတီ(စေတီ)နှင့် အောင်မင်္ဂလာဘုရား (ချင်းပျံ ဘုရား)

ပန်းမြောင်းကြီးချောင်းလက်တက်၊ စံကားချောင်းအနောက်ဖက် ချင်းဆိပ်ရွာ အနီးတောင်ငယ်တွင် တည်ရှိသည်။ စေတီထဲဘုရားကိန်းလျက် မူလကစန္ဒဝိဇယ ကောင်းမှုတော်ဘုရားဟု ခေါ်တွင်ရှိနေကြ၏။

## ပီပင်ရင်းတောင်ဘုရား

ချင်းဆိပ်ကျေးရွာမှ အရှေ့မြောက်ခပ်ယွန်းယွန်း မိုင်ဝက်ခန့်တွင်ရှိသည်။ ပေတစ် ရာခန့်မြင့်၏။ ကျောက်ဆင်းတုတစ်ဆူကိန်းဝပ်လျက်ရှိသည်။ တောင်ခြေရင်း၌ ရေကန် ဟောင်းတစ်ခုလည်းရှိ၏။ ထိုရေကန်၌ ပေပင်များပေါက်ရောက်ခဲ့သဖြင့် ပေပင်ရင်း



တောင်ကန်ဘုရားဟု တွင်လာခဲ့ရသည်။

## သိမ်တောင်ဘုရား

ပီပင်ရင်းဘုရား၏ မြောက်ဖက်တွင်ရှိသည်။ တောင်မှာကုန်းငယ်ဖြစ်ပြီး ပေ ၅၀ ခန့်မြင့်လေသည်။ ရှေးကသိမ်သမုတ်ခဲ့ဟန်တူ၏။ ကုန်းမြင့်၌ ကျောက်ဆင်းတု ဘုရားတစ်ဆူတည်ထားရှိ၏။ အနီးတွင် အရှေ့ဖက်အရပ်၌ ပေါက်ဆိပ်ရွာဟူ၍ ရှိ၏။ ထိုရွာက ကိုးကွယ်ခဲ့ဖူးဟန်တူ၏။ ယခုရွာမရှိပြီ၊ ဘုရားမှာ မြောက်ဦးခေတ်က လက်ရာ ဖြစ်ရာ ထိုရွာဟောင်းမှလည်း မြောက်ဦးခေတ်သုံးဒင်္ဂါးများကို ရရှိခဲ့ကြသည်ဆို၏။

## သိုက်တွင်းတောင်ဘုရား

သိမ်တောင်မှ အနောက်စူးစူးတွင် သိုက်တွင်းတောင်ဟူ၍ ရှိ၏။ သိုက်တူးထား သဖြင့် တွင်းချောက်ဖြစ်လျက်ရှိနေ၏။ ထိုတောင်၌ ဘုရားမှာ ယခုပျက်စီးသွားလေပြီ။ ကျောက်တုံးများ ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရ၏။ ဘုရားပလ္လင်ဖြစ်မည်ဟုထင်ရ၏။ ရှေးကဆင်ရုပ်၊ မြင်းရုပ်များလည်း ရှိခဲ့သည်ဆို၏။

## ဘုရားသုံးဆူ

သစ်တွင်းတော်မှ အနောက်ဖက်တွင် ရှိသည်။ တောင်မှာ ဗုဒ္ဓရုပ်ပွားဆင်းတု သုံးဆူ တည်ရှိခဲ့ဖူးသည်။တပ်ရာတောင်ဆိုလျှင် ပေ ၇၀ခန့်မြင့်မားလေသည်။ ဘုရားနှစ် ဆူနည်းငယ် ပျက်စီးနေပြီး တစ်ဆူမှာ တစ်ပိုင်းတစ်စဖြစ် ရှိနေသည်။ မြောက်ဦးခေတ် ဆင်းတုတော်ဖြစ်သည်။ ပလ္လင်မှာပျက်စီး၍ ကျောက်တုံးများ ပြန့်ကျဲလျက်ရှိသည်။

## ကုလားကန်ဘုရား

ဘုရားသုံးဆူ အနောက်တောင်ထောင့်တွင် ရှိသည်။ ဂူဖြင့်တည်ရှိရာ၊ ယခုပျက် စီးနေ၏။

## ဘုရားတောင်ဘုရား(သရက်အုပ်ဘုရား)

ဘုရားသုံးဆူတောင်နှင့်ဆက်၍၊ အနောက်မြောက်ထောင့်အရပ်၌ ရှိသည်။

တောင်ကုန်းမှာ ပေတစ်ရာခန့်မြင့်မားသည်။ သုံးတောင်တစ်ထွာခန့်ရှိသော ကျောက်ဆင်းတုတော်တစ်ဆူရှိသည်။ လေးမြို့ခေတ်က လက်ရာဟု ခန့်မှန်းရသည်။ ယခုအခါ ချင်းဆိပ်ရွာ ဘုန်းကြီးကျောင်းသို့ ပင့်ထားရှိသည်။ ဘုရားအနီးတစ်ဝိုက်တွင် ကျောက်စာတစ်ခုမှာ ဖျက်ဆီးခံသွားခဲ့ချေပြီ။

## ဇိုင်းချောင်းပေါက်တော်ကျောင်းတောင် (သတ္တဌာနဘုရား)

သရက်အုပ်ဘုရားသုံးဆူ ဘုရားမှ အရှေ့ဖက် တစ်မိုင်ခန့်အကွာတွင် ဇိုင်းချောင်းပေါက်တောရွာရှိ၏။ ထိုရွာ၏ အနောက်ဖက်အနီးတွင် ဘုန်းကြီးကျောင်းရှိ၍ ကျောင်းတောင်ဟုခေါ်သည်။ ထိုတွင် သတ္တဌာနရုပ်တုဘုရားများ တည်ထားရှိရာ၊ ယခုအကြွင်းအကျန်မျှသာ ရှိနေတော့၏။

## သရက်နှစ်ထပ်တောင်ဘုရား

ဘုရားသုံးဆူတောင်မှ အနောက်ဖက်တွင် တည်ရှိသည်။ တောင်မှာ ပေ ၇၀ ခန့်မြင့်သည်။ ထိုင်နေဟန်ထုလုပ်ထားသော ရုပ်တုတစ်ဆူရှိသည်။ ဇမ္ဗူပတိမင်းဟု ပြောဆိုနေကြသည်။ မျက်နှာတော်အောက်ဖက် ပျက်ဆီးလျက်ရှိနေပြီး မင်းဝတ်ဘုရားရာဇာတိရာဇာ ဇမ္ဗူပတိဘုရားဖြစ်နိုင်သည်၊ အဝတ်တန်ဆာ ဆင်ယင်ထားမှုမရှိ။ ထို့ကြောင့် မင်းအရုပ်မဖြစ်နိုင်ချေ။

## ဆင်တွင်းဘုရား

သရက်နှစ်ထပ်ဘုရား၏မြောက်ဖက်တောင်၌ တည်ရှိသည်။ ဂူဖြင့်တည်ရှိ၏။ ယခုအခါ ပျက်စီးကိန်းဝပ်ရှိနေ၏။

## ရွှေစမွယ်နတ်

တောတန်းကျွန်းကို စိုးမိုးရသော ကျွန်းနတ်ဖြစ်သည်။ ကျွန်းခေါင်းနတ်ဖြစ်၍ မြောက်ဦးမြို့တည်စဉ်ကလည်း ကျွန်းနတ်အဖြစ် အကာအကွယ်အဖြစ် သတ်မှတ်ခဲ့သည်။ တောတန်းကျွန်းကျောင်းတော်၏ မြောက်ဖက်အရပ်တွင် နတ်ကွန်းရှိသည်။



ကျောက်နန်းဖြစ်ပြီး တောင်ကုန်းပေါ်၌တည်ရှိသည်။ အလျား ၁၂- တောင်၊ အမြင့် ၇ တောင်ခန့်ရှိ ကျောက်တုံးသည် နတ်နန်းဖြစ်ချေ၏။

## နန္ဒဗလ ဘုရား

ရေစမွယ်နတ်နန်းတစ်ဖက် ချောင်းအကူးတွင် နန္ဒဗလတောရှိ၏။ တောထဲ၌ နန်းရာဟူ၍လည်းရှိ၏။ စစ်သူကြီးနန္ဒဗလနှင့် မြောက်ဦးဘုရင် စန္ဒဝိမလရာဇာတို့ ခိုလှုံခဲ့ရာလည်းဖြစ်၏။ ထိုစဉ်ကျိန်းတိုက်၌ တုံးညိုကို တန္တဗိုလ်မင်းအဖြစ် ခန့်ထားလာခဲ့ရ၏။ ထိုနန္ဒဗလတော၌ နန္ဒဗလစစ်သူကြီး သေဆုံးမြှုပ်နှံခဲ့သော သင်္ချိုင်းရှိ၏။ ယခု မင်းဇီရွာဟောင်းအနီး၌ ဖြစ်၏။ ထိုသင်္ချိုင်းရာတွင် စေတီတစ်ဆူတည်ထားရှိ၏။ ဆင်းတုတော် အကျိုးအပဲ့များလည်း ပြန့်ကျဲလျက် ရှိလေသည်။

## မင်းဇီရွာ ဘုရား

နန္ဒဗလစစ်သူကြီး သင်္ချိုင်းရာ မြောက်ဖက်တွင် မင်းဇီရွာဟောင်းရှိ၏။ မင်းမှုထမ်းအစေအပါး နေခဲ့ရာရွာဖြစ်ချေ၏။ ရေကန်ဟောင်းခြောက်ခုနှင့် စေတီဟောင်းများ၊ သိမ်တော်ရာ ကုန်းများရှိနေ၏။ မြောက်ဦးခေတ်သုံးဒင်္ဂါးများ ရရှိခဲ့ကြ၏။ သင်္ချိုင်းရာမှာ အနောက်မြောက်ဖက်၌ ရေကန်တစ်ခုရှိ၏။ ကန်၏ထောင့်တိုင်း၌ စေတီတစ်ဆူစီရှိ၏။ ရေကန်ဟောင်းမှ အရှေ့ဖက်တွင် ကုန်းမြင့်ငယ်၌ သိမ်တော်ရာရှိ၏။ ကျောက်ဆင်းတုအကျိုးအပဲ့နှင့် ကျောက်တုံးများ ပြန့်ကျဲနေ၏။ ထိုရွာမှလူများသည် ရွှေ့ပြောင်း၍ အသည်ကာလရွာသို့ ရောက်ရှိနေကြ၏။ တိုင်းရင်းသားကို အသည်သားဟု ခေါ်သည်။ တိုင်းခြားသားကို အလာ(ကလာ)သားဟု ခေါ်သည်။ ၎င်းတို့ပေါင်းဖက်၍ စပ်သည် (ကပြား)ကို အသည်ကလာဟု ခေါ်သည်။ ဘုရင်အမှုတော်ထမ်း မင်းစေများဖြစ်ကြသည်။

## စပါးထား သတ္တဌာန ဘုရား

သင်းပုန်းတောင်မှ အနောက်တောင်ဖက်တွင် ရှိသည်။ လေးမြို့မြစ်ကမ်း အရှေ့ဖက်တွင် တည်ရှိ၏။ ရခိုင်မင်းများလက်ထက် စပါးသို့လှောင်ထားခဲ့ရာ အဝယ်တော်ဌာနတစ်ခုဖြစ်ခဲ့သည်။ စပါးထားရွာ၏ အနောက်ဖက်တောင်တန်းငယ်၌ သတ္တဌာန (ခုနှစ်ဌာန) စေတီငယ်များ အစီအရီတည်ရှိ၏။ ယခုပျက်စီးယိုယွင်းမှုများ ရှိနေပြီ၊

ထိုစေတီများကို သုတ်သင်စဉ်က ဌာပနာမှ ကြေးပြားစာနှစ်ချပ်ရရှိ၏။ ခေတ္တသင်မင်းနှင့် မိဖုရားကုမ္မာရီတို့ ကောင်းမှုဟုပါရှိသည်ဆို၏။ ထိုကြောင့် ပဍ္ဍခေတ်က တည်ခဲ့သည်ဟု သိနိုင်၏။

## ခုံမင်းရွာ သတိုးရာဇာ ဘုရား

တောတန်းကျွန်းဦးဓာတ်မှ အရှေ့မြောက်ဖက်တွင် မင်းပတ်တောင်ရှိ၏။ ထိုမှ အနောက်မြောက်တွင် ကင်းသမား (ကင်းသည်မ) တောင်ကို မြင်ရ၏။ ထိုတောင်မြောက်အရပ်၌ သောင်းစားပြင်တွင်းရှိ၏။ ကင်းသမားတောင်မှ အရှေ့ဖက်တွင် ခုံမင်းရွာဟောင်းရှိ၏။ မြောက်ဦးခေတ် တောတန်းကျွန်းတစ်ခုလုံးမှ မှုခင်းဖြစ်ရပ်ဟူသမျှကို ဤနေရာ၌ တရားခုံဖွင့်၍ ကြားနာစစ်ဆေးလာခဲ့၏။ ထိုကြောင့် တရားရုံးခွဲချထားရာ တရားစစ်ဆေးရာဌာနခွဲတစ်ခုဖြစ်ခဲ့၏။ မြောက်ဦးမြို့တွင် တရားရုံးချုပ်သို့ သွားလာရန် မလိုတော့ပြီ။ ကျေးလက်တရားသူကြီးများ ဤနေရာတွင် နေထိုင်ခဲ့ကြ၏။ ထိုရွာမှ မြောက်ဖက်တောင်ကမူတွင် ကျောက်ဆင်းတုတစ်ဆူရှိ၏။ ကောဇာ ၁၀၁၄ ခုနှစ် နန်းစံခဲ့ရသော မြောက်ဦးဘုရင်သတိုးရာဇာ၏ ကောင်းမှုတော်ဖြစ်၏။ ထိုဘုရား အနောက်မြောက်ဖက်တွင် သတိုးရွာဟောင်းရှိ၏။ ရွာအနီးတစ်ဝိုက် ရေကန်၊ စေတီပုထိုးများရှိ၏။ သိမ်တောင်ဟုခေါ်သော တောင်ငယ်၌ ကျောက်ဆင်းတုအများအပြား ရှိခဲ့သည်ဆို၏။

## မင်းဖူးရွာ ဘုရားသုံးဆူ

မင်းဖူးရွာ အရှေ့ဖက် ကံ့ကော်တောင်တွင် မူလတည်ထားခဲ့သည်။ ယခုမင်းဖူးရွာမြောက်ဖက်သို့ ရွှေ့ပြောင်း၍ တည်ထားကိုးကွယ်လျက်ရှိနေကြ၏။ ကံ့ကော်တောင်မှာ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တွင် ကံ့ကော်သစ်တပ်(ခံတပ်)ချထားခဲ့ရာဌာန ဖြစ်ချေသည်။

## ကံ့ကော်တောင် ဘုရား

မင်းဖူးရွာ အရှေ့ဖက် ကံ့ကော်တောင်၌ သတ္တဌာနဘုရား တည်ချခဲ့သည်။ ၎င်းတောင်မှ မင်းပူးရွာသားတို့ ဘုရားသုံးဆူပင့်ယူသွားခဲ့ကြလေပြီ၊ အိုးပျဉ်ထောင်ကျေးရွာမှလည်း တစ်ဆူပင့်၍ ကိုးကွယ်ရှိနေကြ၏။





## လှျို့ဓာတ်

ငပိန်တောင်ထိပ်၌ တည်ရှိသည်၊ ထိုငပိန်တောင်အနီးကွင်းပြင်တွင် ကန်ကြီးတစ်ကန် ရှိလေသည်။ ထိုကန်ကြီးထောင့်လေးဖက်၌ စေတီတစ်ဆူလည်းရှိ၏။ ဘုရားတစ်ဆူကျစီရှိ၏။

## ရွှီစံကား နတ်ကွန်း

တောတန်းအဖျားတွင် ရွှီစံကားနတ်ရှိလေသည်။ ၎င်း၏ နတ်ကွန်းမှာ ငပိန်တောင်အနီးတွင် တည်ရှိလေသည်။ ငပိန်မှာ ရွှီစံကား၏မောင်တော်တည်း။ ရွှီစမွယ်(တောတန်းအလယ်) နတ်မနှင့် ညီအစ်မတော်သည် ရွှီစမွယ်ကကြီး၍ ရွှီစကားက ငယ်သည်ဆို၏။

## ဝက်ဖြူကျွန်းစေတီ(ဝမ်းသားတော်ဓာတ်)

ပန်းမြောင်းကြီးချောင်းဝရေလည် ကျွန်းပေါ်ထက်၌ တည်ရှိသည်။ ဘုရားလောင်းနုစဉ်က ဝက်မင်းတဇာတ်ဖြစ်ခဲ့ဖူးသည်ဟူ၏။ ဘုရားရှင်၏ ဗျာဒိတ်အရ ဝမ်းသားတော်ဓာတ် တည်လတ့်ဟူသည့်အတိုင်း ဝမ်းသားတော်ဓာတ် ကိန်းဝပ်တည်ရှိလေသည်။ ထို့ကြောင့် ဘုရားကျင်လည်ရာဌာနကို အစွဲပြု၍ ဝက်ဖြူကျွန်း၊ ဝက်ဖြူကျွန်းစေတီဟု ခေါ်တွင်လာခြင်းဖြစ်သည်။ မူလက မင်းထီးဘုရင် တည်ထားခဲ့သည်ဆို၏။ ထိုနောက် သကြစ် ၁၀၀၀ပြည့်၌ နန်းတက်သော နရပတိကေုသလမင်း၏ မိဘုရားနတ်ရှင်မယ်ခေါ် ဝါလှဖြူက ထပ်မံတည်ထားခဲ့သည်။ ထိုကြောင့် ထိုမိဖုရားအမည်ကို စွဲ၍ ဝါလှဖြူကျွန်း၊ ဝါလှဖြူစေတီဟု ခေါ်တွင်ခဲ့ရာ ကာလကြာ၍ ဝတ်ဖြူကျွန်း၊ ဝက်ဖြူကျွန်းစေတီဖြစ်လာခဲ့ရသည်ဆို၏။

ဤစေတီကို ကြန်းတိုက်ရွာမှ လွန်ခဲ့သောနှစ်ပေါင်း ၈၀ ကျော်လောက်က သက္ကရာဇ် ၁၂၇၀ ခုနှစ်က မောင်လှရွှီဆိုသူ ပြုပြင်ခဲ့သည်ဟု သိရ၏။ ထိုနောက် ငါးဇင်ရိုင်းချောင်းကျွန်းမှလည်း စေတနာရှင်များပြုပြင်ခဲ့ကြလေသည်။ထိုမှတစ်ဖန် ကောဇာ ၁၃၂၀ ခုနှစ်က သေကန်ဆရာတော်နှင့် ဒါယကာများက ပြုပြင်ပြီး သံထီးတင်ခဲ့ကြလေသည်။ ဤစေတီတည်ထားရာကျွန်းကား ထူးဆန်းအံ့သြဖွယ်လည်း ရှိလှသည်။ မည်သည့်အခါမှလည်း ရေနစ်မြုပ်၍ ရေလျှံခြင်း လုံးဝမရှိချေ။ ထို့ကြောင့် ထူးခြားသော ကျွန်းဖြစ်၍ ထင်ရှားကျော်ဇောလှပေသည်။

## ငါးဇင်ရိုင်းချောင်း ကျွန်းဦးဘုရား

ထိုဘုရားမှာ ငါးဇင်ရိုင်းချောင်းကျွန်း၏ မြောက်ဖက်ကျွန်းဦး တောင်ကုန်းထိပ်တွင် တည်ရှိသည်။ ယခုရေလှောင်မြောင်းကြီး အထက်တောင်ကုန်းတွင် ကျရောက်သည်။ ထိုမြောင်းကြီးမှ သီးထပ်စပါးကို ရေသွင်းစိုက်ပျိုးလျက်ရှိသည်။ ကျွန်းဦးဘုရားမှာ ၃ တောင်ခန့်ရှိပြီး ကျောက်ညိုဘုရားဖြစ်သည်။ ပျက်စီးခံခဲ့ရသဖြင့် ယခုပြုပြင်မွမ်းမံပူဇော်ထားရှိ၏။ မူလကကျောက်တံတိုင်းဖြင့် ကာရံထားရှိခဲ့သည်ကို တွေ့ရ၏။ ဘုရားမှာလောင်းကြက်နှောင်းခေတ်ဘုရားပုံသဏ္ဍာန်ဖြစ်သည်။ ထိုကျွန်း၌ လူနေရပ်ရွာစည်ကားစဉ် တည်ထားကိုးကွယ်လာခဲ့ခြင်းကြောင့် ကျွန်းဦးဘုရားဟု အမည်တွင်လာခြင်းဖြစ်သည်။ မင်းစောမွန် အနောက်သူရတန်မှ ပြန်ရောက်ပြီးနောက် ဤကျွန်းကိုတိုးချဲ့ချထားခဲ့ရာမှ တစ်စတစ်စ စည်ပင်လာခဲ့ရခြင်းဖြစ်လေသည်။

## လက်ျာသလုံးဓာတ်စေတီ (တစ်လုံးတော်စေတီ)

ငါးဇင်ရိုင်းချောင်းကျွန်းမြောက်ပိုင်း မင်းရွာ အရှေ့ဖက်တောင်ထိပ်ပေါ်၌ တည်ရှိသည်။ မြောက်ဖက်ကျွန်းဦးဘုရားမှ တောင်ဖက်အနီးတွင် ကျရောက်သည်။ ယခုမြောင်းကြီး၏ တောင်ဖက်အစတွင်ဖြစ်သည်။ ထိုဘုရားတည်ရှိရာ တောင်ကို ပြဟ္မဏ ပဗ္ဗတတောင်ဟု ဆိုကြသည်။ ဘုရားသမိုင်း၌ ဝဏ္ဏသာစကပဗ္ဗတောင်ဟု လာရှိသည်။ ဤတောင်၌ ဘုရားလောင်းနုစဉ် ဇီရွှက်ငှက်၊ (ဆက်ရက်ငှက်) မင်းဖြစ်ခဲ့ရာကား နောင်တွင် လက်ျာခြေသလုံးတော်ဓာတ်ကို တည်ထားလတ္တံ့ဟူသော ဗျာဒိတ်အရ ဓာတ်တော်ကိန်းဝပ်တည်လာခြင်းဖြစ်သည်။ ဓာတ်တော်ရောင် ကွန့်မြူးသဖြင့် မင်းဗာကြီးသားထွေးဖြစ်သော မင်းဖလောင်း(ကောဇာ ၉၃၃ မှ ၉၅၅)လက်ထက် တည်ထားခဲ့ခြင်းဖြစ်သည်။ ထိုနောက် မင်းဖလောင်း၏ သားမင်းရာဇာကြီးက မွမ်းမံခဲ့လေသည်။

၎င်းနောက် မင်းရွာနေ ဦးလှအောင်နှင့် ဇနီးမြဒါဦးတို့က ကောဇာ ၁၂၆၈ ခုနှစ်တွင် ပြန်လည်တည်ထားခဲ့ကြသည်။ ၁၂၉၄ ခုနှစ်သိုက်တူးဖျက်ပြိုခြင်းခံခဲ့ရသဖြင့် မင်းရွာကျောင်းဆရာတော် ဦးနန္ဒိယနှင့် ဘုရားတကာမ၏သမီးဖြစ်သူ မိမွှေးသာတို့က တစ်ဖန်ထပ်မံပြုစုခဲ့လေသည်။ ထိုနောက်ကောဇာ ၁၃၁၃ ခုနှစ် ပြိုပျက်သဖြင့် ၎င်းမိမွှေးသာကပင် ပြင်ဆင်ခဲ့ရလေသည်။

၁၃၃၀-ပြည့်နှစ်တွင် ကွန်ကရစ် အင်္ဂတေတို့ဖြင့် ပြုပြင်၍ သလုံးတော်ဘုရားအသင်းက မွမ်းမံလျက် ယခုထိတိုင် စောင့်ရှောက်လျက်ရှိနေကြသည်။ ဘုရားဖူးသားများတည်းခိုနိုင်ရန် တန်ဆောင်း၊ ဇရပ်တစ်ခုလည်း အသင်းကဆောက်လုပ်ထားရှိသည်။ ဤစေတီတော်သို့တိုင်အောင် တောင်ဖက်မှ စဉ်လျှား၍ တည်ထားရှိသောအရံအုတ်၊ ကျောက်စေတီငါးလုံးလည်းရှိ၏။ စေတီတော်ပတ်လည် တောင်ခြေရင်း၌၊ ဆင်အိုး၊ ဆင်ပြောင်၊ ဆင်အင်းများနှင့် ဇော်ဂျီဂူခေါ်သော ထုဆစ်ထားသည့် ကျောက်ဆောင်နံရံကြီးတစ်ခုလည်းရှိ၏။

ဘုရားတောင်ပေါ်တွင် တောရပ်ဆောက်တည်လျက် သံဃာများ သီတင်းသုံးရှိကြသည်။ တောင်ခြေရင်းတွင် ဇရပ်နှင့် ရေတွင်းများ ရှိကြ၏။ မင်းရွာ၏ အရှေ့ဖက်မင်းလမ်းခြားလျက်ရှိ၏။ လေးမြို့မြစ်ကမ်းအဝေးမှပင် ဖူးမြော်နိုင်ပေ၏။

## မျက်ရိုးတော်

ရာမောင်တောင်တန်းကျောက်တောင်ထိပ်ဝယ် သီရပဗ္ဗတတောင်၌ ဘုရားလောင်းနုစဉ်ဘဝက ကျေးမင်းတဇာစ်ဖြစ်ခဲ့ဖူး၍ ငါ၏ မျက်ရိုးတော်ကို စေတီတည်လတံ့ဟူသော ဗျာဒိတ်တော်အရ ဗုဒ္ဓ၏မျက်ရိုးတော်ဓာတ်တည်ထားရှိသည်။ မင်းဖလောင်း စသောမင်းများပြုပြင်မွမ်းမံခဲ့လေသည်။ ထိုနောက် ကောဇာ ၁၁၃၉ ခုနှစ် ငါးဇင်းရိုင်းချောင်းကျွန်းတွင် သူပုန်ဗိုလ်မင်းပြုကာ သီးခြားနေခဲ့ဖူးသော ဓားပိုင်ကြီး င/သံတွေ၏ သားတော်မျက်သစ်၊ (မျက်စစ်) စေတီဟုလည်း တွင်ခေါ်ခဲ့လေသည်။

ကျောက်ချပ်များဖြင့် တောင်စွယ်ကို ညှိလျက် ဆည်ဖို့တည်ထားခဲ့ခြင်းလည်းဖြစ်သည်။ ပြိုကျပျက်စီးသွားသဖြင့် သပိတ်မှောက်မှ အောက်ခြေထိသာ ယခုကျန်ရှိတော့သည်။ ဌာပနာပစ္စည်းများကို သိမ်းဆည်းထားရှိ၏။ တစ်ကြိမ်မက မွမ်းမံခဲ့သော်လည်း လက်ရာမခိုင်လှသဖြင့် ပျက်စီးမြဲပျက်စီးနေရသည်။ ဤစေတီအရှေ့ဖက်ကအမြဲရေပြည့်လျှံနေသော ရခိုင်မင်းလက်ထက် ဆင်မွေးမြူရာ၌ အသုံးပြုခဲ့ဖူးသည့် ဆင်းမြောင်းခေါ် ဆင်အင်းရှည်ကြီးတစ်ခုလည်း ရှိသည်။ ထိုအင်းမှာ မည်သည့်အချိန်အခါတွင်မှ လုံးဝရေခန်းခြောက်ခြင်းမရှိပေ။

## မျက်မှောင်တော်ဓာတ်

ငါးဇင်ရိုင်းချောင်းကျွန်းအလယ် ရာမောင်တောင်တန်းခြေရင်း ဣန္ဒပဗ္ဗတခေါ်တောင်၌ တည်ရှိသည်။ ဘုရားရှင်နုစဉ်က ဤတောင်၌ ကျေးသားတဇာစ် ဖြစ်ခဲ့ဖူး

သည်။ ဘုရားရှင်၏ ဗျာဒိတ်တော်အရ မျက်မှောင်တော်ဓာတ်ကို ဌာပနာတည်ထားခဲ့သည်။ ဤဓာတ်တော်ကို ကောဇာ ၇၉၄ ခုနှစ်တွင် မင်းစောမွန်ခေါ် နရမိတ်လှတည်ထားခဲ့သည်ဟု ရခိုင်ရာဇဝင်၌ ပါရှိသည်။

ဤဓာတ်တော်စေတီမှာ ဗျာဒိတ်ဝင်ဓာတ်တော်ဖြစ်၍ တစ်ကျွန်းလုံး ဂရုတစိုက် ပူဇာသက္ကာရ ပြုလုပ်ကိုးကွယ်ထားရှိကြသည်။ စေတီ၏အရွယ်မှာ များစွာမကြီးလှသော်လည်း ယဉ်ကျေးမှုသမိုင်းအတွက် တန်ဘိုးရှိလှသည်။ စေတီ၏ ရှေ့တည့်တည့်မှ ကလပ်ပုံသဏ္ဍာန်ကဲ့သို့ ကျောက်ဆစ်လက်ရာမွန်ဖြင့် ဘုရားကျောင်းဆောင် တစ်ခုဆောက်လုပ်ရှိသည်။

ယိုယွင်းပျက်စီးသည်များကို ဦးညာဏဝံသဆရာတော်က စတင်လျက် ပြုပြင်ပြီး အုန်းခနိမိုးသိမ် ချုပ်ဆောက်ခဲ့သည်။ ကောဇာ ၁၂၆၇ ခုနှစ် သိမ်ချုပ်၍ သွပ်မိုးကာ ပြင်ဆင်လာခဲ့လေသည်။ ယခု ဘုရားအဖွဲ့အစည်းဖြင့် လျှပ်စစ်မီးထွန်းညှိခြင်း၊ တန်ဆောင်းများပြုပြင်ခြင်း၊ သင်္ကြန်အပျံ့နေ့မှစ၍ သုံးရက်တိုင်တိုင် နှစ်စဉ်ပွဲတော်ကို ကျင်းပပေးလာသဖြင့် အထူးထင်ပေါ်ကျော်ကြားသော စေတီတော်တစ်ဆူအဖြစ် လူသိများလျက်ရှိသည်။ ရာမောင်နတ်ရှင်မဆိုလျှင် ဤဘုရားတွင် သီတင်းသုံးလျက်နေလေ့ရှိသည်ဆို၏။

## ခွဆုံတောင်စေတီ

မျက်မှောင်တော်ဘုရားတောင်ဘက်တွင် ခွဆုံတောင်ရှိသည်။ ထိုတောင်ထိပ်တွင် တည်ရှိသည်။ ငါးဇင်ရိုင်းချောင်းကျွန်းတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ မူလတည်ခဲ့သော စေတီဒါယကာကို မသိရချေ။ သို့သော် အင်္ဂလိပ်ခေတ်ဦးက ကောဇာ ၁၂၀၀ ခန့်က တည်ခဲ့မည်ဟု ယူဆရသည်။ ယခုထိ အဆက်အနွယ်မြစ်၊ တီး၊ များက ထုံးသက်န်းကပ်ခြင်း၊ သုတ်သင်ရှင်းလင်းခြင်း ပြုနေကြသည်။

## ကြက်ယက်စေတီနှင့်ဘုရား

ငါးဇင်ရိုင်းချောင်းကျွန်း ကြက်ယက်ရွာ မြောက်ဖက် ဥရုပဗ္ဗတတောင်တန်း၌ တည်ထားရှိသည်။ ဤတောင်တွင် ဘုရားလောင်းနုစဉ်က ကြက်မင်းတဇာတ်ဖြစ်ခဲ့ဖူးသည်။ ရင်တော်ဓာတ်တည်ထားလတ့ံဟု ဗျာဒိတ်အရ ကိန်းဝပ်တည်လာသည်။ ရင်တော်ဓာတ်တည်ထားလတ္တံ့ဟု ဗျာဒိတ်အရ ကိန်းဝပ်တည်လာသည်။ ရင်တော်ဓာတ်တည်ထားရှိသဖြင့်လည်း ဥရုပဗ္ဗတတောင်ဟု ခေါ်ခြင်းဖြစ်သည်။ ယခုပြိုပျက်လျက်ရှိနေသည်။ ထိုနေရာတွင် နန်းကျမှ ပင့်လာသော လောင်းကြက်ခေတ်လက်ရာ ဆင်းတုတော်တစ်ဆူကို ၁၃၂၈ ခုနှစ် ပြုပြင်တည်ထားခဲ့သည်။ ထိုဘုရားအနီးတွင် စေတီကြီးတစ်ဆူ၊ စေတီပျက်များလည်း ရှိကြပေသည်။

## ချဲးဓာတ်(အသည်းတော်ဓာတ်)

ကန္ဒီချဲးရွာအနီး၌ တည်ရှိသည်။ ဤရွာကို စွဲ၍တည်ရှိသဖြင့် ချဲးဓာတ်ဟု ခေါ်ခြင်းဖြစ်သည်ဆို၏။ ဤဓာတ်တော်ကို မြွေ၊ နဂါးများ စောင့်လေ့ရှိရာ တချဲးချဲးနှင့် အသံပေးလျက်ရှိလေသည်။ ထိုအသံကို စွဲ၍ ချဲးဓာတ်ဟု ခေါ်ကြောင်းဖြင့်လည်း အဆိုပြုကြသည်။

စန္ဒသုဓမ္မရာဇာ(ကောဇာ ၁၀၁၄-၁၀၃၆)မင်း၏ သားတော်ကန္ဒီမြို့စား ဥက္ကာဗလမင်း (ကောဇာ ၁၀၃၅)တည်ထားကိုးကွယ်ခဲ့သည်။ ထိုနောက် ဝရဓမ္မရာဇာ(၁၀၄၇-၁၀၅၄)မင်း၏ သားတော် ကန္ဒီစားက ထပ်မံပြုပြင်ခဲ့ပေသေး၏။ ၎င်းနောက် ကောဇာ ၁၂၉၈ ခုနှစ် တပေါင်းလတွင် ကန္ဒီဆရာတော်ကြီးမှူး၍ ပြန်လည်ပြုပြင်တည်ထားစောင့်ရှောက်လျက်ရှိသည်။ ထင်ရှားသော ဓာတ်တော်စေတီတစ်ဆူဖြစ်သဖြင့် ပွဲလမ်းသဘင်များကိုလည်း နှစ်စဉ်အမြဲ ကျင်းပလာခဲ့ကြ၏။

ကန္ဒီကျောင်းတွင် တည်ရှိသည်။ မျက်ရိုးတော်ဓာတ်ကို ဌာပနာတည်ရှိသည်။ ပျက်စီးယိုယွင်းနေသဖြင့် စန္ဒသုဓမ္မရာဇာမင်း၏ သားတော် ကန္ဒီမြို့စား ဥဂ္ဂါဗလက ကောဇာ ၁၀၃၅ ခုနှစ်တွင် အမတ်တော်တစ်ဦးအား ပြုပြင်စေခဲ့သည်။ ကောဇာ ၁၂၈၇ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်နေ့ ကန္ဒီဆရာတော်က ထပ်မံတည်ထားခဲ့လေသည်။ ထင်ရှားသော ဓာတ်တော်တစ်ဆူဖြစ်၍ ဘုရားပွဲများကိုလည်း ကျင်းပခဲ့ကြလေသည်။

## ပိဋကတော်ဓာတ်(ကေသလာဓာတ်)

ကေသလာကျွန်းလက်ဝါးခတ်ရွာ အနောက်တောင်ဖက်ကြပ်စင်တောင်တန်းအရှေ့ဖက်တောင်စွယ်တွင် တည်ရှိသည်။ ဘုရား၏ ကျောက်ကုန်းတော်မှဖြစ်သော ဓာတ်တော်ကိန်းဝပ်တည်ရှိလေခြင်းဖြစ်သည်။ ဓာတ်တော်ကို ချုံနွယ်ပိတ်ပေါင်း ပိတ်ဆို့နေသဖြင့် မဖူးမြင်ရဘဲ ရှိနေရာ ၁၂၆၅ ခုနှစ်တစ်ကြိမ်၊ ၁၂၇၀ ခုနှစ်တစ်ကြိမ်၊ အထင်အရှား ကွန့်မြူးလေသဖြင့် ရှာဖွယ်မှုပြုခဲ့ကြသည်။ ဓာတ်တော်စေတီကိုကား (၁၂၇၃-ခုနှင့် ၁၂၇၄)ခုနှစ်တို့၌ ကေသလာချောင်းဝမှ ဆေးဆရာဦးမြထွန်းက

ထိုတောင်စွယ်ကိုယာခုတ်ယင်းတွေ့ရလေသည်။ ထို့ကြောင့် ၎င်းကို သုံးနှစ်တိုင်တိုင် ပြုပြင်လာခဲ့ရာ မကြာခဏ ရောင်ခြည်မြူးကြွလေသဖြင့် တစ်ကျွန်းလုံးသားနှင့် နီးနားရွာသားများကပါ ပူးပေါင်း၍ ၁၂၇၈ ခုနှစ်တွင် တစ်ဖန်မွမ်းမံခဲ့ကြလေသည်။ ထိုနောက် ၁၂၇၈ ခုနှစ်တွင် မဟာရံတံတိုင်းနှင့် သိမ်ချုပ်မိုးခြင်းကိုပါ ပြုလုပ်ခဲ့ကြသည်။

၁၂၉၅ ခုနှစ်တွင် ကေသလာချောင်းဝကျောင်း ဆရာတော်ဦးဇာဂရီယ၏ အမိန့်ဖြင့် ဗုဒ္ဓဝေယျာဝစ္စအသင်းဖွဲ့စည်းပြီး ၁၂၉၇ ခုနှစ်မှစ၍ ဆောင်ရွက်လာခဲ့ကြရာ ပွဲလမ်းသဘင်ကျင်းပနိုင်ရန် ဓမ္မာရုံကြီးနှစ်ခုကို သုံးနှစ်အတွင်း ဆောက်လုပ်နိုင်ခဲ့လေသည်။ ထိုနောက် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မပြုပြင်နိုင်ဘဲ ၁၃ နှစ်တိုင်တိုင် ကြာခဲ့ရသည်။ တစ်ဖန် ၁၃၁၅ ခုနှစ်မှ စ၍ အသင်းကို ပြန်လည်ဖွဲ့စည်းလျက် ပြုပြင်စောင့်ရှောက်ကိုးကွယ်နေကြသည်။ နှစ်စဉ်ပွဲတော်ကိုလည်း သင်္ကြန်အလွန်တွင် ကျင်းပလာခဲ့လေသည်။ ဓာတ်တော်အရှေ့မြောက်ဖက်၌ စေတီကြီးတစ်ဆူလည်း တည်ရှိခဲ့သည်။ ကေသလာကျွန်းရဲဘော်နန်းရာ အရှေ့ဖက် ယခုရွာဦးဘုရားဟု တွင်သည်။ ရှေးဟောင်းသိမ်အတွင်း ကိန်းဝပ်တည်ရှိသည်။

## စိုးမဲကျီတော် (ဖလောင်းပြင်ဓာတ်)

မင်းဗာကြီးလက်ထက် ဖာရင်ဂျီခေါ် ဖလောင်းပေါ်တူဂီတပ်ချရာ ဖလောင်းပြင်ရွာ အနောက်ဖက်၌ တည်ရှိသော ဓာတ်တော်စေတီဖြစ်သည်။ မင်းဖလောင်း (၁၀၀၇-၁၀၁၄) ၏ မိဖုရားစိုးမဲကျီတည်ထားခဲ့သည်။ စိုးမဲကျီတည်ထားခဲ့သမျှ ဓာတ်တော် စေတီများတွင် ဤဓာတ်တော်မှာ နောက်ဆုံးတည်ခြင်းဖြစ်သည်ဟု သိရ၏။ ၎င်းစေတီသည် ပြိုပျက်ခဲ့ရာ ဖလောင်းပြင်ကျေးရွာမှ အသင်းတစ်ခုဖွဲ့စည်းလျက် ၎င်းရွာဆရာတော်ကြီး၏ သြဝါဒနှင့်အညီ တစ်ဖန်တည်ထားခဲ့ကြလေသည်။ နှစ်စဉ်ကဲ့သို့ပင် ဘုရားပွဲတော်ကိုလည်း ကျင်းပလာခဲ့ကြသည်။

## သတ္တဌာန (ခုနှစ်ဌာန)စေတီ

ဖလောင်းပြင်ရွာမှ တောင်ဖက်တွင် တည်ရှိသည်။ ရခိုင်မင်းများလက်ထက်က တည်ထားခဲ့သောစေတီဖြစ်သည်။ ကာလကြာသဖြင့် ဖျက်ဆီးခြင်းခံခဲ့ရလေသည်။ ၎င်းစေတီပျက်ကို တူးဖော်ကြရာ ဌာပနာနှစ်ခန်းဖြင့် တည်ထားခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပြန်လည်ပြုပြင်လျက် သတ္တဌာန (ခုနှစ်ဌာန)စေတီဟူ၍ ခေါ်တွင်ကိုးကွယ်လျက်ရှိနေကြသည်။ ဤဘုရားတွင် မြွေကြီးပတ်ရံလျက် များစွာဖူးမြော်နေခဲ့ကြသည်။





နှစ်စဉ်ဘုရားပွဲတော်ကိုလည်း ကျင်းပပေးခဲ့ကြသဖြင့် လူသိထင်ရှားသော ဘုရားလည်းဖြစ်လေသည်။ စေတီမြောက်ဖက်အနီး၌ မကြာခင်တည်ခဲ့သော ဘုရားကြီးတစ်ဆူလည်း ရှိသည်။ ဖလောင်းပြင်ရွာ အရှေ့ဖက် ကြပ်စင်တောင်တန်းတစ်လျှောက်၌လည်း ပြိုပျက်နေသော အမည်မသိဓာတ်တော်များ၊ စေတီများကို တွေ့ရသေးသည်။

## သစ်ပုတ်တောင်ဓာတ်စေတီ

မင်းပြားမြို့မှ ၆မိုင်ခန့်အကွာ အရက်ခုန်းတိုင်မြစ်၏ အရှေ့ဖက်ကြပ်စင်တောင်တန်း (သစ်ပေါင်းစုံပေါက်ရောက်သော) သစ်ပုတ်တောင်ထိပ်၌ တည်ရှိသည်။ ဓာတ်တော်အမည်နှင့်တည်ခဲ့သော သူကိုမတွေ့ရချေ။ သူရိယစက္ကမင်းထံ ဓာတ်တော်ပို့လာသော ဗာကုလနှင့် မဟာတိဿထေရ်တို့ တန့်ရပ်ခဲ့စဉ်က အထိမ်းအမှတ်ရစေရန်လည်း တည်ထားခဲ့ကြသည်ဟု ဆိုထား၏။ မြင့်တိခေါင်ကျူး တက်ရောက်ဖူးရန် မလွယ်သောတောင်ထိပ်တွင် တည်ရှိသည်ဖြစ်သဖြင့် ပြုပြင်သူမရှိဘဲ ရှည်ကြာလာရကား ပျက်စီးမှုဖြစ်ခဲ့ရလေသည်။

ထိုနောက် ရက်ခုန်းတိုင်မြစ်ကမ်းတစ်ဖက်မှ နေကြသူများက ဓာတ်တော်ကွန့်မြူးကြောင်း ဖူးတွေ့ရသဖြင့် သကြစ် ၁၂၉၆ ခုနှစ်တွင် အိုင်ဝန်းရွာမှ ဦးချတိုးက ဦးဆောင်လျက် သစ်ပုတ်တောင်ရွာသားများပါ အသစ်တစ်ဖန်ပြုလုပ်တည်ထားခဲ့ကြလေသည်။ သို့သော် ပြုလုပ်ပုံမသေချာသဖြင့် မရှည်ကြာခဲ့ချေ။ ဖြိုဖျက်ခြင်းခံရပြန်လေရာကား အင်အားမပြည့်စုံမှုကြောင့် အားလျှော့ကာ ယနေ့တိုင် အပျက်ပကတိပင် ပူဇော်မှုရှိနေကြ၏။

## ငါးရုံမင်းဓာတ်(စအင်းတော်)

စအင်းရွာအနီးတွင် တည်ရှိသည်။ ကြပ်စင်ကျွန်း အလယ်ဗဟိုတွင် အလျားတစ်မိုင်၊ အနံတစ်ဖာလုံခန့်ကျယ်ပြန့်သော အင်းလျားကန်ကြီးတစ်ခထု အစွဲပြု၍ စအင်းဟုခေါ်တွင်လေသည်။ ထိုအင်းအနီးတောင်စွယ် တောင်ထွတ်၌ ဤစေတီတည်ရှိနေလေသည်။

မြတ်စွာဘုရားသည် နုစဉ်ဘဝက ကြောင့်ဖြစ်ပြီးလျှင် ဤအင်း၌ ကျက်စားခဲ့သည်။ အချို့က ဤအင်း၌ စားသောက်၍ အရိုးများကို ပစ်ချခဲ့လေသည်။ ထိုသို့ ဘုရားလောင်း ငါးရံ့မင်းကျင်လည်ခဲ့ရာဌာနဖြစ်သောကြောင့် နောင်တွင် မင်းဖလောင်း၏မိဖုရား စိုးမဲကျီက ဓာတ်တော်စေတီတည်ထားခဲ့သဖြင့် ငါးရံ့မင်းဓာတ်စေတီ

ဟုခေါ်တွင်မှုဖြစ်လာခဲ့ရလေသည်။ မပျက်မစီးစေရန် ရခိုင်အမျိုးသား၊ ချင်းအမျိုးသားတို့က ဘုရားပွဲဖြင့် နှစ်စဉ်လည်း ပွဲတော်ကျင်းပခြင်း၊ စောင့်ရှောက်ပြုစုခြင်းများပြုလုပ်လျက် ကိုးကွယ်ထားခဲ့ကြသဖြင့် ထင်ရှားလှပေသည်။ ထိုတွင် ဝေသာလီစန္ဒြားခေတ် စတူပါစေတီငယ်များကို တွေ့ရသည်။

## ကျောက်ခုတ်ဓာတ်(စေတီ)

ကျောက်ခုတ်ရွာဟောင်း အလယ်ဘုန်းကြီးကျောင်းဝိုင်းအတွင်း၌ တည်ရှိသည်၊ အရံစေတီများစွာဖြင့် အစဉ်မပြတ် ကိုးကွယ်လာခဲ့ကြ၏။ ပွဲတော်များကိုလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလာခဲ့သဖြင့် လူသိကျော်ကြားလှသော ရီမျိုတော်ဓာတ်တော်တစ်ဆူဖြစ်ခဲ့ရ၏။ တည်ထားသောအလှူရှင်ကိုကား မသိရချေ။ ဤဓာတ်တော်သည် ဘုရားရှင်၏ ဖားမင်းတဇာတ်ဖြစ်ခဲ့ရာ ဌာနတွင် တည်ခဲ့သည်ဆို၏။ ထို့ကြောင့် "စအင်းကျောက်ခုတ်၊ ကြောင်ဖားရုပ်"ဟူ၍ စပ်ဆိုချက်ရှိနေသေး၏။

## ပေါ်တော်မူ (ဘုရားပေါင်း) ဘုရား

မင်းပြားမြို့နယ်မြောက်ပိုင်း ကံပေး(ကံဖေ)တိုက်တွင် တည်ရှိသည်။ ကြက်မကျေ(ငရမ)ရွာ၊ ဒုံးချောင်းရွာတိုပ၏ အလယ်တွင် ကျရောက်သည်။

လောင်းကြက်ခေတ်ကုန်ဆုံးပြီးနောက် မြောက်ဦးရွှေမြို့တော်ကို ဦးစွာ ပထမဖန်ဆင်းတည်ထောင်တော်မူသော မင်းစောမွန်မှစ၍ မင်းဆက်ပေါင်း ၃၅ ဆက်မြောက်တွင် မြောက်ဦးရွှေနန်းသိမ်းမြန်းစိုးအုပ် မင်းလုပ်တော်မူသော စန္ဒဝိဇယမင်း(သက္ကရာဇ် ၁၀၇၂)က တည်ထားခဲ့သည်။ မိမိနှင့်အတူ သူရဲကောင်းများ၏ လိုအင်ဆန္ဒပြည့်ဝအောင်မြင်ကြ၍ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် တည်သေဘုရားဖြစ်၍အောင်တော်မူဘုရားပေါင်းဘုရားဟု ခေါ်ကြသည်။ ဘုရားဂေါပကအဖွဲ့ဖွဲ့စည်းလျက်နှစ်စဉ်ရခိုင်ရိုးရာကျင်ပွဲ၊ ဇာတ်ပွဲများဖြင့် ပွဲတော်ကို စည်ကားစွာ ကျင်းပလာခဲ့ကြသည်။



# (က) ကျိန်းတောင်ဓာတ်တောင် ဘုရားထီးတင်ရန်အတွက် အဘိနဝမင်္ဂလာ နှိုးဆော်တိုက်တွန်းစာတမ်း

အများပြည်သူအပေါင်းတို့အား နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဓာတုသု၊ ဌိတာသု၊ ဗုဒ္ဓါဌိတာဝ---ကျမ်းဝစန၊ မိန့်ထုံးအရ၊ ဓာတ်တော်မွေတော်များ တည်ရှိသမျှ ကာလပတ်လုံး ဘုရားရှင်တို့ တည်ရှိတော်မူသည်သာ ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့နှင့်တကွ အများပြည်သူလူထုတစ်ရပ်လုံးတို့အတွက် အထူးသဖြင့်ကံကောင်းချက်တစ်ရပ်ပင်ဟု ဆိုကမှားနိုင်မည်မဟုတ်ပါပေ။ ထိုဓာတ်မွေတော်တို့သည်လည်း မြတ်နိုးကော်ရော်ပူဇော်ပသမှုမရှိသော အရပ်ဌာနတို့မှသည် ပူဇော်သက္ကာရရှိသော အရပ်ဌာနတို့သို့ ကြွသွားတော်မူကြောင်းကို ထုံးဟောင်းသာဓက အာဂမယုတ္တိရှိလာသည်ဖြစ်ပါ၍ မင်းဆက်များစွာ တည်ထားပြုစုလာခဲ့သော ကျိန်းတော်ရှင် ဘုရားစေတီတော်၌ ကာလရှည်လျားသဖြင့် ဟောင်းမြင့်သော ထီးတော်ကို အသစ်တစ်ဖန်မွမ်းမံတင်ဖို့ရန်အရေးနှင့် ကျွန်တော်တို့ဓာတ်တော်အသင်းပေါင်းစုံနှင့် စစ်တွေမြို့နယ်လူထုတစ်ရပ်လုံးတို့ တိုင်ပင်ဆွေးနွေးကာ ဤမည်သော အဘိနဝမင်္ဂလာနှိုးဆော်တိုက်တွန်းစာကို အများသောလုပ်သားပြည်သူတို့အား ကုသိုလ်ပွားရန် ရည်မှန်းလျက်ကမ်းလှမ်းဝေငှလိုက်ရသည်ဖြစ်ပါကြောင်း။

ပုဂ္ဂလသေသော ဇာနိတဗ္ဗောအရ ထူးမြတ်သော ပုဂ္ဂိုလ်တို့၏ အကြောင်းကိုမည်သူမဆိုသိသင့် သိထိုက်သည့်အလျောက်၊ ဤကျိန်းတော်ရှင် ဘုရား၏သမိုင်းကိုလည်း သိကြသူတို့နည်းလှမည် မဟုတ်ပေ။ သို့အတွက် အများသောလုပ်သားပြည်သူတို့၏ အသိဉာဏ်ပွား အကြည်ညိုများပြီး လေးစားနှစ်သိမ့်ကြပါစေရန် အလို့ငှာ ကျိန်းတော်ရှင် ဘုရားသမိုင်းအကျဉ်းချုပ်နှင့်တကွ အဆက်ဆက်ပြုစုကိုးကွယ်ကြသောကောင်းမှုရှင်အပေါင်းတို့ကိုပါ အကျဉ်းချုံး၍ တင်ပြအစီရင်ခံလိုက်ရပါသည်။

# (ခ) ရခိုင်ပြည်မင်းပြားမြို့ ကျိန်းတော်ရှင်ဘုရားအကြောင်း ပောာပြောချက်

ကျိန်းတော်ဘုရားရေ ရခိုင်ပြည်မှာ ထင်ရှားရေ အထိကရ ဘုရားဓာတ်တစ်ဆူ

ဖြစ်ပါရေ။ ဘုရားရှင်လျှာရင်းဓာတ်မွီတော်၏ ကိန်းဝပ်ရာလည်း ဖြစ်ပါရေ ယင်းဓာတ်မွီတော်မှာ ဗုဒ္ဓ၏ဗျာဒိတ်တော်ရ၊ ဇီဝှာဓာတုစေတီအဖြစ် တည်ထားကိုးကွယ်လာခစွာ ဖြစ်ပါရေ။

ယင်းတောင်တော်မြတ်ရို့မှာ ဘုရားရှင်၏အတိတ်ဘဝနုစဉ်က အဖြစ်အမျိုးမျိုး နန့်ကျင်လည် ကျက်စားခစွာ ဌာနရိုးဖြစ်တေအတိုင်း နောက်နောင်အစဉ်အဆက် တည်လတ်ကတ်တေ ဓာတ်မွီတော်ရို့ကို ရခိုင်ပြည်နယ်အရပ်ရပ်မှာ အဂုထိအထင်အရှား ဖူးတွီနိုင်ပါရေ။

အဂုပြောခရေ ဗျာဒိတ်ရဓာတ်တော်အပါအဝင်ဖြစ်တေ အေဇီဝှာဓာတု(ခေါ်) လျှာရင်းဓာတ်တော်မျာ အဂုမင်းပြားမြို့ ကျိန်းတောင်မှာ တည်ထားရေ ဓာတ်စာတီပင် ဖြစ်ပါရေ။ ဘုရားသမိုင်းရို့မှာ ကာလာဂီရိတောင်၊ ဂီရိပဗ္ဗတတောင်လို့ အခေါ်တွိရပါ ရှိရိုးစဉ်ဆက်ရခိုင်ရို့ အခေါ်က ကာကဂီရိတောင်လို့ ဆိုပါရေ။ နောက်နောင်ခါ ကျီးတောင်၊ ယင်းကတစ်ခါ ကျိန်းတောင်လို့အမည်အမျိုးမျိုးခေါ်လာရေလို့လည်း ရခိုင်ပညာရှင်ရို့ မှတ်တမ်းစာဟောင်း နိဒါန်းရို့မှာ အဆိုပြုထားပါရေ။ဘုရားသမိုင်းလာဗျာဒိတ်ခန်းကို ဖွဲ့ဆိုထားရေ ရခိုင်ရှိထုံးရာဇာဝင်လင်္ကာမှာ “မြတ်သျှင်လူဘ၊ မြွက်ဟမိန့်မှာ၊ ဗျာဒိတ်ဟာကား၊ ကာလာဂီရိတွင် ဘိသာခေါင်၊ ထိုသည်တောင်မှာ၊ ငါ့အလောင်းတော်၊ စံပျော်မယွင်း၊ ဖော်ခပင်းနှင့် ကျီးမင်းတဇာစ် ရှိကဖြစ်၍၊ တည်လစ်မှန်စွာ၊ ဇီဝှာစာတီ၊ ခေါ်ညီတွင်သား”လို့စပ်ဆိုထားပါရေ။

ယင်းပိုင် ဘုရားရှင်ရေ ကျီးမင်းတစ်ဇာစ်ဖြစ်တေအခါ ကျီးသားအဖော်ငါးရာနန့် လှည့်လည်လို့လာပါရေ။ ယင်းအခါ အေကျိန်းတောင်ကို ရောက်လတ်လို့ အသီးအနှံ့ပြည့်စုံ၊ ဘေးရန်လုံခြုံရေးအတွက်၊ ယင်းတောင်မှာပင် စားသုံးနီထိုင် ကတ်လီပါရေ။ လူတကာရို့ကလည်း ကျီးအပေါင်းပျော်စံနီကြောင်းကို မြင်ကတ်ရလို့ ရွှင်လန်းဝမ်းမြောက်လီကပ်ပါရေ။ ယေဇုနန့်ယင်းပိုင် ကျီးငှက်သာရကာရို့ ပျော်မြူးကတ်ခရေအတွက် ရှိရခိုင်ရို့ရေ ကာကာဂီရိတောင်လို့ ခေါ်လာခကတ်ပါရေ။ ကာကသဒ္ဒါသည် ကျီးငှက်သာမက ပဲပျံဝဲပျော်ပါး သွားလာကတ်တေ ငှက်အပေါင်းကို ဟောရေလို့လည်း သိကြစီချင်ပါရေ။

တစ်ချို့ရို့ကလည်း ကာကာဂီရိကို ရခိုင်ဘာသာနန့် ကျီးကန်းတောင်လို့ ခေါ်လာကတ်စွာကို နောက်အခါ စကားရွှီပြောင်းပြီးကေ ကျိန်းတောင်ဖြစ်လာပါရေလို့ ယူဆကတ်ပါရေ။ အချို့ရို့ကလည်း ဘုရားသျှင်ရေ ကျီးမင်းတစ်ဇာစ်နန့်အတောင်မှာ ပျော်ကျိန်းနီခရေအတွက် ကျိန်းတောင်လို့ ခေါ်လားရစွာ ဖြစ်တယ်လို့ ဆိုပါရေ။ ယင်းပိုင် နာမည် အမျိုးမျိုးနန့် ဖြစ်လာရကေလေ့ အဂုလူရို့က ကျိန်းတောင်လို့ရာ ခေါ်လာသူ



အရှင်စက္ကိန္ဒ, အရှင်ဝါသဝ မင်းပြားတခွင် ကျိန်းတော်ရှင်

မျာပါရေ။

ကျိန်းတော်ဘုရား ဓာတ်တော်ကို ရာဇဝင်အရ ရခိုင်ရှိမင်းအဆက်ဆက်တည်လာခကတ်တေလို့ ဆိုပါရေ။ မင်းဖလောင်းဓာတ်တည်ခန်းမှာ အသောကမင်း၊ ဇမ္ဗူဒိပ်ကျွန်းလုံးကို ဓာတ်တော်စာတီတည်စီရေ အခါကပင် တည်လာရေလို့ ဆိုပါရေ။ အမှန်မှာ အသောကမင်းထံမှ ဝေစုရသည့်အဖြစ်ကို အကြောင်းကြားလာရေအတွက် ရခိုင်ဓညဝတီဘုရင် သူရိယစက္ကမင်း(ဘီစီ ၃၁၅-၂၇၁)အထိ၊ ရှင်ဗာကုလ၊ ရှင်မဟာတိဿရို့က ပင့်ဆောင်ပို့ဆက်လီရခြင်းပင်ဖြစ်ပါရေ။

သာသနာသက္ကရာဇ် ၂၂၂ ခုနှစ် ဘီစီ ၃၀၇ မှာ ကြွရောက်လာလို့ ယင်းနှစ်တန်ခူးလမှာ တည်လားလီရစွာ ဖြစ်ပါရေ၊ ယင်းပိုင် အသောကမင်း တည်လာခစွာကအစ၊ သူရိယစက္ကမင်း၊ မဟာစန္ဒရားမင်း (ခရစ်-၃၂၈)၊ သီရိစန္ဒရားမင်း(ခရစ် ၆၃၈) လေးမြို့ခေတ်တွင် မင်းရင်ဖြူ (ခရစ် ၈၄၇)၊ ကောလိယမင်း (ခရစ် ၁၁၂၃)၊ ဒသရာဇာမင်းခရစ်(၁၁၃၉)၊ မင်းထီး(ခရစ် ၁၂၁၃)၊ ထိုနောက် မင်းစောမွန် (ခရစ် ၁၄၃၁)က စန္ဒဝိဇယမင်း ခရစ် (၁၇၀၀)ထိ၊ ရခိုင်မင်းရို့ဖိုးဖီးဖစဉ်ဆက်၊ ဆက်ကာတည်ခရေလို့ သိရပါရေ။

ယင်းက ဆင်းသက်လို့ အစဉ်မပြတ်၊ ကိုးကွယ်လာပြီးကေ (ခရစ် ၁၈၆၈)ခုနှစ်မှာ မင်းပြားမြို့ကို အင်္ဂလိပ်ရို့က မြို့အဖြစ်တည်ချလာရေအခါ နယ်ပိုင်မြို့ပိုင်ရို့လည်း ပြုစုခကတ်ပါရေ။ တောင်ထိပ်က တောင်အောက်အရောက် တက်လမ်းအနက် လှီကားရှည်တစ်ခုဆိုပါကေ ပေ(၉၃၀)ဟိပါရေ။ အထစ်ပေါင်း (၆၅၀)ထစ်ပါရှိရေ။ လုပ်ခတန်ဘိုးမှာ တစ်သောင်းနှစ်ထောင် ကုန်ကျရေလို့ ဒေါက်တာဖိုချမ္မာ (Forchammer. E. Arakan ၁၈၉၁)က မှတ်တမ်းမှာ ဖော်ပြထားပါရေ။

နောက်ကို မင်းပြားမြို့ပိုင် သာပန်းလက်ထက် ဘုရားအသင်းတစ်ခုဖွဲ့လို့ ခရစ် (၁၉၀၈)မှာ စာတီကို ထီးတင်၊ အထက်အောက်ရွှေချပြီးကာ မွမ်းမံလီရေလို့၊ ထီးတော်တင်ဖွဲ့မှာ မှတ်တမ်းစပ်ဆိုထားပါရေ။ ယင်းနောက်မြို့ပိုင်မင်း ဦးလှထွန်းဦး (ခရစ် ၁၉၁၀)အပြင်၊ မြို့လူကြီးများ၊ တိုက်နယ်လူများတို့က စောင်းတန်းအုတ်လှေကားလမ်းများကိုပါ ပြုပြင်လာကတ်တေအတွက်၊ မပျက်မစီးဘဲ အဂုထိ ထင်ရှားစွာ တည်လာရပါရေ။ အဂုဆိုကေ စေတီတော်မှာ အမြင့် (၄၈)ပေ၊ ၃ လက်မ၊ ပတ်လည် (၈၀)ပေ ၄ လက်မ၊ ထီးက (၁၀)ပေ ၁၀ လက်မဟိနိပါရေ။

ကျိန်းတောင်ဘုရားကို ၄၁၄ ပေမြင့်ရေ၊ ကျိန်းတောင်ထိပ်ဖျားမှာ တည်ရှိရေအတွက် တင့်တယ်ပဏ္ဏာရလှပါရေ၊ ဖူးမြင်ရသူအဖို့လည်း ကုသိုလ်ထူးပါရေ၊ တောင်မှာလည်း (၃)မိုင်ထိ ရှည်လျားသွယ်တန်းပြီး ကေသဘာဝတောမြိုင်သစ်ပင်ပန်းမာလ်ရို့

နန်းသိုက်မြိုက်လှပါရေ။ ရပ်ရွာများလည်း ဝဲယာခြံရံလျက် ပြည့်နှက်နီပါရေ။

သဘာဝရှုမျှော်သာယာလှပပုံမှာလည်း စံတင်လောက်ပါရေ။

ကျီးငှက်သာရကာတို့၏ သံသာမစဲ တသဲသဲနန့်ပျော်မွေ့စရာလည်း ကောင်းလှပါရေ။ တောင်ထိပ်ကနီလို့ ကြည့်လိုက်ပါကေ အဥ္စနနဒီမြစ် (ရာမောင်မြစ်)နန့်ယင်းမြစ်ကမ်းနဖူးမှာတည်ရှိရေ မင်းပြားမြို့ကို မျက်စိအောက်မှာပိုင်အထင်အရှားတို့မြင်ရပါရေ။

မင်းပြားမြို့ဆိုပါကေ စစ်တွေမြို့မှ အရှေ့ဖက်မိုင် ၃၀ ကွာပါရေ။ ကျိုန်းတောင်ခြေရင်းမှာ တည်ချထားရေမြို့ဖြစ်လို့ ကျိုန်းမြို့လည်းဖြစ်ပါရေ။ ကျိုန်းတောင်ကို စွဲလို့ရှိအခါကပင် နီးနားပတ်ဝိုက်နယ်မြေဒေသရို့ကို ကျိုန်းတိုက်နယ်၊ ကျိုန်းကျွန်းတိုင်း၊ ကျိုန်းတိုင်းမြို့လို့ အဂုထိ သမုတ်ခေါ်ဝေါ်နီကတ်ပါရေ။

ကျိုန်းတောင်းဘုရားရေ ရှိအခါကပင် အစဉ်မပြတ် ဆင်းသက်ကိုးကွယ်လာကတ်တေအတွက်လည်း ထင်ရှားပါရေ။ နှစ်စဉ်မပြတ် ဘုရားပွဲသဘင်ကို ဆင်ယင်းကျင်းပလာကတ်ပါရေ။ ဝါကျွတ်၊ သင်္ကြန်နီရို့မှာ ရခိုင်ရှိရိုးထုံးစဉ်အတိုင်း ရခိုင်စည်ကြီးတီးသံမစဲပဲ ကျိုန်းတိုက်နယ်က ဘုရားပူဇော်လာ ကတ်သူရို့ကို တွိရပါရေ။ ယင်းနန့်ရခိုင်စာဆိုရို့က "များဗိုလ်လူရီ၊ ကြည်ဖြူအံ့ချီး၊ သြဘာတီးလို့၊ စည်ကြီးတီးညံ၊ ပွဲတင်သံလည်း၊ နိယံမစဲ၊ နှစ်စဉ်ပွဲဖြင့် အမြဲဖူးမြင် ကျိုန်းတော်ရှင်တည်း"လို့ စပ်ဆိုခပါရေ။ အဂုအခါ လျှပ်စစ်ဓာတ်မီးရောင် ထိန်ညီးနိန့်အောင် ညှိထွန်းပူဇော်ထားလို့ ဘုရားဖူးသားရို့ ညမစဲတသဲသဲစည်ကားသိုက်မြိုက်လှပါရေ။

အေကျိုန်းတောင်ဘုရားသမိုင်းကို ရှာဖွီကြည့်ရေအခါ မင်းပြားမြို့ အသျှင်ဝါသဝပါးက ဘုရားသမိုင်းစာအုပ်ချေတစ်အုပ်ကို ရရှိပါရေ။ ၁၃၀၉ ခုနှစ် (ခရစ် ၁၉၄၇)နှစ်က အရှင် ဦးကိတ္တိ(အိန္ဒိယပြည် ဗုဒ္ဓသာသနာပြု)မင်းပြားမြို့ ခြိတ်တောင်စျီးအရပ်) ဆရာတော်ရှီသား ထုတ်ဝီခရေလို့တွိရပါရေ။ ယင်းဆရတော်၏ သမိုင်းမှာ ရခိုင်ပြည်သို့ အသောကမင်း (ဘီစီ ၂၆၈-၃၂၃)လက်ထက် (ဗုဒ္ဓသာသနာ ၂၂၂ခုနှစ်)ကပင် ဓာတုသာသနာ စတင်ဝင်ရောက်ခရေလို့ ဆိုထားပါရေ။

အရုပိုင် ဓာတ်တော်မွီတော်ရို့ တည်ဟိလာစွာကို ကြည့်ပါကေ၊ ရခိုင်ပြည်ရေ ဗုဒ္ဓသာသနာနန့်၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓလက်ရာ၊ ဗုဒ္ဓယဉ်ကျေးမှု အမွီအနှစ်ကို ထင်ရှားစီနိုင်ပါရေ။ ရခိုင်လူမျိုးတိုင်း အသင်းအပင်းတိုင်းက အစဉ်မပြတ်ပိုမိုတိုးတက်ရှည်ကြာအောင် ထိန်းသိမ်းဆောင်ရွက်ကတ်ပါစီလို့ ဆုတောင်းလိုက်ရပါရေ။

သောတသျှင်ရို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကတ်ပါစီ၊

ရန်ကုန်မြို့-ရခိုင်ရှိဟောင်းရာဇဝင်နှင့်

စာပေအသင်း၏ မြန်မာ့အသံ ရခိုင်တိုင်းရင်းသား အစီအစဉ်မှ ၂၈-၅-၆၂ နေ့ အသံလွှင့်ခဲ့ချက်ဖြစ်သည်။

(အသျှင်စက္ကိန္ဒ ... ပေးပါသည်။)







# အစဉ်အဆက်စောင့်ရှောက်လာကြပုံ

သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့ပြီးနောက်၊ ဟောင်းမြင်းယိုယွင်းခြင်းသို့ ရောက်သည့်အခါ ဒုတိယအကြိမ် မဟာစန္ဒရားမင်းကြီးက ထပ်မံပြုစုခဲ့လေသည်။ တတိယအကြိမ်ကို ပရိန်မြို့တော် အာနုဘော်ဝင်း၊ ကောလိယမင်းကြီးက ထပ်မံပြုစုခဲ့လေသည်။ စတုတ္ထအကြိမ်ကို လောင်းကြက်မြို့တော်နှံ့ကျော် ဂုဏ်ဟီးမင်းထီးဘုရင်က ထပ်မံပြုစုခဲ့လေသည်။ ပဥ္စမအကြိမ်အဖြစ် သက္ကရာဇ် (၉၄၇)ခုနှစ်တွင် သဒ္ဒါပြောင်ညီးမင်းဖလောင်းကြီးက ထပ်မံပြုစုခဲ့လေသည်။ ဆဋ္ဌမအကြိမ်မြောက်၊ ကျင့်ထောက်သက္ကရာဇ်(၉၆၆)ခုနှစ်တွင် အသစ်တဖန် ဘုန်းကံမြင့် ဟီးမင်းရာဇာကြီးက ထပ်မံပြုစုခဲ့လေသည်။ သတ္တမအကြိမ်မြောက် သက္ကရာဇ် (၁၀၇၄)ခုနှစ်သို့ အရောက်တွင် ဘုရင်စန္ဒဝိဇယမင်းက ထပ်မံပြုစုခဲ့လေသည်။ အဋ္ဌမအကြိမ်မြောက် သက္ကရာဇ် (၁၂၇၀)ခုနှစ်သို့အရောက်တွင် ထွန်းတောက်စာဂီ ဂုဏ်ရည်ပြည့်ဝမိမယ်လှက၊ သံထီးဒါယိကာမပြုခဲ့၍ ဥက္ကဋ္ဌ ဂုဏ်မွန်နယ်ပိုင် လှဖော်ဇံ၊ မြို့ပိုင်ဦးသာဘန်း၊ ပုလိပ်အင်စပတ္တော်ဦးထွန်းလှဦး၊ စာရေးကြီး ဦးတောလူ၊ မြေတိုင်းအင်စပက်တ္တော်ဦးဖထော်ဦး၊ ဦးရွှေမှုံ၊ ဦးထွန်းဦး၊ ဦးချစ်အောင်၊ ဦးထွန်းဖြူ ဦးကောင်းစံဦး အမှူးရှိသော ဘုရားဒါယိကာအပေါင်း သူတော်ကောင်းတို့က အသင်းတစ်ခုဖွဲ့၍ စေတီတော်ကို ထက်အောက်ရွှေချမွမ်းမံခဲ့ကြသည်။

နဝမအကြိမ်မြောက် သက္ကရာဇ် (၁၃၁၂)ခုနှစ်သို့ အရောက်တွင် ဝင်းတောက်သဒ္ဒါ၊ ဘာသာလေးစား ဦးရွှေသဲ၊ ဦးမောင်ဗျော့၊ ဦးအောင်ဇံဖြူ မောင်ဝေလူ အမှူးရှိသော ဘုရားဒါယိကာများတို့က ထပ်မံပြုစုခဲ့လေသည်။ ဒသမအကြိမ်မြောက် သက္ကရာဇ်(၁၃၃၀)ခုနှစ်သို့ အရောက်တွင် ထွန်းတောက်စာဂီ၊ ဂုဏ်ရည်ပျံ့လွှင်၊ ရခိုင်ဓညမင်းပြားမြို့နယ် နဂရဋ္ဌ သာသနာအကျိုးသယ်ပိုးထက်စွာ၊ သဒ္ဓါသီလ၊ သုတဆင့်လောင်း၊ ဥက္ကဋ္ဌ ဦးအောင်သာလှ၊ ဒုဥက္ကဋ္ဌ ဦးမောင်မြသာ၊ ဦးဆံနီ၊ ပ-အကျိုးဆောင် ဦးစောသာ၊ ဒု-အကျိုးဆောင် ဦးရွှေပိုးချေ၊ ဦးဦးသာကျော်၊ ဦးဖိုးစိန် (ဘဏ္ဍာထိမ်း)၊ ဦးသောကြာဦး(စာရင်းစစ်)၊ ဦးထွန်းသာဇံ၊ ဦးထွန်းမြအောင်၊ ဦးမြသာ၊ ဦးမောင်သာလှ၊ အမှူးရှိသော ဘုရားဒါယိကာအပေါင်း သူတော်ကောင်းတို့သည် ရက်ကောင်းခါကြိမ် (၁၃၃၀)ခုနှစ် တပေါင်းလဆန်း (၁၄)ရက် (၁-၃-၆၉) စနေနေ့နံနက်(၉)နာရီအချိန်တွင် ထီးတော်သစ်တင်ပွဲကို သာဓုသံညံမစဲ ဆင်နွှဲပြုစုခဲ့ကြသည်ဖြစ်ပါကြောင်း။

... သမေစိတ္တေသမပ္ပလံ---ကျမ်းဂန်လာချက်ကို လေးနက်စွာ

# KYINN-TAUNG PAGADA OF MINBYA

One of the holiest sites in the whole of Rakhine State, Kyinn-toung Pagoda is the one in which root of the tongue relic of Lord Buddha has been enshrined. The Pagoda has been built and worshipped according to fthe preordainment of the Blessed One during His sojourn in Dynayawady Rakhineland.

Tradition hs it that the hill range on which the relic has beem enshrined in a pagoda is a sacred place where the Great Teacher in one of His former existences had lived. In historical annals, the hill range was known as "Karlargiri" or "Giripabhata" Traditional Rakhine name for the range is "Karkagiri" Arterwards, it is changed into'Kyii-taung" or "Kyinn-Taung"

Here is an extract of a Rakhine-traditional verse on its religious history describing the preordainment of the Lord during His stop over at Silagiri Hill.

"...The Blessed One, Great Teacher of Men
Preordained oncef that Karlargiri,
The sacred Hill, where lived
The Master as King of Parrots
Together with fellow birds.
The said site be the location
Whereupon the tongue root relic
Of the Lord be enshrined
In the Pagoda, Zihwar Ceti"

During one of the Lord's fromer existences King of Parrots, he flew towards the present hill range together wiht five hendred fellow parrots. Being a place where security was assured and there were abundant of fruits and foods the flock of birds settled along the range. The people living around the area were also enjoyed to see them dwelling together harmoniously. So did the hill range become known as Karkargiri hill, meaning the hill where the holy parrots had lived. "Karka", in Pali, means not only parrots but birds of different feathers.

Some believe that"Karkargin" which is translated into RaKhine as "Kyeekann-taung" (the hill where holy crows had lived) has changed into "Kyin-taung". Others ponder that as the holy King of Parrots had dwelled and slept there its name naturatly has been known





as kyinn-taung. "Kyinn", in native language, means "to sleep". The present name of the range is "Kyinn-taung"

According to our historical annals, many ancient Rakhine kings have renovated and restored the famous pagoda time and again. In the treatise on "King Mong Phalaung's Religious Deeds Concerning Holy Relics of Lord Buddha" the "Kyinn-taung Pagoda" is one of the meritorious deeds of King Asoka of Pataliputta in India. As a matter of fact, King Asoka shared the sacred relics to King Suriya Sakka (315-271 B.C) of Rakhine Dynyawady kimgdom sending a formal message. The relics were brought to Rakhing land by Bhikkhu Vakula and Bhikkhu Maha Tissa personally. In the Year 307 B.C. (Buddhist sasana era 222), The reverend Bhikkhus arrived at Dynyawady and the relics were duly enshrined including tongue root relics of the Great Teacher. Since its inception, Rakhine kings such as Suriya Sakka, Maha Taing Candra (A.D 328), Thiri Candra (A.D. 638), King Mong Runpru (A.D. 847), King Kawliya(A.D. 1123), King Dasaraja(A.D. 1139) and King Mong Htee had renovated and reconstructed the sacred edifice now again. King Saw Mwan(A.D 1431)and King Sanda Wizaya (A.D. 1710) of Mrauk-U period had also a hand in its upkeep.

When Minbya town was founded in 1868, the township authorities restored and repaired the pagoda on many occasions. A brick flight of stairs 930 feet in length leading to the pagoda platform which has 650 stairs was added to it. It had cost ten thousand kyats, recorded in Dr. Forchammer's book entitle "Arakan, 1891."

During his tenure as Township Administrative Officer, U Tha Pan set up a pagoda trustee board in 1908 gilded the edifice from top to bottom and a new "hti" (umbrella) was hoisted. It was mentioned in a poem for memorial of the event. In 1910, Township Adminsitrative Officer U Hla Tun Oo in collaboration with town elders and local populace built the covered stairway, a flight of stairs made of brick and roads to and around the religiouns monument. They all are still in use.

The presetn measurements of the Pagoda is forty-eight feet and three inches in height, eighty feet and four inches in circumference at the basement and the height of the " hti"(umbrella), ten feet and ten inches. Being situated on a hillock four hundred and fourteen feet high, the Kyinn-taung Pagoda is definitely befitting to be observed. For those who happen to obsesrve it may gain merit. The hill range running for about three miles covered with natural forests and dotted

with flowering trees appeal many a sight-seer. Villages all round the area go well with the pagoda and the fantastic range.

Natural beauty surrounding the sacred pagoda is something like a painting of a great artist. Birds of various kinds and colours flying to and fro and resting here and there in groups or pairs, singing their lovely songs match the scenic beauty of the sacred place. To observe to the east from the hill top in clear weather, one may be over whelmed with admiration at the creation of Injananadi (Lemro River) and Minbya town situated on the left bank of it.

Minbya locates about 30 miles to the north-east of Sittwe as the crow-flies. Sprawling at the easterm foothill of the Kyinn-taung range, the town should be befittingly christened Kyinn-myo. Since ancient times places such as village-tract, administive area and the town inself had been named after the exotic mountain range.

Kyimm-taung Pagoda has been the famous religious edifice since it has been built and worshipped long, long ago. The religious festival, Buddha Pujaniya, has been held at the site annually in memory of the Great Teacher. Especially on Warkywat (End of Buddhist Lent) and Thong-kran (New Year) celebrations, the local populace, in groups, can be seen coming in processing to worship the sacred zedi dancing and beating traditional Rakhine drums in tune with the religious occasions. One noted Rakhine author penned the following piece of verse on such occasion:

"...As many a man observe the shrine,
Definitely be overwhelmed with with religious fervour,
All applaud on such religious occasions,
Compounded with beating of drums.
Echoed reaching far and wide
So is held the festival annually
At the sacred site of pagoda Kyinn-taw-shin"

At present, the religious monument is illuminated with electric lights at night so that it looks more marvellous. The history of the pagoda has been recorded in a book written by Bikkhu U Kitti, a native of Minbya, who was a Buddhist missionary in India. The book was published in 1947 (1309 Rakhine Era). In that book, it is mentioned that the sacred relics of the Blessed One were conveyed to Rakhine King from King Asoka of India. A large number of ancient religious monuments throughout the length and breadth of Rakhineland in different ages prove that the Buddhistic culture has taken root in




Rakhine State since long, long ago and without interruption. We, Rakhies, shoud, individually and in gruoups, preserve and develop every aspect of our culture handed down by our ancestors with our utmost efforts.

(Written by Ashun Sakkinda and translated by U Ah Lonn Maung)

# ကျိုန်းတိုင်းအရောက် ရှာပုံတော်

# ငို့ချင်းရှည်

ဤသာခြင်းကို တေန်ပျင်းရွှာ ဇာတိသိုင်းဆရာကျော်ဦး ဆိုသူရေးစပ်ဆိုခဲ့သည်ဟု သိရ၏။ ဆရာသည် ကျိုန်းတော်ရှင်သို့ မမောပန်းစေပဲ ရှာပုံတော်ထွက်ခဲ့ဟန်ဖြင့် ဆွဲဆောင်ရေးသားချက်ပင်ဖြစ်၏။ သိုင်းဟန်ကပြရာ၌ အလွန်ကျော်ကြားခဲ့သော သိချင်းလည်းဖြစ်၏။ ဤသီချင်း သဲလွန်စကို ခြေရာခံရှာဖွေခဲ့ရသည်။ ချောင်းရှည်ရွာမှ မဲတူဖခင်ဆိုသူ ဦးညိုထွီးထံမှ ရရှိခဲ့သည်။ အဖိုးကြီးသည် လူရွယ်ကာလသား ဘဝကပင် ကျက်မိထားသည်။ သို့သော်လည်း ကာလကြာညောင်းသဖြင့် မေ့ပျောက်ခဲ့ရသည်။ မူလအတိုင်း စေ့စုံပြည့်ဝချောမွေ့ခြင်းကာ ရှိမည်မဟုတ်ချေ။ ဤမျှမှတ်သားရရှိခြင်း ဖော်ထုတ်ခြင်းကိုပင် များစွာကျေးဇူးတင်ရမည်ဖြစ်သည်။

အဖိုးကြီးဆောင်ထားလာမှု ပင်ပန်းခံမှုတို့ကြောင့် ယခုတင်ပြနိုင်ရခြင်းလည်း ဖြစ်သည်။ ရှာပုံတော်ခရီးရှည်လည်း ရွာစဉ်ဆက်နေသည်။ ခရီးစဉ်မလပ် တစ်ရွာဝင် တစ်ရွာထွက်လိုက်လံရှာဖွေခဲ့ရသည်။ ဒုက္ခသည်မောင်မှာ ဘယ်မှာမှ ရှာမတွေ့ခဲ့ချေ။ ပျောက်ရှာသူမေတစ်ပါးကို ရှာခဲ့ရသည်မှာ အမောသာတိုင်ခဲ့သည်။ နောက်ဆုံးတွင် ကျိန်းတောင်ဘုရားရှင်ကို တက်ရောက်ဖူးမြော်လေသည်။ ထိုကအပြန်တွင် မင်းကန် ရေချိုးလျက် ဘုန်းကြီးကျောင်းတွင် တည်းခိုသွားခဲ့လေသတည်း။

ဒုက္ခငယ်မှ စုက္ခပေါင်ရှာရ၊ ခုကာလဆရာတို့ရယ်၊ ဒီဟာကိုရိုးတယ်လို့ မသုံးကြပေဘူး။ နှမခင်ရှုမဆုံးကိုလှ၊ ကစ္ဆပဟု၊ မြစ်မငယ်မှ နဒီ၊ ကာရန်ငယ်ကြိုးစားလို့ လျှောက်ရ။

သည်နောက်ငယ်မှတစ်ခါ၊ လှေကြုံငယ်စီးလို့၊ မောင်ကြီးငယ်ရှာ၊ ဂါမငယ်မှသာစွ၊ တွေ့ပြန်ကဟု၊ ဌာနမရွေး၊ သိချင်လို့မေးလိုက်က၊ ဦးလေးတစ်ယောက်ကိုလှငယ်၊ မှန်းလိုက်ပါဗျ၊ စွန်ရဲရွာတဲ့မှ စွန်ရဲရွာ။

သည်မှတစ်ခန်း၊ မေခင်မကြောင့်၊ လှမ်းလို့ငယ်လာ၊ ဟော--ရှေးကတော့၊ ဆတ်တင်ရွာတဲ့မှာ ဆတ်တင်ရွာ။

လူအများငယ်မှ ခေါ်သုံးရွာသက်ပုန်း၊ ရှုအုံးတစ်ခါ၊ ထိုရှေးကတော့ ဟိန်ပါရွာ။ တစ်ခြားမသွယ်၊ ရွာချောင်းရှည်၊ မောင်ခင်ငယ်လက်ဦး၊ စေတီတော် ကိုတော်မြတ်ကို၊ ဖူးပြီးမှမနား ဘူးခုလေ၊ မေခင်မကြောင့်၊ လှမ်းလို့ငယ်လာ၊ ရွာဝလိပေါက်၊ အေကန္တရောက်ခဲ့ပေ့။ ဆုံးပျောက်သူ၊ မိမိသူကဖြင့်၊ မသိရှာဘူး၊ ဘိလပ်ဝံ-သခင်ထားပါတဲ့၊ တဲနန်းတော်၊ ဟို-အပါးမှာဖြင့် နားအုံးမတဲ့မှာလ၊ နားအုံးမည်။

ဩော်--သည်တွင်ငယ်မှ မနားမယ်ခထင်ငယ်ကြောင့်၊ တစ်စေ့စေ့ တစ်ရွှေ့ရွှေ့နှင့်၊ လှမ်းလို့ငယ်လာ၊ မယ်သာချီသွား---မှင်းကန်တော၊ အံ့ဩစရာ၊ အောင်ဆိပ်မရွာ၊ ဝေါဟာခေါ်တွင် ခုကာလမှာတော့ ကျားရဲပြင်။

သည်တွင်ငယ်မှာ မနားကိုယ်တော်မြတ်၊ သွားပြန်သော်၊ မောင်ခင်ငယ်မှာ လေးထောင့်ကန်မှာ ဝင်ရေသောက်ဘိုး၊ တစ်စေ့စေ့ တစ်ရွှေ့ရွှေ့နှင့်၊ ရှေးသို့တိုးသော်၊ ညို့ညို့မှိုင်းမှိုင်း၊ လူတွေနှင့်နှိုင်းလောက်ပေရဲ့၊ သမိုင်းအရ၊ ဘားဘူတောင်တစ်ပါး မောင်ကျခဲ့ပေ့၊ ထူပါဘိဗျာ၊ ကျောင်းတော်ရာမှာ၊ မြတ်စွာဗုဒ္ဓ၊ စိန္တေယျာဟု၊ မောင်လှပျော်မြူး၊ အမှန်မရှား၊ သံတံကို၊ ဘွားခနဲ့ ကူးရပီးမှ၊ တေန်ပျင်းရွာ သည်ဟာဆိုက်မှာဖြင့်၊ လိုက်အုံးမယ်တဲ့လား---လိုက်အုံးမယ်။

ဒီကအသွား၊ လူများခေါ်တွင်၊ ဗူးပင်ရွာ၊ တောင်ပေါ်ရွာကို၊ တွေ့ခါငြားက၊ ထိုမှ ထသွားပြန်က၊ ကန်းမရွာဟု၊ ပူပူနွေးနွေး၊ လူသူများကို သတင်းမေး၍၊ အရေးတကြုံလမ်းကိုစုန်ရ၍၊ ယူကျုံးငယ်မှာ-မရ၊ ဥဩငယ်မှ-ဖိုးခေါင်၊ ကုက္ကလောင်တို့၊ တွန်သံကြားပြန်၊ အားများသန်၍၊ တစ်ဖန်ငယ်မှ တက်သွားဘုရားဖူးခါ၊ ဆင်း၍လာသော် များမကြာမီ၊ ရွာကိုစီလို့ စေတီများစွာ၊ သံသရာ၌၊ မင်းကန်ရယ်မှ ရေချိုးကိုယ့်သဘော၌ မနောစိတ်မှာ ကျောင်းတော်သာသို့ ဝင်ကာလျှောက်ငြိုးရဟန်းများကို နေရပါအား အကြောင်းကြားသည်၊ ဘုရားမြတ်စွာ စိန္တေယျာတည်း။

# "ကျိန်းတော်ရှင်" ဘုရားသမိုင်းပြုစုဖြစ်မြောက်ရေး

# မဏနနာယက ဆရာတော်ကြီးများ

ဦးဓမ္မိကာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)
ဦးသုန္ဒရ (ဥက္ကဋ္ဌ၊ မြို့နယ်သံဃာ့နာယက)
ဦးစက္ကိန္ဒ (ဇယသုခကျောင်း၊ မင်းပြား)
ဦးဝါသဝ (ဇယသုခကျောင်း၊ မင်းပြား)
ဦးမုနိဇဇ (လောင်းတောင်)(မင်းပြားနယ်)

# "ကျိန်းတော်ရှင်" ဘုရားသမိုင်းပြုစု စာအုပ်ထုတ်ဝေရေးကော်မတီ

## နာယကအဖွဲ့

| | | | |
|---|---|---|---|
| ၁။ တပ်ရင်းမှူး | ခမရ | ၃၈၀ | မင်းပြားမြို့ |
| ၂။ တပ်ရင်းမှူး | ခမရ | ၅၄၁ | မင်းပြားမြို့ |
| ၃။ တပ်ရင်းမှူး | ခမရ | ၃၇၉ | မင်းပြားမြို့ |
| ၄။ ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | | | မင်းပြားမြို့ |
| ၅။ မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ | | | မင်းပြားမြို့ |

## ကျိန်းတော်ရှင်ဘုရားသမိုင်း ပြုစုစာအုပ် ထုတ်ဝေရေး ကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဦးမြင့်ငွေ | (မြို့နယ်သာသနာရေးဦးစီးဌာနမှူး) | ဥက္ကဋ္ဌ |
| ၂။ | ဦးစိန်သာအောင် | (ကျိန်းတော်ရှင်ဘုရားဂေါပက) | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးအနီမောင် | ( ။ ) | အဖွဲ့ဝင် |
| ၄။ | ဦးမောင်စိန်အေး | ( ။ ) | ။ |
| ၅။ | ဦးကျော်မောင် | (ဒုမြို့နယ် ဥပဒေအရာရှိ) | ။ |
| ၆။ | ဦးအောင်ကျော်ဝင်း | (စည်ပင်ဦးစီးမှူး) | ။ |
| ၇။ | ဦးမောင်မြစိန် | (ကျိန်းတော်ရှင်ဘုရားဂေါပက) | ။ |
| ၈။ | ဦးရွှေကျော် | (နာရီဆရာ) | ။ |
| ၉။ | ဦးဘတင် | (ရေခဲစက်ပိုင်ရှင်) | ။ |
| ၁၀။ | ဦးရွှေမြထွန်း | (လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန) | ။ |
| ၁၁။ | ဦးမောင်ကျော်စိန် | (ကျိန်းတော်ရှင်ဂေါပက) | ။ |
| ၁၂။ | ဦးခင်မောင် | (မြန်မာနိုင်ငံရဲတပ်ဖွဲ့) | ။ |



| | | | |
|---|---|---|---|
| ၁၃။ | ဦးသန်းထွန်း | (ကျောင်းဆရာ၊ ယူနိုက်တက်ဓာတ်ပုံဆိုင်) | ။ |
| ၁၄။ | ဦးစံညွန့် | (ဒုကြီးကြပ်ရေးမှူး၊ စိုက်/ဘဏ်) | ။ |
| ၁၅။ | ဦးဦးဘစော | (ကြီးကြပ်ရေးမှူး၊ စိုက်ပျိုးရေးဘဏ်) | ။ |
| ၁၆။ | ဦးစံရွှေမောင် | (မြို့နယ်ဥပဒေအရာရှိ) | ။ |
| ၁၇။ | ဦးမောင်မြအောင် | (ကျိန်းတော်ရှင် ဘုရားဂေါပက) | ။ |
| ၁၈။ | ဦးအောင်သာမြ | (မြို့နယ်မန်နေဂျာ၊ စိုက်ပျိုးရေးဘဏ်) | ။ |
| ၁၉။ | ဦးစောမောင် | (ဒုဦးစီးမှူး၊ ပြန်/ဆက်) | ။ |
| ၂၀။ | ဦးသိန်းလှ | (မြို့နယ်ဆရာဝန်) | ။ |
| ၂၁။ | ဦးမောင်မြင့် | (ရပ်မိရပ်ဖ) | ။ |
| ၂၂။ | ဦးဘသိန်း | (ကျောင်းအုပ်ဆရာကြီး၊ အလက ၂) | ။ |
| ၂၃။ | ဦးမောင်သိန်းဇံ | (ရဝတ စာရေး) | ။ |
| ၂၄။ | ဦးစောသောင်း | (ကျန်းမာရေးမှူး) | ။ |
| ၂၅။ | ဦးမောင်ကံဖြူ | (ရပ်မိ/ရပ်ဖ) | ။ |
| ၂၆။ | ဒေါ်ခင်သန်းကြည် | (စာရင်းစစ်မှူး) | ။ |
| ၂၇။ | ဦးကျော်ရှိန် | (စာရင်းစစ်မှူး) | ။ |
| ၂၈။ | ဦးမောင်သိန်းထွန်း | (သတင်းစာကိုယ်စားလှယ်) | တွဲဘက်အတွင်းရေးမှူး |
| ၂၉။ | ဦးဇော်မင်း | (မြို့နယ်တရားသူကြီး) | အတွင်းရေးမှူး |

## သမိုင်းပြုစုရေးလုပ်ငန်းဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးဇော်မင်း | (မြို့နယ်တရားသူကြီး) | ဥက္ကဋ္ဌ |
| (၂) | ဦးဦးဘသိန်း | (ကျောင်းအုပ်ဆရာကြီး၊ အလက ၂) | ဒုဥက္ကဋ္ဌ |
| (၃) | ဦးမောင်ကျော်ဝင်း | (အမှုဆောင်အရာရှိ၊ စည်ပင်) | အတွင်းရေးမှူး |
| (၄) | ဦးမောင်သိန်းထွန်း | (သတင်းစာကိုယ်စားလှယ်) | တွဲ-အတွင်းရေးမှူး ၁) |
| (၅) | ဦးစံညွန့် | (စိုက်/ဘဏ်) | တွဲ-အတွင်းရေးမှူး ၂) |
| (၆) | ဦကျော်မောင် | (ဒုမြို့နယ် ဥပဒေအရာရှိ) | အဖွဲ့ဝင် |
| (၇) | ဦးမောင်သိန်းဇံ | (ရဝတစာရေး) | ။ |
| (၈) | ဦးဘစော | (စိုက်/ဘဏ်) | ။ |
| (၉) | ဦးသန်းမြင့် | (ကုန်သွယ်လယ်ယာ) | ။ |
| (၁၀) | ဦးမောင်ရွှေကျော် | (နာရီဆရာ) | ။ |
| (၁၁) | ဦးမောင်မြအောင် | (စက်ဆရာဝ | ။ |

| | | |
|---|---|---|
| (၁၂) ဦးမြစိန် | (နာရီဆရာ) | ။ |
| (၁၃) ဦးစောသောင်း | (ကျန်းမာရေးမှူး) | ။ |
| (၁၄) ဦးဘတင် | (ရေခဲစက်ပိုင်ရှင်) | ။ |
| (၁၅) ဦးသန်းထွန်း | (ဓာတ်ပုံ) | ။ |

## ဘဏ္ဍာရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးစိန်သာအောင် | (ဂေါပက) | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ကျော်ဝင်း | (အမှုဆောင်အရာရှိ၊ စည်ပင်) | ဒု ဥက္ကဋ္ဌ |
| (၃) | ဦးကျော်မင်း | (ဒုမြို့နယ် ဥပဒေအရာရှိ) | အတွင်းရေးမှူး |
| (၄) | ဦးအနီမောင် | (ဂေါပက) | အဖွဲ့ဝင် |
| (၅) | ဦးရွှေမြထွန်း | (လဝက) | ။ |
| (၆) | ဦးမောင်သာမြ | (စိုက်/ဘဏ်) | ။ |
| (၇) | ဦးခင်မောင် | (ရဲတပ်ဖွဲ့) | ။ |
| (၈) | ဦးမောင်စိန်အေး | (ဂေါပက) | ။ |
| (၉) | ဦးမောင်မောင်ထွန်း | (ရေခဲပုဇွန်ဒိုင်) | ။ |
| (၁၀) | ဦးသန်းမြင့် | (ကုန်သွယ်မန်နေဂျာ) | ။ |

## စာရင်းစစ်ကော်မတီ

(၁) ဦးကျော်ရှိန် မြို့နယ်စာရင်းရုံး
(၂) ဒေါ်ခင်သန်းကြည်
(၃) ဦးအောင်သာမြ
(၄) ဦးမောင်သာမြ
(၅) ဦးတင်မောင်လွင်

## ကျမ်းကိုးစာရင်း

- ရခိုင်ပြည်ဗျာဒိတ်ဝင်ဓာတ်တော်ဘုရားသမိုင်း (အမျိုးသား ဦးစံရွှေဘု) စက္ကူမူ၊ ပေမူ။
- ဝင်သုံးဆယ်ကျမ်း ဝင် ၆၀ ကျမ်း(ပေမူ)
- မဟာမုနိဘုရားသမိုင်းလက်ာဟောင်း
- မြို့သူကြီးအောင်ကျော်ဇံဆိုရတု၊ (ကောဇာ ၁၂၀၀ ခန့်)(ပေမူ)
- မဟာမြတ်မုနိဘုရားကြီးသမိုင်းနှင့် ဦးရာဇ်တော်ဘုရားကြီးသမိုင်းလင်္ကာ၊ (တန်ခိုးဆရာထွန်း) ၁၂၉၃ ခုနှစ်၊ မဟာဝိဇ္ဇာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- မြောက်ဦးမြို့ဘုရားသမိုင်း၊ ဦးဦးသာထွန်း (ပဏ္ဍိတ်) ၁၉၄၀ ခုနှစ် ပြည်တော်သာ စာပုံနှိပ်တိုက် ရန်ကုန်
- ဦးရာဇ်တော်ဘုရားကြီးသမိုင်း၊ ဦးဦးသာထွန်း (ပဏ္ဍိတ်) ၁၉၄၈ ခုနှစ်၊ ရခိုင်ပြည်နယ် စာပုံနှိပ်တိုက်၊ စစ်တွေမြို့။
- ဦးရာဇ်သျှင်ချစ်ဓာတ်တော်သမိုင်း (ဦးမောင်ဘော်)လမ်းမှန်စာပုံနှိပ်တိုက်၊ စစ်တွေမြို့၊ ၁၃၂၃ ခုနှစ်။
- ဆံတော်ရှင်စေတီတော်သမိုင်း၊ ဦးဦးသာထွန်း (ပဏ္ဍိတ်)
- ငါးစင်ရိုင်းချောင်းကျွန်းသမိုင်းနှင့် ထေရာမော်ကွန်း (အသျှင်စက္ကိန္ဒ) ၁၉၇၃ ခုနှစ် ရန်ကုန်၊ ၁၉၈၂ ခုနှစ် ရန်ကုန်။
- ပြည်တွင်းမကိုဋ်ဓာတ်ဦးရာဇ်သမိုင်း(အသျှင်စက္ကိန္ဒ) ၁၉၉၃ ခုနှစ် သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- ရခိုင်မဟာမုနိဘုရားသမိုင်း။ (ထွန်းရွှေခိုင်၊ မဟာဝိဇ္ဇာ) ၁၉၉၁ ခုနှစ် ရန်ကုန်မြို့။
- လက်ဝဲသလုံးတော်ဓာတ်သမိုင်းနှင့် စစ်တွေမြို့အကြောင်း (အသျှင်စက္ကိန္ဒ) ၁၉၉၄ ခုနှစ် အောင်ဝင်းသိန်းပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- ကျိန်းဘုရားသမိုင်း၊ (ဦးကိတ္တိ၊ ခြိတ်တော်မင်းပြားမြို့ ၁၃၀၉ ခု သမစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- မဟာမုနိရာဇဝင်အကျဉ်း (ရွှေစေတီဆရာတော်၊ စစ်တွေမြို့)
- ရွှေဆံတော်စေတီသမိုင်း (အရှင်ကောသလ္လ) ၁၉၈၈ ခု ရန်ကုန်။
- ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင် (ဦးလှထွန်းဖြူ)
- အေဒီတစ်ထောင် မတိုင်မီက ရခိုင်ပြည်၏ ဗုဒ္ဓဘာသာ (ဦးစံသာအောင်) ရခိုင်ပြည်နယ်စာစောင်အတွဲ(၉)
- ရခိုင်ပြည်နယ် ဗုဒ္ဓသာသနာ (ဂေါယာမြေစောဝင်း) ၁၉၉၄ ခု ရန်ကုန်။
- ဓာတုနီဒါနဒီပကကျမ်း(မန်းနီလာဆရာတော်) ၁၃၀၃ ခုနှစ် ရန်ကုန်။
- ရခိုင်နှင့်ဆိုင်ရာ မဂ္ဂဇင်းများ၊ စာစောင်များ၊ ဂျာနယ်များ။
- ဦးစက္ကိန္ဒ၊ မင်းသိန်းထွန်း၊ မင်းသိန်းဇံတို့၏ မှတ်စုများ။

- ကျိန်းတော်ခေတ်တော်ဘုရားရှင်၏ ဂေါပကအဖွဲ့ မှတ်တမ်းမှတ်ရာ ၁၉၉၁ ခု။
- ဂေါပကအသင်းအဖွဲ့ဝင် လူကြီးဟောင်းများနှင့် မြို့ပေါ်မှ တွေ့ရှိမေးမြန်းရရှိချက်များ(၁၉၉၆ ခုနှစ်)။
- San Tha Aung The Buddhist Art of Ancient Arakan
- Forchammer, E, Arakan (1891)
- Smart R.B, Akyab District Gagetteer Vol. A)
- ရခိုင်မင်း၏ သမီးတော်ဧချင်း(အမတ်ကြီးအတုမင်းညို)
- ဓညဝတီအရေးတော်ပုံကျမ်း (ကဝိသာရဆရာတော်၊ သံတွဲ)
- ရခိုင်မဟာရာဇဝင်တော်ကြီး (ဦးသာထွန်းအောင်)
  ၁၂၈၈ ခုနှစ် ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်ကြီး၊ စစ်တွေမြို့
- ဓညဝတီရာဇဝင်သစ်ကျမ်း (ဦးပဏ္ဍိတလင်္ကာရ၊ ပဲခူးမင်းကျောင်း) ၁၉၁၀ ခုနှစ်။
- ရခိုင်ရာဇဝင်သစ်(ပ)(ဒု) ဦးစန္ဒမာလာလင်္ကာရဆရာတော် ၁၂၉၃ ခုနှစ် ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့။
- ဓညဝတီရာဇဝင်သစ်ကျမ်း ပ-ဒု(ဦးဥာဏ၊ အထက်တောင်ကျောင်း) ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။
- ရခိုင်ရာဇဝင် (ဦးအောင်သာဦး) မြရတနာပုံနှိပ်တိုက်၊ ရန်ကုန်။
- ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်စစ်တွေကောလိပ်) ၁၉၈၅ ခုနှစ် သိဒ္ဓိမြိုင် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
- ရခိုင်မင်းဆက် (လက်ရေးမူ)အရှင်စက္ကိန္ဒ)။
- ရခိုင်ပြည်နယ်ဖြစ်စဉ်(ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ)မိတ္တူ။
- မင်းပြားမြို့နယ်သမိုင်းမှတ်တမ်း (၁၉၆၈ ခုနှစ် နလက)(မိတ္တူ)
- မင်းပြားမြို့နယ်သမိုင်းမှတ်တမ်း (၁၉၈၀ ခုနှစ် နလက)ပါတီ၊ ကောင်စီ၊ (မိတ္တူ) မြို့နယ်ပြည်သူ့ကောင်စီ။ မင်းပြားမြို့။
- ရွှေကျိန်းတောင်ဘုရား၊ မင်းပြားမြို့။
  သမိုင်းမိတ်ဆက် မင်းသိင်္ဂီးထွဏ်းနှင့် (၃)ဦး (မိတ္တူ)၁၉၈၈ ခုနှစ်။
- မင်းရာဇာကြီးစာတမ်း၊ (အမျိုးသားစာကြည့်တိုက်)။
- ရာဇပုံကျမ်း ( ။ )
- ရာဇဝင်လင်္ကာများ။ (ဝါးကျောင်းမေည်း ဦးစံတင်၊ ရှေးထုံးလေက်ရုံး)။
- ရခိုင်တိုင်း ပထဝီအကျဉ်း (ဦးစိန်ရွှေအောင်)
- ရက္ခပူရဗုဒ္ဓသာသနာရောင်ခြည်(စာစောင်)ရန်ကုန်။
- ရက္ခပူရဗုဒ္ဓသာသနာအလင်းရောင်(စာစောင်)ရန်ကုန်။
- ရခိုင်ယဉ်ကျေးမှုများ (၁၊ ၂၊ ၃၊ ၄)(ဦးစက္ကိန္ဒ)။
- ရွှေကျိန်းတောင် (ဆရာဦးအောင်မင်း)။